# တာရာမင်းဝေ – ရှူး

**နိဒါန်း**

***ညှော်သည်***

*သတို့သားနဲ့ သတို့သမီးဟာ မှန်ဘောင်ထဲကနေ ငါ့ကိုကြည့်တယ်။*
*ငါ့ဘေးမှာ ကုလားထိုင်တစ်လုံးရောက်နေပြီး သူကလည်း ရှုတည်တည်နဲ့။*
*စက်ဝိုင်းမျက်နှာကိုတပ်ပြီး ပန်ကာက အိပ်ငိုက်နေတယ်။*
*ဖန်တကောင်းထဲမှာ မော့နေတဲ့စက္ကူတို့ လန်းလန်းပွင့်လို့။*

*ငါ့ကိုမရည်ရွယ်ပေမယ့် ကြောင်တွေက အပျင်းရွဲ့ရွဲ့ ရှည်ထွက်လာတယ်။*
*လူခြေထောက်နှစ်ဖက်ကို လိုက်ကာအောက်က ဖတ်လတ်ဖတ်လတ်တွေ့လိုက်တယ်။*
*ညှော်ခန်းထဲမှာ ကတ္တီပါနံ့တွေ ရစ်ခွေမှုန်သီနေတယ်။*
*လူသာလာပါ၊ ပြဿနာ ခေါ်မလာပါနဲ့လို့ တအွတ်အွတ် ကြို့ထိုးတယ်။*
*'ဘော့' ဆိုတဲ့ ခုံရွှေ့သံကို လှမ်းကြားရတယ်။*
*ငါရှိနေလျက်နဲ့ လှေကားကြီးကလည်း သူ့ဘာသာသူ တက်သွားတယ်။*

*ပြက္ခဒိန်ထဲက ဝက်ဝံမှောင်ရီကို အလျားလိုက် ဟန့်တား*
*ရောက်လာတာ မကြာလှသေးပေမယ့် ပြန်ချင်တာကြာလှပြီ။*
*တွေ့ချင်လို့ လာခဲ့ပေမယ့် ဒီလောက်ဆိုရင် ရပြီ ရပြီရပြီ။*
*တို့ချင်းတော့ သိကြပါရဲ့၊ အချိန်က စေ့ခဲ့ပြီးပြီ။*

ရေးလိုက်ဖျက်လိုက်နှင့်ပဲ ကဗျာက ပြီးသွားသည်။ ပြန်ဖတ်ကြည့်ပြီး စိတ်ထဲမှာ တစ်မျိုးဖြစ်နေမိသည်။

ယခင်က ဤလိုကဗျာမျိုး သူ မရေးခဲ့ဘူးသေးချေ။ မက်ခဲ့သော အိပ်မက်တစ်ခုကို ကဗျာဖွဲ့ကြည့်ခြင်းဖြစ်သည်။ တိုင်ကပ်နာရီမှ သုံးနာရီ ထိုးသံကြားရသည်။ ပြတင်းပေါက်အပြင်မှ ညကို အမှောင်တလွင်လွင်ဖြင့် လှမ်းမြင်နေရသည်။ ကြယ်တွေက စုံညီစူးရှ၊ လမင်းကိုတော့ မတွေ့ရချေ။

ပြန်အိပ်၍လည်း ရတော့မည်မထင်။ သို့သော် စာရေးစားပွဲမှထပြီး အိပ်ရာထက်မှာ ပြန်လှဲလိုက်၏။ အိပ်ရမှာလည်း ရွံ့တွန့်တွန့်ဖြစ်နေမိ၏။ ဘယ်လိုဖြစ်သည် မပြောနိုင်ချေ။ ဘာအကြောင်းမှ မယ်မယ်ရရ မရှိပါဘဲ အိပ်မက်ဆိုးတွေ မက်သည်။ ကောင်းကင် နက္ခတ်တွေ ပြုစားကြသည် ထင်ပါရဲ့။

ဒီနေ့ညမှာပဲ အိပ်မက်ဆိုးက သုံးခါမက်သည်။ သုံးခါလုံး လန့်နိုးသည်။ အိပ်မက်ဆိုး ဆိုပေမယ့် အရမ်းကြီးဆိုးသည်မျိုးတော့ မဟုတ်။ သို့သော် တစ်မျိုးကြီးတွေဖြစ်သည်။ ဘဝင်မကျစရာဖြစ်သော အိပ်မက်များပင်။

ပထမအိပ်မက်ထဲမှာ ကောင်မလေးတစ်ယောက်နှင့် သူ ပျော်မြူးဆော့ကစားနေသည်။ ဂျင်ပေါက်တာတို့၊ ထမင်းချက်တမ်းကစားတာတို့ မဟုတ်ချေ။ ထိုသို့ကစားရမည့် အရွယ်တွေလည်း မဟုတ်ကြ။ ရုပ်ရှင်ထဲမှ အထူးသဖြင့် ကုလားကားများထဲမှ မင်းသားနှင့် မင်းသမီးလို ပန်းခြံထဲမှာ လက်တွဲပြီး လျှောက်ပြေးနေကြခြင်းဖြစ်သည်။

ကောင်မလေးက အတော်လှသည်ဟု မှတ်မိ၏။ ဆံပင်ရှည်ရှည်ကလေးဖြစ်သည်။ အသားက နှင်းလိုဖြူပြီး ပါးကလေးများက ရဲထွေးနေသည်။ သူသည်လည်း ထိုကောင်မလေးကို မမေးမမြန်း လက်ဆွဲပြီး ပြေးလွှားပျော်ပါးနေသည်မှာ အတော်ကြာ၏။ ဘေးလူများကတော့ ကုလားကားထဲမှလို လိုက်မကကြချေ။

သူတို့ကို တစ်ချက်မျှသာ ငဲ့စောင်းကြည့်ပြီး ဂျပန်ကားထဲမှလို ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေကြ၏။ အတော်ကြာမှ သူနှင့် ကောင်မလေးတို့ ပြေးလွှားနေတာကို ရပ်လိုက်ကြသည်။ မျက်နှာချင်းဆိုင် ရပ်ပြီး မြန်မာကားထဲမှလို တစ်ယောက်ကို တစ်ယောက် ပြုံးကြည့်နေကြသည်။

"လုလိုက်တာ"

ကောင်မလေး၏ အပြုံးက အတော်လှသည်။ သို့သော်...

"တစ်မျိုးပါလား..."

အပြုံးမှာ တစ်ခုခုလိုသလို ဖြစ်နေ၏။ ဘာလိုနေမှန်းတော့ ချက်ချင်းမှာ မသိသေး။ ဇဝေဇဝါဖြစ်နေသော သူ့ကို ကြည့်ကာ ကောင်မလေးက ထပ်ပြုံး၏။ ထိုအခါကျမှ...

"ဟာ..."

"ဘာလဲ... ဘာဖြစ်တာလဲ"

အလန့်တကြား ထအော်မိသော သူ့ကို ကောင်မလေးက အသံချိုချိုနှင့်မေး၏။ သူက...

"ထပ်...ထပ်ပြုံးပါဦး"

"ဘာဖြစ်လို့..."

"ပြုံး...ပြုံးစမ်းပါ"

"သြော်...ခက်ပြီ"

ထိုသို့ ခပ်တိုးတိုး ညည်းတွားပြီး ကောင်မလေးက ပြုံးသည်။ ထိုအပြုံးကို သေသေချာချာကြည့်ပြီး...

"အား"

သူ ဝုန်းခနဲ လှည့်ထွက်ပြေးမိတော့၏။

ကောင်မလေးက သွားတစ်ချောင်းမှ မရှိချေ။ မျက်နှာမှာ သွားများ ပါမလာ။ ဘာတွေ ဘယ်လိုစားပြီး သူ ဒီအရွယ်ထိ ကြီးလာသည်မသိ။ ကိုယ်ကတော့ ကြည့်ရတာ အသည်းယားလွန်းလှသည်။

ထွက်ပြေးရတာ အတော်မောသွားသည်။ ကံကောင်းထောက်မစွာ ကောင်မလေးက လိုက်မလာချေ။ ပန်းခြံအပြင်ရောက်မှ လမ်းပေါ်မှ Taxi တစ်စီးကို လက်တားပြီး အင်္ဂလိပ်ကားထဲကလို ချက်ချင်းတက်ထိုင်လိုက်သည်။

ကားမောင်းထွက်လာချိန်မှာပဲ သူလန့်နိုးသွား၏။ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်နေမိသည်။

“ဟင်း.... ဘာလဲကွ၊ ဘာအိပ်မက်လဲ”

ရေထသောက်ပြီး ပြန်အိပ်လိုက်သည်။ အချိန်ဘာမှ မကြာလိုက်။ သူပြန်အိပ်ပျော်သွားသည်. ထိုစဥ်မှာပဲ ဒုတိယအိပ်မက်ကို ဆက်မက်လေသည်။

ဒုတိယ အိပ်မက်ထဲမှာ သူက လိုဏ်ဂူတစ်လုံးထဲ ရောက်နေသည်။ လိုဏ်ဂူက မှောင်ပျပျ ဖြစ်သော်လည်း စမ်းတဝါးဝါးတော့ မြင်ရ၏။ သူ တရွေ့ရွေ့ တိုးဝင်လျှောက်သွားနေမိသည်။

လိုဏ်ဂူက အထပ်ထပ် ကျယ်ဝန်းသွားသည်။ အချိုးအကွေ့တွေကလည်း များလှသည်။ ဘာသံမှ မကြားရလောက်အောင် တိတ်ဆိတ်လေသည်။

တစ်နေရာအရောက်မှာ...

“ဟင်”

သူ့ရှေ့သို့ အရိပ်တစ်ခု ကျလာသည်။ လူရိပ်ဖြစ်သည်။ သူ့နောက်သို့ လူတစ်ယောက် ရောက်နေကြောင်း သိလိုက်သည်နှင့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

ဆတ်ခနဲ ပြန်လှည့်ကြည့်လိုက်တော့...

“ဟာ...”

သူလန့်သွားသည်။

သူနောက်မှာ လာရပ်နေသည်က မမ္မီကြီးဖြစ်သည်။

အီဂျစ်ခေတ်က ကြပ်စည်းထားသည့် မမ္မီကြီးဖြစ်သည်။ ထူးခြားသည်က ပိန်ခြောက်ခြောက်မမ္မီ မဟုတ်။ ဝဝကြီးဖြစ်သည်။ အနည်းဆုံးတော့ မင်းသမီးကြီး ဒေါ်နှင်းဆီလောက်ရှိသည်။

ရုပ်ပုံများထဲမှာပင် ထိုကဲ့သို့ မမ္မီဝဝကြီးကို မမြင်ဘူးခဲ့သည့်အတွက် သူ အတော်အံ့အားသင့်နေမိသည်။ ဘာလုပ်ရမည်မှန်းလည်း မသိ။ ထွက်ပြေးရမည်လား၊ ရယ်ပြလိုက်ရမည်လား။

လောလောဆယ်တော့ ခြေတစ်လှမ်း နောက်ဆုတ်လိုက်မိသည်။

“မင်း... ဘာလာလုပ်တာလဲ”

မမ္မီကြီး၏ ခြောက်ကပ်ကပ်စကားသံက လိုဏ်ဂူထဲမှာ ဟိန်းထွက်သွားသည်။ အသံက ဩပြီး ရှတတရှိသည်။ ဇော်ဝင်းထွဋ်၏ အသံမျိုးဖြစ်သည်။

"မလုပ်ပါဘူးဗျာ၊ ဘာမှ လာမလုပ်ပါဘူး"

သူကရွှေမန်းတင်မောင် လေသံဖြင့် ပြန်ဖြေလိုက်၏။

"ဒါဖြင့်... ဘယ်လိုလုပ် ဒီထဲရောက်နေတာလဲ"

"ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစားနေတာ"

"ဘာကွ"

"တကယ်ပြောတာပါ၊ ကျွန်တော်လည်း ဒီလိုဏ်ဂူထဲကို ဘယ်လိုလုပ် ရောက်နေသလဲမသိဘူး၊ ဒီနေရာဟာ ဘယ်နေရာမှန်းလဲမသိဘူး"

"မင်းပြောတာကို ငါဖြင့် နားကိုမလည်ဘူး။ ကြည့်ရတာ မင်းကမော်ဒန်ကဗျာဆရာထင်တယ်"

"အဲ..."

သူစိတ်ညစ်သွားမိသည်။

မမ္မီကြီးကတော့ သူ့ကို စိတ်ဝင်စားလာပုံရ၏။

"ထိုင်ကွာ"

ခုံလည်းမရှိဘဲ ထိုင်ခိုင်းသည်။ သူတို့နှစ်ယောက် လိုဏ်ဂူကြမ်းပြင်မှာ အတူတူထိုင်ပြီး စကားဆက်ပြောနေရသည်။

"ငါကလည်း မော်ဒန်ကဗျာကို စိတ်ဝင်စားတယ်ကွ"

"ဩော်...အင်း...ဟုတ်ကဲ့"

"ငါတောင် စမ်းသပ်ပြီး ရေးထားတာ ရှိသေးတယ်"

"မနီကလေး ဘယ်ကလာဆိုတဲ့ ကဗျာကို ငါ မော်ဒန်ပုံစံနဲ့ ရေးထားတယ်"

"ဟင်...ခင်ဗျားက အဲဒီကဗျာကို ရတယ်၊ ဟုတ်လား...."

သူ့စကားကြောင့် မမ္မီကြီးက စိတ်ဆိုးသွားသည်။

"ဘာလို့ မရရမှာလဲကွ"

ပြီး…ကဗျာကို အလွတ်ပင်ရွတ်ပြလိုက်သေးသည်။

**“မနီကလေး ဘယ်ကလာ၊ စာသင်ကျောင်းကလာ**
**မနီကလေး ဘယ်ကိုသွား၊ စာသင်ကျောင်းကိုသွား**
**စာသင်ကျောင်းက ဘာတွေသင်၊ စာရေးစာဖတ်သင်**
**စာရေးစာဖတ် ဘာလုပ်ဖို့၊ မနီကလေး လိမ္မာဖို့”**

“ဟော့ကောင် ဟုတ်တယ်မို့လား”

သူ့ကို ဂုဏ်ယူဝင့်ကြွားသံနှင့် လှမ်းမေးသည်။ သူက တအံ့တဩ ခေါင်းညိတ်ရင်း….

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်”

“ဟဲ…ဟဲ…. အဲဒီကဗျာကို ငါက မော်ဒန်ပုံစံနဲ့ ပြန်ရေးထားတယ်ကွ”

“ခင်ဗျာ… ဘယ်လိုများ ရေးထားတာလဲ”

သူကတော့အံ့ဩပြီးရင်း အံ့ဩနေရသည်။

“ဒီလိုလေကွာ… နားထောင်”

မမ္မီကြီးက မန္တလေးသိန်းဇော်လေသံဖြင့် ကဗျာရွတ်ပြသည်။

**“စာသင်ကျောင်းက လာနေတဲ့ အဲဒီမိန်ကလေးငယ်ဟာ မနီဖြစ်တယ်။ မနီဦးတည်သွားနေတဲ့ လမ်းအဆုံးမှာ စာသင်ကျောင်း ရှိတယ်။**

**တစ်ခုခုကို သင်တဲ့ကျောင်းတွေထဲမှာ ဒါဟာ စာကိုသင်တဲ့ကျောင်းဖြစ်တယ်။**

**မနီကလေး လိမ္မာလိုက်ပုံများ ကျောင်းမှာ စာရေးစာဖတ်တွေ သွားသွားသင်တယ်”**

“ဟောဗျာ”

မမ္မီကြီးက သူ ပါးစပ်အဟောင်းသားဖြစ်သွားပုံကို ကြည့်ပြီး ကျေနပ်အားရစွာ တဟားဟားရယ်သည်။ သူကတော့ ရင်ဘတ်စည်တီးပြီး စိန်အောင်မင်းလိုသာ ဟီးချ ငိုလိုက်ချင်သည်။

“ငါရေးထားတာ ဘယ်လိုနေသလဲကွ”

ဒုက္ခပါပဲ…။ အတော်ကို အဖြေရကျပ်သော မေးခွန်းဖြစ်နေပါပြီ မဖြေရက်ပါ။ မခင်ပေမယ့် အားနာပါသည်။ ထို့ကြောင့် စကားလွှဲပြီး လျှောက်ပြောလိုက်သည်။

"ခင်ဗျားက တစ်ကိုယ်လုံးကို ပတ်တီးစည်းထားတယ်နော်"

မမှီကြီးက မဖြေချင် ဖြေချင်နှင့်...

"အင်း"

"ဘာဖြစ်လို့လဲ၊ ခင်ဗျားက တစ်ကိုယ်လုံး အနာဖြစ်နေလို့လား"

"ဘာကွ"

မမှီကြီး ဒေါကန်သွားသည်။ ပြီးမှ...

"ဟော့ကောင်"

"ဗျာ"

"မင်း စကားတွေ လျှောက်လွှဲမနေနဲ့"

"မလွှဲပါဘူး"

"မလွှဲရင် ငါမေးတာကိုဖြေ..."

"ဘာကိုဖြေရမှာလဲဗျ"

"ငါရေးထားတဲ့ ကဗျာ ဘယ်လိုနေသလဲလို့"

"မလုပ်ပါနဲ့ဗျာ"

"ဘာ...မလုပ်ပါနဲ့လဲ၊ ငါက ဘာလုပ်လို့လဲ၊ ပြောစမ်း... ငါရေးထားတဲ့ ကဗျာကလေး ဘယ်လိုနေသလဲ"

သူက ခေါင်းကုတ်လိုက်ရင်း...

"အဲဒီလို ကဗျာတွေ ရှိသေးလား"

မမှီကြီးက ပေါင်ကို လက်နှင့်ပုတ်ရင်း...

"ဟာ... ရှိသေးတာပေါ့ကွ"

"အများကြီးလား"

"အများကြီးပေါ့ကွ"

"ဆက်... ဆက်ရေးဦးမှာလားဟင်"

"ရေးရမှာပေါ့ကွ၊ ဟော့ကောင် မှတ်ထား၊ ငါက မသေမချင်း ကဗျာ ရေးသွားမယ့် မမှီကွ"

"အခု ခင်ဗျားက မမှီဆိုတော့ သေပြီးသားမဟုတ်ဘူးလားဟင်"

"အောင်မာ...ဟော့ကောင်"

မမှီကြီး ကြောင်အမ်းအမ်း ဖြစ်ပြီး ရှုံးရှုံးရွဲရွဲ ဒေါကန်သွားကာ

"မင်း အပို စကားတွေကို မပြောနဲ့၊ ငါမေးတာကိုသာဖြေ"

"ကောင်း...ကောင်းပါပြီဗျာ၊ ဖြေပါ့မယ်"

"အေး...ဖြေ"

"ဆက်...ဆက်မရေးရင် ပိုကောင်းမယ်ထင်တယ်"

"ဟေ...အောင်မာ ဘာပြောတယ်"

"အကောင်းပြောတာ၊ အခုရွတ်ပြသွားတဲ့ ကဗျာမှာတောင် ခင်ဗျား ပြဿနာ ရှိတယ်"

"ဘာပြဿနာလည်း"

"မနီ မနီက ခင်ဗျားကို တရားစွဲနိုင်တယ်"

"အမ်..."

"ဟုတ်တယ်၊ သူ့ခွင့်ပြုချက်မရဘဲ ရေးလို့ဆိုပြီး မနီက ခင်ဗျားကို တရားစွဲလိမ့်မယ်"

မမှီကြီးက သူ့စကားကြောင့် တွေတွေငေးငေး ဖြစ်သွားသည်။ အတန်ကြာမှ သက်ပြင်းချပြီး...

"အေးကွာ... တို့အနုပညာသမားတွေ ဘဝကလည်း..."

"စိတ်လျှော့လိုက်ပါဗျာ"

"နေပါဦး...အဲဒီမနီက ဘယ်မှာနေတာလဲ"

"ကျွန်တော်တို့ အိမ်ဘေးမှာ"

"အခု ဘာလုပ်နေသလဲ"

"ခေါက်ဆွဲသုပ် ရောင်းနေတယ်"

သူက တစ်ဆက်တည်း ပြောစရာရှိသမျှကို ဆက်ပြောရန် ပြင်၏။ သူ့အမူအရာကြောင့် မမ္မီကြီးက လက်ကာပြသည်။

"နေဦး... ဘာမှ မပြောနဲ့ဦး"

"ဘာဖြစ်လို့လဲ"

"ငါ ခံစားနေတယ်"

"သြော်...သြော်..."

ဘယ်လိုမှလည်း ပြောဆိုဆုံးမ၍ ရမည့်ပုံမပေါ်ချေ။ လောလောဆယ်မှာတော့ သူ့စကားကြောင့် ကဗျာဆရာ မမ္မီကြီး ခံစားနေရသည်။ အတန်ကြာမှ ဆို့နင့် အက်ကွဲသောလေသံနှင့်...

"နေ့တွေ ညတွေ မရှိတော့ရင် နေမင်းနဲ့ လမင်းဟာ ကွယ်ပျောက်သွားကြလိမ့်မယ်"

"ဗျာ... ဟုတ်ကဲ့"

"သူကိုယ်တိုင် သေဆုံးရတော့မယ့် အရဏ်ဟာ ဆည်းဆာရဲ့ ဈာပနကို လိုက်မပို့နိုင်တော့ဘူး"

"ဟုတ်...ဟုတ်ကဲ့"

"စံပယ်တွေ ကြွေသက်ကျတာကို လက်ခံရင်း မြေပြင်ဟာ ပိုပြီးအက်ကွဲလာလိမ့်မယ်"

"အင်း...ဟုတ်"

"သြော်...မနီရယ်"

"ဗျာ..."

အတော်ကြီးကို သူ စိတ်ညစ်နေရလေသည်။ တော်သေးသည်ဟု ဆိုစရာ အကြောင်းက ပေါ်လာသည်။

"ဝုန်း"

တစ်ဘက်ခန်းမှ ကြောင်ခုန်ချသံကြောင့် သူလန့်နိုးသွားသည်။

"အိုး...အိပ်မက်ပဲကိုး"

အိပ်မက်ကို ပြန်စဉ်းစားရင်း ရယ်ချင်သွားသည်။ အလွန်မက်ခဲသော ကပ်သီးကပ်သပ်အိပ်မက်မျိုးကို သူမက်ခဲ့သည်ပဲ။ စောစောစီးစီး ပြီးဆုံးခွင့်ရခဲ့၍ ကျေးဇူးတင်ရပါသည်။

အခန်းထဲမှာ လှောင်ကြပ်ပြီး အတန်ငယ် အိုက်စပ်စပ်ဖြစ်နေသည်။ လေအေးစက်ကိုလည်း မဖွင့်ချင်။ ဂက်စ်ကုန်လျှင် ထပ်ထည့်ရမှာ အလုပ်ရှုပ်သည်။ ပြတင်းတံခါးကို ထဖွင့်လိုက်၏။ လေနုကြမ်းက သူ့ရင်ဘတ်ကို ဝင်စီးသည်။

သူ အေးစိမ့်လန်းဆန်းသွားသည်။

"နှစ်နာရီ ကျော်ကျော်လေး ရှိသေးတာကိုး"

အမှတ်မရှိ ပြန်အိပ်မိပြန်သည်။ ထိုအချိန်မှာပဲ တတိယ အိပ်မက်ကို အလိုမတူဘဲ မက်ရပြန်လေသည်။

တတိယအိပ်မက်ကတော့ ဗရသုက္ခ သိပ်မနိုင်ချေ။ ဧည့်ခန်းတစ်ခုအတွင်းသို့ ရောက်နေခြင်းဖြစ်၏။ ဘယ်သူ့ဧည့်ခန်းလဲ၊ ဘယ်အိမ်က ဧည့်ခန်းလဲဆိုတာကိုတော့ သူမသိ။

ထိုဧည့်ခန်းထဲတွင် အုကြောင်ကြောင်နှင့် ထိုင်နေရသည်။ ဘယ်သူကမှလည်း သူ့ကို ထွက်မတွေ့ကြ။ ဖော်ရွေကြိုဆိုမှုဆိုတာမျိုးလည်း မရှိကြ။ ထိုင်နေရတာ ကြာတော့ သူပျင်းလာသည်။

"ဘာလဲဟ"

ဘာမှမလဲပါ။ သူ့ဘာသာသူ ထိုဧည့်ခန်းထဲမှာ အားအားယားယား လာထိုင်နေသလိုဖြစ်နေသည်။ မောင်းမထုတ်တာကိုတောင် ကျေးဇူးတင်ရမည်။

"ငါ ဒီဧည့်ခန်းထဲ ဝင်ထိုင်နေတာ ဒီကလူတွေ သိရဲ့လား"

သို့လော သို့လောအတွေးနှင့် ကျောမလုံသလို ဖြစ်လာသည်။ ကိုယ့်ကိုယ်ကို အပြစ်ကျူးလွန်သူ တစ်ယောက်လို ခံစားလာရသည်။

"ငါ...ဒီလို ငုတ်တုတ်ကြီး လာထိုင်နေတာ အိမ်ရှင်တွေ မြင်သွားရင် ဘယ်လိုဖြစ်သွားမလဲ"

ထိုင်ရမလို၊ ထရမလို ဖြစ်လာ၏။ ဆက်နေဖို့ကလည်း ခက်လာသည်။ ထထွက်မှ အိမ်ရှင်တွေ မြင်သွားမှာကိုလည်း စိုးသည်။

"ဘုရား၊ ဘုရား"

ထိုအချိန်မှာပဲ...

ပြတင်းမှ ဝင်လာသော လေစီးတစ်ချက်က သူ့ကို ဖျတ်ခနဲ နှိုးလိုက်သည်။ သူနိုးသွားသည်။

"ကံကြီးပေလို့ပေါ့ဗျာ"

တစ်ကိုယ်တည်း လူးလဲထထိုင်ရင်း ညည်းတွားမိသည်။ ဘယ်လိုဖြစ်နေသည်မသိ။ အိပ်ရတာ အိပ်မက်တွေချည်းပဲ မက်နေသည်။ အဆီအငေါ် တည့်သော အိပ်မက်များလည်း မဟုတ်။

ထိုသို့ဖြင့်...

ပြန်မအိပ်တော့ဘဲ...

စာကြည့်စားပွဲမီးကို ထွန်းကာ ကဗျာ ထိုင်ရေးနေလိုက်သည်။ ကဗျာက တတိယအိပ်မက်ကို ဖွဲ့နွဲ့လိုက်ခြင်းဖြစ်၏။

စီးကရက်တစ်လိပ်ရှိုက်ဖွာကာ အိပ်မက်များကို ပြန်တွေးရင်း ရယ်ချင်နေမိ၏။

"ကလင် ကလင် ကလင်"

စူးစူးဝါးဝါး ပေါ်ထွက်လာသော တယ်လီဖုန်းသံကြောင့် လန့်သွားရသည်။ ဖုန်းခွက်ကို လှမ်းကိုင်မည် ပြုပြီးမှ မကိုင်တော့ဘဲ ထားလိုက်သည်။

တစ်ခါတစ်ခါမှာ ထိုသို့ဖြစ်တတ်သည်။ တယ်လီဖုန်းတွေက ဘာကြောင့်မှန်းမသိ။ ညဥ့်နက်သန်းခေါင်မှာ ထမြည်တတ်သည်။ ပြီးတော့ ဘာမှလည်းမဟုတ်။ တစ်ချက်နှစ်ချက်မြည်ပြီး သူ့ဘာသာသူ ရပ်သွားသည်။

"ကလင် ကလင် ကလင် ကလင်"

"ဟင်..."

ဖုန်းက မတော်တဆ ဖုန်းမဟုတ်တော့။ တစ်ဦးတစ်ယောက်က ဆက်သော ဖုန်းဖြစ်ပုံပေါ်သည်။

ဒီအချိန်ကြီးမှာ ဘယ်သူကများ ဖုန်းဆက်ပါလိမ့်။ ထုံးစံမရှိပါ။ နိုင်ငံခြားဖုန်းများသည် ပင်လျှင် ဒီအချိန်မှာ ဝင်လာလေ့မရှိပါ။

"ကလင် ကလင် ကလင်"

ဤအကြိမ်တွင်တော့ ဖုန်းခွက်ကို သူကောက်ကိုင်လိုက်သည်။ စိတ်ထဲမှာ အောင့်သက်သက်ဖြစ်နေမိ၏။ အားမနာ ပါးမနာ ဒီအချိန်ကြီး ဘယ်သူဖုန်းဆက်တာလည်းဟုလည်း တွေးနေမိ၏။

"ဟဲလို..."

"..."

တစ်ဘက်မှ အသံမကြားရ။ စိတ်တိုစွာ ဆောင့်အောင့်ပြီး ထပ်အော်လိုက်သည်။

"ဟဲလို"

ချက်ချင်း မတုံ့ပြန်ဘဲ ခဏကြာမှ တစ်ဘက်က....

"ရှူး"

"ဟင်"

ထိုအသံကြောင့် သူအံ့သြသွားရသည်။ အသက်မဲ့သလိုလည်း ငြိမ်သက်သွားရသည်။ သူမပါလား။

တစ်ဘက်မှ မိန်းကလေးတစ်ဦး၏ ချိုလွင်သော ရယ်သံသဲ့သဲ့ကို စတင်ကြားရပြီးနောက်...

"ဘယ်လိုလဲ၊ ရိုးမြင့် အံ့သြသွားသလား"

"ခင်ဗျား ဒီအချိန်ကြီး ဖုန်းဆက်တာကိုး"

"ဟုတ်တယ်၊ ရိုးမြင့် အိပ်မပျော်မှန်းသိလို့ လှမ်းဆက်လိုက်တာ"

"ဗျာ"

ကိုယ်အိပ်မပျော်မှန်း သူမက ဘယ်လိုလုပ်သိသလဲ။ တွေဝေးမိနေချိန်မှာ မိန်းကလေး၏ စကားသံက ဆက်ဝင်လာသည်။

"ရိုးမြင့် စိတ်လက်ကြည်သာရဲ့လား"

"မကြည်ဘူး"

သူဘုတောသံကြောင့် ကောင်မလေးက တခစ်ခစ်ရယ်သည်။

"ရိုးမြင့် စိတ်မကြည်မှန်းလည်း တို့သိသားပဲ"

"လျှောက်ပြောမနေနဲ့"

"လျှောက်ပြောနေတာ မဟုတ်ဘူး၊ ဘယ်လိုလည်း ရိုးမြင့်၊ အိပ်လို့ အဆင်မပြေဘူး မဟုတ်လား"

"ဘာ အဆင်မပြေရမှာလဲ"

"အိပ်မက်ဆိုးတွေ မက်တယ်လေ"

"ဟင်.."

ကောင်မလေးစကားကြောင့် ရိုးမြင့်တုန်လှုပ်သွားရသည်။ ကပျာကယာ ပြန်မေးလိုက်သည်။

"နေပါဦး...ကျွန်တော် အိပ်မက်ဆိုးတွေ မက်တာကို ခင်ဗျားက ဘယ်လိုလုပ် သိသလဲ"

"ခစ်...ခစ်... သိတာပေါ့၊ သိပ်သိတာပေါ့၊ နေပါဦး...ကဗျာကောရေးလို့ အဆင်ပြေရဲ့လား၊ အာရုံကျရဲ့လား"

"ဟင်..."

ရိုးမြင့် ဘာမှ ပြန်မပြောနိုင်လောက်အောင် ဆွံ့အနေမိသည်။ ဘယ်လိုသိသလဲ၊ သူမဘယ်လိုသိသလဲ။ ကဗျာရေးတာကို ဘယ်လိုသိသလဲ။ ပိုဆိုးတာက အိပ်မက်။ အိပ်မက်ဆိုးတွေ မက်တာကို ဘယ်လိုသိသလဲ။

"ခင်ဗျားက ဘယ်လိုသိသလဲ"

"ခစ်...ခစ်... ဘာလဲ၊ တို့က ရိုးမြင့်ကို ဘေးအိမ်ကနေ မှန်ပြောင်းနဲ့ ချောင်းကြည့်တယ် ထင်လို့လား"

"မှန်ပြောင်းနဲ့ကြည့်ပြီး အိပ်မက်မက်တာကို ဘယ်မြင်မလဲဗျ"

"အဟင်း.... ဒါကတော့လည်း သိသားပဲ၊ ဘာရယ်မဟုတ်ပါဘူး ရိုးမြင့်ရယ်...တို့လည်း အိပ်မက်တွေ မကောင်းဘူး။ အိပ်မရလို့ ရိုးမြင့်ဆီ ဖုန်းလှမ်းဆက်လိုက်တာ။

"ခင်ဗျားက ဘယ်သူလဲ"

"နောက်မှ ရိုးမြင့် ဒီညရေးတဲ့ ကဗျာကို ဖတ်ကြည့်ရဦးမယ်"

"ခင်ဗျားက ဘာလို့ ကျွန်တော့်ဆီ ဖုန်းဆက်ဆက်နေရတာလဲ။ ခင်ဗျားက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလို့ ကျွန်တော်ဖြစ်နေတာကို အကုန်သိနေရတာလဲ"

"ဦးနှောက်စားမနေပါနဲ့ ရိုးမြင့်ရယ်၊ အဲဒါတွေကို ထားလိုက်စမ်းပါ။ ဒီအချိန်မှတော့ ပြန်အိပ်မနေနဲ့တော့။ ကဲ... ဒါပဲနော် ရိုးမြင့်၊ ဘိုင့်..."

သူငိုင်ငေးပြီး ကျန်ရစ်ခဲ့လေသည်။

*******

အခန်း (၁)

"ဟော့ကောင် ဂိုးဂွင့်"

ထိုင်နေကျ ကိုကြည်ညွန့် လက်ဖက်ရည်ဆိုင်မှာ တစ်ကိုယ်တည်း ထိုင်နေရင်း တိုးမိုးဝင်းတို့ အုပ်စုဝင်လာသည်။ အားလုံးပေါင်း သုံးယောက်။ မင်းသန့် နှင့် နေထွန်းတို့လည်းပါသည်။

“ဟာ...ဟော့ကောင်တွေ မင်းတို့ ငါ့ဆီလာတာလား”

“အေး... မင်း လက်ဖက်ရည်ဆိုင်ထွက်သွားတယ်ဆိုလို့ လိုက်လာတာ”

“အေးကွာ... ငါလည်း ပျင်းပျင်းရှိတာနဲ့”

ရိုးမြင့်၏စားပွဲမှာ အသီးသီး ဝင်ထိုင်လိုက်ကြသည်။ ဆိုင်ရှင်ကိုကြည်ညွန့်က....

“ဆရာတို့ ဘာသောက်ကြမလဲ”

မင်းသန့်က

“ကေသီပန်”

“ဗျာ...”

“အဟဲ... ယောင်သွားလို့ပါဗျာ၊ လက်ဖက်ရည် ကျဆိမ့်”

“သုံးခွက်နော်”

“ဟုတ်တယ်၊ သုံးခွက်လုံး ကျဆိမ့်ချည်းပဲ”

ရိုးမြင့်က ဝင်ပြောလိုက်သည်။

“ကိုကြည်ညွန့်၊ အဲဒီသုံးခွက်လုံးမှာ ကေသီပန်သွေးဆေး နည်းနည်းစီ ခပ်ထည့်ပေးလိုက်၊ ဒါမှ ဒီကောင်တွေ စင်ကြယ်သွားမှာ”

ကိုကြည်ညွန့် က ပြုံးစစနှင့် ထွက်သွားသည်။

“မင်းတို့ ဘယ်က လှည့်လာကြတာလဲ”

“ဒီကောင့်ကိစ္စပေါ့ကွာ...”

တိုးမိုးဝင်းက နေထွန်းကို မေးငေါ့ပြပြီး ပြောသည်။ ရိုးမြင့်က နေထွန်းကို မျက်မှောင်ကြုတ်ကြည့်ပြီး...

“ဟော့ကောင်နေထွန်း၊ ဘာကိစ္စပေါ်လို့တုန်း”

နေထွန်းက မချိုမချဉ်မျက်နှာပေးနှင့်...

"ဘာမှ မဟုတ်ပါဘူးကွာ၊ ဟား...ဟား... ငါ့အိမ်က ငါ့ကို မိန်းမပေးစားချင်နေပြီ၊ အိမ်ထောင်ပြုဖို့ စိတ်မကူးဘူးလား၊ ရည်းစားရောမရှိသေးဘူးလား၊ ဘာ ညာ မေးလွန်းလို့"

"အေးလေ... အဲဒီတော့ ဘာဖြစ်လဲ"

"မိန်းမ လိုက်ရှာတာပေါ့၊ မိန်းမပိုးဖို့ ထွက်လာတာ၊ ဒီကောင်တွေကို မရအရ အဖော်ခေါ်ပြီး ထွက်ရှာတာ"

"တွေ့လား"

နေထွန်းမဖြေခင်မှာ မင်းသန့်က ဝင်ဖြေသည်။

"မတွေ့ပါဘူးကွာ၊ ဒီကောင် မိန်းမထွက်ရှာတာ မိန်းမမတွေ့ဘဲ ယောကျ်ားတွေကိုချည်း တွေ့နေလို့"

တိုးမိုးဝင်းကလည်း...

"အဲဒါနဲ့ ဒီကောင် မိန်းမမယူတော့ဘဲ ယောကျ်ားယူတော့မလို့တဲ့"

"ဟင်...အဲဒါကြောင့် မင်းတို့က နေထွန်းကို ငါ့ဆီကို လာပို့ကြတာလား၊ ကိုယ့်အိမ် ကိုယ်ခေါ်သွားရင်လည်း ဖြစ်ရဲ့သားနဲ့ကွာ"

ရယ်ဖြစ်ကြပြန်သည်။ နေထွန်းက အားလုံးကို အသံမထွက်ဘဲ ဆဲသည်။ ပြီး...

"မင်းတို့ နောက်မနေကြနဲ့၊ ငါ့မှာက ပြဿနာဖြစ်နေပြီ၊ ငါ့ဘာသာ ရှာမတွေ့ရင် အိမ်က သူတို့ဘာသာ ရှာပြီး ပေးစားတော့မှာ။ သူတို့ပေးစားတာကိုတော့ မယူချင်ပါဘူး"

"ရှာပါကွာ...တွေ့မှာပါ၊ မိန်းမ မရှားပါဘူး"

"မိန်းမတော့ မရှားဘူးပေါ့ကွာ၊ ဒါပေမယ့် ချစ်သူ ရည်းစားက ရှားတယ်ကွ"

"အေးလေ... ဒါလည်း ဟုတ်တော့ ဟုတ်ပါတယ်"

စကားဝိုင်းက ခေတ္တငြိမ်သက်သွားသည်။ အပြောင်အနောက်သဘောမှ အလေးအနက်သဘောဆီသို့ ရွေ့လာသည်။ တိုးမိုးဝင်းက...

"ဟေ့ကောင် ဂိုးဝွင့်"

"ဘာလဲကွ"

ဒီကောင်တွေက ရိုးမြင့်ကို ဂိုးဝွင့်ပဲ ခေါ်ကြသည်။ သူတို့၏ သူငယ်ချင်းတစ်ဦးပင်ဖြစ်သူ စိုးမြင့်ကိုတော့ ထိုသို့ မခေါ်ကြ။ ဘာမှန်းလဲ မသိချေ။ ရိုးမြင့်၏ အဖေက ဆရာဝန်ကြီးတစ်ဦးဖြစ်သည်။ သူ့သားကို ရိုးရိုးကျင့် မြင့်မြင့်ကြံစေရမည်ဟူသော

သဘောဖြင့် ရိုးမြင့်ဟု မှည့်ထားခြင်းဖြစ်သည်။

"ရိုးမြင့်ဆီဝင်မှ ဖြစ်မယ်လို့ ငါတို့အားလုံးက ဆုံးဖြတ်ပြီး လှည့်ဝင်လာကြတာကွ"

"ဗုဒ္ဓေါ... ဘာဖြစ်လို့လဲ"

"မင်းက နေထွန်းကို အချစ်နဲ့ပတ်သက်ပြီး အကြံလေးဘာလေး ပေးဦးလေကွာ"

"ဟင်...ငါ့မှာတောင် ရည်းစားမရှိဘဲနဲ့"

"ဒါပေမယ့်...မင်းက ကဗျာဆရာလေကွာ၊ အချစ်နဲ့ ပတ်သက်ပြီး တို့ထက် နားလည်နိုင်တယ်လေကွာ"

"ရိုးမြင့် ပြုံးလိုက်သည်။ မမဲ့ချင်၍ ပြုံးလိုက်ခြင်းဖြစ်၏။ ပြီးမှ ဆရာကြီးလေသံနှင့်...

"ကဲ...ဒါဖြင့်လည်းပြော၊ ဘာသိချင်ကြသလဲ"

ဟိုကောင်တွေက အားတက်သရော ဖြစ်သွားဟန်ကို မကောင်းတတ်၍ လုပ်ပြကြသည်။

"အေး...တို့ကလည်း အဲဒါမျိုးမှ ကြိုက်တာကွ"

"ဆို...မင်းတို့ကို ငါ ဘာပြောပြရမလဲ"

"တို့သိချင်တာကကွာ..."

"အင်း..."

"မိန်းမ အပြားဘယ်လောက်ရှိလဲ"

ရိုးမြင့် ခေါင်းမွေးထောင်သွားရသည်။

"ဘာ... ဘာပြောတယ်"

"ဒီလိုလေကွာ...မိန်းမအပြား ငါးပါးလား၊ ခြောက်ပါးလား၊ အဲဒီလိုမျိုး ရှိတယ်မဟုတ်လား"

"သြော်...အဲဒါလား"

"အေး...အေး... အဲဒါ"

"အဲဒါဆိုရင်တော့ မိန်းမအပြား လေးမျိုးရှိတယ်ကွ"

"အေး...အေး...ဟုတ်ပြီ၊ အကျယ်ရှင်းပါဦး"

"ပထမအပြားက 'ပဒ္မနီ' လို့ခေါ်တယ်။ ကိုယ်ကနေ ကြာညိုနံ့ သင်းတယ်"

ဟိုကောင်တွေက ခေါင်းညိတ်ကြသည်။

"အင်း...ကြားဖူးတယ်၊ ကျန်တာတွေ ဆက်ပြောပါဦး"

"နောက်တစ်ပြားက 'သင်္ခနီ' လို့ခေါ်တယ်။ ကိုယ်ကနေ ငရုတ်ပန်းနံ့ထွက်တယ်"

"ဟင် တစ်မျိုးပါလား"

"အေး...နောက်တစ်ပြားက 'စိတြနီ'...တဲ့"

"သူကရော..."

"သူ့ကိုယ်ကကျတော့ ကျင်ငယ်နံ့ထွက်တယ်"

"ဟင်..."

"ဟာ..."

အကုန်လုံး မျက်ကလူးဆန်ပြာဖြစ်ကုန်ကြသည်။

"ဟော့ကောင် မင်းဟာက..."

"ငါနောက်တာ မဟုတ်ဘူး၊ အကောင်းပြောနေတာ"

"တကယ်လား..."

"တကယ်ပါကွ၊ မဟုတ်တာ မပြောပါဘူး၊ ကျမ်းဂန်တွေထဲမှာ အဲဒီလိုပါတယ်"

ခေါင်းတညိတ်ညိတ် လုပ်နေကြပြီးမှ...

"အေး...ဆက်ပါဦးကွာ၊ နောက်ဆုံး တစ်ပြားကို"

"နောက်ဆုံး တစ်ပြားက 'ဟတ္တိနီ' တဲ့။ သူ့ကိုယ်ကကျတော့ ညှီနံ့ထွက်တယ်"

အားလုံးငြိမ်ကျသွားသည်။ ခဏကြာမှ မင်းသန့်က...

"ဟော့ကောင် ဂိုးဂွင့်"

"ပြော..."

"အဲဒါ ဘယ်ပညာရှိ ပြောတဲ့စကားလဲ"

"ဘာဖြစ်လို့လဲ"

"သူက မိန်းမတွေ အကုန်လုံးကို လိုက်ရှုထားလို့လား၊ သေသေချာချာ Research လုပ်ထားလို့လား"

"အဲဒါတော့ ငါလည်း ဘယ်သိမလဲကွ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မိကြသည်။

"ရှေးလူကြီးတွေကလည်းကွာ... ကြံကြံဖန်ဖန်"

ရိုးမြင့်က ဆက်ပြောလိုက်သည်။

ရိုးမြင့်က ဆက်ပြောလိုက်သည်။

"မင်းတို့ကြားဖူးကြလား၊ အဲဒီမိန်းမတွေမှာ ညှို့ချက်ရှစ်ချက်ရှိတယ်တဲ့"

"ဟေ...ဟုတ်လား၊ မကြားဖူးဘူး၊ ပြောစမ်းဦးကွ"

သူတို့တတွေ စိတ်ဝင်တစားဖြစ်သွားကြသည်။ ဆိုင်ရှင် ကိုကြည်ညွန့်ကပင်လျှင် မယောင်မလည်နှင့် နားစွင့်နေတာကို ရိုးမြင့်သတိထားမိပြီး ပြုံးဖြစ်သေးသည်။

"ဒီလိုကွာ..."

"အေး...လုပ်ပါဦး"

"တချို့မိန်းကလေးတွေဟာ သူတို့ရဲ့ မျက်နှာကို ချိုချိုကလေးလုပ်ထားတတ်ကြတယ်"

"အေး...အဲဒါ ဘာဖြစ်လဲ"

"အဲဒါကိုက ယောကျ်ားတွေကို ဆွဲဆောင်ယူတဲ့ ညှို့ချက်အမှတ်တစ်ပဲကွ။ 'သိတံ' လို့ ခေါ်တယ်"

"သြော်..."

"တချို့ မိန်းကလေးတွေကကျတော့ အသံတိုးတိုးကလေးနဲ့ ရယ်ပြတတ်ကြတယ်။ အဲဒါက ညှို့ချက် အမှတ်နှစ်၊ 'ဟာသ'

လို့ခေါ်တယ်”

“သဘာဝကျပါပေရဲ့ကွာ”

“တချို့မိန်းကလေးတွေကျတော့ ယောကျ်ားတစ်ယောက်ရဲ့ ရှေ့မှာ ကြောက်ပြ၊ စိုးထိတ်ပြတယ်၊ အဲဒါက ညို့ချက်အမှတ်သုံး၊ ‘ဘယ’ တဲ့”

“ဩော်…အေး ဟုတ်ပြီ”

“တချို့ မိန်းကလေးတွေက ရှက်ကိုးရှက်ကန်းဟန် လုပ်ပြတတ်တယ်။ လျှာကလေးတစ်လစ် ထုတ်ပြတတ်ကြတယ်။ အဲဒါဟာ ညို့ချက် အမှတ်လေးပဲ၊ ‘လဇ္ဇ’လို့ခေါ်တယ်”

“ဒီလိုကိုး…ဟုတ်ပြီဗျား”

“တချို့ကောင်မလေးတွေဟာ စကားကို မကြားတကြားကလေး ဖြစ်အောင် လုပ်ပြောတတ်တယ်၊ ညို့ယူချက်အမှတ် ငါးပေါ့၊ ‘မန္ဒဝါစာ’ တဲ့”

“ညို့ချက် ခြောက်ကရော…”

“မျက်လုံးထောင့်ကပ်ကြည့်တာက ညို့ချက်အမှတ်ခြောက်၊ ‘အဒေက္ခဏာ’တဲ့”

“ကောင်းလှချည်လား”

သုံးယောက်သား သဘောတွေ့နေကြသည်။ မင်းသန့်က…

“ခုနစ်၊ ခုနစ် ကို လုပ်ပါဦး”

“မျက်ရည်ကျပြတာက ခုနစ်လေ၊ ‘ရုဒါ’တဲ့”

“ထောင့်ကို စေ့နေတာပဲနော်၊ လုပ်စမ်းပါဦး နောက်ဆုံးကျန်တဲ့ ညို့ချက်ရှစ်ကို”

“မခံချင်အောင် စကားနာထိုးတာတွေက အမှတ်ရှစ်၊ ‘ဣကံကလဟ’လို့ခေါ်တယ်”

နေထွန်း၏ မျက်နှာက ပြုံးဖြီးဖြီးဖြစ်လာပြီး…

“ဟော့ကောင် ရိုးမြင့်”

“ပြော…”

"အဲဒါကရော ဘယ်ပညာရှိကြီး ပြောတာလဲ"

"မေးပြန်ပြီ၊ ဘာလုပ်မလို့လဲ"

"ဟီးဟီး....အဲဒီပညာရှိကြီးက အဲဒီ ညို့ချက်ရှစ်ချက်ရဲ့ဒဏ်ကို အတော်ခံခဲ့ရပုံပဲနော်"

ရယ်ဖြစ်ကြသည်။ တိုးမိုးဝင်းက...

"အေးလေ...သူ့အသည်းတွေ ဘာတွေကွဲဖူးမှာပဲ။ ဘယ်လိုများကွဲသလဲ မသိဘူးနော် ရိုးမြင့်"

"ဘယ်လိုများကွဲရဦးမှာလဲကွာ၊ မျက်ရည်ကို တောင်ရှည်ပုဆိုးလေးနဲ့ မြှောက်မြှောက်သုတ်ပြီး ကွဲမှာပေါ့"

ဝါးခနဲ ရယ်လိုက်မိကြသည်။ ရယ်သံက အတော်ကျယ်သွားသဖြင့် ဘေးဝိုင်းတွေက လှည့်ကြည့်ကြသည်။ လမ်းသွားလမ်းလာအချို့ကလည်း ငဲ့စောင်းကြည့်သွားကြသည်။

လူတွေကတော့ သူတို့ကို လက်ဖက်ရည်ဆိုင်မှာ ပေါလောဝါးလား အချိန်ဖြုန်းနေသည့် လူငယ်တွေဟု ထင်ကြလိမ့်မည်။ အရေးမကြီးပါ။ လူငယ်သည် လူငယ်လို လွတ်လပ်ပေါ့ပါးဖို့လည်း လိုပါသည်။

အမှန်တော့ သူတို့အားလုံးသည် ဆေးကျောင်းပြီးကာစ ဆရာဝန်ပေါက်စများဖြစ်၏။ ပို့စတင် မကျသေးခင် အားလပ်နေကြခြင်းဖြစ်သည်။

"ရိုးမြင့် မေးချင်တာလေးတွေ ရှိသေးတယ်ကွ"

"ကုန်ပြီ...ငါလည်း ဒီလောက်ပဲသိတယ်၊ မမေးနဲ့တော့ အဲဒါ တောင် လူရည်ချွန် စာမေးပွဲ ဖြေတုန်းက ကျက်ထားတာကွ"

"အခု မေးချင်တာက ပိုအရေးကြီးတယ်ကွ"

ရိုးမြင့် ခေါင်းကုတ်လိုက်မိသည်။ နေထွန်းကို ကြည့်ရင်း ရယ်လည်း ရယ်ချင်လာသည်။

"ကဲ...ဒါဖြင့်လည်း မေးကွာ...မေးကွာ"

"ချစ်သူ ရည်းစားတွေ အကြောင်းရော သုတေသနပြုထားတာ မရှိဘူးလား၊ မင်း မဖတ်ဖူးဘူးလား"

"မင်းရဲ့မေးခွန်းကို ငါမရှင်းဘူး"

"ဒီလိုကွာ...ရည်းစားထားချင်တဲ့ လူတစ်ယောက်သိရမယ့် အချက်မျိုးပေါ့"

"အင်း....အဲဒါက..."

ရိုးမြင့်က စကားကိုဆက်မပြောဘဲ စဉ်းစားနေသဖြင့် အားလုံးက အလိုက်တသိပင် ငြိမ်သက်နေလိုက်ရင်း ရိုးမြင့်၏ စကားကို

စောင့်နေကြသည်။ ရိုးမြင့်က မေးစေ့ကို လက်နှင့်ပွတ်ကာ စဉ်းစားနေသည်။ အတန်ကြာမှ လက်ကို မေးစေ့နှင့် ပြန်ပွတ်ပြလိုက်ရင်း...

"မပြောတတ်ဘူးကွ၊ မသိဘူး"

"ဟာကွာ..."

နေထွန်း အားမလိုအားမရဖြစ်သွားသည်။ မင်းသန့်က နေထွန်း၏ အနောက်မှာ ထိုင်နေရင်း နေထွန်း၏ ရှေ့နေဝင်လုပ်ပေးသည်။

"စဉ်းစားပါဦး ဂိုးဂွင့်ရာ၊ မင်းက သိတတ်ပါတယ်"

"ပြဿနာပဲ"

ထိုစဉ်မှာပဲ ခေါင်းထဲသို့ အတွေးတစ်ခု လက်ခနဲ ဝင်လာကာ

"သြော်...တစ်ခုတော့ရှိတယ်ကွာ"

"အေး...အေး ပြောပါဦး"

"ရည်းစားထားရာမှာ ကြောက်ရတဲ့ အချက်လေးချက် ရှိတယ်။ ကြောက်ရွံ့မှုလေးခု ရှိနေတတ်တယ်"

"စိတ်ဝင်စားစရာပဲ၊ ရှင်းပါဦးကွ"

"ဒီလိုကွာ... ငါက ရည်းစားမရှိဘူးဆိုပါတော့"

စကားပလ္လင်ခံခြင်းဖြစ်သည်။ ဒါကို နေထွန်းက နားမလည်။

"ဆိုပါတော့လို့ လုပ်မနေနဲ့၊ တကယ်မရှိတာပါ"

"အေးကွာ... တကယ်မရှိတာပဲထား၊ အဲဒီတော့ ငါ့မှာ စိုးရိမ်စရာ ဖြစ်လာတယ်။ ငါ ရည်းစားမှ ရပါဦးမလားဆိုတာ၊ အဲဒါမျိုးကို 'မူလကြောက်ရွံ့မှု' လို့ခေါ်တယ်"

"သြော်...အေး"

ထိုအခါကျမှ နေထွန်းက ခေါင်းညိတ်သည်။

"နောက်တစ်ခါ ငါရတဲ့ ရည်းစားဟာ မင်းသန့်ရဲ့ အစ်မလောက် လှပါဦးမလား၊ ကျောကုန်းမှာ 'ဘု' ကြီးများပါလာမလား၊ ယူပြီးမှ နားရွက်တစ်ဖက် မရှိမှန်း သိမှာလား ဆိုတာမျိုး ကြံဖန်ပြီး စိုးရိမ်တာမျိုး ရှိတယ်။ အဲဒါကို 'စိတ်ကူယဉ်

ကြောက်ရွံ့မှု' လို့ခေါ်တယ်"

"ဟုတ်ပြီ...ဟုတ်ပြီ"

"အဲဒီလိုနဲ့ ငါက မင်းညီမ ဖြူဖြူထွန်းနဲ့ ကြိုက်သွားတယ် ဆိုပါတော့။ မင်းညီမကို ငါ့အနေနဲ့ လက်ကလေး ဘယ်လို စကိုင်ရပါ့မလဲ။ ရုပ်ရှင်ကြည့်ဖို့ ဘယ်လို စည်းရုံးရပါ့မလဲ၊ စိတ်ကောက်တာကို ဘယ်လို ပြန်ချော့ရပါ့မလဲ၊ အဲဒါတွေကို စိုးရိမ်လာရတယ်။ အဲဒါတွေကို 'လက်တွေ့ကြောက်ရွံ့မှု' လို့ခေါ်တယ်။ ငါ့လက်ထဲကနေ မင်းညီမကို မင်းသန့်တို့၊ တင်မိုးဝင်းတို့ လုယူသွားမှာကို စိုးရိမ်ရတာမျိုးလည်း ပါတာပေါ့"

"အင်းပါ...အင်းပါ"

နေထွန်း အောင့်သက်သက်နှင့် ခေါင်းညိတ်ပုံကို ကြည့်ပြီး သုံးယောက်သား ဝါးခနဲ ရယ်ဖြစ်ကြပြန်သည်။ နေထွန်းကပါ စိတ်ညစ်ညစ်နှင့် လိုက်ရယ်သည်။

ရိုးမြင့်က စကားကို ဆက်လိုက်သည်။

"နောက်ပြီး မင်းညီမနဲ့ ငါနဲ့ ပန်းခြံထဲမှာ ထိုင်တယ်ဆိုပါတော့၊ အဲဒီအချိန်မှာ..."

"အာ...ဟေ့ကောင်၊ ဟေ့ကောင်"

နေထွန်းက ကပျာကယာ လက်ကာတားပြီး....

"မင်းကွာ...ငါ့ညီမကို ပန်းခြံထဲတော့ ခေါ်မသွားပါနဲ့"

တသောသော ထရယ်ဖြစ်ကြပြန်သည်။

"မင်းကလည်းကွာ... သဘောပြောတာပါ"

"သဘောမှာလည်း တခြားနေရာ ပြောပါကွာ၊ ပန်းခြံထဲတော့ ခေါ်မသွားပါနဲ့"

"အေး...အေး... ထားပါတော့ကွာ၊ ငါနဲ့ ဖြူဖြူထွန်းနဲ့ အင်းလျားကန်စပ်မှာ လက်တွဲပြီး လမ်းလျှောက်ကြတယ်ဆိုပါတော့။ မင်းကပါရောက်လာမှာ စိုးတယ်။ တို့ချစ်သူ နှစ်ယောက်လုံးက မင်းနဲ့ မဆုံချင်ဘူး။ အေးဟေးဟေး ပြောရတာ အရသာရှိလိုက်တာ။ အဲဒါမျိုးကို 'လူမှုရေး ကြောက်ရွံ့မှု' လို့ခေါ်တယ်"

အရယ်ရှိန်မပြေသေးသော မျက်နှာနှင့် မင်းသန့်က ဝင်ပြောသည်။

"ဒါဆိုရင် သမီး ရည်းစားကဏ္ဍမှာ အဲဒီလို ကြောက်ရွံ့မှုလေးမျိုး ရှိတယ်ပေါ့"

"အေး ဟုတ်တယ်"

"ပြီးတော့ကော"

"ပြီးတော့ မသိတော့ဘူး"

ကိုကြည်ညွန့်က စီးကရက်တစ်ဘူး လာထပ်ချပေးသည်။ ခေတ္တ စကားပြတ်သွားကြသည်။ အတန်ကြာမှ ရိုးမြင့်က...

"နေထွန်း"

"ဘာလဲ"

"ငါလည်း မင်းလို ဒုက္ခမျိုး ဖြစ်နေတယ်ကွ"

"ဘယ်လိုဖြစ်တာလဲ"

"ငါ့အိမ်ကလည်း ငါ့ကို မိန်းမပေးစားချင်နေပြီ"

"မင်းက မယူချင်သေးဘူးပေါ့"

"အရွယ်အရတော့ စဉ်းစားနေရပြီပေါ့ကွာ၊ ဒါပေမဲ့...ကိုယ့်ဘာသာ ကြိုက်တဲ့ရည်းစားကိုပဲ ရွေးယူချင်တာပေါ့၊ မိဘပေးစားတာကိုတော့ မလိုချင်ပါဘူး"

"ဘာလဲ...အိမ်က ပေးစားမယ်တဲ့လား"

"အေး....ငါ့မှာ အစွမ်းအစမရှိမှန်းသိတော့ မိဘတွေက ကြံစည်ကြတော့တာပေါ့။ ဟိုတစ်နေ့ကတောင် ငါနဲ့သဘောတူတယ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ကို အိမ်ကို အတင်းခေါ်လာသေးတယ်"

"ဘယ်လိုနေလဲ၊ လှလား"

"မသိပါဘူး၊ ငါနဲ့ မကြုံလိုက်ဘူး၊ ငါက ဘောလုံးပွဲရောက်နေတာ"

"အဲဒါဆို မင်းလည်း အပြင်မှာ ကိုယ့်ဘာသာ ရှာတော့လေကွာ"

ရိုးမြင့် ဘာမှ ပြန်မပြောဘဲ ရယ်နေလိုက်သည်။

တိုးမိုးဝင်းနဲ့ မင်းသန့်က တစ်ယောက်မျက်နှာ တစ်ယောက် အပြန်အလှန် ကြည့်လိုက်ရင်း...

"သူတို့မိဘတွေကျတော့လည်း သိတတ်လိုက်ကြတာကွာနော်... သားသမီးအပေါ်မှာ ငါတို့မိဘတွေနဲ့များ ကွာပါ့"

"အေးလေ...ငါတို့မိဘတွေကကျတော့ ငါတို့ကို 'မြေးချီချင်ပြီ' လို့ ယောင်ပြီးတောင် မပြောဘူး"

ထိုသို့ဖြင့်…

စကားဝိုင်းက လမ်းကြောင်းပြောင်းသွားသည်။ ထွေရာလေးပါးတွေ လျှောက်ပြောနေပြီး အတော်ကြီးကြာမှ ဒီကောင်တွေ အုပ်စု ပြန်သွားကြသည်။ ညနေပင် အတော်မှောင်နေပြီ။

ရိုးမြင့်လည်း အိမ်ပြန်လာပြီး ရေမိုးချိုးကာ တီဗွီထိုင်ကြည့်နေလိုက်သည်။ တီဗွီထဲမှာ တ ရုတ်မင်းသားနှင့် မင်းသမီးတို့ ငိုယိုနေကြသည်။ စိတ်ညစ်စရာကောင်းသည်။ ညဘက်ကြီးမှာ 'ဂွတ်မောနင်း' ဟု နှုတ်ဆက်ပြီး ထက်ထက်မိုးဦး ကြော်ငြာလာမှ နည်းနည်း စိတ်ချမ်းသာသွားသည်။

ဖေဖေနှင့်မေမေက ဘုရားခန်းထဲ ရောက်နေကြသည်။ သူတို့က တရားစာအုပ်များနှင့် အလုပ်ရှုပ်နေကြခြင်းဖြစ်သည်။ တစ်ယောက်တစ်လှည့် ဖတ်ပြနေကြသည်။ ထိုအချိန်မှာပဲ…

"ကလင်..ကလင်…ကလင်"

ဖုန်းလာသည်။ ချက်ချင်းမကိုင်ဖြစ်။ ဘယ်သူဖြစ်မလည်းဟု စဉ်းစားနေမိသည်။ တီဗွီကြော်ငြာထဲမှ ထက်ထက်မိုးဦးကတော့ 'ကျုပ်မောင်ကြီးတော့' ဟုလှမ်းပြောသည်။ ဟုတ်မည် မထင်ပါ။

"ကလင်..ကလင်..ကလင်"

ဖုန်းသံထပ်ပေါ်လာသည်။

"သားရေ… ကိုရိုး"

"ရှိတယ်မေမေ၊ ကျွန်တော်ကိုင်လိုက်မယ်"

ဖုန်းခွက်ကောက်ကိုင်ပြီး…

"ဟဲလို"

"…………"

တစ်ဘက်မှ ဘာသံမှ ထွက်မလာသဖြင့်…

"ဟဲလို…"

"ရှူး…."

ရိုးမြင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

တီဗွီကြော်ငြာထဲမှ လူရွှင်တော်က ရိုးမြင့်ကိုယ်စား 'ဘာလဲဟ၊ ဘာလဲဟ' ဟုထအော်ပေးသည်။

“ဟယ်လို… ဘယ်သူလဲ”

“အခု စကားပြောတာ ရိုးမြင့်လား”

“ဟုတ်ပါတယ်”

တစ်ဘက်မှ မိန်းကလေးသံက သာယာလှပါသည်။ “ဘယ်သူ့အသံလဲ” ဟုမကျက်မိ။ ကိုယ့်သူငယ်ချင်း မိန်းကလေးတွေက ဤမျှ နားဝင်ပီယံ မဖြစ်မှန်းတော့ သိသည်။

“ရိုးမြင့် အခု ဘာလုပ်နေသလဲ၊ တီဗွီ ထိုင်ကြည့်နေတာလား”

“အင်း…ဟုတ်တယ်၊ အခုစကားပြောနေတာ ဘယ်သူလဲမသိဘူး”

“ဒီနေ့ ရိုးမြင့် လပ်လျားလပ်လျား ဖြစ်နေတယ်နော်၊ သူငယ်ချင်းတွေနဲ့ ဆုံတယ်မဟုတ်လား”

“အင်း… ဟုတ်တယ်၊ တိုးမိုးဝင်းတို့ လာသွားကြတယ်၊ နေပါဦး အခု စကားပြောနေတာ ဘယ်သူလဲ”

“ရိုးမြင့် မရှက်ဘူးလား”

“ဘာကိုရှက်ရမှာလဲ”

“ကိုယ့်မှာတော့ ရည်းစားတောင် မရှိသေးဘဲနဲ့ သူများတကာတွေကို အချစ်အကြောင်း လျှောက်ပြောနေတာ”

သိပ်တော့ မဟုတ်တော့ဘူး ဟု ထင်မိသည်။

“မရှက်ပါဘူး၊ ဒါရှက်စရာမှ မဟုတ်ဘဲ၊ နေပါဦး.. ဘယ်သူက ပြန်ပြောပြတာလဲ”

“ဘယ်သူကမှ ပြန်မပြောပြပါဘူး၊ အဲဒီလူတွေနဲ့လည်း တို့မသိပါဘူး”

“ဟင်…ဒါဖြင့် ဘယ်လိုလုပ်သိသလဲ”

“အလိုလို သိတာပေါ့”

“အလိုလို သိတာ ဟုတ်လား”

“ဟုတ်တယ် တို့နဲ့ ရိုးမြင့်နဲ့လည်း မသိဘူး၊ မိန်းကလေး သူငယ်ချင်းထဲက ဆက်တယ် အောက်မေ့ပြီး အသည်းအသန် စဉ်းစားမနေနဲ့၊ တို့နဲ့ ရိုးမြင့်နဲ့က ခုမှ စကားပြောဖြစ်တာ”

“ဟာ…”

“ရိုးမြင့် အတော်အံ့သြသွားလား”

“ခင်ဗျားဟာက ဘာတွေလဲဗျ”

"ခစ် ခစ်"

တစ်ဘက်မှ ရယ်သံချိုချိုကိုကြားရသည်။ ရိုးမြင့်၏ စိတ်ထဲမှာ တစ်မျိုးဖြစ်နေသည်။

"ရိုးမြင့် ဘာဖြစ်ဖြစ် တို့အကုန်သိတယ် သိလား...၊ ခုတလော ခရီးသွားချင်စိတ်တွေ အရမ်းများနေတယ် မဟုတ်လား၊ အဲဒါကိုလည်း တို့သိတာပဲ"

"ဗျာ..."

ရိုးမြင့် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ကိုယ့်စိတ်ထဲမှာ ဖြစ်တဲ့ခံစားချက်ကို သူက ဘယ်လိုလုပ်သိတာလဲ။ အမှန်ပင် ဒီရက်ပိုင်းအတွင်းမှာ ရိုးမြင့် ခရီးလေး ဘာလေး ထွက်ချင်နေသည်။ ဘယ်သူ့ကိုမှ ထုတ်မပြောဖြစ်ဟု ထင်သည်။ သူမက ဘာကြောင့်သိနေရပါသနည်း။

"ကဲ...ဒါပဲနော်၊ ရိုးမြင့် တို့လည်း တီဗွီဆက်ကြည့်လိုက်ဦးမယ်၊ နောက်ရက်မှပဲ ထပ်ဆက်လိုက်မယ်"

"ဟော့...ဟော့...နေပါဦး"

ရိုးမြင့်က အလောတကြီး ဟန့်တားလိုက်သည်။ တစ်ဘက်မှ မိန်းကလေးက ရယ်သံဟဟဖြင့်..

"ဘာဖြစ်လို့လဲ"

"နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ"

"ခစ်..ခစ်...တို့က တို့ပေါ့၊ ရိုးမြင့် အကြောင်းတွေကို အသေးစိတ်သိလို့ အံ့ဩနေတာလား၊ တို့က ဗေဒင်ဆရာမ မဟုတ်ပါဘူး ရိုးမြင့်ရယ်၊ အကြားအမြင်လည်း မရပါဘူး၊ တဖြေးဖြေးနဲ့တော့ ရိုးမြင့် နားလည်လာမှာပေါ့၊ ဒါပဲနော်.. ဘိုင့်"

ဖုန်းချသွားသည်။

ရိုးမြင့် ဘယ်လိုကြီးမှန်းမသိ ဖြစ်ကျန်ခဲ့သည်။ တိုးမိုးဝင်းဆီဖြစ်ဖြစ်၊ နေထွန်းဆီဖြစ်ဖြစ် ဖုန်းဆက်မေးရန် အတွေးရသေးသည်။ သို့သော် မမေးဖြစ်။ ဒီကောင်တွေနှင့် နက်ဖြန်ခါ တွေ့ရဦးမည်။ ဆရာဘုန်းတို့အိမ်မှာ ချိန်းထားသည်။

တီဗွီဆက်ကြည့်၍လည်း မရတော့။ ကိုယ့်အခန်းထဲ ကိုယ်ဝင်ခဲ့သည်။ မျက်မှောင်ကြီးကြုတ်ပြီး အခန်းထဲဝင်လာသော ရိုးမြင့်ကို နံရံပိုစတာမှ ခွေးကြီးက လျှာထုတ်ပြပြီး ပြောင်လေသည်။

************************

## အခန်း (၂)

ဆရာဘုန်းတို့အိမ်မှာ နောက်နေ့ဆုံကြတော့ ရိုးမြင့်က ထူးဆန်းသော ဖုန်းသရဲမလေးအကြောင်းပြောပြသည်။ ဟိုကောင်တွေ အကုန်လုံး အူကြောင်ကြောင် ဖြစ်ကုန်ကြသည်။

"တစ်မျိုးပါလားဟ"

မင်းသန့်က ထိုသို့ ထအော်သည်။

“အဲဒါ… ငါ မင်းတို့ကို မေးမလို့”

“ဘာမေးမှာလဲ”

“မနေ့က ငါတို့လက်ဖက်ရည်ဆိုင်မှာ ပြောခဲ့တဲ့ စကားတွေကို မင်းတို့ ဘယ်သူ့ကို ပြန်ပြောဖြစ်သေးလဲ”

“တောက်တီးတောက်တဲ့ကွာ…၊ ငါတော့ ဘယ်သူ့ကိုမှတောင် ပြန်မပြောပြဖြစ်ပါဘူး”

မင်းသန့်က စကားကုန်ငြင်းသည်။

“ငါလည်း မင်းဆီက ပြန်လာပြီး အိမ်ရောက်တော့ စာဖတ်တယ်၊ ပြီးတော့ ထိုးအိပ်လိုက်တယ်။ ဒီမနက်ကျတော့ ဒီကို တန်းထွက်လာပြီး မင်းနဲ့ တွေ့တယ်။ ဒါပဲ… ဘယ်သူ့ကိုမှ မပြောဘူး”

နေထွန်းကလည်း ထိုသို့ငြင်းသည်။ တိုးမိုးဝင်းက…

“ငါ့ဘက်ကလည်း ရှင်းတယ် ကိုယ့်ဆရာ၊ မင်းဆီက ပြန်တော့ လမ်းထိပ်မှာ ဝီစကီတစ်ပြားဝင်ဝယ်တယ်။ အိမ်ရောက်တော့ ကိုယ့်အခန်းထဲ တန်းဝင်ပြီး ဂုက်သောက်တယ်။ ပြီး…အိပ်ပျော်သွားတယ်။ ဘယ်သူနဲ့မှ မတွေ့၊ ဘယ်သူ့ကိုမှ မပြော”

ရိုးမြင့်က ကုလားထိုင်လက်ရမ်းကို လက်ညှိုးနှင့် တကောက်ကောက် ခေါက်ရင်း စဉ်းစားနေသည်။ ပြီးမှ…

“မင်းတို့က တစ်ယောက်ယောက်ကို ပြောလိုက်မိတယ်ဆိုရင်လည်း ဒီကောင်မလေးက အဲဒီလူဆီကတစ်ဆင့် ပြန်သိတာလားလို့ စဉ်းစားနိုင်သေးတယ်။ အခုတော့ ပွဲက ပြတ်နေပြီ”

နေထွန်းက မှတ်မှတ်ရရ ဝင်ထောက်သည်။

“ဒါကို မပြောနဲ့လေ…။ မင်းဘယ်သူ့ကိုမှ မပြောတဲ့ ခရီးသွားဖို့ စိတ်ကူးတွေကိုတောင် သူက သိနေတယ်ဆို”

“အေးကွ”

အကုန်လုံး ဦးနှောက်ခြောက်ကုန်ကြသည်။

ဆရာဘုန်းအိမ်က အထွက်မှာ သူတို့ မြကျွန်းသာထဲသို့သွားပြီး ဆိုင်ထိုင်ဖြစ်ကြသည်။ ဆရာဘုန်းက သူတို့ကျောင်းမှ ကျောင်းဆရာဖြစ်သည်။ သူတို့က ဆရာဘုန်းကို လာကန်တော့ကြခြင်းဖြစ်သည်။

ဤပြဿနာကို ဆရာဘုန်းအိမ်မှာ အစပျိုးဆွေးနွေးကြပြီး မြကျွန်းသာရောက်လာတော့လည်း ဆက်ပြောဖြစ်ကြ၏။

နေထွန်းက…

http://www.myanmarcupid.net

"အခြားထောင့်ကနေ လှည့် စဉ်းစားကြည့်ရမှာပဲ"

"ဒါဖြင့် မင်းခုံပြောင်းထိုင်လိုက်လေ"

တိုးမိုးဝင်း၏စကားကြောင့် ရယ်ကြရသေးသည်။

"ခုံလဲစရာမလိုဘူးကွ၊ တွေးထောင့်ပြောင်းပြီး စဉ်းစားရမယ်လို့ပြောတာ"

"ဟုတ်လား...ပြောင်းပါဦး၊ ဘယ်ထောင့်က စဉ်းစားမှာလဲ"

"ဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ တနင်္ဂနွေထောင့်ကပေါ့ကွာ၊ ဒီလိုကွ"

"အင်း...ပြော..."

"အဲဒီကောင်မလေးဟာ ရိုးမြင့်ကိုများ ကြိုက်နေသလားလို့"

နေထွန်းနှင့် မင်းသန့်က ရိုးမြင့်ကို တစ်ချက်လှည့်ကြည့်ပြီး...

"အင်း...ဖြစ်နိုင်ပါတယ်"

ရိုးမြင့်က ရည်မွန်သန့်ပြန့်သော ရုပ်ရည်ရှိသည်။ မိဘကလည်း ချမ်းသာသည်။ ဆရာဝန်ပေါက်စဆိုသည့် ဂုဏ်ကလေးကလည်း ရှိနေသည်။ ထို့ကြောင့် ထိုအချက်ကတော့ ဖြစ်နိုင်ချေတော့ ရှိသည်။

"အဲဒါဆိုရင်..."

တိုးမိုးဝင်းက ရိုးမြင့်ကိုမေး၏။

"ရိုးမြင့်"

"ပြော..."

"မင်းကို ကြိုက်နေတဲ့ ကောင်မလေးတွေ ဘယ်သူရှိသလဲ၊ မင်းသိတာရှိရင် ပြောကြည့်စမ်း"

နေထွန်းက တမှောင့်ဝင်လာသည်။

"ငါ့ညီမဖြူဖြူကတော့ မင်းကို မကြိုက်ဘူးနော် ဟေ့ကောင်"

ရိုးမြင့်က အရယ်တဝက်နှင့်...

"အေးပါကွာ...မင်းညီမ ဖြူဖြူထွန်းမှ မဟုတ်ပါဘူး၊ ငါ့ကို ကြိုက်နေတဲ့ မိန်းခလေးဆိုတာ မရှိပါဘူး၊ တစ်ယောက်မှ

မရှိပါဘူး”

“တကယ်မရှိဘူးလား”

“တကယ်”

“သေချာတယ်နော်”

“ဩော်...သေချာပါတယ်ကွာ”

တိုးမိုးဝင်းက မလျှော့သေး။

“ရှိတော့ရှိမယ်ကွ၊ မင်းမသိလို့ ဖြစ်မယ်”

“ဟားဟား...ငါအဲဒီလောက် အစွမ်းအစ ရှိလို့လားကွာ”

“ဒါကတော့ကွာ၊ ရှမ်းကြီးကြိုက်ရင် ရှမ်းမကြီးချောမှာပေါ့၊ ဒါထားပါဦး၊ မင်းအပေါ်မှာ ၁၅၀၀ အရိပ်အယောင်ပြတဲ့ မိန်းကလေးတွေ ဘယ်သူရှိလဲလို့ စဉ်းစားစမ်း၊ အဲဒီထဲက ဖြစ်နိုင်တယ်”

“ငါသိတဲ့ မိန်းကလေးတွေဆိုတာက မင်းတို့နဲ့သိတာပါပဲကွာ၊ ကျောင်းက သူငယ်ချင်းတွေပဲ ရှိတာပေါ့”

“အေးပါ...အဲဒီထဲကပဲ လှည့်စဉ်းစားကြည့်စမ်း”

စိတ်အိုက်သွားဟန်ဖြင့် ရိုးမြင့်က ခေါင်းကို တဗျင်းဗျင်းကုတ်သည်။ ပါးစပ်ကလည်း ညည်းတွားမိ၏။

“သူတို့ ၁၅၀၀ အရိပ်အယောင်ပြပါတယ်လို့ ငါကဘယ်အချက်ကို ထောက်ပြီး တွက်ဆရမှာလည်း”

မင်းသန့်က...

“ရိုးမြင့်ကလည်းကွာ...၊ မင်းအတွက်က ဒါ လွယ်ပါတယ်”

“ဘယ်လိုလွယ်တာလဲ”

“မင်း မနေ့က တို့ကို ပြောပြတဲ့ ညို့ချက် (၈) ချက်နဲ့ပဲ တွက်ဆကြည့်ပေါ့ကွ”

“ဩော်...”

“အေးလေ...ဟုတ်သားပဲ”

မင်းသန့်၏ စကားကို အားလုံး သဘောကျသွားကြ၏။ ရိုးမြင့်က ငြိမ်ပြီးစဉ်းစားနေ၏။ ခဏကြာမှ ခေါင်းတစ်ချက်ကို ဆတ်ညိတ်ရင်း...

"အင်း...အဲဒါဆိုရင်တော့ ရှိတယ်"

"အေး...ပြောစမ်းပါဦး၊ ဘယ်သူလဲ၊ ဘယ်လိုရှိတာလဲ"

"နီထွေးကွ"

"နီထွေး...ဟုတ်လား"

"အေး..."

နီထွေးက သူတို့သူငယ်ချင်းပဲ ဖြစ်သည်။ မျက်နှာက သိပ်အလှကြီးမဟုတ်သော်လည်း အသားအရေနှင့် ကိုယ်လုံးကိုယ်ပေါက်က အတော်လှသည်။ ထို့ကြောင့် အားလုံးမျက်လုံး ပြူးသွားသည်။

"အံမယ်... မင်းက ထင်မယ့်ထင်တော့လည်း တကယ့် ဒိတ်ဒိတ်ကြဲကိုပါလား"

"ဘာလဲ...မင်းတို့ပဲ အတင်းလိုက်ထင်ခိုင်းပြီးတော့"

"အေးပါကွာ...ထင်ပါ၊ ထင်ပါ ပိုက်ဆံပေးရတာမှ မဟုတ်ဘဲ"

နေထွန်းက တိုးမိုးဝင်း၏ စကားကိုဖြတ်ပြီး...

"နေပါဦး... ပြောဦးလေကွာ၊ မင်းက နီထွေးကို ဘာကြောင့်ထင်ရတာလဲ"

"သြော်...အဲဒါက ဒီလိုကွ"

"အေး...နည်းနည်းပါးပါး ရှင်းပြပါဦး"

"သူ သင်္ချိုင်းကျွန်းဆေးရုံမှာ ရှိတုန်းက တို့တွေ မြောက်ဥက္ကလာဆေးရုံကနေ တစ်ခါကူးသွားကြသေးတာ မှတ်မိလား"

"အေး...မှတ်မိတယ်၊ ငါတို့လေးယောက်ပဲ"

"အေး...အဲဒီတုန်းက သူနဲ့ ငါနဲ့ အေးအေးဆေးဆေး စကားထိုင်ပြောဖြစ်ကြတယ်။ မင်းတို့က ဘယ်ထွက်သွားကြလည်းမသိဘူး"

"အေး...မမှတ်မိတော့ဘူး၊ ထားလိုက်ပါတော့၊ အဲဒီတော့ ဘာဖြစ်ကြသလဲ"

"သူက ငါ့ကိုပြောတယ်၊ နင်ကနာမည်နဲ့လိုက်အောင် တော်တော်ရိုးတာပဲ ရိုးမြင့်ရယ်...တဲ့"

"အဲဒီတော့..."

"အဲဒီတော့ ငါက ငါ့ပိုက်ဆံအိတ်ကို လက်နဲ့ အုပ်ထားလိုက်တယ်"

"ဘာဖြစ်လို့လဲ"

"အေး...သူကလည်း ငါ့ကို အဲဒီလိုမေးတယ်၊ ငါက ဖြေလိုက်တယ်၊ ပြောသံဆိုသံကြားဖူးတယ်လို့၊ လူတစ်ယောက်က ကိုယ့်ကို သိပ်ရိုးတာပဲလို့ ပြောလာရင် ပိုက်ဆံအိတ်ကို လက်နဲ့သာ အုပ်ထားပေတော့ ဆိုတာ"

"အဲဒီတော့ နီထွေးက မင်းကို နီးရာ ခွေးချေးနဲ့ ကောက်မပေါက်ဘူးလား"

"ကောက်ပေါက်စရာ အနားမှာ ဘာမှ မရှိဘူး"

"ဒါဖြင့် ဘာလုပ်သလဲ"

"ရယ်တယ်၊ ပြီး...မျက်နှာလွှဲသွားတယ်၊ ပြီးမှ မျက်လုံးထောင့်ကပ်ပြီး ပြန်ကြည့်တယ်၊ လှတယ်၊ ပြီးတော့ ...အဲဒါဟာ အဒေကွဏာကွ"

"သြော်...ဟုတ်ပြီ...ဟုတ်ပြီ"

တိုးမိုးဝင်းကဆက်ပြီး...

"ဒါဖြင့် ငါတို့တွေ အဲဒီ 'အဒေကွဏာ နီထွေး' ကို စောင့်ကြည့်ရမယ်"

"နေဦးကွ၊ သူနဲ့တင် မပြီးသေးဘူး"

"ကျန်သေးလား"

"အေး...မိုးမိုးမွန်"

"ဘာ...မမိုး၊ ဟုတ်လား"

"အေး"

သူတို့တွေ စိတ်ဝင်စားသွားကြပြန်သည်။

"ဆိုပါဦး၊ မမိုးမွန်ကရော မင်းကိုဘာလုပ်ပြလဲ"

"ဟာ...မင်းတို့မေးခွန်းကြီးကလည်း ကြမ်းလိုက်တာကွာ"

"အေး...ဟုတ်တယ် ပြောင်းမေးမယ်၊ ပြောပါဦး၊ မမိုးမွန်က မင်းကို ဘယ်လို ညှို့လိုက်လဲ"

"ဟာ...အဲဒါကြီးကလည်း မဟုတ်သေးပါဘူးကွာ"

နေထွန်းက ဝင်ဖြေရှင်းပေး၏။

"ပြောပါကွာ၊ မမိုးက မင်းကို နံပါတ် ဘယ်လောက်နဲ့ ကိုင်ပေါက်လိုက်သလဲ"

"အဲဒီလို မေးကြစမ်းပါကွာ၊ သူကနံပါတ်(၂) အချက်နဲ့ ကိုင်ပေါက်တယ်ကွာ၊ ဟာသနဲ့"

"အေး...ဖြစ်ပုံကို ပြောပါဦး"

ရိုးမြင့်က ရေသန့်ကို ခွက်ထဲ ငှဲ့သောက်လိုက်ရင်း...

"တစ်နေ့မှာ သူနဲ့ငါနဲ့ တွေ့တော့ သူက မျက်နှာကြီး စူပုတ်နေတယ်ကွ"

"ဒါလား ဟာသ"

"လာမယ်လေကွာ"
"အေး...ဆက်ပြော ဆက်ပြော"

"အဲဒါနဲ့ ငါမေးတယ်၊ နင်မပြုံးဘူးလားလို့"

"မင်းနဲ့ဘာဆိုင်လဲ"

"ဆိုင်တယ်ကွ၊ သူ့မှာ အပြုံးမရှိရင် ငါက သူ့ကို အပြုံးပေးမယ်လို့ပြောလိုက်တယ်"

"ဘယ်လိုပေးလိုက်သလဲ"

"သူ့ရှေ့တည့်တည့်မှာ ထိုင်ပြီး သူ့ကို ပြုံးပြနေလိုက်တယ်လေ"

ဝိုင်းရယ်ကြ၏။

"ငပေါပဲ"

"အေး...မင်းတို့ ဘာပဲပြောပြော၊ သူမခံနိုင်တော့ဘဲ ရယ်တယ်။ အသံ တိုးတိုးကလေးနဲ့ ခပ်ငြိမ့်ငြိမ့်ရယ်တာ၊ ကြည့်လို့လည်းလှတယ်၊ နားထောင်လို့လည်းကောင်းတယ်၊ အဲဒါဟာသကွ"

"အင်း...ဟုတ်ပြီ နှစ်ယောက်ရှိပြီ၊ အဲဒီ ဟာသမိုးမိုးမွန်ကိုလည်း စောင့်ကြည့်ရမယ်၊ ကျန်သေးလား"

"တစ်ယောက်ပဲ ကျန်တော့တယ်"

"ဘယ်သူလဲ"

"နှင်းမာလာ"

သူတို့တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြီး...

"အမှန်တော့ နှင်းမာလာက ဟာသဖြစ်ရမှာကွ"

"အေးလေ..."

သူတို့ပြောလည်း ပြောစရာပေ။ နှင်းမာလာက အမြဲတမ်း ရယ်နေတဲ့သူဖြစ်သည်။ ရယ်စရာလည်း အလွန်ပြောတတ်သည်။ သူနှင့်တွေ့လျှင် ပျော်ရသည်။

ရိုးမြင့်က ပြောစရာရှိသည်ကိုသာ ဆက်ပြောလိုက်သည်။

"တစ်နေ့မှာ သူရယ်ငါရယ် ကင်တင်းမှာ အတူထိုင်ကြတယ်။ ထုံးစံအတိုင်း ပေါက်ကရတွေ ပြောပြီး ရယ်နေကြတာပေါ့ကွာ"

"အေး...ဟုတ်ပြီ"

"အဲဒီအချိန်မှာ ငါကတစ်ခုသတိရပြီး သူ့ကိုနောက်လိုက်တယ်၊ တဂိုးရဲ့ ရည်းစားစာကို ဖတ်ပြီးပြီလား၊ နင့်ကို ရေးတာထင်တယ်လို့"

"ဘယ်က တဂိုးလဲ"

"ကဗျာဆရာကြီး တဂိုးလေကွာ"

"ဘာတွေလဲ၊ ကဲ...စိတ်ချမ်းသာသလို ဆက်ပြောပါဦး"

"ငါကပြောတယ်၊ တဂိုးရဲ့ ကဗျာတစ်ပုဒ်ရှိတယ်လေ...လို့"

"ဘယ်ကဗျာလဲ"

"သူကလည်းမေးတယ်၊ ငါကလည်း ရွတ်ပြလိုက်ပါတယ်"

"ကဗျာအတိုင်း ရွတ်မနေပါနဲ့တော့ကွာ၊ လိုရင်းကိုသာပြော"

"ကဗျာကလည်း တိုတိုလေးပါ၊ လိုရင်းကို တန်းရေးထားတာ။ **မင်းရယ်တာကို ငါချစ်တယ်၊ ငါ့ကိုရယ်အောင် လုပ်ပေးတတ်တာကိုလည်း ငါချစ်တယ် ...**တဲ့"

"ဟင်"

သုံးယောက်သား လန့်သွားကြ၏။

"ဟော့ကောင်၊ မင်းရဲ့ ကဗျာက ဒွဲကြီးပါလား"

"အာ...ငါ့ကဗျာ မဟုတ်ဘူးလေကွာ၊ တဂိုးကဗျာ ပါဆို"

"ဒါပေမဲ့ အဲဒီကဗျာကြီးကို မင်းကသွားရွတ်ပြတော့..."

သူတို့ပြောမှ ကိုယ်တောင် အနေရခက်သလို ဖြစ်လာသည်။

"ဟုတ်လား၊ တစ်မျိုးထင်စရာ ဖြစ်သွားလား"

"ဖြစ်သွားတာပေါ့"

"ဟော..."

"နေပါဦး၊ အဲဒီအချိန်မှာ သူက မင်းကို ဘာပြန်ပြောသလဲ"

"ဘာမှ ပြန်မပြောဘူး"

"ဟင်...ဒါဖြင့်..."

"သူ ရုက်ကိုးရုက်ကန်း ဖြစ်သွားတယ်"

"ဒါပဲလား"

"အေး...ဒါပဲဆိုပေမယ့် အဲဒါ ညှို့ချက်လေကွာ၊ လဇ္ဇ လဇ္ဇ"

သုံးယောက်လုံး ခေါင်းတခါခါဖြစ်နေကြသည်။
"ဒါကြီးကတော့ မင်းရိုက်ချက်ပြင်းလွန်းတယ် ရိုးမြင့်"

"မဟုတ်သေးပါဘူးကွာ မင်းတို့ကလည်း...၊ တဂိုးက သူ့ကို ရည်းစားစာပေးတာလိုလို၊ သူဖတ်ပြီးပလား မေးပြီး နောက်ပြောတာပါ၊ လွတ်ကင်းပါတယ်ကွ"

ဘာမှ ပြန်မပြောကြ။ ကိုယ်လည်း ဘာဆက်ပြောရမှန်း မသိသဖြင့် ရိုးမြင့်ငြိမ်နေလိုက်သည်။

နေထွန်းက စီးကရက်မီးခိုးများကို မှုတ်ထုတ်ရင်း...

"ကဗျာလေးကလည်း ထိတယ်ကွ"

မင်းသန့်ကလည်း...

"အေးကွာ...တဂိုးမို့လို့သာ တော်တော့တယ်၊ နှစ်ဂိုးသာဆို မလွယ်ဘူး"

စိတ်ရှုပ်နေသည့်ကြားမှ ရယ်ကြပြန်သည်။ ရယ်သံများအဆုံးမှာ တိုးမိုးဝင်းက....

"ကဲ...ထားပါတော့၊ ဒီ လဇ္ဇနှင်းမာလာကိုလည်း စောင့်ကြည့်လေ့လာရမယ်"

ရိုးမြင့်က စာဒက ဝင်တက်လိုက်သည်။

"ငါ့ဆီ ဖုန်းဆက်တဲ့ ကောင်မလေးက သူနဲ့ငါ အရင်က မသိဘူးလို့ ပြောထားတယ်နော်"

"ဒီလိုပဲ ပြောမှာပေါ့ကွာ"

"မင်းက အခု ငါပြောတဲ့ သုံးယောက်ထဲကပဲ ဖြစ်နိုင်တယ် ထင်နေလို့လား"

"သေတော့ ဘယ်သေချာမလဲ...။ သတိထားဖို့ လိုတာကို ပြောတာ"

"စောင့်ကြည့်ဆိုတာကရော ဘယ်လိုလုပ် စောင့်ကြည့်မလဲ၊ ကျောင်းကလည်း ပိတ်သွားပြီ"

“ခက်တာလိုက်လို့ကွာ…သူတို့အိမ်တွေကိုသွားလည်ကြတာပေါ့။ တော်သေးတာပေါ့။ သုံးယောက်လုံးက ရန်ကုန်ကချည်း ဖြစ်နေလို့၊ နယ်ကလူဆိုရင် မလွယ်ဘူး”

မင်းသန့်က…

“နယ်ကလူဆိုရင် ရန်ကုန်မှာ ရိုးမြင့် ဖြစ်နေတာကို ဒီလောက် ဘယ်သိပါ့မလဲကွ”

“အေးလေ…ကဲ…ရိုးမြင့်၊ မင်းတော့ ဒီမချောတွေဆီ ခြေဦးလှည့်ပေဦးတော့”

“အာ…ဒီနေ့တော့ နေပါဦးကွ”

ရိုးမြင့်၏စိတ်ထဲမှာ လေးနေမိသည်။

“ဒီနေ့မဟုတ်ရင် နက်ဖြန်သွားမှာလား”

“နက်ဖြန်လည်း…”

တိုးမိုးဝင်းက စကားကို ဝင်ဖြတ်၏။

“ငါသိပါတယ်၊ ဒီကောင် တစ်ယောက်တည်း မသွားရဲ ဖြစ်နေတာ၊ မပူပါနဲ့၊ ငါလိုက်ခဲ့ပေးမယ်”

မင်းသန့်နှင့် နေထွန်းက …

“အောင်မာ…ငါတို့လည်းလိုက်မှာပေါ့ကွ”

“သြော်…စိတ်ဝင်စားကြတယ်ပေါ့”

ပြုံးစိစိနှင့် ပြုံးနေကြသည်။

“ဒီကောင်မလေးရဲ့ အသံကရော ဒီသုံးယောက်ထဲမှာ ဘယ်သူ့အသံနဲ့ အတူဆုံးလဲ”

“အဲဒီလောက် မကျက်မိဘူး”

“အေးပေါ့…ဖုန်းထဲကအသံဆိုတာကလည်း တစ်ခါတစ်ခါ မှန်းရ ခက်တယ်”

“အသံကတော့ အတော်သာတယ်ကွ၊ ချိုနေတာပဲ”

“အသံဆိုတာကတော့ ချိုအောင်ပြောရင် ချိုတာပါပဲကွာ”

“အဲဒါဆိုရင် ငါတို့က သူတို့တွေဆီကို ဘယ်နေ့မှာ ဘယ်လိုသွားကြမလဲ”

“အေး…ဟုတ်တယ်၊ တစ်ခါတည်း အစီအစဉ် ဆွဲလိုက်ကြရအောင်”
ဘယ်နေ့သွားမည်ဟု တစ်ခါတည်း အစီအစဉ်တွေဆွဲကြ၊ ချိန်းကြသည်။ ပြီး…တိုးမိုးဝင်းက မှတ်မှတ်ရရ မှာသေးသည်။

"အဲဒီကောင်မလေးက မင်းဆီ ဖုန်းထပ်ဆက်ဦးမယ်လို့ ပြောသွားတယ်နော်"

"အင်း"

"အဲဒီအခါကျရင် မင်းကလည်း သတိကြီးကြီးထားဦး၊ သူ့စကားထဲမှာ သဲလွန်စတွေ ပါလာနိုင်တယ်၊ 'အစ်ကြည့်ပေါ့"

"အေးပါ....အဲဒါကိုတော့ ငါလည်းစဉ်းစားထားပါတယ်"

ထိုနေ့က ဘီယာဖိုးကို ရိုးမြင့်က ရှင်းလိုက်ရလေသည်။ ဟိုကောင်တွေကတော့ သူ့ကို 'ချီးယားစ်' ဝိုင်းလုပ်လိုက်ကြ၏။ သူ့မှာတော့ မတင်မကျကြီးဖြစ်နေဆဲ။

အပြန်ကျတော့ မင်းသန့်က သူ့ကားနားသို့ တစ်ယောက်တည်းကပ်လာပြီး...

"ရိုးမြင့်၊ တစ်ခုတော့ မင်းသတိထားဦးနော်"

"ဘာလဲ..."

"မင်းကို ဖြူဖြူက ကလိတာလည်း ဖြစ်နိုင်တယ်"

"ဖြူဖြူ...ဟုတ်လား၊ ဖြူဖြူထွန်းလား"

"အေးလေ....မင်းမနေ့က နေထွန်းကို သူ့ညီမ ဖြူဖြူထွန်း နာမည်ထည့်ပြီးနောက်လိုက်တာ။ နေထွန်းက အိမ်မှာ ပြန်ပြောလိုက်လို့ ဖြူဖြူက မင်းကို ကလိတာလည်း ဖြစ်နိုင်တယ်။ သူတို့မောင်နှမက မင်းကို သက်သက်ကြပ်နေကြတာလည်း ဖြစ်နိုင်တယ်"

ရိုးမြင့် မျက်လုံး ပြူးသွားရသည်။

"အေး..အဲဒါလည်း စဉ်းစားစရာပဲ"

ပြီး...တဟားဟား ရယ်ချလိုက်မိသည်။

"အေး...အေး...သွားပြီ မင်းသန့်ရေ"

သူတို့သုံးယောက်က ကားတစ်စီးဖြစ်သည်။ သူတို့က အိမ်ချင်းနီးကြသည်။ တိုးမိုးဝင်း၏ကားနှင့် ထွက်လာကြခြင်းဖြစ်သည်။

အိမ်ပြန်ရောက်တော့ ရိုးမြင့်၏ စိတ်တွေ ပျံ့လွင့်နေသည်။ နောက်မှ စိတ်ကူးပေါက်ပြီး နေထွန်းတို့အိမ်ကို ဖုန်းလှည့်လိုက်သည်။

ခုအချိန် နေထွန်းပြန်ရောက်ဦးမည်မဟုတ်။ သူတို့အိမ်တွေဆီက အတော်မောင်းရဦးမည်။ သုံးအိမ်လှည့်ရမည်ဖြစ်၍ ဘယ်လိုမှ ပြန်ရောက်ဦးမည် မဟုတ်။

ဖုန်းက နံပါတ်လှည့်လိုက်သည်နှင့် တန်းဝင်သည်။ နှစ်ချက်ခေါ်အပြီးမှာ တစ်ဘက်မှ ကောက်ကိုင်လိုက်သည်။

"ဟဲလို...အမိန့်ရှိပါရှင်"

"ဖြူဖြူလား..."

"ဟုတ်ပါတယ်"

ထင်သည့်အတိုင်းပင်။

"နေထွန်းပြန်မရောက်သေးဘူးလား"

"ဟင့်အင်း...မရောက်သေးဘူး၊ ခုစကားပြောနေတာ ဘယ်သူလဲ မသိဘူး"

"ကျွန်တော်ပါ....ရိုးမြင့်"

"သြော်...ဟုတ်ကဲ့၊ ကိုရိုးမြင့် ပြော၊ ဘာမှာပေးရမလဲ"

"ဟင့်အင်း မမှာပါဘူး၊ ပြန်ရောက်ပြီလားလို့ ဆက်ကြည့်တာ၊ ကျွန်တော်တို့ စောစောကပဲ လူချင်းခွဲလာကြတာ"

"သြော်..."

"ဖြူဖြူကော ဘယ်မှ မထွက်ဘူးလား"

"ဟင့်အင်း...မထွက်ဘူး၊ ၄၅ ရက် ပုတီးအဓိဋ္ဌာန် ဝင်နေလို့"

"ဟင် ဟုတ်လား၊ ဘယ်နှစ်ရက်ရပြီလဲ"

"တစ်လကျော်ပြီ၊ ဆယ့်နှစ်ရက်ပဲ ကျန်တော့တယ်"

"အာ..သာဓုဗျာ...သာဓု"

"အဟင်း"

"ဒါပဲနော်၊ အနှောင့်အယှက် ဖြစ်နေဦးမယ်၊ ကျွန်တော့်ဖုန်း ချလိုက်တော့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဖုန်းချပြီးချိန်မှာ ကိစ္စတစ်ခု ရှင်းသွားပြီဟု နားလည်လိုက်၏။ ဤအတိုင်းဆိုလျှင် ဖြူဖြူထွန်းနောက်ပြောင်ခြင်း မဖြစ်နိုင်တော့။ ပုတီး အဓိဋ္ဌာန်ဝင်သည်ဟု ထပ်၍ နောက်ပြောင်လိမ်လည် လိုက်ခြင်းများလားဆိုပြီး စဉ်းစားစရာရှိသည်။ သို့သော်...စဉ်းစားမနေတော့။
ဖြူဖြူထွန်း အသံက သိသာသည်။ ကြည်ရှုရှုလေးဖြစ်သည်။ သူ့ဆီ အသိခက်စွာ ဖုန်းဆက်လာသည့် ပဟေဠိကလေး မည်သို့မှ မဖြစ်နိုင်။ နောက်ပြီး ဖြူဖြူထွန်းက အမှန်အတိုင်း ပြောဆိုနေခြင်းဖြစ်ကြောင်း သူ ခံစား၍ရသည်။

ရေမိုးချိုးပြီး ထမင်းစားကြတော့ ထမင်းဝိုင်းမှာ ဖေဖေနှင့်မေမေက ထုံးစံအတိုင်း မိန်းမယူဖို့ အိမ်ထောင်ပြုဖို့ တိုက်တွန်းသေးသည်။ သူတို့ သဘောတူသည့် ကောင်မလေးအကြောင်းကိုလည်း ထည့်ပြောသည်။

ရိုးမြင့် ဘာမှ ပြန်မပြောဘဲ ရယ်ကြဲကြဲလုပ်နေလိုက်၏။ မေမေက အတော် တက်ကြွနေသည်။ ဖေဖေကတော့ ခပ်အေးအေးပဲ ဖြစ်၏။

"ဟော့ကောင် တီဗွီမှာ ဒီအချိန်ကြီး ဘောလုံးပွဲလာနေပါလား ဘာနဲ့ ဘာလဲ"

"ဘောလုံးပွဲ မဟုတ်ပါဘူး ဖေဖေရ၊ ကြော်ငြာပါ"

"သြော်...နေပါဦး၊ ဘောလုံးသမားတွေက ဘာဖြစ်နေတာလဲ၊ လက်တို့ပြီးတော့ ပြောရဦးမယ်လို့ အော်နေတယ်။ ဘယ်သူ့အကြောင်းပြောမှာလဲ"

"ဒိုင်လူကြီး အကြောင်းနေမှာပေါ့ ဖေဖေရာ..."

ဖေဖေနှင့်က အိုကေသည်။ ထိုသို့ ပြောဆိုပြီး ဖေဖေက သူ့ဘာသာ စာဖတ်ခန်းထဲ ဝင်သွားသည်။

မေမေကသာ...

"သားနော်၊ မိဘစကားကိုလည်း ခေါင်းထဲထည့်ဦး"

"အင်းပါ...မေမေရယ်၊ ခေါင်းထဲမှာ ရှိပါတယ်၊ ခုနောက်ပိုင်း ခေါင်းဖြီးရင်တောင် ထစ်ငေါ့ထစ်ငေါ့နဲ့"

ထိုအချိန်မှာပဲ ဖုန်းလာသည်။

"ကလင်...ကလင်...ကလင်"

မပြောမဆို မေမေက ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟဲလို"

ပြီး အကြည့်က သူ့ဆီရောက်လာသည်။

"ကိုရိုး...မင်းဖုန်း"

လှမ်းယူပြီး ဝတ်ကျေတန်းကျေ ထူးလိုက်သည်။

"ဟဲလို"

မေမေက သူ့ကို အကဲခတ်သလို တစ်ချက်ကြည့်ပြီး ထွက်သွားသည်။ ဖုန်းတစ်ဘက်မှ အသံကလေးက...

"ရှူး... .... ရိုးမြင့်လား"

ပဟေဠိကလေးက ထပ်ဆက်ခြင်းဖြစ်သည်။

"အင်း...ဟုတ်တယ်"

"ဒီနေ့ ဦးနှောက်ပင်ပန်းမှာပဲနော်၊ စဉ်းစားရ အဖြေရှာရတွေနဲ့ သူများတွေအပေါ် ယုန်ထင်ကြောင်ထင်တွေလည်း ဖြစ်ရတယ်၊ လွယ်တော့ မလွယ်ဘူး"

ရိုးမြင့်ရင်ထဲမှာ ထိတ်သွား၏။

"ဟင်...ခင်ဗျား ဘာကိုဆိုလိုတာတုန်း"

"ခစ်...ခစ်... ရိုးမြင့်ဘာသာ ရိုးမြင့် အသိဆုံးပေါ့"

"ဘာကိုမှ မသိဘူး"

"ဒီနေ့အဖို့ ပူဇော်ထိုက်သူကို ပူဇော်ခဲ့တာတော့ ကောင်းပါတယ်၊ ကုသိုလ်ရတာပေါ့"

ဆရာဘုန်းအား ကန်တော့ခဲ့ခြင်းအား ပြောပုံရသည်။

"နေပါဦး...ခင်ဗျားက ဘယ်ကလဲ၊ ဘယ်သူလဲ"

"အဟင်း..သိပ်စဉ်းစားမနေနဲ့၊ တွေးကြည့်လို့ သိမှာ မဟုတ်ဘူး"

"ဒါဆို ပြေးကြည့်ရင် သိမယ်ပေါ့ ဟုတ်လား...၊ ဒါဖြင့်လည်း ပြေးပြီးလာကြည့်မယ်လေ၊ ပြော ခင်ဗျားက ဘယ်မှာနေသလဲ"

"နောက်တော့ သိရမှာပေါ့"

"အခု သိချင်တယ်ဗျာ"

"ရိုးမြင့်က ကလေးကျနေတာပဲ၊ ဖြေးဖြေးပေါ့...၊ နောက်တော့ သိလာမှာပေါ့၊ ဒါပဲနော်...ဘိုင့်ဘိုင်"

ဖုန်းချသွားသည်။

ရိုးမြင့်၏ စိတ်တွေ အုံ့ပျမှုန်ရီနေ၏။

*********

## အခန်း (၃)

"နောက်တော့သိလာမှာပေါ့လို့ သူကပြောသေးတယ်၊ ဟုတ်လား"

"ဟုတ်တယ်"

"ပြဿနာပဲကွာ၊ အတော် စိတ်မောရပါလား"

ဟိုကောင်သုံးကောင်လည်း သူ့အတွက် စိတ်လက်မအေးနိုင်အောင် ဖြစ်နေရသည်။

"သူများတွေကို ယုန်ထင်ကြောင်ထင်ဖြစ်နေတယ်လို့ ပြောသွားတယ်နော်"

"အေး..."

အကုန်လုံးခေါင်းကုတ်ကြပြန်သည်။ မင်းသန့်က..

“မင်းဘယ်လိုမြင်သလဲ”

“ငါကတော့ မင်းတို့သုံးယောက်က ငါ့ကိုပညာပေးနေတာများလားလို့မြင်တယ်”

“ဘာ...ဘာ...”

“မင်းတို့သုံးယောက်က ကောင်မလေးတစ်ယောက်နဲ့ ပေါင်းပြီး ငါ့ကို ကစားနေတာများလားလို့ သံသယ ဝင်မိတယ်”

“ဟာ...”

သူတို့တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ နေထွန်းက...

“မင်းတကယ်ပဲ ငါတို့ကို အဲဒီလို မြင်လို့လား”

“မြင်တာပေါ့၊ ဒီပြဿနာက မင်းတို့ ငါ့ဆီလာသွားပြီးကတည်းက ပြဿနာ၊ မင်းတို့နဲ့ ငါနဲ့ ပြောတဲ့ အကြောင်းအရာတွေ၊ လုပ်တဲ့ကိစ္စတွေကိုချည်း သူက ပြောနေတာ”

“ဟောဗျာ...”

တိုးမိုးဝင်းက နှာခေါင်းကိုပွတ်ရင်း ညည်းတွားသည်။

“အင်း...ဒီကောင့် ပြဿနာက တို့ပြဿနာ ဖြစ်လာပါရောလား”

မင်းသန့်ကလည်း ထိုသို့ပြောသည်။ ရိုးမြင့်ကတော ခပ်တည်တည်ပဲ ထိုင်နေသည်။ မင်းသန့်က အခိပ္ပါယ်ပါပါ ကြည့်ပြီး...

“ဟေ့ကောင် ရိုးမြင့် ငါပြောတဲ့ကိစ္စလေးကိုရော မင်းတီးခေါက်ကြည့်သေးလား”

“ခေါက်ကြည့်တယ်ဟေ့... ခေါက်ကြည့်တယ်”

“ခေါက်ကြည့်တော့ မပွင့်ဘူးလား”

“မပွင့်ပါဘူး၊ အစကတည်းက တံခါးမှ မဟုတ်တာ၊ လက်နာတာပဲ အဖတ်တင်တယ်”

နေထွန်းနှင့် တိုးမိုးဝင်းက...

“မင်းတို့ ဘာတွေ ပြောနေကြတာလဲ”

“ငါ့ကို အိမ်သာတံခါး မှားခေါက်ခိုင်းတာဟေ့”

“သူများအိမ်သာတက်နေတာကို မင်းက သွားခေါက်တာလား”

“အေး...အထဲမှာ ဖြူဖြူထွန်းရှိနေတာလေ”

နေထွန်းက မျက်နှာ ပုတ်သွားပြီး..

"မင်းဟာလေ...အဲဒါကြောင့် အခုလို ပြဿနာတက်နေတာ"

"နေပါဦး...ငါမေးပါဦးမယ်"

ရိုးမြင့်က ထိုသို့ပြောတော့ နေထွန်းက...

"ငါ့ညီမ နာမည် မပါဘူးဆိုရင်ပြော..."

"အေးပါ...ငါသေချာအောင် ထပ်မေးမလို့"

"ပြော...ဘာမေးမှာလဲ"

"မင်းတို့သုံးယောက်က ငါ့ကို ဒီကိစ္စ သက်သက်ဖန်တီးပြီး ကစားနေတာလား၊ ဘယ်ကောင်မလေးနဲ့ တွဲပြီးလုပ်နေတာလဲ"

"ဟာ...မဟုတ်ရပါဘူးကွာ"

"ငါတို့ ဒီလောက်ညီညွတ်နေတယ်လို့လည်း မင်း မထင်နဲ့လေ၊ မပူနဲ့...တို့သုံးယောက်တွဲလုပ်နေတာသာဆိုရင်တော့ ဒီကိစ္စက ပေါ်မှာပဲ၊ နောက်...ပျက်သွားလိမ့်မယ်"

ကျေနပ်လောက်သည့် ဖြေရှင်းချက်မဟုတ်သော်လည်း ထိုစကားက လက်ခံလောက်သည်။ ဤသုံးယောက်က တွဲနေကြသော်လည်း တစ်ယောက်တစ်မျိုးစီဖြစ်၏။ တြိဂံတစ်ခုလိုတွဲပြီး ကိုယ့်ထောင့်နှင့် ကိုယ်ထောင်နေကြသူများဖြစ်သည်။ သိပ်ညီညာမည့်သူများမဟုတ်။
ရိုးမြင့် အပြင်းအထန် စဉ်းစားနေမိသည်။ ဘာမှ မဟုတ်သလိုနှင့် ဖုန်းသရဲမလေး၏ ဖိစီးမှုက သူ့အပေါ်မှာ အတော်များနေသည်။

"မင်းကိစ္စကို ငါတို့လည်း ဝင်ဖြေရှင်းပေးနေတာပဲ ရိုးမြင့်ရာ"

"အေး...အဲဒါကြောင့် သေချာအောင် မေးထားရတာပေါ့ကွ"

"သေချာတယ်...သေချာတယ်၊ မင်းထင်သလို မဟုတ်ဘူး၊ ငါတို့သုံးယောက်က မင်းကို ကစားနေတာမဟုတ်ဘူး၊ မင်းကောင်မလေးကသာ မင်းအပါအဝင် ငါတို့ကို ကစားနေတာ။ ငါတို့လည်း မင်းလို အူကြောင်ကြောင်ဖြစ်နေရတာပဲ။ ဒါမျိုးကို တစ်ခါမှ မကြားဖူးပါဘူး"

တိုးမိုးဝင်း၏ စကားအဆုံးမှာ နေထွန်းကလည်း ထင်မြင်ချက်တစ်ရပ်ကို တွေးတွေးဆဆပေး၏။

"ခါတ်ဖန်လုံးကြည့်ပြီး ပြောတာဖြစ်မယ်"

"ခါတ်ဖန်လုံးကြည့်တာဆိုရင် အရုပ်တွေပဲ မြင်မှာပေါ့ကွ၊ ပြောနေတဲ့ အကြောင်းအရာကို ဘယ်သိမှာလဲ"

ရိုးမြင့်က အငေါ်တူးနေသော် နေထွန်းတွေဝေသွားသည်။ ခေတ္တ စဉ်းစားလိုက်ပြီး...

"အေး...ဟုတ်တယ်... မင်းပြောတာဟုတ်တယ်"

မင်းသန့်က...

"ဗေဒင်ဆရာမ ဆိုရင်ကော"

"ဗေဒင်ဆရာကလည်း ဒီလောက်အထိ အသေးစိတ် မသိဘူး၊ မပြောနိုင်ဘူး၊ ဒီလောက်အထိမှန်မှာလည်း မဟုတ်ဘူး"

"ဒါလည်း ဟုတ်တယ်"

တိုးမိုးဝင်းက ရှားလော့ဟုမ်းဇာတ်ခင်းချင်ပုံရသော စကားကိုဆိုသည်။

"ကောင်မလေးက မင်းနောက်ကို တကောက်ကောက်လိုက်ကြည့်နေပုံရတယ်"

"ကြည့်လေ ကြည့်ပေါ့၊ ခုနက ခါတ်ဖန်လုံး ကြည့်သလို ဖြစ်မှာပေါ့၊ ငါတို့ပြောတာတွေကို သူကကြားမလား"

"အေး...စဉ်းစားစရာပဲ"

ထိုသို့ပင်ရှုလည်နေ၏။ လက်ဖက်ရည်ဆိုင်မှာ ငြိမ်ငြိမ်သက်သက်ထိုင်ရင်း ရှုလည်နေရသော အဖြစ်သည် အတော်ဆိုးလေသည်။ ဘာကို ဆက်ပြောရမည်မှန်းကိုပင် မသိတော့ဘဲ အကုန်လုံး ငြိမ်သွားကြသည်။

နေထွန်းက သက်ပြင်းချသည်။ သက်ပြင်းချသံအဆုံးမှာ တစ်ခုခုကို ပြောမည် ထင်သော်လည်း ဘာမှမပြော။ ပြောချင်ပါရက် ဘာပြောရမှန်းမသိ ဖြစ်နေပုံရသည်။

"ကဲ...ကဲ..."

ခဏအကြာမှာ ရိုးမြင့်က နှိုးဆော်လိုက်သည်။

"ငါတို့ ဟိုမချောတွေကို သွားလေ့လာမယ်ဆိုတဲ့ ကိစ္စကရော ဆက်လုပ်ကြဦးမှာလား၊ လိုအပ်တယ် ထင်သေးလား"

"အေးလေ... သွားကြည့်တာကတော့ အမှားမရှိဘူးပေါ့ကွာ၊ ဒီအတိုင်းတောင် သွားလည်ရမယ့် သူငယ်ချင်း ဝတ္တရား ရှိတာပဲဟာ"

"ဟုတ်တယ်၊ သွားတာတော့ သွားရမယ်၊ မူလအစီအစဉ် အတိုင်းလှုပ်ရှားကြည့်ကြတာပေါ့၊ ဒီလိုမှ မလုပ်ရင်လည်း ဘယ်လိုလုပ်ရမလဲ မသိဘူး"

ထိုသို့ဖြင့် ရိုးမြင့်တို့ လေးယောက်သား နှင်းမာလာဆီ အရင်ဆုံး ဦးတည် ရွေ့လျားလိုက်ကြသည်။

"လဗ္ဗနှင်းမာလာက ဒီအချိန် အိမ်မှာ ရှိပါ့မလား"

"အိမ်မှာ မရှိလို့ သူက ဘယ်မှာနေရမှာလဲကွ"

"မဟုတ်ဘူးလေ....၊ အပြင်ထွက်နေမှာစိုးလို့"

"အေး...ဟုတ်တယ်၊ ဖုန်းအရင် ကြိုဆက်မလား"

"ဒီအတိုင်းပဲ သွားပါကွာ....၊ မမျှော်လင့်ဘဲ တွေ့လိုက်ရတာက ပိုကောင်းပါတယ်။ မတွေ့တော့လည်း သူ့ထိုက်နဲ့သူကံပေါ့"

ထိုသို့ပင် နှင်းမာလာထံသို့ ဦးတည်ထွက်ခဲ့ကြသည်။ ရိုးမြင့်၏ ကားနှင့်ပင် ထွက်ခဲ့ကြခြင်းဖြစ်သည်။ နှင်းမာလာတို့အိမ်က

ဘောက်ထော်မှာ...

အိမ်ရှေ့ရောက်တော့ နေထွန်းက...

"ဟော့ကောင်တွေ လူနာယောင်ဆောင်ပြီး ဝင်တွေ့ရင် ကောင်းမလား"

"အောင်မာ ...ဆရာဝန်ပေါက်စဆီကိုများ လူနာယောင်ဆောင်ပြီး ဝင်မလို့တဲ့။ ဟိုက အတော်နဲ့ ထွက်လာတော့မှာ မဟုတ်ဘူး၊ အခန်းထဲမှာ စာပြန်ကျက်နေဦးမှာ၊ ရိုးရိုးပဲဝင်"

တိုးမိုးဝင်း၏ ကန့်ကွက်စကားအဆုံးမှာ မင်းသန့်ကလည်း....

"အေးလေ...မင်းကလည်း ရိုးမြင့်တစ်ယောက်လုံးပါနေတဲ့ဟာ၊ ရိုးရိုးကျင့် မြင့်မြင့်ကြံစမ်းပါ"

"ဒါဆိုရင်လည်း မြင့်မြတ်တဲ့အနေနဲ့ အုတ်တံတိုင်းပေါ်က ကျော်တက်ကြစို့"

ထိုသို့ ပေါက်ကရတွေ ပြောကြရင်းနှင့်ပင် အိမ်ထဲရောက်ခဲ့ကြသည်။ နှင်းမာလာတို့ အဖေနှင့်တွေ့သည်။ ရုံးမသွားဘဲ အိမ်မှာ ထမင်းတွေ ထိုင်စားနေသည်။
"ဟာ...လာဟေ့ မောင်မင်းသန့်တို့"

"ဟုတ်ကဲ့ အန်ကယ်လ်"

"စားကြပါဦးလား"

"ကျွန်တော်တို့က ဒီအချိန်မစားဘူး အန်ကယ်လ်၊ အန်ကယ်လ့် သမီးရှိလား၊ မတွေ့တာကြာလို့ နှင်းမာလာဆီ လာကြတာ"

သူ့ဆီလာတာမဟုတ်ဘဲ သူ့သမီးဆီလာတာဖြစ်ကြောင်းကိုလည်း အသိပေးလိုက်ရသေးသည်။

"အေး...အေး...ခဏလေးထိုင်စောင့်ဦး"

သူ့သမီးကလည်း အထဲမှာ တစ်ခုခုစားနေသည် ထင်၏။ အတော်နှင့် ထွက်မလာ။ တစ်ယောက်တည်းသာလာလျှင် အတော်ပျင်းစရာ ကောင်းနေလိမ့်မည်။ အုပ်စုလိုက်လာ၍သာတော်တော့သည်။

အတော်ကြီးကြာမှ နှင်းမာလာ အိမ်ရှေ့ခန်းထဲ ရောက်လာသည်။ သို့သော် အိမ်ခန်းထဲမှ ထွက်လာခြင်းမဟုတ်၊ အပေါ်ထပ်မှ ဆင်းလာခြင်းဖြစ်သည်။

"ဟောတော့..."

"ဟောဗျာ..."

နှင်းမာလာက ရေချိုးရန် ဆင်းလာပုံရသည်။ ရင်လျားကြီးနှင့်ဖြစ်၏။ သူတို့ကိုမြင်တော့ အံ့သြသွားသည်။

"ဟင်...နင်တို့က ဘယ်တုန်းက ရောက်နေကြတာလဲ"

"စောစောကပဲ"

နှင်းမာလာက သူ့အဖေကို...

"ဒက်ဒီကလည်း သမီးကို ဘာလို့ မပြောတာလဲ...လို့"

သူ့အဖေက သူ့သမီးကို မျက်လုံးပြူးနှင့် ပြန်ကြည့်သည်။ ထမင်းတွေဝါးနေပြီး ပါးစပ်မအားသဖြင့် ဘာမှ ပြန်မပြောနိုင်။ သူ့တို့ရောက်နေကြောင်းကိုလည်း ပါးစပ်မအားသဖြင့်ပင် လှမ်းမပြောနိုင်ခြင်းပင် ဖြစ်မည်။

"ပြီး...ထမင်းစားတာကိုလည်း ဘာဖြစ်လို့ ဧည့်ခန်းထဲ ထွက်စားနေရတာလဲ"

ပြီး...သူတို့ကိုလှည့်ကြည့်သည်။ ပုခုံးပေါ်မှာ လွှမ်းထားသော မျက်နှာသုတ်ပဝါကြီးကို ဆွဲစေ့သည်။

ရိုးမြင့်က...

"နေ...နေ...နှင်ဘာသာ လုပ်စရာရှိတာကိုလုပ်၊ ငါတို့က အချိန်မရဘူး၊ ပြန်လစ်တော့မှာ"

"ဟင်...နင်တို့က ပြန်တော့မလို့လား"

"အေး...လမ်းကြုံလို့ နင့်ကို မေးစရာရှိတာလေး ဝင်မေးတာ"

"ဘာမေးမလို့လဲ...၊ ကျောင်းစာတွေဆိုရင်တော့ မမေးနဲ့နော်"

"ကျောင်းစာမဟုတ်ပါဘူး၊ နင့်မှာ အော်လ်တာနေးတစ်သရပီနဲ့ ပတ်သက်တဲ့စာအုပ်များ ရှိသလားလို့"

"ဟာ...အဲဒါ ကောင်းကောင်းမရှိဘူးဟ၊ ဟို ဇုန်သရပီ စာအုပ်ပဲရှိတယ်"

"အာ...အဲဒါကြီးတော့ မလိုချင်ဘူး၊ ထားတော့၊ ကဲ...ကဲ... နင့်ဘာသာရေသွားချိုးတော့၊ ငါတို့လည်း လစ်လိုက်ဦးမယ်"

"အေး...နေဦး၊ နင်ပြောတဲ့စာအုပ်မျိုးက နီထွေးဆီမှာ ရှိတတ်တယ်"

"အေး...အေး၊ ငါတို့ သူ့ဆီ လှည့်ဝင်လိုက်မယ်လေ"

သူတို့လေးယောက်ထိုင်ရာမှ ထလိုက်သည်။

"အန်ကယ်လ်...ကျွန်တော်တို့ပြန်လိုက်ပါဦးမယ်"

အန်ကယ်လ်ကြီးက ခေါင်းညိတ်ပြ၏။ ပါးစပ်မအားသဖြင့် ဘာမှတော့ ပြန်မပြောနိုင်ပေ။ အန်ကယ်လ်ကြီးခမျာ ရယ်ပြရန်ကြိုးစားပါသေးသည်။ ပါးစပ်မအားသဖြင့် ရယ်ပြ၍လည်း မရချေ။
ကားပေါ်ရောက်မှ တိုးမိုးဝင်းက ...

"ဟေ့ကောင် ရိုးမြင့်"

"ဟေ"

"မင်းကလည်း ချက်ချင်းကြီးကောက်ပြန်လာတယ်"

"မပြန်လို့ရမလားဟ"

"ဘာဖြစ်လို့လဲ"

"နှင်းမာလာက တို့လေးယောက်ရှေ့မှာ ရင်လျားကြီးနဲ့ အနေခက်နေတဲ့ဟာကို..."

"ဆရာဝန်...ဆရာဝန်မတွေပဲကွာ"

"ဟာ...ဘာဆိုင်လဲကွ၊ အဲဒါထက် အပျို လူပျို ဆိုတာက ပိုအရေးကြီးတယ်၊ နောက်ပြီး မင်းသတိမထားမိဘူးလား၊ သူ့အဖေကြီး ထမင်းနှင်နေတာ"

"ဒီလောက်စားနေမှတော့ နှင်မှာပေါ့ကွ"

ရယ်ကြရသေးတော့သည်။ ရိုးမြင့်က ရယ်သံတွေအဆုံးမှာ...

"နောက်တစ်ခုလည်း ရှိသေးတယ်"

"ဘာလဲ"

"နှင်းမာလာဟာ ငါ့ဆီကို ဖုန်းဆက်နေတဲ့ ပဟေဠိလေး မဖြစ်နိုင်ဘူး"

သူ့စကားကို အားလုံး စိတ်ဝင်စားသွားကြသည်။

"ဘာဖြစ်လို့လဲ"

"ပဟေဠိကလေးသာဆိုရင် ငါဘာလုပ်လုပ် အကုန်သိနေတာပဲဟာ၊ သူ့ဆီကို ငါလာရင်လည်း ကြိုသိရမှာပေါ့၊ အခုနှင်းမာလာက အတော်အံ့သြသွားတာ။ နောက်...သူ့ခမျာ ရင်လျားကြီးနဲ့တောင် ကို့ရို့ကားယား ဖြစ်နေရှာတယ်၊ အမှတ်တမဲ့ကြီး၊ အဲဒါကြောင့် နှင်းမာလာ မဖြစ်နိုင်ဘူး"

အားလုံးက ခေါင်းတဆတ်ဆတ်ညိတ်ကြ၏။

"အေး..ဒါလည်း ဟုတ်တာပဲ"

"နေပါဦး၊ ခု မင်းက ဘယ်ကို မောင်းနေတာလဲ၊ ဘယ်သူ့ဆီသွားမှာလဲ"

"မိုးမိုးမွန်က လမ်းသင့်တယ်လေကွာ၊ သူ့ဆီမှာအရင်ဝင်လိုက်မှာပေါ့ သူကတော့ ရေမိုး ချိုးပြီးလောက်ပါပြီ"

ရယ်မိကြ၏။

"ဒါမှမဟုတ်လည်း ငါတို့လေးယောက်ကပဲ ရင်လျားလေးတွေနဲ့ ဝင်သွားကြတာပေါ့ကွာ"

ရယ်ရယ်မောမောနှင့်ပင် မိုးမိုးမွန်တို့အိမ်ကို ရောက်ခဲ့ကြသည်။ မိုးမိုးမွန်ကို ဧည့်ခန်းထဲမှာပင်

အဆင်သင့်တွေ့၏။ သူ့အစ်မ ဆရာဝန်မနှင့် ဘာတွေ တွတ်ထိုးနေသည်မသိ။ သူတို့ကို တွေ့တော့.

"ကျားသားမိုးကြိုး နင်တို့ငါ့ဆီလာလည်ကြတာလား"

"နင်ကမှ ငါတို့ဆီကို လာမလည်တာ"

"အောင်မာ...ရာရာစစ"

သူ့အစ်မက ရိုးမြင့်တို့ကို တစ်ချက်ကြည့်ပြီး အခန်းထဲ လှည့်ဝင်သွား၏။ ဆင်မယဉ်သာ ခြေလှမ်းကို "လူမ" ဖြစ်နေ၍ နှစ်ချောင်းထဲနင့် လျှောက်ပြီး ဝင်သွားခြင်း ဖြစ်သည်။

မိုးမိုးမွန်က...

"နေပါဦး...နင်တို့က ဘယ်လိုဆုံလာကြတာတုန်း"

"ငါတို့ကတော့ဟာ ဘယ်လိုစုံမှန်းမသိကို မသိဘဲနဲ့ကို ဆုံနေကြတဲ့ကောင်တွေပါ၊ အခု လာထပ်ဆုံတာ"

"နေပါဦး၊ နင်တို့အခုလာတာ...."

"အေးပါ ...နေပါတယ်"

မိုးမိုးမွန် စကားပြောလျှင် "နေပါဦး"စတတ်သည်။ မနေလျှင် စိတ်ဆိုးမည် ဆိုး၍ အားလုံးက နေကြရလေ့ရှိသည်။ ယခု သူမ၏ စကားကို ဖြတ်သွားပြီးနောက်တော့ သွားတက်ကလေးပါ ပေါ်အောင် ရယ်သည်။ အရယ်တစ်ဝက်နှင့်ပင်"

"ငါက မေးမလို့ပါဟာ၊ နင်တို့လာလည်တာ အလည်သက်သက်ပဲလား၊ ကိစ္စပါသေးလားလို့"

"ဒီလိုပါပဲဟာ..."

ရိုးမြင့်က ထိုသို့ပင် မရေမရာဖြေလိုက်သည်။ ပြီး...ဘာရယ်မဟုတ် ရောက်တတ်ရာရာ စကားများကို ထိုင်ပြောနေလိုက်ကြသည်။ မင်းသန့်က....

"ငါတို့ဝင်လာတော့ နင်တို့ ညီအစ်မတွေ ဘာတွေကြံစည်နေကြတာလဲ"

"ဘာမှ မဟုတ်ပါဘူးဟာ"

နေထွန်းက ဝင်ပြောသည်။

"အစ်မက ညီမကို မိုးရေထိုးနည်း သင်ပေးနေတာနေမှာပေါ့ကွာ၊ ဟားဟား"

"မဟုတ်ပါဘူးဟာ၊ မဂ္ဂဇင်းထဲက သတင်းတွေ အကြောင်းပြောနေကြတာပါ"

"ဘာလဲ...အာကာသကိုပို့မယ့် အတွင်းခံဘောင်းဘီကြီးအကြောင်းလား၊ ဟုတ်လား"

တိုးမိုးဝင်းက ဝင်နောက်သည်။

"မဟုတ်ပါဘူးဟာ၊ နင်ပြောတာကို ငါကြားတောင်မကြားဖူးဘူး၊ ဘာတွေလာပြောနေတာလဲ"

"တကယ်ပြောတာ...၊ ငါလည်း ဒီမနက်ပဲ မဂ္ဂဇင်းထဲမှာ သေသေချာချာဖတ်လိုက်ရတာ၊ ဓာတ်ပုံတောင် ပါလိုက်သေး"

"နေပါဦး....အဲဒီသတင်းက ဘယ်လောက်ကြီးကျယ်လို့ မဂ္ဂဇင်းတွေထဲ ပါနေရတာလဲ"

နေထွန်းကလည်း ဝင်ပြောသည်။

"အေးလေ...ငါသာဆိုရင်တော့ အာကာသမှာ ဘာမှ မဝတ်တော့ဘူး၊ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ်နေမယ်"

"ဟ...တခြား အာကာသယာဉ်မှူးတွေ ရှိသေးတယ်ကွ"

"သြော်...ယာဉ်ပေါ်မှာ ဝတ်ဖို့လား၊ အဲဒါဆိုရင်တော့ ဖြစ်မှာပေါ့၊ ဟဲဟဲ"

"နေပါဦး မိုက်ကယ်ဂျက်ဆင်က ကိုယ်ပွားစက်ရုပ်တွေလုပ်ထားတယ်ဆိုတဲ့ သတင်းကို နင်တို့ကြားမိလား"

မိုးမိုးမွန်က ဝင်မေးခြင်းဖြစ်သည်။

"သြော်...နင်တို့ညီအစ်မ ပြောနေတဲ့သတင်းဆိုတာ အဲဒါလား"

"အေး...နင်သိလား မင်းသန့်"

"ဟင့်အင်း..."

"ဟာ...ဒါများ"

ပြောကြ ဆိုကြ ရယ်မောကြနှင့် အချိန် အနည်းငယ်ကြာသွားမှ ရိုးမြင့်က...

"မမိုးမွန်..."

"ဟင်...ဘာလဲ"

"ငါ အိမ်ကို ဖုန်းခဏ ဆက်မလို့"

"ဖုန်းမကောင်းဘူးဟ...ပျက်နေတာ ငါးရက်ရှိပြီ"

"အာ..."

"နေပါဦး...၊ နင်တို့ဖုန်းတွေရော ပျက်ကြသလား"

"ပျက်တော့ပျက်တာပေါ့ဟာ၊ အတူတူပါပဲ"

အတန်ကြာစကားစမြည် ဆက်ပြောပြီးနောက် ထိုင်ရာမှ ထကြသည်။

"ကဲ...တို့လည်း ဆက်လိုက်ဦးမယ်၊ နင့်အစ်မကို ပြန်ထွက်လာခိုင်းတော့၊ ရပြီလို့"

"အောင်မာ..."

မိုးမိုးမွန်က ခြံဝအထိ လိုက်ပို့သည်။ ကားအထွက်မှာ ရိုးမြင့်က...

"မမိုးမွန် နင် ယောကျ်ားယူဖို့ မစဉ်းစားသေးဘူးလား"

"နင့်အပူပါလား"

"လူနာကိုတော့ ပြန်မယူနဲ့နော်"

"အောင်မာ...ငါ့ကို လာမေးနေတယ်၊ နင်ကရော..."

"ငါက နှာစ်မလှလှလေး ယူမလားလို့"

"နေပါဦး၊ အောင်မာ နင်က..."

"မနေတော့ဘူးဟာ၊ သွားပြီ..."

ကားကို ဂူးခနဲ မောင်းထွက်လာခဲ့လိုက်၏။
လမ်းမှာ နေထွန်းက မေးသည်။

"ရိုးမြင့်"

"အင်း"

"သူရော ဖြစ်နိုင်လား"

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ၊ ဖုန်းပျက်နေလို့လား"

"အဲဒါထက် ပို ခိုင်မာတဲ့ အကြောင်းရှိတယ်"

"ဘာလဲ"

"ငါ့ဆီကို ပဟေဠိလေး ဖုန်းဆက်တိုင်းမှာ ..."

"ဘာဖြစ်လဲ"

"စကားမစခင်...'နေပါဦး' ဆိုတာ တစ်ခါမှ မပါဘူး"

ရယ်ဖြစ်ကြသည်။

"ဟုတ်တယ်၊ ဒါ...အတော်ခိုင်မာတဲ့ အချက်ပဲ"

တိုးမိုးဝင်းက....

"ဒါဆိုရင်တော့ နီထွေးပဲကျန်တော့တယ်"

"အင်း...အခု သူ့ဆီသွားနေတာ၊ ဒါပေမယ့် အားတောင် သိပ်မရှိပါဘူးကွာ၊ ငါသိပ်မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဒီနှစ်ယောက်လိုပဲ လွဲဦးမှာပါ"

"ဒီလိုတော့ ဘယ်ဟုတ်ဦးမလဲကွ၊ သွားကြည့်ကြသေးတာပေါ့"

အမှန်ပဲ သွားကြည့်လိုက်ကြပါသည်။ သို့သော် နီထွေးက အကြည့်မခံချေ။ သူတို့ရောက်မလာခင်ကလေးတင် နီထွေးက အပြင် ထွက်သွား၏။

သူမ၏ အဖေအမေနှင့်သာ တွေ့သည်။

"မောင်ရိုးမြင့်တို့ မလာခင်ကလေးတင်ပဲ မြို့ထဲ ထွက်သွားတယ်"

"သြော်...ကပ်လွဲသွားတာပေါ့"

မကောင်းတတ်သဖြင့် ရိုးမြင့်တို့တွေ နီထွေး၏ မိဘနှစ်ပါးနှင့် စကားထိုင်ပြောနေရသည်။ မကောင်းတတ်သဖြင့်ပင် နီထွေး၏ မိဘနှစ်ပါးကလည်း ရိုးမြင့်တို့ကို ဧည့်ခံစကားပြောနေ၏။ ကောင်းတာကတော့ နီထွေးပင် ဖြစ်လိမ့်မည်။

နီထွေး၏အဖေက နာမည်ကျော် ဗေဒင်ဆရာကြီး တစ်ဦးဖြစ်သည်။ ဝင်ငွေအတော်ကောင်းသူဖြစ်သည်။

"ဒီနေ့ ပွဲ အစီအရင်လေးတွေ လုပ်စရာရှိလို့ ဗေဒင်ခန်းကို မသွားဘူးကွ"

"အဟဲ...အင်း ဦးလေးရဲ့အလုပ်ကလည်း ကျွန်တော်တို့ ဆရာဝန်တွေလိုပါပဲ"

"ဘာဖြစ်လို့လည်းကွ"

"ကျွန်တော်တို့ ဆရာဝန်ဆိုတာကလည်း လူနာဖြစ်လာတဲ့ ဝေဒနာကို စစ်ဆေးတွက်ချက်ရတယ်။ ပြီးရင် ဘာရောဂါဆိုတာကို ဟောရတယ်။ ပြီးရင် ဒါဆက်မဖြစ်အောင် ဒါလုပ်ဆိုပြီး ဆေးတွေဝါးတွေနဲ့ ယတြာချေပေးရတယ်။ အဲဒီလိုလေ ဦးလေးရဲ့"

မင်းသန့်နှင့်နီထွေးတို့အဖေ အဖွဲ့ကျနေတော့သည်။ ရိုးမြင့်က ဘာမှသိပ်မပြောမိ။ တိုးမိုးဝင်းက...

"ဒါနဲ့ဦးလေး...နီထွေးက အိမ်မှာ ဘယ်အချိန်ဆိုရင် ရှိတာ သေချာလဲ"

"ထွက်တော့ထွက်နေတာပဲကွ၊ ညဘက်ဆိုရင် အသေချာဆုံးရှိတာပေါ့၊ ည(၇)နာရီဆို ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေပြီ"

နေထွန်းက ရိုးမြင့်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ရိုးမြင့်က...

"အဲဒါဆို ညကျမှ ကျွန်တော် သူ့ဆီကို ဖုန်းဆက်လိုက်ဦးမယ်"

"အေး...အေး...ကောင်းတယ်"

ကောင်းလျှင်လည်း ပြီးတာပဲလေ။ ရိုးမြင့်တို့အုပ်စု နှုတ်ဆက်ပြီး ပြန်လာခဲ့ကြသည်။ ကားမောင်းရင်း ရိုးမြင့် ဝေခွဲရခက်သောစိတ်နှင့် အသံတိတ်နေမိသည်။

မင်းသန့်က...

"ရိုးမြင့် နီထွေး ဖြစ်နိုင်ချေ ရှိသလိုပဲနော်"

နေထွန်းကလည်း....

"အေး...ငါလည်း အဲဒီလို ထင်မိတယ်"

တိုးမိုးဝင်းကတော့ ရိုးမြင့်နှင့်သဘောညီ၏။

"ပြောလို့တော့ မရသေးဘူးကွ၊ ဆက်ပြီး စောင့်ကြည့်ရမှာပဲ"

"အေးလေ...ကြည့်သေးတာပေါ့၊ ရိုးမြင့်ကတော့ ငြိမ်သွားတာပဲ"

"ဗေဒင်ဆရာကို ယောက္ခမတော်ဖို့ဆိုတာ ရေရှည်မှာ အဆင်ပြေပါ့မလားဆိုတာ စဉ်းစားနေမှာပေါ့"

နေထွန်းက ရယ်လိုက်ရင်း...

"ဟော့ကောင် ရိုးမြင့်၊ မင်း...ဘာဆက်လုပ်မလဲ၊ နီထွေးသာ မင်းရဲ့ ပဟေဠိကောင်မလေး ဖြစ်နေရင်ပေါ့"

"မပြောတတ်ပါဘူးကွာ"

စိတ်ရှုပ်ရှုပ်နှင့် ရိုးမြင့် ဤမျှသာ ဆက်ပြောဖြစ်သည်။

သူတို့သုံးယောက် ရှစ်မိုင်လမ်းဆုံမှာ ဆင်းသွားကြသည်။ ကာရာအိုကေဆိုင်မှာ ဝင်ဟဲကြဦးမည်တဲ့။ သူတို့ကတော့ သီချင်းဆိုနိုင်ကြပေမည်။ ကိုယ့်မှာသာ...

အိမ်ပြန်ရောက်တော့ တီဗွီကြည့်ရင်း ပဟေဠိကလေးဆီမှ ဖုန်းမျှော်နေမိသည်။ နီထွေး ဟုတ်နိုင် မဟုတ်နိုင်ကို လှည့်ပတ် အစ်အောက်ကြည့်မည်ဟုလည်း စိတ်ကူးထားသည်။

သို့သော် သူမထံမှ ဖုန်းမလာ။

စိတ်မရှည်စွာနှင့်ပင် နီထွေးထံသို့ ဖုန်းခေါ်ရန် ဖုန်းခွက်ကို ကောက်ကိုင်လိုက်၏။ စမ်းကြည့်ချင်သည်။ စိတ်ထဲမှာ သိချင်နေမိသည်။ ဖုန်းနံပါတ်ကို စနှိပ်ကာစရှိသေးသည်။။ တီဗွီကြော်ငြာထဲမှ နန္ဒာလှိုင်က 'မှားနေပြီ မှားနေပြီ' ဟုလှမ်းအော်၏။

ဂဏန်းမှားနှိပ်မိလို့လားဟုတွေးပြီး ကြောင်အမ်းသွားသေးသည်။ မမှားပါ။ ပြန်နှိပ်မည် ပြုသည်။ နန္ဒာလှိုင်က ရိုးမြင့်ကို ဖုန်းဆက်စေချင်ဟန်မတူ။ 'မှားပြန်ပြီ မှားပြန်ပြီ' ဟုထပ်အော်လေသည်။ မဆက်ဖြစ်တော့ချေ။

**************************

အခန်း (၄)

ထူးထူးခြားခြား ရိုးမြင့်တစ်ယောက် မနက်စောစောမှာ လမ်းထလျှောက်နေမိသည်။ ကျန်းမာရေးအတွက် မဟုတ်ပါ။ စိတ်ကြည်လင်လန်းဆန်းလို၍ လျှောက်ခြင်းဖြစ်သည်။ သူ့မှာကလည်း စိတ်ရှုပ်စရာတွေက ရှိနေသည်ကိုး...။

ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းမသိသော မိန်းကလေးတစ်ယောက်က ကိုယ်လုပ်သမျှ ပြောသမျှကို အကုန်လိုက်သိနေတော့ စိတ်ရှုပ်ရသည်ပေါ့။ မည်သူမျှ ဤလိုကိစ္စမျိုး ရင်ဆိုင်ရလျှင် စိတ်မရှုပ်ဘဲ နေနိုင်မည် မဟုတ်ဟု ရိုးမြင့်ထင်သည်။

ဘယ်လိုမှ စဉ်းစား၍လည်းမရ၊ ကိုယ့်အကြောင်းတွေကို သူမက ဘယ်လိုလုပ်သိနေပါသနည်း။ စိတ်ထဲ အတွေးအကြံကိုပါ သိနေတော့ နားလည်ရအတော်ခက်နေသည်။ ဘယ်ဘက်က စဉ်းစားစဉ်းစား တိုးမိုးဝင်းတို့ သုံးယောက်ထံမှာ ခရီးဆုံးနေသည်။

ဤကိစ္စကို သူတို့ဖန်တီးလျှင် ရနိုင်သည်။ သို့သော် သူတို့ကလည်း သူတို့နှင့် မပတ်သက်၊ သူတို့လက်ချက်မဟုတ်ဟု ယတိပြတ် ငြင်းခဲ့ကြသည်။ ခက်တော့ခက်နေသည်။

ဆေးကျောင်းတက်ခဲ့သူ တစ်ယောက်ပီပီ ကိုယ့်ကိုယ်ကို ဦးနှောက်ကောင်းသည်။ ကွက်ကျော်မြင်တတ်သည်ဟု ထင်ခဲ့မိ၏။ ထိုအထင်မှားသည်။ ယခုကိစ္စကို ဘယ်လိုမှ မတွေးတတ်အောင် ဖြစ်နေရသည်။

“ရှူး...”

ထိုအသံကြောင့် ရိုးမြင့်လန့်သွားမိသည်။ အသံကြားရာသို့ လှည့်ကြည့်တော့ လူတစ်ယောက် သူ့စက်ဘီးလေလျှော့နေခြင်း ဖြစ်ကြောင်းတွေ့ရသည်။ သက်ပြင်းတစ်ချက်ချပြီး လမ်းဆက်လျှောက်လိုက်သည်။

အတွေးတွေက ပဟေဠိကလေးထံမှာပဲ ဝဲလည်ဝဲလည်လှည့်နေသည်။ ဤကိစ္စကရော ဘယ်လိုကြောင့် ပေါ်လာတဲ့ ကိစ္စလဲ။ စဉ်းစားကြည့်ပေမယ့် ဘာကမှ မသဲကွဲပါ။

အဲဒီကောင်မလေးက ဘယ်သူလဲ။ ဘာကြောင့် ကိုယ့်အကြောင်းတွေကို ဒီလောက်အထိသိနေတာလဲ။ ဘာရည်ရွယ်ချက်နဲ့ ကိုယ့်ကို ဒီလို ဖုန်းတွေဆက်နေတာလဲ။ ကိုယ့်ကို သုခပေးမှာလား၊ ဒုက္ခပေးမှာလား။ လောလောဆယ်တော့ မောဟတွေကိုရနေသည်။

ရိုးမြင့်မှာ တွေတွေဝေဝေဖြစ်နေရပြီ။

“ရှူး...”

ထိုအသံကြောင့် လန့်သွားရပြန်သည်။ လမ်းပေါ်မှာ လမ်းလျှောက်နေချိန်ဖြစ်၍ ပဟေဠိကလေးက ဖုန်းဆက်ခြင်းတော့ မဖြစ်နိုင်။ သူ့လက်ထဲမှာ Hand-phone ကလည်း ပါမလာ။ လှည့်ကြည့်လိုက်တော့ မိန်းမတစ်ယောက်က သူ့သားကို သေးတည်နေခြင်းဖြစ်၏။ ပင့်သက်ရှိုက်ရပြန်သည်။ ခက်ပြီ....ခက်တော့ ခက်နေပြီ။ နေရတာ မငြိမ်းချမ်းလှပါ။ လမ်းလည်း ဆက်လျှောက်ချင်စိတ် မရှိတော့။ ထိုသို့ဖြင့် အိမ်ကိုသာ ပြန်လှည့်ခဲ့တော့သည်။

“သား ရိုးမြင့်၊ ဘယ်အထိရောက်ခဲ့လဲ”

“ဟိုနား ဒီနားပါ မေမေရယ်”

“တစ်ယောက်တည်း လျှောက်တော့ ပျင်းစရာကြီးပေါ့သားရယ်၊ အိမ်ထောင်ပြုပြီး ကိုယ့်မိန်းမနဲ့ တွဲလျှောက်လိုက်ရင်...”

“အာ...မေမေကလည်းဗျာ၊ ဘာတွေလျှောက်ပြောနေမှန်းမသိဘူး”

မေမေကြောင့် စိတ်ညစ်ရသေးတော့၏။ ဖေဖေကတော့ အိမ်ရှေ့မြက်ခင်းပြင်မှာ ချိုကုန်းကစားရင်း ပြုံးနေသည်။ ဖေဖေ့ကို တိုင်ပင်ရင် ကောင်းမလား...၊ တော်ကြာ ကိုယ့်ကို ဟားနေရင် ခက်ဦးမည်။ ဖေဖေက အရယ်သန်သည်။ နောက်ဆုံးတော့ ကိုယ့်အခန်းထဲကိုပဲ ပြန်ရောက်ခဲ့သည်။ အိပ်ရာပေါ် ပြန်ပစ်လှဲ၍ ကိုယ့်ဘ၀ကိုယ် နဝေတိမ်တောင် ဖြစ်နေမိတုန်း...

"ကလင်...ကလင်...ကလင်..."

ဖုန်းလာသည်။ စောစောစီးစီးလာသော ဖုန်းဖြစ်သည်။ ဖေဖေနှင့်မေမေ ဧည့်ခန်းမှ ကိုင်လိုက်မည် ထင်ပြီး ဆက်လှဲနေမိသည်။ သို့သော်

"ကလင်...ကလင်...ကလင်..."

ဖုန်းသံက အဆက်မပြတ် မြည်ဟီးနေ၏။ ဖေဖေနှင့် မေမေတို့ မီးဖိုခန်းထဲ ရောက်နေကြပြီထင်သည်။ ဘရိတ်ဖတ်စ် စားဖို့ ပြင်နေကြလောက်ပြီ။ ထို့ကြောင့် သူကပဲ ဖုန်းကို ကောက်ကိုင်လိုက်ရသည်။

"ဟဲလို"

"ဘယ်သူလဲ... ညီလား"

"သြော်... ဟုတ်ကဲ့ ကိုကို"

ကိုကို ပြင်ဦးလွင်မြို့မှ လှမ်းဆက်ခြင်းဖြစ်သည်။

ကိုကိုက သူ့ထက် ဆယ်နှစ်ခန့်ကြီးသည်။ အိမ်ထောင်ပြုပြီး အိမ်ခွဲသွားတာလည်း ဆယ်နှစ်ခန့် ရှိပြီ။

"ဖေဖေတို့ မေမေတို့ရော"

"ရှိတယ်...ရှိတယ်၊ ကျွန်တော့်ကို မိန်းမပေးစားဖို့အတွက် အရိုးကျေကျေ အရေခန်းခန်း စီစဉ်နေကြတယ်"

"ဟား ဟား...ခေါင်းဆောင်တဲ့သူက ဘယ်သူလဲကွ"

"မေမေပေါ့"

ကိုကိုက တဟားဟား ထရယ်သည်။ ပြီး...

"နေပါဦး...မင်းကရော မယူချင်သေးဘူးလား"

"အရွယ်ရောက်ပြီဆိုတော့ ကျွန်တော်လည်းစဉ်းစားပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ ရည်းစားမှ မရှိဘဲ။ သူတို့ပေးစားရင်လည်း ကိုကို့လို ဖျာလိပ်ကြီးကို ယူနေရဦးမယ်"

"ဟာ...ဟေ့ကောင်"

ကိုကိုတား၍ မမီလိုက်ချေ။ ကိုကို့မိန်းမ မရီတာ၏အသံကို ကြားလိုက်ရသည်။

"အောင်မာ...ရိုးမြင့်၊ ငါ့ကို ဖျာလိပ်ကြီးလို့ပြောတယ် ဟုတ်လား၊ နင်ကကျတော့ ပဲတောင့်ရှည်သီးလေ၊

ဟင်း...ငါမပြောလိုက်ချင်ဘူး၊ ဘယ်တော့မှ မိန်းမရမယ့်ကောင် မဟုတ်ဘူး"

တစ်ဘက်မှ ဖုန်းက စပီကာ ဖွင့်ထားပုံရသည်။ ရိုးမြင့်လည်း ရယ်ရမလို၊ ငိုရမလိုဖြစ်သွားသည်။

"ကိုကို"

"ဟေ..."

"ကျွန်တော် တောင်းပန်လိုက်ရမလား"

"အေး...တောင်းပန်လိုက် ဟား ဟား"

မရီတာ၏အသံ ဝင်လာပြန်သည်။

"နင့်ဘာသာ တောင်းပဲပန်ပန် စကောပဲပန်ပန် ငါကတော့ မကျေဘူးဟေ့၊ တိုင်ပြောရမှာပဲ"

ကိုကိုကလည်း ခပ်ရွှတ်ရွှတ် ဝင်ပြောသည်။

"အေး...ဟုတ်တယ်၊ မင်းဘာသာ တောင်းပဲပန်ပန်၊ စကောပဲပန်ပန်၊ ဖျာလိပ်ကိုတော့ မပန်နဲ့၊ မရဘူး"

"ဟား...ဟား...တော်ပါ၊ ကိုကို့ ဖျာလိပ်ကို ကိုကိုပဲပန်ပါ"

မရီတာ၏ ဗျစ်တောက်ဗျစ်တောက်အသံကို မသဲမကွဲ ကြားနေရသေး၏။ ကိုကို့ရယ်သံအောက်မှာ ပျောက်နေသည်။

"ကိုကို"

"ဟေ"

"ကျွန်တော် မေးစရာရှိလို့"

"ဘာလဲကွ"

"လူတစ်ယောက်ဘာလုပ်တယ်၊ ဘာပြောတယ်ဆိုတာကို အမြဲတမ်းလိုက်သိနေနိုင်တဲ့ ပညာရပ်ရှိလား"

"ဟေ..."

ကိုကို အံ့သြသွားပုံ ရသည်။

"ဘာဖြစ်လို့ မေးတာလဲ"

"ကျွန်တော်မေးတာသာ ဖြေစမ်းပါ ကိုကိုရာ..."

"အဲဒီလောက်အထိတော့ မလွယ်ပါဘူးကွာ၊ ဘယ်သူမှ မပြောနိုင်ဘူး"

"သေချာလား"

"သေချာပါတယ်"

ကိုကိုက မြန်မာစာ ကထိကဖြစ်၏။ သို့သော် စိတ္တသိပ္ပံ ပညာရပ်ဟု ပြောရမည့် Psychic Science ကိုလည်း ဝါသနာအရ လေ့လာသည်။ စိတ်နယ်လွန်ပညာရပ်တွေနှင့် ပတ်သက်လျှင် ကျွမ်းကျင်မှု အတော်ရှိသည်။ ယခု သူကလည်း ငြင်းသည်။

"ဗေဒင်အရရော..."

"လုံးဝမဖြစ်နိုင်ဘူး၊ အဲဒီလို ဟောနိုင်တဲ့ဆရာတွေ့ရင် မင်းငါ့ဆီခေါ်ခဲ့၊ ငါအိမ်ဦးခန်းမှာ တင်ပြီးကိုးကွယ်ထားမယ်"
"ဘာလဲ၊ ဖျာလိပ်နတ်လို ကိုးကွယ်ထားမှာလား"

မရီတာကို ကလိချင်၍ မေးခြင်းဖြစ်သည်။

"သူ့လောက်တော့ ဘယ်ဦးစားပေးပါ့မလဲကွယ်၊ ဟား...ဟား"

မရီတာ၏အသံကို မပီမသ ကြားလိုက်ရပြန်သည်။ သို့သော် ရိုးမြင့်ကိုယ်တိုင်က အော်ရယ်နေမိသဖြင့် ဘာပြောလိုက်မှန်းမသိ။

စမယ့်သာ စနေရသည်။ သနားလည်း သနားပါသည်။ ကိုကို့ဇနီး မရီတာက အလွန်သဘောကောင်းသူဖြစ်၏။ ရိုးမြင့်ကိုလည်း အလွန်ချစ်ရှာသည်။ သူကလည်း တက္ကသိုလ်မှာ လက်ထောက်ကထိက တာဝန်ကို ယူထားသူ ဖြစ်သည်။

"ဖေဖေတို့ မေမေတို့ရော..."

"နေဦး ခေါ်ပေးမယ်"

ညီအစ်ကိုချင်း စကားဖြတ်ပြီး ဖေဖေနှင့် မေမေကို သွားခေါ်ပေးလိုက်သည်။ သူတို့တွေ အတော်ကြာအောင် စကားပြောနေကြ၏။ ရိုးမြင့်ကတော့ ခြံထဲဆင်းလာခဲ့လိုက်သည်။

ကိုကို့ကို သူယုံပါသည်။ ကိုကိုက ဘာကိုလေ့လာ လေ့လာ ထောင့်စေ့အောင် လေ့လာတတ်သည်။ စကားကိုလည်း လွယ်လင့်တကူမပြောတတ်။ ယခု ဤသို့ပြောသည်ဆိုလျှင် သေချာပြီ၊ ဗေဒင်သဘော၊ စိတ်နယ်လွန်သဘောတွေအရတော့ ဘယ်လိုမှ မဖြစ်နိုင်တော့။

အတော်ကြာတော့ မေမေခြံထဲသို့ဆင်းလာသည်။ ရိုးမြင့်ကဆီးပြောလိုက်သည်။

"ဟုတ်တယ် မေမေ၊ အိမ်ထောင်ပြုလိုက်ရင် ခြေငြိမ်သွားမှာပဲ။ မေမေလည်း အိမ်ထောင်မပြုခင်က အတော် ခြေရှုပ်ခဲ့သလားဟင်"

"အောင်မာ ...ကိုရိုး ဒါက ဘာစကားလဲ"

သူမ ပြောမည့်စကားကို ရိုးမြင့်က ဆီးပြောလိုက်ခြင်းဖြစ်သည်။

"ငါက အိမ်ထောင်မပြုခင်ကလည်း တည်တည်ငြိမ်ငြိမ်ပဲဟေ့"

"အောင်မာ...သူ့ကျတော့ သိတတ်လိုက်တာ"

"တော်စမ်း...ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ နင့်ဖုန်းလာလို့ လာခေါ်တာ"

"ထက်ထက်မိုးဦးဆီကလား"

"စိတ်ကူးယဉ်မနေနဲ့၊ မြန်မြန်သွား၊ ဟိုက ဖုန်းစောင့်ရတာ ကြာနေလောက်ပြီ"

ကမန်းကတန်း အိမ်ထဲဝင်လာပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ရိုးမြင့်လား"

"အေး..."

အဖိုသံဖြစ်၏။ မာခေါက်ခေါက်လည်း နိုင်သေးသည်။

"ငါပါ....နေထွန်း"

"သြော်...အေး ပြော"

"ငါ မင်းရဲ့ကိစ္စကို အသေအချာစဉ်းစားကြည့်တယ်"

"အင်း..."

"မင်းကို ဖုန်းဆက်ဆက်နေတဲ့ ကောင်မလေးဟာ နီထွေးပဲ ဖြစ်မယ်လို့ ငါထင်တယ်"

"ဘာကြောင့်လဲ"

"မင်းစဉ်းစားကြည့်လေ...၊ သူ့အဖေပြောတဲ့စကားမှာတင် အဖြေတွေပါနေတယ်။ တစ်နေ့လုံးလည်း အိမ်မှာ မရှိဘူးတဲ့၊ မင်းကို လိုက်ချောင်းနေတာ နေမှာပေါ့၊ ညကျရင် တယ်လီဖုန်းနဲ့ အလုပ်ရှုပ်ပြီတဲ့၊ မင်းဆီကို ဆက်တာ နေမှာပေါ့"

"အာ...မင်းဟာကလည်းကွာ"

"နောက်ပြီး သူ့အဖေက ဗေဒင်ဆရာကွ၊ လူမသိတဲ့ နည်းတွေရှိကောင်းရှိမယ်၊ မင်းအကြောင်းကို နီထွေးက အဲဒီလို ပြောနေနိုင်ဖို့အတွက် လျှို့ဝှက်ချက်တွေ ရှိကောင်းရှိမယ်"

"မင်းဟာက ဒါပဲလား"

"ဒီထက်မကတာတွေတော့ ရှိတာပေါ့ကွ"

"ဘာတွေလဲ၊ ပြောဦးလေကွာ"

"အဓိကအချက်ကတော့ မင်းကို နီထွေးက ချစ်နေလို့နေမှာပဲ"

"အထင်နဲ့ လျှောက်ပြောမနေပါနဲ့၊ သူငါ့ကိုချစ်တယ်ပဲထားပါဦး၊ ဒါတွေကို သူဘယ်လိုသိသလဲ၊ ဗေဒင်တတ်တယ်ဆိုရင်တောင် ဒါလောက် သိနိုင်ဖို့မလွယ်ဘူး"

"သူ့အဖေကိုလည်း မင်းလျှော့မတွက်နဲ့လေကွာ၊ ဗေဒင်ဆရာက စုံထောက်ဉာဏ်အပြည့်ရှိနေရင် အကုန်လုံးကို တွက်ချက်ထောက်ဆပြီး ပြောလို့ရတယ်"

"အဲ..."

သူပြောတာ ဟုတ်သလိုလိုရှိသည်။ ရိုးမြင့်တွေဝေသွားရသည်။

"မင်းပြောချင်တာက သူ့အဖေ အကူအညီနဲ့ နီထွေးကင်္ါကို အဲဒီလို လုပ်နေတယ် ဆိုပါတော့"

"အေး...ဒါပဲပေါ့"

"အင်းလေ...စဉ်းတော့ စဉ်းစားစရာပါပဲ"
"စဉ်းစားမနေနဲ့၊ အဲဒီအတိုင်းပဲ ဖြစ်မှာပဲ"

"ဒါနဲ့ မင်းညီမ ဖြူဖြူထွန်းရော နေကောင်းလား"

"ဘာ....အဲဒါက မင်းနဲ့ ဘာဆိုင်လဲ"

"သြော်...သူ ပုတီး အဓိဋ္ဌာန်ဝင်တာ ပြီးသွားပြီလားလို့ပါ"

"မသိဘူး"

နေထွန်း ဖုန်းချသွားသည်။ ရိုးမြင့် ရယ်ပြီး ကျန်ရစ်ခဲ့သည်။ နေထွန်းက သူ့ညီမကို အတော်ချစ်ပုံရသည်။ အထိမခံနိုင်ချေ။

"ကလင်...ကလင်...ကလင်"

"ဟာ..."

ဖုန်းခွက် ချချပြီးချင်းမှာပင် ဖုန်းက ထပ်မြည်လာသည်။ နေထွန်းပြန်ဆက်သည်ဟု ထင်ပြီး ကောက်ကိုင်လိုက်၏။

"ရိုးမြင့်လား..."

"အေး..."

"ငါပါ...မင်းသန့်"

မင်းသန့် ဖြစ်နေသည်။

"သြော်...အေး ပြောလေ"

"ငါ မင်းကိစ္စကို စဉ်းစားကြည့်တယ်"

တစ်ယောက်က လာပြန်ပြီ။

"ပြောပါဦး"

"မင်းဆီ ဖုန်းဆက်ဆက်နေတဲ့နေတဲ့ ကောင်မလေးကလေ..."

"အေး..."

"မမိုးမွန်ပဲ ဖြစ်မယ်"

"ဟေ..."

ရိုးမြင့် မျက်လုံးပြူးသွားရသည်။

"ဘာဖြစ်လို့လဲကွ"

"တို့ သူ့အိမ်ကို သွားကြတယ် မဟုတ်လား"

"အေးလေ...အဲဒါ ဘာဖြစ်လို့လဲ"

"သူက တို့ကို အဆင်သင့် စောင့်နေဟန်ရှိတယ်ကွ၊ သူ့အစ်မကိုလည်း သူက တစ်ခုခုကို ကြိတ်ပြီး မှာနေပုံပဲ"

"ဟေ..."

ရိုးမြင့်မှာ အံ့သြရပြန်ပါသည်။

"နောက်ပြီး တစ်ခုရှိသေးတယ်"

"ဘာလဲ"

"သူက တို့ကို ပြောလိုက်တဲ့ စကားတစ်ခွန်း ရှိတယ်၊ မင်းသတိမထားမိလို့"

"ဘာများလဲ"

"မိုက်ကယ်ဂျက်ဆင်ရဲ့ ကိုယ်ပွားတွေကိစ္စလေ"

"ဩော်...အဲဒါကို ငါလည်း ကြားသားပဲ၊ ဘာဖြစ်လို့လဲ"

"ဒီလိုကွ၊ ဟိုကောင်မလေးက မင်းကိစ္စတွေကို အကုန်သိနေတယ် မဟုတ်လား၊ မင်းရဲ့ကိုယ်ပွားတစ်ယောက်လိုကို မင်းအကြောင်းတွေသိနေတာ။ အဲဒီစကားက တို့ကို သူ သဲလွန်စပေးတာ ဖြစ်နေတယ်။ သူက မင်းဆီ ဖုန်းဆက်ဆက်နေတဲ့ ကောင်မလေးဖြစ်နိုင်တယ်"

"သူဖုန်းပျက်နေတယ်လေကွာ"

"လမ်းထိပ်က စတိုးဆိုင်မှာ ထွက်ဆက်လည်း ဖြစ်နေတာပဲကွာ"

"နောက်ပြီး သူ့ 'နေပါဦး' ဆိုတဲ့ စကားကိစ္စ"

"တမင် ဖျောက်ပြောမှာပေါ့ကွာ၊ အသံရော ဟန်ရော၊ လေယူလေသိမ်းရော အကုန်လုံးကို ပြင်ပြောမှာပေါ့"

"ထားပါတော့၊ သူက ငါ့အကြောင်းတွေကို ဘယ်လိုလုပ်သိသလဲ"

"ဒါတော့ ငါလည်းဘယ်သိပါ့မလဲကွ"

"ခွီးထဲမှပဲ"

ဒီကောင်ကလည်း ဟုတ်မလိုလိုနှင့် အဖျားရှူးသွားသည်။

"မင်းက လူနဲ့ နည်းလမ်းကို ရောမပစ်နဲ့ဦးလေကွာ၊ လူကိုစဉ်းစားရွေးချယ်တာ မဟုတ်ဘူး။ အခုဟာက တရားခံကို ဖမ်းမှာ။ သူဘယ်လိုကျူးလွန်အောင် ဆောင်ရွက်တယ်ဆိုတာကတော့ သူ့ကိုမေးပြီးစစ်ရမှာပေါ့"

"ထားပါတော့...ထားပါတော့"

"မထားနဲ့ဟောကောင်၊ မင်းကို ဖုန်းဆက်ဆက်နေတာ မိုးမိုးမွန်ပဲ၊ သေချာတယ်"
မင်းသန့် ဖုန်းချသွားပြီးနောက် ရိုးမြင့် ဒွိဟဖြစ်နေရသည်။ နှစ်ယောက်လုံး၏ စကားကို သိပ်တော့ မယုံကြည်မိပါ။ သို့သော် ထည့်တော့ စဉ်းစားနေရသည်။ တစ်နေ့ခင်းလုံးမှာ စာအုပ်တွေ ဟန်ဆောင်ပန်ဆောင်ဖတ်ရင်း စိတ်က ထိုကိစ္စထဲကိုပင် ရောက်နေသည်။

"သား ဒီနေ့ ဘယ်မှ မသွားဘူးလား"

"မသွားဘူး ဖေဖေ"

"မသွားရင်လည်း မိန်းမယူတော့လေကွာ" ဟု ဖေဖေက မပြောပါ။ သူ့ဘာသာ ဆေးတံခဲပြီး စာဖတ်ခန်းထဲဝင်သွားသည်။ ရိုးမြင့်လည်း စာအုပ်တွေကို လှန်လှောရင်း ဧည့်ခန်းမှာ စိတ်တွေ ထွေပြားနေမိသည်။

တစ်နေ့ခင်းလုံး ဘာဖုန်းမှ မလာ။ ဖုန်းသံတိတ်နေသည်။ ညနေမှောင်ရီပျိုးမှ ဖုန်းသံ ပြန်မြည်လာ၏။

"ကလင်....ကလင်...ကလင်"

ဖုန်းခွက်ကောက်ကိုင်လိုက်တော့...

"ဂိုးဝွင့်လား"

"အေး..."

"ငါပါ...တိုးမိုးဝင်းပါ"

"သြော်...ဂိုးဂိုးဂွင်းကိုး...ပြော"

"အောင်မာ...ဘာကွ"

သူများတကာကိုကျတော့ ဂိုးဝွင့်တဲ့၊ သူ့ကို ဂိုးဂိုးဂွင့်ဟု ပြန်ခေါ်တော့ 'ဘာကွ'တဲ့။ တရားကျဖို့ပင်ကောင်းသေးတော့သည်။

"ပြော...ပြော... ဟောကောင် ဘာလဲ"

"ငါ စဉ်းစားတယ်ကွ၊ မင်းကို ဖုန်းဆက်ဆက်နေတဲ့ ကောင်မလေးက နှင်းမာလာပဲဖြစ်မယ်"

"ဟင်…"

တစ်ယောက်က တစ်မျိုးလုပ်လာပြန်ပြီ။ ရိုးမြင့်အဖို့ ခေါင်းကို မွေ့ရာနှင့်သာ ပြေးပြေး ဆောင့်လိုက်ချင်တော့သည်။ မွေ့ရာကလည်း ရေမြှုပ်မွေ့ရာဖြစ်လျှင် ပိုအဆင်ပြေလိမ့်မည်။

"ဟေ့ကောင်…ရိုးမြင့်၊ ငါပြောတာကြားလား"

"ကြားပါတယ်၊ မင်းက ဘယ်လိုမြင်မိလို့ ဒီလို သုံးသပ်တာလဲ"

"မင်းပဲ စဉ်းစားကြည့်လေကွာ"

"အေး…ပြော"

"မင်းဆီ ဖုန်းဆက်နေတဲ့ ပဟေဠိကလေးဟာ မင်းလုပ်သမျှကို အကုန်သိနေတယ် မဟုတ်လား"

"အေးလေ…"

"နှင်းမာလာက မင်းလာမှာကို ကြိုသိနေတယ်ကွ"

"ဟင်…ရင်လျားကြီးနဲ့ဟာကို"

"အေးလေ…အဲဒါကြောင့် မင်းကို မဖြေရှင်းချင်လို့ မင်းနဲ့ စကားကြာကြာထိုင်ပြောရင် မင်းရိပ်မိသွားမှာစိုးလို့ အဲဒီလိုကြီး လုပ်လိုက်တာဖြစ်တယ်"

"ဟောဗျာ…"

"မဟောဗျာနဲ့ သူ့အဖေကြီးကို ရုံးမသွားဘဲ ဧည့်ခန်းမှာ ထမင်းတွေ အတောမသတ် ထိုင်စားအောင်လည်း သူပဲလုပ်ထားတာဖြစ်မယ်၊ ဒါမှ တို့ မြန်မြန်ပြန်မှာကိုး"

"ရော်…"

"ရော်…မနေနဲ့၊ အဲဒါ အမှန်ပဲ ဖြစ်မယ်"

"အေး…စဉ်းစားစရာပေါ့ကွာ"

အမှန်တော့ စဉ်းစားချင်စိတ်ပင် မရှိတော့ပါ။ အကုန်လုံးက မှန့်ပြားကို ပလတ်စတစ်ကပ်နေကြသည်။

တိုးမိုးဝင်း ဖုန်းချသွားပြီးတော့ ဧည့်ခန်းကုလားထိုင်မှာ ရိုးမြင့် ခြေနှင့် လက်တင်မကဘဲ တစ်ကိုယ်လုံးပါ ပစ်ပြီး ထိုင်ချလိုက်သည်။ စိတ်မောရပါလား ပဟေဠိမလေးရယ်…။

အမေလုပ်သူကတော့ ထုံးစံအတိုင်း သားမျက်နှာကို အကဲခတ်သည်။ တစ်စေ့တစ်စောင်းဟူသော အဆင့်ကို လွန်၍။ အနည်းဆုံး နှစ်စေ့နှစ်စောင်းလောက်တော့ ရှိမည်။ 'သားမှားပြီ မှားပြီ အမေရဲ့' ဟုလည်းမပြောလို။ 'သားမှန်ပြီ မှန်ပြီ အမေရဲ့' ဟုလည်း ပြော၍မရ။ ဘယ်သူမှ မစစ်သော စာမေးပွဲမှာ ကိုယ့်ဟာကိုယ် ကျနေမိတော့သည်။"ကလင်…ကလင်"

ဖုန်းသံမြည်လာပြန်သည်။

"ရိုးမြင့်၊ မင်းဖုန်းပဲ ဖြစ်မှာပဲ"

"ဟုတ်...ဟုတ်ကဲ့"

အမေ့ကိုအားနာ၍ ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။ သူငယ်ချင်းမလေးသုံးယောက်ဆီကို လည်း မပစ်မှားမိပါဘဲ စိတ်က ရောက်သွားသည်။ တီဗွီကြော်ငြာထဲမှ မင်းသားကတော့ 'အကောင်းစားတွေ၊ အကောင်းဆုံးပေါ့' ဟုပြောသည်။

"ဟဲလို"

"ရိုးမြင့်လား"

မိန်းကလေးသံဖြစ်သည်။ ရိုးမြင့် အမ်းသွား၏။ ပြီးမှ...

"အင်း...ဟုတ်တယ်"
"ငါပါ...နီထွေး"

"သြော်...အေး...ဟိုနေ့ကတောင် နင့်အိမ်ကို ငါရောက်သေးတယ်"

"အေး...အိမ်က ပြောတယ်၊ ကိစ္စရှိလို့လား"

"မရှိပါဘူး၊ ကြုံလို့ ဝင်လည်တာ"

"နင်တို့ကလည်း ဖုန်းလေးတောင် ကြိုမဆက်ဘူး"

"နင့်ကို အိမ်မှာရှိမယ်လို့ပဲ ထင်တာပေါ့ဟ"

"ခေတ်မိန်းကလေးဟဲ့၊ အိမ်ထဲမှာ အောင်းမနေဘူး"

"အိမ်ထဲမှာ အောင်းမနေတော့ ဘယ်မှာ အောင်းနေလဲဟင်"

"ကောင်စုတ်နော်၊ ငါက အကောင်းပြောနေတာ"

ထိုသို့ဖြင့်...နီထွေးက သူ့ကို ထွေလီကာလီတွေ ပြောနေတာ နာရီဝက်ခန့်ကြာသည်။ နီထွေး ဖုန်းနှင့် အလုပ်ရှုပ်နေသည်ဆိုတာ ဒါပဲဖြစ်မည်။ သူငယ်ချင်းတွေ အကြောင်း၊ ကုန်ဈေးနှုန်းအကြောင်း၊ မင်းသားမင်းသမီးတွေအကြောင်း စုံနေတော့သည်။

သူဖုန်းချမှပဲ ကိုယ်လည်း သက်ပြင်းချရတော့၏။ ထိုင်ရာမှ ထမည်ပြင်တုန်း...

"ကလင်...ကလင်...ကလင်...."

"ဟာ..."

ရိုးမြင့် တကယ်ကို စိတ်ညစ်သွားသည်။ ညစ်နေတာကတော့ကြာပါပြီ။ မကိုင်လျှင်လည်း ဆက်မြည်နေဦးမည်။ ဖုန်းဖြစ်၍

ကောက်ကိုင်ရသည်။ ဖုန်းသံ ဆက်မမြည်အောင် ကိုယ့်အသံနှင့် ဆက်မြည်ရဦးပေမည်။

"ဟဲလို"

"ရှူး…"

ရိုးမြင့်၏ ရင်ထဲမှာ အေးခနဲဖြစ်သွားသည်။ တစ်ဘက်မှ ကောင်မလေးက သူ့အသံကို တန်းမှတ်မိပုံပေါ်သည်။

"တို့ဖုန်းခေါ်နေတာကြာပြီ၊ ရိုးမြင့် ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ပါ"

"ဒီနေ့ ရိုးမြင့် ဘယ်မှ မသွားဘူးနော်"

"ဘယ်လိုလုပ်သိသလဲ"

"သိပါတယ်၊ ဒီနေ့တစ်နေ့လုံး ရိုးမြင့်စိတ်တွေ ထွေနေတာကိုရော၊ ဘယ်ကိုမှ မထွက်ဘဲ အိမ်မှာ တယ်လီဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေတာကိုရော အကုန်သိတယ်"

"ဟင်…"

ရိုးမြင့် ဘာဆက်ပြောရမည်မှန်းမသိ ဖြစ်သွားသည်။ ခဏကြာမှ…

"တယ်သိပါလား…တခြားရော ဘာတွေသိသေးလဲ"

"သိတာပေါ့၊ အများကြီးသိတာပေါ့"

"ပြောပါဦး"

"ဖြည်းဖြည်းချင်း ပြောမယ်လေ၊ အခုတော့ ဒီလောက်ပဲ၊ ဘိုင့်ဘိုင်"

"နေ…နေပါဦး"

အမောတကော တားရသည်။ သူမက…

"ဘာဖြစ်လို့လဲ"

"တစ်ခုတော့ ပြောသွားပါဦး"

"ဘာလဲ"

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"ဘာလုပ်မလို့လဲ"

"သိချင်လို့ပေါ့ဗျ၊ သိထားသင့်တာပေါ့"

"ခစ်...ခစ်၊ ရိုးမြင့်လို ရိုးရိုးညစ် မြင့်မြင့်ပါ ဆိုတဲ့နာမည်မျိုးတော့ မဟုတ်ပါဘူး။ အိမ်သာက အရမ်းမြင့်သွားလိမ့်မယ်"

"ဘာ..."

ရိုးမြင့် ဒေါကန်သွားချိန်မှာပဲ တစ်ဘက်က ဖုန်းချသွားသည်။ ရိုးမြင့် တန်းလန်းကြီး ကျန်ခဲ့သည်။

*********************************

အခန်း (၅)

"အဲဒါဆိုရင် နီထွေးတော့ မဟုတ်ဘူးပေါ့"

"အေး..."

"သေချာတယ်နော်"

"သေချာပါတယ် မင်းသန့်ရာ...၊ သူ ဆက်ပြီးပြီးချင်းမှာ ဟိုကောင်မလေးဆီက ဖုန်းလာတာပဲဟာ...၊ အသံချင်းမတူတာ၊ ဖုန်းပြောတဲ့လူချင်း မတူတာ အရမ်းသိသာတယ်"

"အေး...အဲဒါဆိုရင်တော့ တစ်ယောက်ကို လုံးလုံးပယ်လို့ရပြီပေါ့၊ တစ်ခုရှင်းသွားတာပေါ့"

"အင်း"

"မင်း ဘာဆက်လုပ်ဦးမလဲ"

"ဒီနေ့ ရုပ်ရှင် သွားကြည့်မလို့"

"ရုပ်ရှင်... ဘာကားလဲ၊ တစ်ယောက်တည်း သွားကြည့်မလို့လား"

"ဘာကားဖြစ်ဖြစ်ကွာ၊ တွေ့ရာရုံမှာ ဝင်ကြည့်တာပေါ့ကွာ၊ စိတ်ပြေလက်ပျောက်ပေါ့၊ နဝဒေးရုံဘက်ကို သွားဖြစ်ဖို့ ပိုများတယ်"

"အင်း...ကောင်းတယ်၊ သိပ်ပြီး ခေါင်းရှုပ်မခံနဲ့ကွာ၊ ပေါ့ပေါ့ပါးပါးသာနေ"

"အေးပါ၊ ကဲ...ဟော့ကောင် ဒါပဲ၊ ငါဖုန်းချလိုက်တော့မယ်"

"အေး...အေး"

နီထွေးကို အမြင်မမှားကြရန် ဖုန်းဆက်၍လှမ်းပြောထားရခြင်းဖြစ်သည်။ မင်းသန့်ကို ပြောထားလိုက်လျှင် ပြီးပါသည်။ နေထွန်းနှင့် တိုးမိုးဝင်းလည်း သိသွားလိမ့်မည်။ ရေမိုးချိုး အဝတ်အစားလဲပြီး မြို့ထဲသို့ ထွက်ခဲ့သည်။ နဝဒေးရုံဘက်သို့လည်း မသွားပါ။ ရုပ်ရှင်လည်း မကြည့်ပါ။ မင်းသန့်ကို သက်သက် သတင်းမှား ပေးခဲ့ခြင်းဖြစ်သည်။

အကယ်၍သာ ပဟေဠိမလေးက သူတို့သုံးယောက်နှင့်ပေါင်းပြီး ကိုယ့်ကို ပညာပြနေတာဆိုလျှင် တလွဲတွေကို ဖုန်းဆက်ပြီး

ပြောပေလိမ့်မည်။ ထိုသို့သာ ဖြစ်လာခဲ့လျှင်တော့ ဟားတိုက်ပြီး ရယ်ပစ်လိုက်မည်။

မြို့ထဲသို့ Taxi ငှားသွားလိုက်သည်။ ကိုယ့်ကားနှင့်ဆိုလျှင် နံပါတ်ကိုကြည့်ပြီး သိသူကသိနေလိမ့်မည်။ Taxi ပေါ်မှာ ထိုင်လိုက်သွားရင်း နောက်ယောင်ခံလိုက်လာသည့် ကားရှိမရှိကိုလည်း လှည့်ပတ်ကြည့်ရသေးသည်။ ကိုယ့်ကိုယ်ကို စုံထောက်လိုလို၊ ဝရမ်းပြေးလိုလိုခံစားနေရသည်။ ဘဝက အတော်ဆိုးနေလေ၏။

ဆူးလေအနီးအဝိုက်မှာပဲ ဆင်းလိုက်သည်။ ရည်ရွယ်ချက်မရှိဘဲ ဟိုဟိုသည်သည် လျှောက်နေလိုက်သည်။

တစ်နေရာမျာ လူတွေအုံနေသည်။ ဆေးသည်လား၊ မျက်လှည့်ဝိုင်းလား မပြောတတ်။ ထိုလူအုပ်နံဘေးမှ ဖြတ်အသွား မသိမသာ လှည့်ကြည့်လိုက်သည်။ စိတ်ဝင်စားသွားမိပြီး သူပါ လူအုပ်ကြားမှ ဝင်ငေးကြည့်နေလိုက်သည်။

ပစ္စည်းအတိုအစလေးများကို ဖြန့်ခင်းပြီး ရောင်းနေခြင်းဖြစ်သည်။ များများစားစားလည်း မရှိလှပါ။ သို့သော်ရှေးဟောင်း ပစ္စည်းကလေးများ ဖြစ်သည်။ လမ်းဘေး ကျူရီယိုဆိုင်ကလေးဟု ပြောနိုင်သည်။

"ရှေးဟောင်း ပစ္စည်းကလေးတွေပါခင်ဗျာ၊ ဝါသနာပါလို့ နှစ်ရှည်လများ စုဆောင်းထားတာလေးတွေကို ဝမ်းရေးအရ ချရောင်းရတာပါ။ ကျူရီယိုဆိုင်ကြီးတွေပေါ်ရောက်သွားရင် ဒီပစ္စည်းတွေက ဒီဈေးနဲ့ မရပါဘူး။ အခု အများကြီးသက်သာပါတယ်။ အများကြီး ဈေးလျှော့ထားပါတယ်"

အိုးကလေး ခွက်ကလေးတွေလည်း ပါသည်။ ကနုတ်ပန်းထိုးထားသည့် စာကလေးတွေလည်း ပါသည်။ သတင်းစာအဟောင်းကြီးတွေ၊ ပြီး...ဓာတ်ပြား အဟောင်းကြီးတွေ။

"ဟာ..."

တံဆိပ်ခေါင်း အဟောင်းများကိုလည်းတွေ့ရသည်။ ထိုအထဲမှာ ရိုးမြင့် စိတ်ဝင်စားသွားသည့် တံဆိပ်ခေါင်းတစ်ခုပါလာသည်။ ရှေ့သို့တိုးဝင်သည့် ထိုတံဆိပ်ခေါင်းဆီ လက်အကမ်း...

"အာ..."

လက်ချင်းဆုံသွားသည်။ အားလုံးမျှော်လင့်ထားသည့်အတိုင်း မိန်းကလေးတစ်ယောက်၏ သွယ်ပျောင်းလှပသော လက်ကလေးဖြစ်၏။ တံဆိပ်ခေါင်းရှေ့မှာ လက်ချင်းတိုကမိပြီး နှစ်ယောက်လုံး လက်ပြန်ရုပ်လိုက်ကြသည်။ တစ်ယောက်ကို တစ်ယောက်လည်း အလန့်တကြား ကြည့်လိုက်မိကြသည်။

"အိုး..."

ကောင်မလေးက (အားလုံးထပ်မံ မျှော်လင့်ထားသည့်အတိုင်း) အတော်လှလေသည်။

ရိုးမြင့်က ပြုံးပြလိုက်ပြီး...

"ဒီတံဆိပ်ခေါင်း ကျွန်တော်ဝယ်ချင်လို့ပါ"

ကြည့်ရှုသက်သက်မဟုတ်ကြောင်း အသိပေးလိုက်ချင်းဖြစ်သည်။ ကောင်မလေးကလည်း ရှုတည်တည်နှင့်...

"ကျွန်မလည်း ဝယ်မလို့ပဲ"

ပြီး...သူမက ဈေးသည်ကြီးဘက် လှည့်ကာ...

"ဦးလေး အဲဒီတံဆိပ်ခေါင်းက ဘယ်လိုရောင်းသလဲ"

ဈေးသည်ကြီးက သူတို့နှစ်ယောက်ကို အကဲခတ်ရင်း...

"ကြည့်ဦးလေ သမီး၊ တခြားတံဆိပ်ခေါင်းတွေလည်း ရှိသေးတယ်၊ ဒီတံဆိပ်ခေါင်းကတော့ နှစ်အစိတ်ကျော်ပြီ၊ တခြားတံဆိပ်ခေါင်းတွေက ဒီမှာ နှစ်သုံးဆယ်ကျော်ကဟာကော နှစ်ငါးဆယ်ကျော်ကဟာကော..."

ရိုးမြင့်က ဝင်ပြီး လေပြေထိုးလိုက်သည်။

"ဟုတ်သားပဲ၊ ခင်ဗျားက တခြားတံဆိပ်ခေါင်းတွေကို ဝယ်သွားလေ၊ ကြိုက်သလောက်ယူပေါ့၊ ဒီတံဆိပ်ခေါင်းလေးကိုတော့ ကျွန်တော်ပဲ ယူမယ်နော်"

သူမက ခေါင်းခါလေသည်။

"အာ...ကျွန်မ တခြားတံဆိပ်ခေါင်းတွေ မလိုချင်ပါဘူး။ ဒီတံဆိပ်ခေါင်းကိုပဲ လိုချင်တာ။ ကဲ...ဦးလေးကြီး ပြော၊ ဘယ်လိုရောင်းသလဲ"

"ဘယ်လိုရောင်းသလဲ ဆိုတော့ လမ်းဘေးမှာ ထိုင်ရောင်းတာပေါ့ဗျာ၊ ဟွန်း.."

ထိုစကားကို ဈေးသည် ဦးလေးကြီးက ပြောခြင်းမဟုတ်ပါ။

ရိုးမြင့်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်း...

"ကဲ...ဦးလေးကြီး၊ အဲဒီတံဆိပ်ခေါင်းကို ကျွန်တော်ဝယ်မယ်၊ ဘယ်ဈေးနဲ့ရောင်းမှာလဲပြော"

ကောင်မလေးက ရိုးမြင့်ကို မျက်လုံးပြူးကလေးနှင့်ကြည့်ကာ

"ကျွန်မ ဝယ်မှာလို့ ပြောပြီးသား"

"ကျွန်တော်လည်း ပြောပြီးသားပဲ"

ဦးလေးကြီးလည်း ဘယ်သူ့ကို ဦးစားပေးရမလဲ မသိဖြစ်နေသည်။ ကောင်မလေးက သူနှင့်အနီးဆုံးမှာ ရှိနေသည်။ သို့သော် ထိုတံဆိပ်ခေါင်းကို ဝယ်ရန်အားထုတ်သည့်နေရာမှာ ရိုးမြင့်က စောတာကို သူတွေ့ထားသည်။ ရိုးမြင့်က ရှေ့မှလူတွေကို တိုးဝှေ့ပြီး ထိုတံဆိပ်ခေါင်းဆီကို လက်လှမ်းရသည်ကိုး။

နံဘေးမှ လူများကလည်း သူတို့နှစ်ယောက်၏ အားပြိုင်မှုကို စိတ်ဝင်တစား ကြည့်နေကြသည်။ ရိုးမြင့် နည်းနည်း ရှက်လာမိသည်။ မိန်းကလေးတစ်ယောက်နှင့် ဘက်ပြိုင်သလို ဖြစ်နေသည်ကို ယောကျ်ားကြီး တစ်ဦးအနေနှင့် သိပ်မသင့်တော်လှသလိုပင်။

ထို့ကြောင့် ကောင်မလေးကို အချိုသပ်ရသည်။

"ကျွန်တော့်ကို ဝယ်ခွင့်ပြုပါဗျာ၊ ဒီတံဆိပ်ခေါင်းကို ကျွန်တော် အကြောင်းရှိလို့ ဝယ်တာပါ"

"အို.. ကျွန်မကလည်း အကြောင်းရှိလို့ ဝယ်တာပေါ့ရှင်"

"ပြသနာပဲ"

ရိုးမြင့်နားသယ်စပ်မှ ဆံပင်ကို ကုတ်နေလိုက်မိသည်။ ကောင်မလေးကတော့ ခပ်တင်းတင်းပဲဖြစ်သည်။ ဒီကြားထဲမှာ ဈေးသည်ဦးလေးကြီးကလည်း တမှောင့်...။

"ကဲ...ကဲ...သားတို့ သမီးတို့ ရန်မဖြစ်ကြနဲ့ကွယ်၊ ဦးလေးကြီးကလည်း ရောင်းရရင် ခုမှ ဈေးဦးပေါက်မှာ၊ ညှိကြပါကွယ်"

"ဘယ်လိုညှိရမှာလဲ"

ကောင်မလေးက မေးခြင်းဖြစ်သည်။ ဦးလေးကြီး အူတူတူကြီး ဖြစ်သွားကာ...

"နှစ်ယောက်ညှိကြလေကွယ်"

"အင်းပါ... ဘယ်လိုညှိရမှာလဲလို့"

"အဲ...အဲဒါတော့ မသိဘူး၊ ညှိပေါ့"

"မသိဘဲနဲ့များ"

ကောင်မလေးက စူအောင့်အောင့်နှင့်ပြော၏။ အတော်ချစ်စရာကောင်းလေသည်။ ရိုးမြင့်လည်း ရယ်ချင်လာသည်။

"ကဲ...ကောင်းပြီ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ညှိကြမယ်"

"ညှိစရာက တစ်ခုပဲရှိတယ်၊ ကျွန်မပဲ ဝယ်သွားမယ်"

"ဟာ ... အဲဒီလိုတော့ မလုပ်နဲ့လေဗျာ"

"လုပ်မှာပဲ"

"ဟာ..."

ကောင်မလေးက ရိုးမြင့်ကို အရေးမလုပ်ဘဲ...

"ကဲ...ပြော ဦးလေးကြီး ဘယ်လောက်ပေးရမလဲ"

ဦးလေးကြီးကလည်း တဖြေးဖြေး လူလည်ကျလာသည်။

"သမီးက ဘယ်လောက်ပေးမယ် မှန်းလဲ"

"ဦးလေးက ရောင်းသူပဲ၊ ဈေးပြောလေ..."
"ဩော်...သမီးရယ်၊ ရှားပါးတံဆိပ်ခေါင်း၊ ရှေးတံဆိပ်ခေါင်းဆိုတာတွေက ဈေးကြီးတယ်လေ။ သမီးလည်း တံဆိပ်ခေါင်းစုတဲ့သူပဲ၊ သိမှာပေါ့"

"ကျွန်မက တံဆိပ်ခေါင်း စုတဲ့သူမဟုတ်ဘူး။ တံဆိပ်ခေါင်းတွေ တံဆိပ်အမြီးတွေကို သိပ်စိတ်ဝင်မစားဘူး၊ အကြောင်းရှိလို့ဝယ်တာ၊ ကဲ... ပြောမှာ ပြောပါ၊ ဘယ်လောက်လဲ..."

ဦးလေးကြီးက ရိုးမြင့်ကို လှမ်းပြုံးပြပြီး...

"သားကရော ဘယ်လောက်ပေးမယ် မှန်းလဲ"

"ဘာလဲ၊ ဦးလေးကြီးက လေလံခေါ်မလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူးကွယ်"

"ကျွန်တော်ပြောမယ်ဗျာ၊ ကျွန်တော် ၁၀၀၀ိ/– ပေးမယ်"

"အာ..."

ဦးလေးကြီးက ခေါင်းခါသည်။

"ဘာလဲ မရဘူးလား"

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူးသားရယ်"

တစ်ဆက်တည်းမှာပဲ ကောင်မလေးဘက်လှည့်ပြီး...

"သမီးပဲ ပြောပါတော့ကွယ်"

ကောင်မလေးက တစ်ချက်စဉ်းစားပြီး...

"ကျွန်မ သုံးထောင်ပေးမယ်၊ ဒါပဲ"

ရိုးမြင့်က...

"အဲဒါဆိုရင် ကျွန်တော်က သုံးထောင့်ငါးရာ"

ကောင်မလေးက ရိုးမြင့်ကို ဘုကြည့်ကြည့်ပြီး...

"ကျွန်မ လေးထောင်"

"ကျွန်တော်က လေးထောင့်ငါးရာ"

"ငါးထောင်"

"ငါးထောင့်တစ်ကျပ်"

"ငါးထောင့်နှစ်ကျပ်"

"ကဲဗျာ...၊ ကဲ ငါးထောင့်ငါးရာ"

"ငါးထောင့်ငါးရာတစ်ကျပ်"

ပွဲက ကြမ်းမလိုဖြစ်နေသည်။ ဘေးလူတွေကတော့ ပွဲကြီးပွဲကောင်းတိုးသလိုမျိုး ကိုယ့်ကိစ္စရှိရာ ကိုယ်ဆက်မသွားကြတော့ဘဲ အုံကြည့်နေကြသည်။ ဈေးသည်ကြီးက...

"ကဲ...ခုနစ်ထောင်ရမှ ဦးလေးက ရောင်းနိုင်မယ်ကွယ်"

ရိုးမြင့်က အင်တင်တင်ပြန်ပြောလိုက်သည်။

"ဦးလေးကြီးရယ်၊ ဒီတံဆိပ်ခေါင်းက နေ့ထူးနေ့မြတ်မှာ ထုတ်တာလည်း မဟုတ်ဘူး၊ ထူးခြားမှုလည်း သိပ်မရှိပါဘူး၊ ခုနစ်ထောင်အထိတင်တာကတော့ များမနေဘူးလား၊ အရမ်းရှားပါးရင်တော့ သိန်းချီပေးရ ပေးရပါ။ ခုဟာကတော့ များပါတယ်"

ကောင်မလေးကလည်း ထောက်ခံသည်။

"အင်းလေ...ဦးလေးကြီးကလည်း ဟုတ်သားပဲ"

ဦးလေးကြီးက ဘာမှ ပြန်မပြော၊ ပြုံးပြုံးကြီးလုပ်နေသည်။

ထို့ကြောင့် ရိုးမြင့်က...

"ကောင်းပြီလေ၊ ဒီဈေးအထိတော့ ကျွန်တော်က မပေးနိုင်ဘူး"

ကောင်မလေးကလည်း...

"ကဲ ကျွန်မတော့ သွားပြီ ဦးလေးကြီးရယ်"

နှစ်ယောက်လှည့်ထွက်ကြတော့ ဦးလေးကြီး ထိုင်ရမလို ထရမလို ဖြစ်သွားသည်။

"ဟော့ဟော့...နေကြပါဦးကွဲ့"

"မနေတော့ဘူးဗျာ၊ အချိန်သိပ်မရဘူး"

"ကျွန်မကလည်း ဝင်စရာ နေရာတွေ ရှိသေးတယ်"

"ဟို...ဟို ကဲပါ ငါးထောင့်ငါးရာနဲ့ပဲ ယူပါ"

ထို့ကြောင့် ရိုးမြင့်က တံဆိပ်ခေါင်းကို လှမ်းယူလိုက်သည်။ ကောင်မလေးကလည်း လှမ်းအယူနှင့် လက်ချင်းဆုံကြပြန်သည်။ နှစ်ယောက်လုံး လက်ကို ပြန်ရုပ်ပြီး တစ်ယောက်ကို တစ်ယောက်ကြည့်ကြပြန်သည်။

ဘေးမှ ကြည့်နေသူများထံမှ အသံထွက်လာသည်။

"ကျားဗိုလ် ဆွဲကြ၊ ကျားဗိုလ်ဆွဲကြ"

အဲဒါမျိုးတော့ ရုပ်ပျက်ဆင်းပျက် လုပ်မနေတော့ပါ။ ရိုးမြင့်က ထိုင်ရာမှ ထပြီး ...

"ကဲ...ခင်ဗျားယူလိုက်ပါတော့၊ ကျွန်တော် စိတ်မရှည်တော့ဘူး"

သူမကလည်း ရိုးမြင့်နှင့် တစ်ပြိုင်နက်တည်းပင်...

"ကဲ...ကျွန်မသွားတော့မယ်၊ သိပ်လိုချင်နေရင်လည်း ရှင်ပဲ ယူလိုက်တော့"

တစ်ယောက်ကို တစ်ယောက် အံ့သြသွားကြရသေးသည်။

"ကဲ ...ခင်ဗျားပဲ ယူပါ"

"တော်ပါ... ရှင်ပဲ ယူလိုက်ပါတော့"

"ကျွန်တော် အကောင်းပြောနေတာ"

"ကျွန်မကလည်း အတည်ပြောနေတာ"

"ယူ...ယူ ကျွန်တော်သွားပြီ"

"ယူလိုက် ယူလိုက် ကျွန်မလစ်ပြီ"

နှစ်ယောက်သား တစ်ပြိုင်နက်တည်း လှည့်ထွက်ကြတော့ ဦးလေးကြီးက မတ်တတ်ထရပ်ကာ ငူငူကြီး ဖြစ်နေသည်။ ဆောင့်ကြောင့်ကြီး မတ်တတ်ရပ်နေသည်ဟုပင် ပြော၍ရနိုင်သည်။

မျက်စိမျက်နှာပျက်ကာ...

"ရတယ်လေ...တစ်ယောက်ယူသွားလေ"

"ဟင့်အင်း"

"တော်ပြီ...မယူတော့ဘူး"

"ဟာ..."

ဈေးသည်ကြီး နောက်မှ လှမ်းခေါ်နေသံကို ရိုးမြင့်ကြားနေရသည်။ ရိုးမြင့်တို့က တစ်လှည့်စီ လှည့်ထွက် ခဲ့ကြခြင်းဖြစ်၍ သူ့ခမျာ တစ်ဘက်စီ လှည့်ခေါ်နေရပုံပေါ်သည်။
"ဟေ့...ကလေး၊ ဟေ့...ကလေးမ၊ လာလေ၊ ယူသွား... ယူသွား.... ဟေ့ ...ဟေ့"

အတော်ကလေးလျှောက်ပြီးမှ ရိုးမြင့် ဈေးသည်ကြီးကို အားနာသလို ဖြစ်လာသည်။ သူများ ဈေးဦးပေါက်ကို ဝင်ချိုးသလိုဖြစ်နေသည်။ ထို့ကြောင့် ပြန်လှည့်လိုက်သည်။ ဝယ်လိုက်ပါမည်။

"ဟင်..."

ဈေးသည်ကြီး ရှေ့နားရောက်မှ ဟိုကောင်မလေးကလည်း သူ့လိုပဲ ပြန်ကွေ့လာပြီ ဖြစ်ကြောင်း မြင်လိုက်၏။

"ဟယ်..."

သူမကလည်း သူ့ကို တွေ့သွားပြီ။

"တော်ပြီ...တော်ပြီ၊ ရှင်ပဲ ယူလိုက်တော့"

ပြန်လှည့်ထွက်သည်။ သို့သော် ရိုးမြင့်ကလည်း နောက်ကျမနေပါ။ သူမလိုပင်...

"ယူဗျာ...ခင်ဗျားပဲ ယူလိုက်ပါ၊ စိတ်ရှုပ်လာပြီ"

ကောင်မလေးကလည်း သူ့လမ်းသူပြန်ကွေ့သည်။ ရိုးမြင့်ကလည်း သူ့လမ်းကို သူ ဆက်လျှောက်လိုက်သည်။ ဒီတစ်ခါတော့ ပြန်လှည့်စရာ အကြောင်းမရှိတော့ပါ။

"ဟော့...ဟော့...ဟော့ သူငယ်၊ ဟော့ သူငယ်မ"

ဝမ်းနည်းပါတယ် ဦးလေးကြီးရယ်၊ အမှန်တကယ်ဝယ်မလို့ပါ။ သက်သက်လာနောက်တာ မဟုတ်ပါဘူး။ ခုတော့ စိတ်မကောင်းစရာတွေ ဖြစ်ကုန်ပြီ။ အဲဒီကောင်မလေးကြောင့်ပါ။ ပြီးတော့ လေ့နံ့နှစ်ဘက်နင်းချင်တဲ့ ဦးလေးကြီးရဲ့ အပြစ်လည်းပါတယ်။

အခုမှတော့ ကျွန်တော် ဘာမှ မတတ်နိုင်ကြောင်းပါ။

မြို့ထဲမှာ ဟိုဟိုသည်သည် လျှောက်သွားနေလိုက်သည်။ အချိန်အတော်ကုန်သွားသည်။ ရုံးဆင်းချိန်နှင့် တိုးလုပြီဖြစ်၍ ပြန်ရန် ဆုံးဖြတ်သည်။

Taxi ကို လက်ပြပြီးအတား...

"ဟင်..."

Taxi က သူ့ဆီ ရပ်သလိုလို၊ သူ့နောက်မှ လှမ်းတားသူထံ ရပ်သလိုလိုနှင့် ကြားထဲမှာ ရပ်သည်။ သူ့နောက်မှ လှမ်းတားသူက တံဆိပ်ခေါင်းကလေးဖြစ်သည်။

"ခင်ဗျားက လာရှုပ်ပြန်ပြီဗျာ"

"အောင်မာ...ဒီစကားကို ကျွန်မက ပြောရမှာ"

"ခင်ဗျားကြောင့် ကျွန်တော် အဆင်မပြေတာ"

"ရှင့်ကြောင့် ကျွန်မ အလွဲလွဲအချော်ချော်တွေ ဖြစ်နေရတာ"

"အောင်မာ...လာလာချည်သေး၊ ခင်ဗျား ကိုယ့်ဘာသာ လေလည်လို့မရတိုင်း ဘောင်းဘီကို အပြစ်မတင်နဲ့"

"ဘာရှင့်"

ကောင်မလေး ဆွေ့ဆွေ့ခုန်သွားသည်။

"ဒီမယ်"

"ဘာလဲ"

"ဒီကားကို ဘယ်သူ အရင်တားတာလဲ"

"ကျွန်တော် အရင်တားတာ"

"ဘယ်သူ့ဆီမှာ ရပ်တာလဲ"

"ကျွန်တော့်ဆီမှာ ရပ်တာပေါ့ဗျ၊ မြင်သားနဲ့"

"အေး...အဲဒါဆိုလည်း ရတယ်၊ အမှိုက်ရှိရာ ခွေးချေးလာမှာပဲ၊ ဒီကားကို ကျွန်မလည်း မစီးချင်တော့ဘူး၊ ရှင့်ဘာသာပဲ စီးသွားတော့"

ကောင်မလေး ချာခနဲ လှည့်ထွက်သွားသည်။ ဒီလိုကျတော့လည်း ရိုးမြင့် စိတ်မကောင်းဖြစ်သွားသည်။

"လာလေ...အတူတူ စီးကြတာပေါ့"

ကောင်မလေးက လှည့်ပင်မကြည့်တော့ချေ။ ကားဆရာက ...

"ကဲ...ဘယ်သွားမလဲ"

ရိုးမြင့်စိတ်တိုသွားကာ...

"ဘယ်ကိုမှ မသွားတော့ဘူး၊ ခင်ဗျားလည်း ကိုယ့်ဘာသာ ဆက်မောင်းတော့၊ ကျုပ်လည်း မလိုက်တော့ဘူး"

"ဟင်...ခင်ဗျားဟာက ဘာလဲဗျ"

"မလိုက်တော့ဘူးဆို၊ ခင်ဗျားကားကို တားမိမှ ကိုယ်လည်း အမှိုက်ဖြစ်ရတော့တယ်၊ သွား...သွား...မစီးတော့ဘူး"

"ဒီလိုလည်း မဟုတ်သေးဘူးလေဗျာ"

"တော်ပါတော့ ခွေးချေးရယ်"

ရိုးမြင့်လည်း လှည့်ထွက်လာခဲ့သည်။ ကကတွေ ပေါပါသည်။ တခြားကားကို ငှားပြီး အိမ်ပြန်လာခဲ့လိုက်သည်။

အိမ်ပြန်ရောက်တော့ တံဆိပ်ခေါင်းကလေး၏ မျက်နှာလှလှကလေးကို မြင်ယောင်နေမိသည်။ တစ်ခါမှ မခံစားခဲ့ရဘူးသည့် အချစ်ဆိုသော အရာကို ဝိုးတဝါး ခံစားမိသလိုရှိသည်။

"သူ ဘယ်မှာနေသလဲ မသိဘူး"

ထပ်တွေ့ချင်နေမိသည်။ သူ့ကို နောက်ယောင်ခံလိုက်မကြည့်မိတာကိုလည်း တော်တော် နောင်တရသွားသည်။ နောက်ကြုံဆုံဖို့ဆိုတာ မလွယ်တော့။ နှစ်ခါထပ်၍ ကံကောင်းနိုင်မည် မထင်။

"ဟင်း..."

အိပ်ရာထဲမှာ လူးလိမ့်ပြီး သက်ပြင်းမောတွေပင် ချနေမိသည်။ သူမကတော့ ခုချိန်ဆို ကိုယ့်ကို ကျိန်ဆဲနေမည်လား မသိ။ သူကလေးကားငှား၍ အဆင်ပြေရဲ့လား။ အိမ်ကို ချောချောမောမော ပြန်ရောက်ရဲ့လား။ ကိုယ့်ကို အတော်မုန်းသွားမလား။

ရိုးမြင့် သေသေချာချာ ခံစားနေရသည်။ သူမက ကိုယ့်ကို ဘာတွေများ ညို့သွားတာလဲ။ ကိုယ့်မှာဖြင့် 'လဲ' ပြီ။

"သား...ကိုရိုး"

"ဗျာ..."

"တီဗွီ မကြည့်ဘူးလား၊ တရုတ်ကားလာနေပြီလေ"

"မကြည့်တော့ဘူးမေမေ၊ သူတို့က အရမ်းငိုတာပဲ၊ သားလည်း လိုက်ငိုချင်လာတယ်"
"ဩော်...ဟဲ့ သားရယ်"

"နောက်ပြီး သူတို့ငိုတာက သဘာဝမကျဘူး"

"ဘာဖြစ်လို့လဲ"

"မျက်ရည်သာထွက်တယ်၊ နှပ်ကျတော့ မထွက်ဘူး၊ အဓိပ္ပါယ်မရှိတာ"

"နင်နဲ့တော့ ခက်နေပြီ ကိုရိုးရယ်"

"မေမေနဲ့တော့ လွယ်ကြတယ် မဟုတ်လား၊ မေ့မေ့ဘာသာပဲ ကြည့်တော့၊ သား မကြည့်တော့ဘူး"

အိပ်ခန်းရှေ့မှ မေမေထွက်သွားသည်။ ချက်ချင်းဆိုသလိုပင် ပြန်လာလေသည်။

"ကိုရိုး"

"ဗျာ...မကြည့်တော့ဘူးဆို"

"ဟဲ့...ဖုန်းလာနေတယ်လေ"

"ဟင်..."

ကိုယ့်ခေါင်းအုံးနံဘေးမှ (အိပ်စ်တန်းရှင်းဆွဲထားသော) ဖုန်းကို လက်လှမ်းလိုက်ရင်း...

"ဟာ...သား ဖုန်းသံကိုတောင် မကြားလိုက်ဘူး"

"ရည်းစားပူမိနေလို့ နေမှာပေါ့တော်"

"ဟား...ဟား"

မေမေက အိမ်ရှေ့ ပြန်ထွက်သွားသည်။ ဧည့်ခန်းဖုန်းကို သွားချခြင်းဖြစ်သည်။ ပြီး...တီဗွီကြည့်ပြီး တကယ်မဟုတ်ဘဲ လျှောက်လုပ်ပြနေတာတွေကို သူလိုက်ခံစားဦးမည်။

ဖုန်းခွက်ကို အိပ်နေလျက်က လှမ်းကိုင်ပြီး...

"ဟဲလို"

"ရှူး…"

"သြော်…"

"ဘာ သြော်လဲ"

"ခင်ဗျားကိုး လို့ ပြောတာ၊ အတိုကောက် သြော်လို့ပဲ ရွတ်လိုက်တာ"

"ခစ်…ခစ်"

သူမက ရယ်သည်။ ပြီးမှ…

"ရိုးမြင့်က တီဗွီမကြည့်ဘူးလား"

"မကြည့်ဘူး"

"ဒီနေ့ မြို့ထဲထွက်ရတာ အဆင်ပြေရဲ့လား"

"မပြေပါဘူး"

'ရုပ်ရှင်ကရော ကောင်းရဲ့လား' ဟု ဆက်မမေးချေ။ နဝဒေးရုံအကြောင်းလည်း မပါချေ။ သူမဆက်မေးသည့် မေးခွန်းက ရိုးမြင့်ကို တုန်လှုပ်သွားစေသည်။

"ဒီနေ့ အချစ်နဲ့ပတ်သက်ပြီး ရင်ခုန်တာတို့ ဘာတို့များ ကဗျာ ဝတ္ထုထဲကလို ဖြစ်ခဲ့သေးသလား"

"ခင်ဗျား သိလို့လား"

"ခစ်…ခစ်… ဟုတ်မဟုတ်သာ ဖြေပါ"

ရိုးမြင့်က သက်ပြင်းချလိုက်ပြီး….

"အင်း…ကျွန်တော်ကလည်း တစ်ယောက်ယောက်ကို ပြောပြချင်နေတာ၊ ခင်ဗျားက လာမေးမိတာ ခင်ဗျားကံဆိုးတာပဲ။ ဒီလိုဗျ၊ ဒီနေ့ မြို့ထဲမှာ ကျွန်တော် အချစ်ဆိုတာကို ရှာတွေ့ခဲ့ပြီ"

"သြော်…အလုပြင်ဆိုင်လား၊ Love ဆိုတဲ့ဆိုင်လေ"

"အာ…တော်ပြီဗျာ၊ အဲဒါဆိုရင်တော့ ကျွန်တော် မပြောတော့ဘူး"

"ခစ်…ခစ် မနောက်တော့ပါဘူး ရိုးမြင့်ရယ်၊ ကဲ… ပြော ပြော"

"ဒီနေ့ ကျွန်တော် မြို့ထဲမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်"

"အင်း…အဲဒီတော့"

"အဲဒီကောင်မလေးကို ကျွန်တော် ချစ်သွားတယ်"

တစ်ဘက်မှ ခေတ္တအသံတိတ်သွားပြီးမှ...

"သေချာလို့လားကွယ်"

"သေချာပါတယ်ဗျ"

"စိတ်ကစားတာလောက်ဖြစ်မှာပါ၊ ပြန်စဉ်းစားဦး"

"ဘာမှ ပြန်စဉ်းစားစရာမလိုဘူး၊ သေချာတယ်"

"အဟင်း၊ ကောင်မလေးက အတော်လှလို့လား"

"လှတာပေါ့"

"ဘယ်လိုတွေ့ကြတာလဲ"

"တံဆိပ်ခေါင်းတစ်ခုကိုလုဝယ်ရင်း... ဟင် နေပါဦး ခင်ဗျားက ကျွန်တော်ဖြစ်သမျှကို အကုန်သိနေတာပဲ၊ ဒါကျတော့ မသိဘူးလား"

"ခစ် ခစ်... သိလားတော့ မသိဘူး"

ရိုးမြင့် မရိုးမရွဖြစ်သွားသည်။

"ကဲ ခင်ဗျား သိရင် ပြောဗျာ"

"ဘာကိုပြောရမှာလဲ"

"ကျွန်တော်က တံဆိပ်ခေါင်း အဟောင်းတစ်လုံးကိုဝင်ဝယ်တယ်"

"အင်း"

"ဘာဖြစ်လို့ ဝယ်တာလဲပြော"

တစ်ဘက်မှ ရယ်သည်။

"ဩော်...ရိုးမြင့်ရယ်"

"မအော်ဘူး...ရိုးရိုးပဲပြောတာ၊ ဖြေပါ၊ သိရင်ဖြေ...သိလား"

"သိပါတယ်"

"အဲ...ဒါဖြင့်"

ရိုးမြင့်က ဖုန်းကိုစပီကာ ဖွင့်လိုက်သည်။ ဝေါ့လ်မန်း ကက်ဆက်ကလေး၏ အသံဖမ်းခလုတ်ကိုလည်း နှိပ်လိုက်သည်။

**********************

## အခန်း (၆)

"ဟာ...ရိုးမြင့် လာ"

ရိုးမြင့်ကိုမြင်တော့ သူတို့တွေ အံ့သြသွားသည်။ စားပွဲမှထပြီး ရိုးမြင့်ထိုင်ရန် ခုံဆွဲပေးကြသည်။

ရှစ်မိုင်မှ လက်ဖက်ရည်ဆိုင်တွင် ဖြစ်သည်။ သူတို့ရှိသည်ဟု အိမ်တွေကပြောလိုက်၍ ရိုးမြင့်လိုက်လာခဲ့ခြင်းဖြစ်သည်။ သူတို့သုံးယောက်နှင့်အတူ အခြားလူစိမ်း တစ်ဦးပါရှိနေသည်။

လူစိမ်းက အသက်သိပ်မကြီးသေး။ ရိုးမြင့်တို့ထက်ကြီးမှ လေးငါးနှစ်သာသာရှိမည်။ တိုးမိုးဝင်းကတော့ တလေးတစားရှိတာကို တွေ့ရသည်။

"ရိုးမြင့်ရေ မိတ်ဆက်ပေးရဦးမယ်"

"အင်း"

"ဒါက ငါ့အစ်ကိုဝမ်းကွဲ ကိုခင်ဇော်ဦးတဲ့"

"သြော်...ဟုတ်ကဲ့ ကျွန်တော်က ရိုးမြင့်ပါ"

အနောက်တိုင်းသားတွေလိုလို ဘာလိုလိုနှင့် မြန်မာနှစ်ယောက် လက်ဆွဲ နှုတ်ဆက်ကြသည်။ ပြီး...ဆရာဝန်တွေပီသစွာ စိတ်မသိုးမသန့် ဖြစ်မိသေးသည်။ ဟိုလူကြီး၏လက်က ဘာတွေကိုင်ထားသည်မသိ၊ သန့်မှသန့်ရဲ့လား။

"မင်း ဘယ်က လှည့်လာတာလဲ"

မင်းသန့်က မေးခြင်းဖြစ်သည်။

"မင်းတို့ဆီ တမင်လာတာ"

"ကိစ္စရှိလို့လား"

"အေး ပြောစရာရှိလို့"

"ဟိုကိစ္စပဲလား"

ပဟေဠိလေး၏ကိစ္စကို ဆိုလိုခြင်းဖြစ်သည်။

"အေး..."

သုံးယောက်လုံး စိတ်ဝင်စားသွားကြသည်။

"တစ်ခုခုများထူးလို့လား"

တိုးမိုးဝင်းက ဝင်မေးသည်။

"အေး..."

"ဘာထူးတာလဲ"

"မင်းတို့သုံးယောက်လုပ်တာ မဟုတ်မှန်းတော့ သေသေချာချာ သိရပြီ။ ရှင်းသွားပြီ"

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ ကိုခင်ဇော်ဦးကပါ စိတ်ဝင်တစား လိုက်ကြည့်နေသည်။ နားလည်း ထောင်နေသည်။

"ဘယ်လိုရှင်းသွားတာလဲ"

"နောက်မှပဲ ပြောမယ်ကွယ်၊ ဒါက အေးအေးဆေးဆေး ပြောရမယ့် ကိစ္စ"

"သြော်...အေး"

အမိကကတော့ ကိုခင်ဇော်ဦးလို လူစိမ်းရှေ့မှာ မပြောလိုခြင်း ဖြစ်သည်။ သူတို့ကလည်း သဘောပေါက်ပုံရသည်။ တိုးမိုးဝင်းက...

"ကိုဦး"

ကိုခင်ဇော်ဦးကိုခေါ်ခြင်းဖြစ်သည်။

"ဟေ..."

"အားမနာနဲ့ ဒီကောင် ရိုးမြင့်က ကျွန်တော်တို့ သုံးယောက်ရဲ့ အခင်ဆုံးသူငယ်ချင်း ကျွန်တော်တို့ထက်လည်း စာတော်တယ်"

"သြော်...အေးအေး"

"လွတ်လွတ်လပ်လပ်သာနေ၊ စကားပြောပါ ရတယ်"

"အေး...အေး"

ဘာကြောင့်မှန်းမသိ၊ ဒီကောင်တွေက သူနှင့် ကိုခင်ဇော်ဦးကို အတင်းစကားပြောစေချင်နေသည်။ ကိုခင်ဇော်ဦးက သဘောကောင်းပုံရသည်။ မျက်နှာကလည်း အလွန်ချို၏။ အစ်ကိုတစ်ယောက်သဖွယ် ခင်မင်ဖွယ်ရာ ကောင်းလေသည်။ သူနှင့် ရိုးမြင့် ဟိုဟိုသည်သည် စကားတွေ ပြောနေလိုက်သည်။

တစ်ချီတွင် ကိုခင်ဇော်ဦးက မေး၏။

"ရိုးမြင့် တီဗွီကလာတဲ့ ပေါင်ချိန်ဇာတ်လမ်းတွဲတွေကို ကြည့်လား"

"သြော်...ပြည်သူ့တရားရှင်ကို ပြောတာလား"

"ဟုတ်တယ်"

"ကြည့်တယ်...ဘာဖြစ်လို့လဲ"

"ပေါင်ချိန်တို့ ကျန်ကျောင်းတို့ကို သဘောကျလား ၊ တကယ့်သူ့ရဲကောင်းတွေပဲ"

"သဘောကျတာပေါ့"

ကိုခင်ဇော်ဦးက ပြုံးလေသည်။

"အဲ့ဒါဆိုရင် နောက်တစ်ခု ထပ်မေးမယ်"

"ဟုတ်ကဲ့...မေးပါ"

ထိုသို့ဖြင့် ကိုခင်ဇော်ဦးက တစ်ခုပြီးတစ်ခု မေးပြီး သူက တစ်ခုပြီး တစ်ခု ဖြေနေရသည်။ ဟိုကောင်သုံးကောင်က ငြိမ်ပြီးနားထောင်နေသည်။

နောက်တော့ ...တဖြည်းဖြည်းနှင့် ရိုးမြင့် သဘောပေါက်လာ၏။ ကိုခင်ဇော်ဦး မေးခွန်းတစ်ခုကို ဖြေအပြီးမှာ...

"ဟော့ကောင် တိုးမိုးဝင်း"

ခပ်မာမာ ခေါ်လိုက်ခြင်း ဖြစ်သည်။ ရိုးမြင့်၏မျက်နှာကလည်း အတော်တည်နေသည်။ တိုးမိုးဝင်း လန့်သွားသည်။

"ဟေ ဘာလဲ"

"မင်း ငါ့ကို ဘာအောက်မေ့နေသလဲ"

"ဟော...ဘာဖြစ်လို့လဲ"

"ငါမသိဘူး အောက်မေ့နေလား"

"ဟ...ဘာတုန်းဟ"

"ငါ့ကို အရူးအောက်မေ့ပြီး မင်း ကိုခင်ဇော်ဦးနဲ့ စစ်ခိုင်းနေတာမဟုတ်လား"

"အာ..."

"ဒီလောက်ဆိုရင် ငါသိတယ်။ ကိုခင်ဇော်ဦး ငါ့ကို မေးနေတာ ဆိုက်ကိုတက်စ် လုပ်တဲ့မေးခွန်းတွေချည်းပဲ၊ ငါ အရူးမဟုတ်ဘူးကွ"

ကိုခင်ဇော်ဦးက ပြုံးနေသည်။ ဟိုကောင်သုံးကောင်ကတော့ ပါးစပ်အဟောင်းသားဖြစ်နေသည်။ ပြီးမှ နေထွန်းက....

"အဲ့ဒါဆိုရင် မင်းက ဘာမှမဖြစ်ဘူးပေါ့"

"ဘာဖြစ်ရမှာလဲ... ဘာလို့ဖြစ်ရမှာလဲ"

မင်းသန့်ကလည်း...

"ဩော်...မင်းက အကောင်းကိုး"

"ဘာ..."

ဒေါသထွက်စရာတွေကိုချည်း ကြုံနေရတော့သည်။ ကိုခင်ဇော်ဦးနှင့် တိုးမိုးဝင်းက တဟားဟား ထရယ်သည်။

"ရိုးမြင့်"

တိုးမိုးဝင်းက ဘာပြောချင်သည်မသိ"

"ဘာလဲ"

"ငါတို့က မင်းကို စိုးရိမ်လို့ပါ"

"ဘာကိုလဲ..."

"ကောင်မလေးတစ်ယောက်က မင်းလုပ်သမျှ အကုန်သိပြီး မင်းကို ဖုန်းဆက်ဆက်နေတယ်ဆိုတာ ငါတို့တော့ ဘယ်လိုမှ အဖြေရှာလို့မရဘူး။ အဲ့ဒါနဲ့ မင်းဘက်က ချို့ယွင်းနေတာများလားဆိုပြီး စမ်းသပ်ကြည့်တာ"

"ငါက အကောင်းကြီးဟ"

"အေးပါ..အခုတော့ ရှင်းသွားပါပြီ၊ ကိုခင်ဇော်ဦးက စိတ်ရောဂါကုတဲ့ဆရာဝန်ကွ၊ သူ့ကို ငါတို့က စမ်းသပ်ပေးပါဆိုပြီး အကူအညီတောင်းထားလို့"

"မရှူးဘူးဟ....မရှူးဘူး၊ ရည်းစားတောင် ရတော့မယ်"

"ဘာလဲ....ဖုန်းသရဲမနဲ့လား"

"မဟုတ်ပါဘူး"

"မမိုးမွန်နဲ့လား"

"အဲ့ဒီ မချောသုံးယောက်ထဲက တစ်ယောက်မှ မဟုတ်ဘူး"

"ဘယ်သူနဲ့လဲ"

"ကောင်မလေး လှလှလေးတစ်ယောက်နဲ့ပေါ့ကွာ...ဟဲဟဲ"

"ကောင်မလေးက ဘယ်ကလဲ"

"အဲ...ဘယ်ကလဲတော့ မသိဘူး"

"ဟင်… ဘာလုပ်သလဲ"

"အို…သူ့ဘာသာ ဘာလုပ်လုပ် ငါနဲ့ မဆိုင်ပါဘူးကွာ"

"ကောင်မလေး နာမည်က ဘယ်လိုခေါ်သလဲ"

"နာမည်သိမှ ချစ်ရမှာလားကွ"

"ဟာ…အဲ့ဒီကောင်မလေးနဲ့ မင်းနဲ့ ဘယ်တုန်းက စသိကြတာလဲ"

"မနေ့က…"

"ဘယ်မှာတွေ့တာလဲ"

"မြို့ထဲမှာ"

သုံးယောက်သား ရိုးမြင့်ကို မျက်လုံးပြူးနှင့်ကြည့်ကြ၏။ ပြီး….တိုးမိုးဝင်းက ကိုခင်ဇော်ဦးကို…

"ကိုဦး…"

"ဟေ"

"ဒီကောင့်ကို ထပ်စစ်စမ်းပါဦး ကိုဦးရာ…၊ စိတ်မချရသေးဘူး"

ရယ်ဖြစ်ကြသည်။ နောက်ဆုံးမှာ ကိုဦးကပဲ….
"ကဲ…ကဲ မင်းကိစ္စကို လိပ်ပတ်လည်အောင် ပြောပြလိုက်ပါ ရိုးမြင့်ရယ်၊ အဲ့ဒီလိုမှ ဖြစ်မှာပေါ့"

"ဟုတ်တယ်…မင်းပြော၊ ကိုဦးကလည်း ဒီကောင့်ကို ဘေးကနေပြီး လေ့လာထား၊ ထူးခြားတာတွေ ရှိရင် မှတ်ထားပေါ့"

"သူတောင်းစားတွေ"

ရေရွတ်ဆဲဆိုပြီးမှ တံဆိပ်ခေါင်းကလေးအကြောင်းကို ဖွဲ့ကာနွဲ့ကာပြောပြဖြစ်သည်။ အမှန်တော့ ကိုယ့်အတွက်သာ ထူးခြားလှပနေပြီး သူတစ်ပါးအတွက်တော့ စိတ်ဝင်စားစရာ သိပ်ကောင်းလှမည် မဟုတ်ပါ။ ရိုးမြင့်က လက်ဖက်ရည်ဖိုး ရှင်းလိမ့်မည်ထင်ပြီး စိတ်ဝင်စားသယောင် ဟန်ဆောင်ကာ နားထောင်နေကြခြင်းဖြစ်သည်။ နေထွန်းက…

"မင်း…အဲ့ဒီကောင်မလေးကို အတော် စွဲလန်းသွားသလား"

"အေး…"

"ဒါတောင် မင်းတစ်ခါတည်း တွေ့ရသေးတယ်၊ သုံးခါလောက်တွေ့ပြီးရင် မင်းဘယ်လိုဖြစ်မလဲ"

တိုးမိုးဝင်းက ဝင်ဖြေသည်။

"သုံးခါလောက်ဆိုရင်တော့ …"

မင်းသန့်က...

"ဘာဖြစ်မလဲ"

"ဘာမှ မဖြစ်ပါဘူး။ သုံးခါတွေ့ဖူးပြီဆိုတော့ ကောင်းကောင်း မှတ်မိသွားပြီပေါ့ကွာ"

ရယ်ကြသည်။ ထိုစကားသည် မပြည့်စုံ၊ ဝိုင်းရယ်ကြသည်။ ရိုးမြင့် လိုမ့်ခံနေရသည်။

"အေး... မင်းတို့ကတော့ ရယ်ကြမှာပေါ့ကွာ၊ အချစ်ဆိုတာ ဘာမှန်းတောင် မသိတဲ့ကောင်တွေပဲ"

ထိုနေရာမှာတော့ ကိုယ်က ပြောအားရှိနေသည်။ မင်းသန့်က ဝင်မေးသည်။

"နေပါဦး ရိုးမြင့်ရဲ့...၊ ငါမေးပါရစေဦး"

"မေးလေ...မေးစေချင်လွန်းလို့ ပြောပြနေတာ"

နေထွန်းက...

"မင်းကလည်း သွားစနေပြန်ပြီကွာ၊ အစလုပ်လို့ ကောင်းတဲ့အရာ မဟုတ်ဘူး"

"ပြောပါစေကွာ... မင်းတို့ကလဲ"

တိုးမိုးဝင်း၏စကားအဆုံးမှာ ရယ်ကြရပြန်သည်။

"ကဲ...ကဲ မင်းသန့် မေးလေကွာ ဘာမေးမှာလဲ"

"အေးပါ ရိုးမြင့်ရဲ့ မေးမှာပါ မပူပါနဲ့၊ ဒီလိုကွာ..."

"အေး...ပြော"

"မင်းက အဲ့ဒီတံဆိပ်ခေါင်းကို ဘာသဘောကျလို့ ဒီလောက်အသည်းအသန် ဝင်ဝယ်တာလဲ"

"သြော် ဒါလား"

ရိုးမြင့်၏ ကိုယ်မှ သွေးကြောတွေ ဖျဉ်းခနဲ ဖြစ်သွားသည်။ ကျောပိုးအိတ်ဇစ်ကိုဖွင့်ပြီး အထဲမှ ဝေါ့လ်မန်းကက်ဆက်အသေးလေးကို ထုတ်ယူလိုက်သည်။

အားလုံးက သူ့ကို ဝိုင်းအကဲခတ်နေကြသည်။ ရိုးမြင့်က ကက်ဆက်ကလေးကို စားပွဲအလယ်မှာ ချလိုက်ပြီး...

"ကဲ စတာနောက်တာတွေ ခဏထားလိုက်ဦး၊ အရေးကြီးတဲ့ကိစ္စကို ရောက်လာပြီ"

"ငါမေးတာက တံဆိပ်ခေါင်းအကြောင်းနော်..."

"အေးပါ...ဒီမေးခွန်းကို ဖြေမှာပဲ၊ ဒါပေမယ့် တခြားအရေးကြီးတဲ့ကိစ္စကိုပါ ဖြေပြီးသားဖြစ်သွားလိမ့်မယ်"

ကိုဦးကို ကြည့်ပြီး ဆက်ပြောလိုက်သည်။

"ကိုဦးလည်း သိပြီးရောပေါ့၊ ကျွန်တော့်ဆီကို ကျွန်တော့်အကြောင်းတွေ ဖုန်းဆက်ဆက်ပြီး ပြောပြောနေတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်ဆိုတာ"

"အင်း...သူတို့ ကိုယ့်ကို ပြောပြကြပါတယ်"

"သူတို့ကလည်း ကျွန်တော်များ ရူးနေပြီလားလို့ ထင်တယ်"

ထိုစကားကို ဟိုသုံးကောင်က ငြင်းသည်။
"အဲဒီလောက်အဆင့်အထိ ထင်လိုက်တယ်တော့ မဟုတ်ပါဘူးကွာ၊ ဟိုမချောသုံးယောက်ကိုလည်း တို့အတူလိုက်စုံစမ်းကြည့်တာပဲ၊ မင်းများ အာရုံကြောတွေ ဝေဝါးပြီး ပုံရိပ်ယောင်တွေ၊ အသံလှိုင်းတုတွေ ကြားနေတာမျိုးလားလို့လည်း စဉ်းစားရသေးတာပေါ့၊ မင်းကိစ္စကြီးက ပေါ့သေးသေးမှ မဟုတ်တာ၊ ယုံဖို့အခက် မယုံဖို့အခက်နဲ့"

ရိုးမြင့်က လက်ကာပြလိုက်ပြီး....

"အေးပါ...ထားလိုက်ပါတော့"

ထို့နောက်ဆက်ပြောလိုက်သည်။ ကိုဦးကို ဦးတည်၍ ပြောခြင်းဖြစ်သည်။

"သူတို့ကလည်း ကျွန်တော့်ကို ဆိုက်ကိုးစစ် ဖြစ်တာလို့ထင်တယ်၊ ကျွန်တော်ကကျတော့လည်း သူတို့သုံးယောက်ကများ ကျွန်တော့်ကို ပညာဝိုင်းပြနေကြတာလားလို့ သံသယဖြစ်တယ်၊ ဒါပေမဲ့ အခုတော့ အားလုံးရှင်းသွားပါပြီ၊ ဒီကိစ္စကို ဒီကကဆက်ဖွင့်ပြလိုက်တာနဲ့ ပြီးသွားလိမ့်မယ်"

"ဘာလဲ မင်းနဲ့ ဟိုကောင်မလေး ဖုန်းပြောတာကို အသံဖမ်းထားလိုက်တာလား"

ကိုဦးက မေးခြင်းဖြစ်သည်။ ရိုးမြင့်က မျက်နှာတည်တည်ဖြင့် ခေါင်းညိတ်ပြပြီး...

"ဟုတ်တယ်...ကိုဦး...၊ အစအဆုံး ဖမ်းမိလိုက်တာမျိုးတော့ မဟုတ်ဘူး၊ အရေးကြီးတဲ့အပိုင်းရောက်လာချိန်မှာ သတိရလို့ ထဖမ်းထားလိုက်တာ"

ကိုဦးက လေးနက်သောလေသံဖြင့်...

"ကဲ...နားထောင်ကြည့်ရအောင်"

ဟိုကောင် သုံးကောင်ကလည်း အလွန်စိတ်ဝင်စားနေကြသည်။ ရိုးမြင့်က ကက်ဆက်ခလုတ်ကို နှိပ်လိုက်သည်။ သူနှင့် ပဟေဠိမကလေး၏ ဖုန်းပြောသံတို့ ထွက်ပေါ်လာသည်။

*"ဒီတံဆိပ်ခေါင်းကို အမှန်တော့ ရိုးမြင့် လိုချင်နေတယ်လေ...၊ မရှိလို့လည်း ဘာမှ မဖြစ်ပါဘူး၊ ဒါပေမဲ့ ရှိရင် ပိုကောင်းတာပေါ့၊ ကိုယ့်ဘဝအတွက် အမှတ်တရ ပစ္စည်းတစ်ခုဖြစ်နေတာကိုး"*

*"ဘဝမှာ အမှတ်တရ ပစ္စည်း ဟုတ်လား"*

*"ဟုတ်တယ်လေ..."*

"အင်း…အဲ့ဒါဆိုရင် ပြောပါဦး၊ ဘယ်လို အမှတ်တရလဲ"

"ဘာဖြစ်လို့ ရိုးမြင့်က တို့ကို အဲ့ဒီလို ချောင်ပိတ်ပြီး အတင်းမေးနေရတာလဲဟင်"

"ကိုယ့်အကြောင်း ကိုယ့်စိတ်အကြောင်း ကိုယ့်ဘဝအကြောင်းတွေကို ခင်ဗျားက ပြန်ပြောတာ ကြားချင်လို့"

"ခစ်…ခစ်… ရိုးမြင့်က စိတ်ကူးယဉ်တာပဲ၊ အေးလေ ကဗျာဆရာပဲဟာ"

"ပြောမှာလား…ပြောမှာလား"

"ခစ်…ခစ်.. ရိုးမြင့်ကြားချင်တယ်ဆိုရင်တော့ ပြောပြမှာပေါ့"

"ပြောပြော…၊ အဲ့ဒီတံဆိပ်ခေါင်းဟာ ကျွန်တော့်ဘဝအတွက် ဘယ်လို အမှတ်တရ ဖြစ်တာလဲ"

"အဲ့ဒီ တံဆိပ်ခေါင်းက…"

"အင်း…ပြော…"

"ရိုးမြင့်ကို မွေးတဲ့နေ့မှာ ထုတ်တဲ့တံဆိပ်ခေါင်းလေ…အဲဒါကြောင့် ရိုးမြင့်ဝယ်ချင်တာ၊ အမှတ်တရ သိမ်းထားရအောင်လို့ပေါ့"

"ဟင်…"

"မဟုတ်လို့လား"

"ဟုတ်…ဟုတ်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားက အဲ့ဒီလောက်ကြီး ဘယ်လိုလုပ်သိတာလဲ"

"အလိုလိုသိတာပါလို့ တို့ပြောဖူးသားပဲ ရိုးမြင့်ရယ်… ခစ်…ခစ်"

"အလိုလို..ဟုတ်လား မဖြစ်နိုင်ဘူး"

"ဒါဖြင့် ဘယ်လိုသိတာလို့ ရိုးမြင့်ထင်သလဲ"

"မထင် မထင်တတ်တော့ဘူး"

"ခစ်…ခစ်…ခစ်"

"ရယ်မနေနဲ့…၊ ကျွန်တော်က ခင်ဗျားကို အတော်လန့်လာပြီ"

"မလန့်ပါနဲ့…၊ တို့က ရိုးမြင့်ကို အန္တရာယ်ပေးမယ့်သူမှ မဟုတ်တာ"

"ဒါ…ဒါပေမဲ့ အစိပ္ပါယ်မရှိဘူးဗျာ၊ ဘာဖြစ်လို့ ကျွန်တော့်အကြောင်းတွေ အကုန် လိုက်သိနေရတာလဲ"

(ဘာမှ ပြန်မပြော သက်ပြင်းချသံကိုသာ ကြားရ၏။)

"ကဲ…အဲ့ဒီလောက်သိနေရင်လည်း ကျွန်တော်မေးမယ်"

"မေးလေ..."

"ကျွန်တော်နဲ့ တံဆိပ်ခေါင်းလုဝယ်တဲ့ ကောင်မလေးအကြောင်းကိုရော ပြောနိုင်မလား"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်..."

"ပြောလေ..."

"အဲ့ဒီကောင်မလေးကို ကျွန်တော် စွဲလန်းနေမိလို့"

"... ... ..."

"ဟော့ ပြောပါဦးဗျ အဲ့ဒီကောင်မလေး အကြောင်းဆိုရင်ကော ခင်ဗျားသိသလား၊ ပြောပြနိုင်လား"

"အင်း...သိပါတယ်... ပြောပြနိုင်ပါတယ်"

"ဟာ..ဟုတ်ပြီ ဒါဖြင့် ပြောစမ်းပါဦးဗျာ"

"ဘာကိုပြောပြရမှာလဲ"

"အဲ့ဒီကောင်မလေးရဲ့ နာမည်က ဘယ်သူတဲ့လဲ"
"ဆည်းဆာတဲ့..."

"ဆည်းဆာ...ဟုတ်လား"

"အင်း..."

"တကယ်လား"

"တကယ်ပေါ့"

"သူက ဘာလဲ... ဘာအလုပ်လုပ်သလဲ"

"ရိုးမြင့်လိုပဲ"

"ဗျာ..."

"ရိုးမြင့်လိုပဲ... ဆရာဝန်ပေါက်စပေါ့"

"ဟာ...ဟုတ်လား၊ ကျွန်တော်နဲ့ တစ်နှစ်တည်းလား"

"အင်း..."

*"ဟင်...ကျွန်တော်အရင်က မမြင်ဘူးပါလား"*

*"ကျောင်းမတူဘူး"*

*"သြော်..."*

*"နောက်ပြီး ... သူကလည်း စာပေဝါသနာပါတယ်၊ ကဗျာတွေဘာတွေ ရေးဖူးတယ်"*

*"ဟင်...ဟုတ်လား ဘာနာမည်နဲ့လဲ"*

*"ဆည်းဆာချိုတဲ့"*

*"သြော် တယ်ဟုတ်ပါလား၊ ဟာ...အသိနောက်ကျလိုက်တာဗျာ"*

*"ရိုးမြင့်က သူ့ကိုချစ်နေပြီပေါ့၊ မစောလွန်းဘူးလား"*

*"မတတ်နိုင်ဘူးဗျာ၊ သူ့ဘာသာသူချစ်သွားတာပါ"*

*"အေးလေ... သေွးအေးအေးနဲ့ စဉ်းစာပါဦး"*

*"ဟင်... ဘာဖြစ်လို့ စဉ်းစားရမှာလဲ၊ သူ့ကိုချစ်တာ ဘာအပြစ်ရှိလို့လဲ"*

*"အပြစ်တော့ မရှိပါဘူး၊ ဒါပေမဲ့ သူ့အကြောင်းကို ရိုးမြင့် ဘာမှ မသိသေးဘဲ၊ နောက်မှ ရင်လေးစရာတွေ ပေါ်လာမှာစိုးလို့"*

*"ဟင်..ဒီစကားက တစ်မျိုးပါလား၊ ဘာများလဲဗျာ၊ သူ့အကြောင်းကို နည်းနည်းလောက်ပြောပြပါဦးလား"*

*(တစ်ဘက်မှ သက်ပြင်းချသံ ကြား၏။)*

*"မပြောချင်ဘူး"*

*"ဘာဖြစ်လို့လဲ"*

*"ဘာမှ မဖြစ်ပါဘူး၊ ကဲ...တော်ပြီ ရိုးမြင့်ရယ် တို့တွေ စကားပြောကြတာ အတော်တောင်ကြာသွားပြီ၊ စကားတွေကလည်း မဆိုင်တဲ့ဆီ ရောက်နေပြီ၊ တို့ဖုန်းချလိုက်တော့မယ်နော်"*

*(ဖုန်းချသံ)*

ရိုးမြင့်က ကက်ဆက်ကို ခလုတ်ပိတ်လိုက်သည်။

အကုန်လုံး အံ့သြ မင်သက်နေကြ၏။ ရိုးမြင့်က သူတို့အားလုံး ကို ခြုံရုံအကဲခတ်ကာ...

"ကဲ ကိုယ်တိုင်ကြားကြပြီမို့လား"

ဘယ်သူမှ ဘာမှ ပြန်မပြောကြ။ အတန်ကြာမှ ကိုဦးက...

"အတော် ထူးခြားတာပဲ"

မင်းသန့်ကလည်းဝင်ပြောသည်။

"ဒီကောင်က သူ့မွေးနေ့မှာ ထုတ်တဲ့ တံဆိပ်ခေါင်းမို့ အမှတ်တရ ဝယ်တာမှန်းတောင် သိနေတယ်"

"သူနဲ့ တံဆိပ်ခေါင်းလုဝယ်တဲ့ ကောင်မလေးအကြောင်းကိုပါ သိနေပါရော့လား"

နေထွန်းက မျက်စိပျက် မျက်နှာပျက်ဖြင့်...

"ရိုးမြင့်..."

"ဘာလဲ"

"မင်း..ဟို...အဲ့ဒီအမျိုးသမီးက ဟုတ်မှ ဟုတ်သေးရဲ့လားကွာ"

"ဘာဖြစ်လို့လဲ"

"စုန်းမ၊ ကဝေမများ ဖြစ်နေရော့မလား၊ အောက်လမ်းပညာတွေကို အထင်သေးလို့မရဘူးနော်"

ရိုးမြင့်က နှာခေါင်းကိုသာ လက်နှင့် ပွတ်နေလိုက်၏။ နေထွန်း၏ စကားအဆုံးမှာ အားလုံး ငြိမ်သွားကြသည်။

အတန်ကြာမှ တိုးမိုးဝင်းက...

"ရိုးမြင့်"

"ဟင်..."

"တို့တွေ မင်းကို ကိုယ်ချင်းစာလို့ရသွားပြီ၊ ကာယကံရှင်မင်းကိုမပြောနဲ့၊ ဘေးက တို့တွေတောင် အတော် ကျောချမ်းပြီး အသည်းယားမိတဲ့ကိစ္စပဲ"

"အေး...ငါ အတော်စိတ်ရှုပ်နေတယ်"

ကိုဦးကတော့ မျက်မှောင်ကြုတ်ပြီး ဘာကိုစဉ်းစားသည်မသိ၊ အလေးအနက် စဉ်းစားနေသည်။ နေထွန်းက ကိုဦးကို လက်တို့သည်။

"ကိုဦး"

ကိုဦးက ခုံမှာ ကိုယ်ကို ပြင်ထိုင်ကာ...

"ဟေ..."

"ဒီကိစ္စကို ကိုဦး ဘယ်လိုမြင်သလဲ"

"စဉ်းစားနေတာပဲ၊ ဘာထင်မြင်ချက်ကိုမှ မပေးနိုင်သေးဘူး"

“ဒီအမျိုးသမီးက ဒီကောင့်ကို အခုတော့ ကောင်းနေတယ်၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာ အန္တရယ်များ ပေးလာမလား”

“မဆိုနိုင်ဘူး၊ ဘာကိုမှ မမှန်းနိုင်သေးဘူး”

“ရိုးမြင့်က သူဆက်လာတဲ့ ဖုန်းတွေကို နားမထောင်တော့ဘဲ အဆက်အသွယ်ဖြတ်ပစ်လိုက်ရင်ရော…”

“လောလောဆယ်တော့ မလုပ်ပါနဲ့ဦး၊ နောင်မှ လိုအပ်ရင် လုပ်သင့်တာပေါ့”

ကိုဦးက တစ်ခုပဲ ရိုးမြင့်ကို အကြံပေးသည်။

“ရိုးမြင့် ညီလေး”

“ဟုတ်ကဲ့ ပြော ကိုဦး”

“ကိုယ်လည်း အဖြေရှာကြည့်ပါဦးမယ်၊ ဒုက္ခပေးမယ့် အမျိုးသမီးဟုတ်ချင်မှလည်း ဟုတ်မှာပါ၊ သိပ်တော့ စိတ်မပူပါနဲ့၊ ဒါပေမဲ့ လိုရမယ်ရအနေနဲ့ အမျိုးသမီး ဖုန်းဆက်တဲ့အခါတိုင်းမှာ အခုလိုပဲ အသံဖမ်းထားလိုက်”

“ဟုတ်ကဲ့”

***************************

အခန်း (၇)

*“လိုအပ်ချက်”*

*လူတစ်ယောက်မှာ နာမည်တစ်ခုရှိရင် ပြီးတာပဲ…*
*မောင်လှဖြစ်ဖြစ်၊ မောင်ခဲဖြစ်ဖြစ်၊ နာမည်တစ်ခုဆို ပြည့်စုံပြီ။*
*တရုတ်လား၊ ကုလားလား၊ ဆရာဝန်လား၊ ဖိနပ်ချုပ်သမားလား။*
*ငါ့ကို မပြောနဲ့၊ ငါမသိချင်ဘူး၊ မလိုအပ်ဘူး …*
*ဟုတ်ပြီ။*
*အခု…*
*လာနေတာ*
*မောင်လှလား။*
*လာပါဦးကွဲ့ လူကလေးရဲ့*
*မင်း လူဖြစ်တာတော့ သေချာရဲ့ မဟုတ်လား။*
*ဒါလေးတစ်ခုတော့ အရေးတကြီးလိုအပ်တယ်။*

ထွန်းဝေမြင့်
၄၊ ဇန်နဝါရီ၊ ၂၀၀၀

မှတ်ချက်။

မောင်လှက သူ လူမဟုတ်ဟု အဖြေပေးသည်။

ကဗျာလေးက ကောင်းသည်။ သို့သော် ခေတ်သစ် အနုပညာကို မသိ၊ မခံစားတတ်သူများက ဖတ်လျှင်တော့ တော်တော် အခြေအနေဆိုးသွားနိုင်သည်။

ဤကဗျာကို မျိုးမာလာဝင်းထံမှာ တွေ့ရ၍ ရိုးမြင့် အံ့ဩသွားမိသည်။

"နင်...ဒီကဗျာကို ကြိုက်တယ် ဟုတ်လား"

"အေး ..."

"ဘာဖြစ်လို့လဲ"

"ဒါ...မော်ဒန်ကဗျာပဲ၊ ဒီနေ့ခေတ်ကြီးမှာ ဒီလိုကဗျာမျိုးမှ မကြိုက်ရင် ဘယ်လိုကဗျာမျို ကြိုက်ရမှာလဲ"

"သြော်...အဲဒီလိုလား"

"ဘာလဲ...နင်က ငါ့ကို လာရွဲ့နေတာလား"

"မဟုတ်ပါဘူးဟာ၊ နင်က ဒီလိုကဗျာမျိုး ကြိုက်တတ်တယ်ဆိုတာကို ငါက ချီးကျူးမိလို့ပါ၊ ဒါ့ထက်..."

"ဒါထက် ဘာဖြစ်လဲ"

"နင်...နည်းနည်းပါးပါး ရေးမူအတိုင်း ပြောင်းလဲခံစားကြည့်ရင်ရော ရနိုင်မလား"

"နင်ပြောတာကို ငါနားမလည်ဘူး"

မျိုးမာလာဝင်းက မျက်ခုံးကို အတွန့်ချိုးကာ ရိုးမြင့်ကို ပြန်မေးသည်။ ရိုးမြင့်၏စကားကို အတော်ကြီး ထူးဆန်းသွားပုံရသည်။

"ငါပြောမယ်ဟာ..."

"အေး...အေး...ပြော"

"ဒီကဗျာကို နင်မှတ်မိတယ် မဟုတ်လား"

"အင်း...မှတ်မိတယ်၊ ဖတ်လွန်းလို့ အလွတ်တောင် ရတော့မယ်"

"ဒါဆို ဒီကဗျာကို ငါတို့တွေ ဒီလို ပြန်ရေးကြည့်မယ်ဟာ"

မျိုးမာလာဝင်း စိတ်ဝင်စားသွားသည်။

"ဘယ်လိုလဲ၊ ရေးကြည့်လေ..."

ရိုးမြင့်က ပုံစံတစ်မျိုးဖြင့် ပြန်ရေးပြလိုက်သည်။

*လူတစ်ယောက်ရဲ့ ဘဝဝယ်*
*နာမည်ရှိရင် ပြီးပါတယ်၊*
*မောင်လှ၊ မောင်ခ ဘာဖြစ်ဖြစ်*
*နာမည်ဆိုရင် ဖြစ်...။*
*ဖိနပ်ချုပ်သမား၊ ဆရာဝန်*
*မသိချင်နဲ့ ကျွန်...။*
*တရုတ်၊ ကုလား၊ ငါမကြား*
*မလိုအပ်ဘူးသွား။*

"တော်တော် ရိုးမြင့်၊ ဆက်မရေးနဲ့တော့၊ အောင်မယ်လေးတော် ကဗျာတော့ ပျက်ပါပြီ"

ရိုးမြင့် တဟားဟား ထရယ်မိသည်။ မျိုးမာလာဝင်းကလည်း စိတ်ပျက်လက်ပျက်ဖြင့် လိုက်ရယ်သည်။ ရယ်သံတွေဆုံးမှပဲ ရိုးမြင့်က မေးဖြစ်သည်။

"ဆက်မရေးရတော့ဘူးလား"

"မရေးနဲ့"

"မကြိုက်ဘူးလား"

"အို...မကြိုက်ပါဘူး၊ ကဗျာတောင် ပျက်စီးသွားသေးတယ်"

ပြီး...မျိုးမာလာဝင်းက မအောင့်အည်းနိုင်ဟန်ဖြင့် ထပ်ရယ်သည်။ ရိုးမြင့်ကိုလည်း သူ့လက်ထဲမှ မဂ္ဂဇင်းစာအုပ်နှင့် လှမ်းရိုက်ကာ...

"ဆရာကြီးထွန်းဝေမြင့်သာ ကြားရင်လေ...နင့်ကို လိုက်သတ်မှာ သိလား..."

ရိုးမြင့်က တအံ့တသြဖြစ်သွားဟန်ဖြင့်...

"ဆရာကြီး ထွန်းဝေမြင့်...ဟုတ်စ"

"အေးလေ...ဒါ သူရေးတဲ့ ကဗျာပဲဟာ"

"ဆရာကြီးလို့တော့ မလုပ်လိုက်ပါနဲ့ဟယ် ငယ်ပါသေးတယ်၊ ငါနဲ့ ရင်းနှီးတဲ့ တောင်တွင်းကြီးက ကဗျာဆရာပါ၊ လူကလေးပိန်၊ မျက်စိကလေးမှုန်၊ အသားကလေးမဲပြီး ဝတ်ပုံစားပုံ အချိုးမကျတာကလွဲရင် အတော်လေး ကြည့်ကောင်းပါတယ်"

မျိုးမာလာဝင်းက အားတက်သရော ပြန်မေးသည်။

"ငယ်သေးတယ်...ဟုတ်လား"

"အေးလေ...တို့ထက်ကြီးမှ နည်းနည်းပေါ့"

"ဟယ်..."

မျိုးမာလာဝင်း ရင်ခုန်သွားပုံရသည်။ မဂ္ဂဇင်းစာအုပ်ကို ရင်ခွင်ထဲမှ ပွေ့ဖက်ထားလိုက်ရင်း...

"ငါ သူ့ကို မိတ်ဆက်စာပေးရင် ရမလား"

"ပေးလေ...ပေးပေါ့၊ ငါယူသွားပြီး ပေးလိုက်ပါ့မယ်"

"ဟုတ်ပြီ...ဟုတ်ပြီ ငါရေးလိုက်ဦးမယ်၊ ပြီးရင်...နင့်ကိုပဲပေးလိုက်မယ်၊ သူ့ဆီရောက်မှာနော်၊ ဟုတ်လား"

"စိတ်ချပါဟာ၊ သူ့လက်ထဲကို ဆက်ဆက် ထည့်ပေးပါ့မယ်"

"အိုကေ"

မျိုးမာလာဝင်းက ဝမ်းသာအားရ ရင့်ကျူးသည်။ သူ့ဘာသာသူ ပီတိတွေဖြစ်ပြီး ကွမ်းတစ်ယာညက်အကြာမျှ ပြုံးနေသေးသည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရလိုက်သလို အလန့်တကြား...

"ဟဲ့...ရိုးမြင့်"

"ဘာတုန်း"

"နင်...ငါ့ဆီလာတာ အလည်သက်သက်ပဲလား"

အမှန်တော့ အလည်သက်သက် မဟုတ်ချေ၊ မျိုးမာလာဝင်း မေ့နေ၍ ဖြစ်သည်။ ရိုးမြင့်သည် ကိစ္စမရှိလျှင် ဘယ်တုန်းကမှ သူ့ဆီ ရောက်သူမဟုတ်ချေ။ သို့သော် ရိုးမြင့် ညာလိုက်သည်။

"အေး...နင့်ကို သတိရလို့"

"ဩော်...သတိရသေးတယ်ပေါ့နော်၊ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်"

"ဒါ့ထက် နင်ကကော ဘယ်သူတွေနဲ့ တွေ့သေးလဲ"

"တွေ့တော့ တွေ့ပါတယ်၊ ဘာဖြစ်လို့လဲ"

"နီထွေးတို့ မမိုးမွှန်တို့ နှင်းမာလာတို့နဲ့ရော တွေ့သေးလား"

"အေး...တွေ့တယ် ဟိုတလောကပဲ၊ ရုပ်ရှင်ရုံထဲမှာ သွားဆုံကြသေးတယ်၊ ငါတို့ကလည်း တစ်အုပ်ကြီး၊ သူတို့ကလည်း တစ်အုပ်ကြီး ဆုံဖြစ်တယ်"

"နင့်ညီမလေးနဲ့ရော အေးအေးဆေးဆေး စကားပြောဖြစ်ရဲ့လား"

"ပြောဖြစ်ပါတယ်"

သူမ၏ညီမလေးဆိုသည်က နှင်းမာလာကို ရည်စူးလိုက်ခြင်းဖြစ်သည်။ နှင်းမာလာ၏ နာမည်အပြည့်အစုံက 'နှင်းမာလာဝင်း' ဖြစ်သည်။ သွေးမတော် သားမစပ်၊ မျိုးရိုးချင်းလည်း ဘယ်လိုမှ မပတ်သက်ပါဘဲ သူတို့က နာမည်ချင်း ဆင်တူရိုးမှားဖြစ်နေသည်။

ငယ်ငယ်တုန်းက သားရေကွင်း ထပ်တမ်းကစားသလိုမျိုး သူတို့က နာမည်ချင်း ထပ်တမ်းကစားတာတော့ မဟုတ်ချေ။ မျိုးမာလာဝင်းက မဆိုစလောက် အရပ်ကလေးပိုမြင့်၍ အစ်မကြီး ဖြစ်သွားသည်။

"သူတို့တွေရော၊ မစွံကြသေးဘူးလား"

မျိုးမာလာဝင်းက ရယ်သည်။

"စွံစရာဆိုလို့ မျက်စိပဲ ရှိတယ်ဟေ့၊ အပျိုကြီးလုပ်ကြမှာလား မသိပါဘူး"

မျိုးမာလာဝင်းက သူကျတော့ ထိုအုပ်စုထဲမှာ မပါသလိုလို ခပ်တင်းတင်းပြောသည်။ ရိုးမြင့်ကလည်း မသိချင်ယောင်ဆောင်လိုက်ပါသည်။

ကိုယ့်အကြံအတိုင်း သိချင်တာကိုသာ ဆက်မေးလိုက်သည်။

"အမှန်တော့ နီထွေးရော၊ မမိုးမွန်ရော နှင်းမာလာရော သုံးယောက်စလုံး ရည်းစားရှိကြဖို့ ကောင်းပြီ"

"ဟဲ့...မရှိတဲ့သူကတော့ မရှိဘူးဟဲ့"

မျိုးမာလာဝင်းက သူကတော့ ရှိထားသလိုလို ခပ်တင်းတင်းပြောပြန်သည်။ ရိုးမြင့်ကလည်း ဆက်၍ မသိချင်ယောင် ဆောင်ပေးလိုက်ပါသည်။

"သူတို့က ဘယ်သူ့ကိုမှ စိတ်မဝင်စားကြဘူးလားဟ"

"သူတို့ဘာသာတော့ ရှိရင် ရှိမှာပေါ့၊ ဒါပေမဲ့ အတင်းလုပ်လို့လည်း မရဘူးလေဟာ၊ မိန်းမသားဘဝဆိုတာက မျှော်လင့်တာကလွဲပြီး ဘာမှ တတ်နိုင်တာမှ မဟုတ်တာ"

"ဟာ..."

ထိုစကားကို ရိုးမြင့်က ငြင်းလိုက်သည်။

"မော်ဒန်ကဗျာတွေကို ဖတ်နေပြီးတော့ နင့်အတွေးအခေါ်ကလည်း အောက်လိုက်တာ၊ အဲဒီခေတ်က ကုန်ပါပြီ"

"နေပါဦး...နင်က အခုမှ ဘာဖြစ်လို့ ဒါတွေကို မေးနေရတာတုန်း"

"အရင်ကတော့ မမေးဘူးပေါ့ဟာ၊ ကျောင်းစာတစ်ဖက်ရယ် အရွယ်လေးတွေ ရှိသေးတာရယ်ကြောင့်ပေါ့၊ အခုဆို ကျောင်းလည်းပြီးပြီ လုပ်ငန်းခွင်ကလည်း ဝင်ရတော့မယ့် အရွယ်ရောက်ပြီ၊ ခုချိန်မှာတော့ မေးရပြီပေါ့"

"ငါ့ကျတော့ မမေးဘူးလား" ဟု ပြန်မမေးပါ။ ထိုသို့ မေးလိုက်လျှင် သူမပါ အပျိုကြီးသမဂ္ဂတွင် စာရင်းသွင်းလိုက်သလို ဖြစ်သွားမည်။ အချိန်မီ သတိနှင့် ထိန်းလိုက်ဟန် တူသည်။

"သူတို့သုံးယောက်ထဲမှာ နှင်းမာလာကတော့ သွက်တယ်ဟဲ့၊ ပွင့်လင်းပါတယ်၊ မမိုးမွန်ကတော့ နည်းနည်းလျှို့ဝှက်တယ်၊ နီထွေးကကျတော့လည်း တစ်ခါတစ်ခါ နားလည်ရခက်တယ်"

"အေး...အဲဒါတွေကိုတော့ ငါလည်း မှန်းမိပါတယ်၊ ငါလည်း ဆက်ဆံနေတဲ့ဟာပဲ၊ သူတို့သုံးယောက်ထဲမှာ ယောကျ်ားလေးတစ်ယောက်ကို ထူးထူးခြားခြား ပိုင်ပိုင်နိုင်နိုင်နည်းစနစ်မျိုးနဲ့ ဘယ်သူကများ ချုပ်ကိုင်နိုင်မယ်လို့ နင်ထင်သလဲ"

အမှန်တော့ သူမက ကဗျာဆရာထွန်းဝေမြင့်ကို မိတ်ဆက်စာပေးမည်ဟူသော ချဉ်းကပ်နည်းမျိုးကို သိလိုခြင်းဖြစ်သည်။ ပြောမည့်သာ ပြောရသည်။ ရိုးသားစွာ မိတ်ဆက်စာပေးခြင်းသည် အဓိပ္ပါယ်တစ်ခုနှင့် ချဉ်းကပ်ခြင်းမျိုး မဟုတ်နိုင်။

မည်သို့ပင်ဖြစ်စေ ရိုးမြင့်၏ ဆိုလိုရင်းကို မျိုးမာလာဝင်း နားလည်ပုံရသည်။ ပထမ ခေါင်းတခါခါ စဉ်းစားသည်။ ပြီးမှ ခေါင်းငြိမ်သွားကာ...

"ငါကတော့ သူတို့ အဲဒီလို လုပ်လိမ့်မယ် မထင်ဘူးဟ"

"ဟုတ်လား..."

"ဟုတ်တယ်"

"အဲဒီလောက် ချဉ်းကပ်မှ ရည်းစားတစ်ယောက် ရမယ်ဆိုရင်လည်း ယူကြမယ့် မိန်းမတွေ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ပျင်းလို့နေမှာပေါ့ဟာ"

"ဟာ...အဲဒါဆို သူတို့ အပျိုကြီး ဖြစ်သွားမှာပေါ့"

မျိုးမာလာဝင်းက သူ့ဘာသာသူ မလုံမလဲဖြစ်သွားသေးသည်။

"ဖြစ်လည်း ဖြစ်ပေါ့ဟ၊ အပျိုကြီးဖြစ်တော့လည်း ကောင်းတာပဲ လွတ်လပ်တာပေါ့"

"တော်ကြာ အပျိုကြီးမဖြစ်ဘဲ အိမ်ကပေးစားတဲ့ ဗိုက်ရွှဲရွှဲ မျက်နှာအဆီပြန်ပြန်နဲ့ စီးပွားရေးသမားကြီးတွေ ယူနေရဦးမယ်"

မျိုးမာလာဝင်းက ဘာမှ ပြန်မပြောချေ။ နှစ်ယောက်တည်းရှိသော စကားဝိုင်းက ခဏတိတ်ဆိတ်သွားသည်။

ရိုးမြင့်က စကားကို ပြန်ဆက်သည်။

"အေး...အဲဒါတွေကို ထားလိုက်ပါဦး၊ ငါ နင့်ကို မေးစရာရှိလို့"

"ဘာမေးမှာလဲ"

"အဟဲ..."

ရိုးမြင့် နည်းနည်းရှက်နေမိသည်။

မျိုးမာလာဝင်းတို့ လမ်းထိပ်မှ အအေးဆိုင်တွင်ဖြစ်သည်။ လူသူ ရှင်းလင်း၏။ အေးအေးဆေးဆေးစကားပြော၍ ကောင်းသော ဆိုင်ဖြစ်သည်။ သူမတို့အိမ်မှာဆို အနေကြပ်မည်စိုးသောကြောင့် ဤဆိုင်သို့ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

"ဆေး(၁)မှာ နင့်သူငယ်ချင်းတွေ ရှိတယ် မဟုတ်လား"

"အေး…ရှိတယ်၊ ဘာဖြစ်လို့လဲ"

"ငါ ကျောင်းသူတစ်ယောက်ကို မေးမလို့…၊ နင်တို့ ငါတို့နဲ့ တ Batch တည်းပါပဲ၊ ခု ငါတို့လိုပဲ ပိုစတင် စောင့်နေတာပေါ့"

မျိုးမာလာဝင်းက မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူများပါလိမ့်…"

"ဆည်းဆာတဲ့"

"ဆည်းဆာ…ဟုတ်လား"

"အေး…ဟုတ်တယ် ဆည်းဆာ"

မျိုးမာလာဝင်းက စောစောကလိုပင် ခေါင်းတညိတ်ညိတ် စဉ်းစားပြန်သည်။ ပြီးမှ ခေါင်းတခါခါ ပြန်စဉ်းစားပြီး နောက်ဆုံးတော့ ခေါင်းကိုငြိမ်လိုက်သည်။

"မသိဘူးဟဲ့"

"အာ…"

ရိုးမြင့် စိတ်ပျက်သွားသည်။

"စဉ်းစားပါဦးဟ"

"စဉ်းစားပါတယ်ဟ"

"ရလား"

"မရဘူး"

"မသိဘူးပေါ့"

"အင်း"

ညိတ်လိုက်၊ ခါလိုက်လုပ်နေသော သူ့ခေါင်းကို လိုက်ကြည့်ရတာပဲ မျက်လုံးညောင်းသည်။ လိုချင်သောအဖြေကို မရလိုက်ချေ။

တစ်မျိုးလှည့်မေးရန် ရိုးမြင့် ကြံရ၏။

"မာလာဝင်း"

"ပြောလေ…"

"နင်လည်း ကဗျာလေးတွေ ရေးတယ်နော်"

"ကြာလှပြီ"

"နင်နဲ့ ဆေး(၁)က ကျောင်းသူတစ်စုနဲ့ ကဗျာစာအုပ် စုထုတ်ဖူးတယ်ဆို"

သူမက ရှက်ပြုံး ပြုံးပြီး…

"အေးလေ…အဲဒီတုန်းက နင်တို့ကိုတောင် ငါ အဲဒီစာအုပ်တွေ လိုက်ရောင်းသေးတာပဲ"

"ငါ မရလိုက်ဘူးဟ"

မျိုးမာလာဝင်းက ကံဆိုးလိုက်လေခြင်းဟူသော အကြည့်မျိုးဖြင့် ရိုးမြင့်ကို ကြည့်သည်။

"အဲဒီကဗျာစာအုပ်လေး ကောင်းတယ်ဟဲ့"

"ဟီးဟီး…"

"အောင်မာ…နင်က ဘာရယ်တာလဲ"

ရိုးမြင့် ပြာပြာသလဲ တောင်းပန်ရသည်။

"မဟုတ်ပါဘူး၊ နင်တို့ ကဗျာစာအုပ်ကို ပြောင်တာ မဟုတ်ပါဘူး၊ ငါမေးချင်တာကို မေးတော့မလို့ မျက်နှာချိုသွေးတာပါ"

မျိုးမာလာဝင်းက မျက်မှောင်ကြုတ်သွားပြန်သည်။

"ဘာမေးမလို့လဲ"

"ဆေး(၁)က ဆည်းဆာချိုဆိုတဲ့ ကဗျာဆရာမကိုရော နင်သိလား"

မေးခွန်းအဆုံးမှာ ရိုးမြင့်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ နောက်…ခေါင်းကို တဆတ်ဆတ်ခါပြီး နောက်ဆုံးမှာ ခေါင်းကို ငြိမ်လိုက်သည်။

ဘယ်လိုလဲဟူသော အကြည့်နှင့် မျိုးမာလာဝင်းကို ကြည့်လိုက်သည်။ မျိုးမာလာဝင်းက သူ့ကို ရှုတည်တည်ကြည့်နေရာမှ…

"မသိဘူး"

"မသိဘူး…ဟုတ်လား"

"အေး…"

"ကဗျာဆရာမ ဆည်းဆာချိုလေ"

"မသိပါဘူးဆို…"

"နင်တို့ စာအုပ်တွဲထုတ်တဲ့အထဲမှာ သူမပါဘူးလား"

"မပါဘူး"

"ဟို…ကြားဖူးနားဝကော မရှိဘူးလားဟာ"

"ဟင့်အင်း"

ရိုးမြင့် စိတ်ဓာတ်ကျသွားရပြန်သည်။ မျိုးမာလာဝင်းကို မကျေမနပ်ကြည့်ပြီး…

"နင်သိတာ ဘာရှိလဲ"

"အောင်မယ်"

မခံချင်ဖြစ်သွားပုံ ရသည်။ "မသိတာတွေ လိုက်မေးနေပြီးတော့" ဟု ရေရွတ်လေသည်။ ရိုးမြင့်ကတော့ မလျှော့နိုင်သေးပါ။

"ဆေး(၁)မှာ ကဗျာဆရာမ ဆည်းဆာချိုဆိုတာ ရှိတယ်ဟ"

"ငါကတော့ ဆီးချိုတို့ သွေးချို့တို့ပဲ ကြားဖူးတယ်"

"သေလိုက်"

"နင်သာ သေရမှာ"

"သေရမှာ ငါမဟုတ်ဘူး နင်"

"လာပြောမနေနဲ့ နင့်ဟာနင် သေလိုက်"

ကလေးတွေလို ရန်ဖြစ်ကြရသေးသည်။ နောက်မှ မျိုးမာလာဝင်းက…

"ကောင်းပြီ ငါတစ်ခုလုပ်ပေးမယ်"

"ဘာလုပ်ပေးမှာလဲ"

"ဆေး(၁)က ငါတို့နဲ့ တ Batch တည်း ကျောင်းသူတွေကို အကုန်သိတဲ့ ငါ့သူငယ်ချင်းတစ်ယောက်ဆီ ဖုန်းဆက်ပေးမယ်"

"ကျောင်းသူပဲလား"

"အေးဟ့…ကျောင်းသူလည်း ကျောင်းသူ ကဗျာဆရာလည်း ကဗျာဆရာ"

"ဘယ်သူပါလိမ့်"

"မနော်ဟရီတဲ့…ကြားဘူးလား"

"ဆန်နာမည်ကြီး၊ ရွှေဝါထွန်းတို့ ပေါ်ဆန်းမွှေးတို့ပဲ ကြားဖူးတယ်"

"အရမ်းလုတာ နင်တွေ့ရင် ကြိုက်သွားမှာ"

"ထားပါ ထားပါ၊ ငါက ဆည်းဆာကိုပဲ ကြိုက်တယ်၊ ဖုန်းဆက်မေးစမ်းပါဦး"

"အေးပါ...ဆက်ပေးပါ့မယ်"

"သွားလေ..."

"ဟင်..."

"သွားလေ...သွားဆက်လေ ဘာထိုင်လုပ်နေတာလဲ"

"ဟင်...အခုဆက်ရမှာလား"

"အေးပေါ့...ကောင်တာမှာ ဖုန်းရှိတယ်"

မျိုးမာလာဝင်းက မျက်နှာကို မဲ့ပြပြီး ထိုင်ရာမှ မထချင် ထချင် ထသည်။ ထို့နောက် ကောင်တာသို့ မလျှောက်ချင် လျှောက်ချင် လျှောက်သွားပြီး ဖုန်းကို မဆက်ချင်ဆက်ချင် ဆက်လေသည်။ (ဟိုဘက်မှလည်း ဖုန်းကို မကိုင်ချင့်ကိုင်ချင် ကိုင်မည် ထင်သည်။)

သုံးမိနစ်ကို ဆယ့်ငါးကျပ်နှုန်းဖြင့် ငါးဆယ်ဖိုးခန့် ပြောပြီးမှ သူမ ပြန်လာသည်။ ခုံမှာ ဝင်ထိုင်ကာ...

"နင်ပြောတဲ့ ကောင်မလေးက ဆေး(၁)မှာ မရှိဘူးတဲ့"

"သေချာလို့လားဟာ..."

"မယုံရင် နင့်ဟာနင် သွားရှာ၊ မရှိပါဘူးဆို"

ရိုးမြင့် သက်ပြင်းရှည်ကြီးတစ်ခုကို အစအဆုံးချလိုက်သည်။ မျက်နှာကလည်း အိုသွားပုံရသည်။ မျိုးမာလာဝင်းက ဂရုဏာသက်သွားသော လေသံဖြင့်...

"နင့်ကောင်မလေးကို နင် သဲလွန်စ ပျောက်သွားပြီပေါ့"

"အေးပေါ့ဟာ..."

"စိတ်မညစ်ပါနဲ့ဟာ ငါရှိပါတယ်"

"ဟေ..."

"အဲ..."

မျိုးမာလာဝင်းက ခြေကားကား လက်ကားကား ငြင်းသည်။

"မဟုတ်ဘူး...မဟုတ်ဘူး၊ ဆည်းဆာ မရှိပေမယ့် ငါရှိပါတယ်လို့ ပြောတာမဟုတ်ဘူး၊ ငါ ကူရှာပေးမယ်လို့ ပြောတာ"

ရိုးမြင့်က ရင်ဘတ်ကို လက်နှင့်ဖိလိုက်၏။ မျိုးမာလာဝင်းက ပြစ်ပြစ်နှစ်နှစ် ကောင်းချီးပေးသည်။ 'စေတနာပျက်တယ်' ဟုလည်း ပြော၏။

ထိုနေ့မှာ ရိုးမြင့် ဘာမှ အစဉ်မပြေလိုက်။ ပဟေဠိလေးထံမှလည်း ဖုန်းမလာ။

************************************

အခန်း (၈)

"ရိုးမြင့်လား"

"ဟုတ်ပါတယ်"

"ငါပါ…နေထွန်းပါ"

"သြော်…ဖြူဖြူတို့အစ်ကိုလား၊ အေး…ပြော"

"× × × × × × × × တော်ပြီကွာ မပြောတော့ဘူး"

ရိုးမြင့်က တဟားဟား အော်ရယ်လိုက်သည်။

"ဟေ့ကောင် နေထွန်း"

"ဘာလဲ"

"ဒါလေးစတာများကွာ၊ ကျွဲမဟုတ်ဘဲနဲ့ မင်းက အမြီးတိုနေရသေးတယ်"

"မင်းဟာလေ…ဟေ့ကောင်ရိုးမြင့် လူကြီးတွေကို စော်ကားလို့ မင်း ဒီလို ကို့ရို့ကားယား ဖြစ်နေတာ"

"အေးကွာ…ဖြူဖြူထွန်းအစ်ကိုဆိုတော့ ငါ့အစ်ကိုပဲပေါ့၊ လူကြီးအရာ ထားရမှာပေါ့၊ ကျွန်တော် မှားသွားတယ် ဆိုဆို ကိုနေထွန်း အမိန့်ရှိပါ"

တစ်ဘက်မှ အသံတိတ်သွားသည်။ ဖုန်းခွက်ကို ကိုင်ထားရင်း ရိုးမြင့် ရယ်ချင်လာသည်။ ခဏကြာမှ နေထွန်းက…

"ဟေ့ကောင် ရိုးမြင့်"

"ဟင်"

"ငါ့ဘက်က ဖုန်းကို စပီကာ ဖွင့်လိုက်ပြီ၊ မင်းပြောချင်လည်း ဆက်ပြော၊ ဘေးလူပါ ကြားသွားတာပေါ့"

ဘုရား ဘုရား၊ ဒီကောင့်နံဘေးမှာ ဖြူဖြူထွန်း ရှိနေပုံရသည်။ စကားလမ်းကြောင်းကို ကပျာကယာ ပြောင်းလိုက်သည်။

"ဒီလိုတော့ မလုပ်နဲ့လေကွာ၊ ပြောပြော…ဘာပြောမလို့လဲ"

"ညက ဟိုပဟေဠိလေး မင်းဆီ ဖုန်းဆက်သေးလား"

"ဟင့်အင်း မဆက်ဘူးကွ၊ ဘာဖြစ်လို့လဲ"

“သြော်…ငါက သူပြောတာတွေ ဟုတ်မဟုတ် သိချင်လို့”

“ဘာတွေ ဟုတ်မဟုတ်လဲ”

“မင်းရဲ့ တံဆိပ်ခေါင်းလေးနာမည်က ဆည်းဆာဆိုတာ ဟုတ်မဟုတ်၊ ကဗျာလေးဘာလေး ရေးတယ်ဆိုတာ ဟုတ်မဟုတ်၊ တို့နဲ့ တ Batch တည်း ဆရာဝန်ပေါက်စဆိုတာ ဟုတ်မဟုတ် အဲဒါတွေကို သိချင်တာပေါ့ကွာ”

“အေး…ညက မဆက်ဘူးကွ တစ်ခုတော့ရှိတယ်”

“ဘာပါလိမ့်”

“မနေ့က ငါ မျိုးမာလာဝင်းဆီ ရောက်တယ်”

“အဲဒါ ဘာဖြစ်လဲ”

“သူက တို့ဆေး(၂)က ဆိုပေမယ့် ဆေး(၁)ကျောင်းသူ တော်တော်များများနဲ့ ခင်တယ်လေ၊ အဲဒါကြောင့် သွားမေးကြည့်တာ”

“အာ…အေး ဟုတ်သားပဲ၊ မာလာဝင်းကလည်း ကဗျာလေး ဘာလေးရေးတော့ ပိုပြီး သိနိုင်တာပေါ့”

“ဟင့်အင်း…မသိဘူးကွ”

“ဟေ…”

နေထွန်း တအံ့တသြ ဖြစ်သွားပုံရသည်။

“မသိဘူး…ဟုတ်လား”

“အေးကွာ…ဒီအတိုင်းလည်း မသိဘူး၊ ကဗျာရေးသူ အချင်းချင်းအနေနဲ့လည်း မသိဘူး၊ ဘယ်လိုမှ မသိဘူး”

“ဟာ…”

နေထွန်းလည်း တွေဝေသွားပုံရသည်။ ပြီးမှ…

“အေး…သူနဲ့ အဆက်အစပ်မရှိလို့ သူ မသိလိုက်တာလည်း ဖြစ်နိုင်တာပေါ့”

“အဲလိုလည်း မဟုတ်ဘူးကွ၊ သူ့ထက်ပိုသိမယ့် ကောင်မလေးတစ်ယောက်ကို ဖုန်းဆက်ပြီး မေးကြည့်သေးတယ်၊ ရှိကို မရှိဘူးလို့ ပြောတယ်”

“ဟေ…ဟုတ်လား”

“အေး…အဲဒီနာမည်နဲ့ ကျောင်းသူလည်း မရှိဘူး၊ အဲဒီနာမည်နဲ့ ကဗျာရေးတဲ့သူလည်း မရှိဘူးတဲ့”

“ဟောဗျာ…ဒါဆိုရင် မင်းရဲ့ ပဟေဋ္ဌိလေးပြောတာ မှားနေလို့လား”

“မဆိုနိုင်သေးပါဘူးကွ၊ ငါလည်း ပဟေဋ္ဌိလေး ဖုန်းဆက်လို့ရှိရင် အဲဒီအကြောင်းပြောမလို့၊ သူ့ဆီက ဖုန်းမလာသေးလို့

မပြောရသေးတာ”

“အေး…အေး၊ အကြောင်းထူးရင် ငါ့ဆီကို ဖုန်းလေးဘာလေး ဆက်ကွာ”

“ဘာဖြစ်လို့လဲ”

“ဘာမှတော့ မဖြစ်ဘူးပေါ့ကွာ၊ စိတ်ဝင်စားလို့ပေါ့”

“အေးပါ…ထူးရင် ငါဆက်ပါ့မယ်၊ ငါ့မှာလည်း မင်းတို့ပဲ တိုင်ပင်ဖော်ရှိတာ”

တအောင့်အကြာမှာ နေထွန်း ဖုန်းချသွား၏။ ရိုးမြင့်က ဖတ်လက်စစာအုပ်ကို ဆက်ဖတ်မည်အလုပ်…

“သား ကိုရိုး ဧည့်ခန်းထဲ ခဏလာဦး”

“ဗျာ…ဟုတ်ကဲ့”

ဖေဖေက လှမ်းခေါ်ခြင်းဖြစ်သည်။ ဧည့်ခန်းထဲမှာ ဖေဖေရော မေမေရော ရှိနေသည်။ ရိုးမြင့်ရောက်သွားတော့ မေမေက တစ်ခါမှ မပြောဘူးသော စကားကို ပြော၏။

“သား အိမ်ထောင်ပြုဖို့ ကိစ္စကို မေမေတို့ စီစဉ်ထားတယ်”

“လာပြန်ပြီ”

“မလာနဲ့လေ…မင်း အရွယ်ရောက်နေပြီ”

“အဲဒါတော့ ဟုတ်ပါတယ်”

“အဟီး…မိန်းမအယူတော့ဘူး၊ တားတားက ဖေရို့မေရို့နဲ့ပဲ
တစ်သက်ရုံးနေမှာ” ဟုလည်း ပလီပလာ မလုပ်လိုချေ။ ထိုသို့လည်း မနေချင်ပါ။ ပျင်းစရာကြီး။ ထိုစကားက Expire ဖြစ်နေသော အပျိုကြီး လူပျိုကြီးများ၏ လက်သုံးစကားဖြစ်သည် ။

“သား အိမ်ထောင်ပြုမှာပါ၊ ဒါပေမဲ့ ရှာပါရစေဦး”

“မင်းရှာစရာ မလိုတော့ဘူး၊ ဖေတို့မေတို့ ရှာထားပြီးပြီ”

“ဟာ…ဘယ်သူနဲ့တုန်း”

“မတင်မြနဲ့ပေါ့ကွယ်”

ရိုးမြင့် စိတ်ညစ်သွားသည်။

“ဟာ…လာပြန်ပြီ ဒီမတင်မြ”

မတင်မြဆိုသည်က သူနှင့် လူကြီးချင်း သဘောတူထားသည်ဆိုသော မိန်းကလေးဖြစ်သည်။ အတည်ပြု စေ့စပ်ထားခြင်းတော့ မရှိပါ။ လူကြီးချင်း အားအားယားယား လျှောက်ပြောထားသည်လောက်ပဲ ရှိပါသည်။

"မတင်မြလေးက ရိုးပါတယ်ကွယ်၊ အိမ်တွင်းမှုလည်း နိုင်တယ်၊ ဟိုတလောကပဲ သူလုပ်ထားတဲ့ ချဥ်ဖတ်တွေ ပို့ပေးလိုက်သေးတယ် မဟုတ်လား"

"အာ...ချဥ်ဖတ်စိမ်တတ်တာနဲ့ပဲ ယူရတော့မှာလား"

"မဟုတ်ဘူးလေကွယ်"

"ဟုတ်ပါတယ်"

မတင်မြက တောသူဌေးသမီးဖြစ်၏။ သူ့ထက် နှစ်နှစ်ခန့် ငယ်သည်။ ဆန်စက်တွေ၊ ဆေးလိပ်ခုံတွေ ပိုင်၏။ တောက ဘဏ်မှာတော့ သူ့ငွေစုစာအုပ်က စာရင်းအများဆုံး ဖြစ်နိုင်သည်။

"အခု မတင်မြဆီက ဓာတ်ပုံတွေ ပို့ပေးလိုက်တယ်၊ ဒီမှာ..."

မေမေက အယ်လဘမ်စာအုပ်တစ်အုပ်ကို ထုတ်ပေး၏။ အယ်လဘမ်ကတော့ မြို့ကအယ်လဘမ်ဖြစ်သည်။ ရိုးမြင့်က လှမ်းမယူ။

"ဟာ...မကြည့်ချင်ပါဘူး၊ လှလည်း မလှဘဲနဲ့"

"ဩော်...ချစ်စရာလေးပါ သားရယ်"

မတင်မြက မည်းမည်းလုံးလုံးကလေးဖြစ်၏။ ဝဖောင်းဖောင်းနိုင်သည်။ သန်မာပြီး တောက်တောက် တောက်တောက်နှင့် လမ်းလျှောက်တက်သည်။

"ဘာချစ်စရာ ရှိမှာလဲ၊ ဘယ်လိုမှ မလှဘူး၊ အိုးလေးဘိန်းမုန့်က ခြေတွေလက်တွေ ထွက်နေတဲ့ ပုံကြီးကို"

"အောင်မယ်လေး သားရယ်...သူများ သားသမီးကို အဲလို မပြောပါနဲ့"

ထိုသို့ဖြင့်...

မေမေ့၏ အိမ်ထောင်ရေး ဒဿနများကို နာရီဝက်ခန့် ထိုင်နားထောင်နေရတော့သည်။ ဖေဖေကတော့ ဘာမှ ဝင်မပြော။ ထုံးစံအတိုင်း ပြုံးပြုံး ပြုံးပြုံး လုပ်နေသည်။

နံဘေးမှ သူကိုယ်တိုင် နားညည်းလာချိန် ဖေဖေက စကားဝိုင်းကို သူကိုယ်တိုင် ဝင်ဖျက်ပေးသည်။

"ကဲကဲ...ကိုရိုး သွားစရာရှိရင် သွားပါစေတော့"

"ဘယ်သွားမှာတုန်း"

"မြို့ထဲက ဆေးခန်းတစ်ခုကို သွားမလို့၊ လေ့လာစရာ ရှိလို့"

"ကြွပါတော်...ကြွပါ"

ထိုင်ရာမှ ထလိုက်သည်။ အဝတ်အစားလဲပြီး မြို့ထဲသို့ တစ်ချိုးတည်း ထွက်ခဲ့ရသည်။

မြို့ထဲမှ နာမည်ကြီး ဆေးခန်းတစ်ခုသို့ ဝင်ကာ မိတ်ဆွေ ဆရာဝန်တစ်ဦးနှင့် တွေ့သည်။ သူတို့ ဆေးခန်းကြီး၏ လုပ်ပုံကိုင်ပုံတွေကို တီးခေါက်လေ့လာသည်။ ထူးထူးခြားခြား သိပ်မတွေ့ရပါ။ နှုတ်ဆက်ပြီး စောစောစီးစီး ပြန်ထွက်ခဲ့၏။

အိမ်ပြန်ဖို့ အချိန်စောနေသေးသည်။ ဘယ်ကို သွားရမည်မှန်းလဲ မသိ။ ကိုယ့်ဘဝ၏ ကိစ္စအဝဝကို တစ်ယောက်တည်း အေးအေးဆေးဆေး ထိုင်စဉ်းစားချင်သည်။ ထိုသို့ဖြင့် အင်းလျားကန်စပ်သို့ ထွက်ခဲ့သည်။

ကံကောင်းထောက်မစွာ အင်းလျားကန်စပ်မှာ လူသူရှင်းလင်းနေသည်။ ရင်ရှုပ်ရသည်ဆိုသော ရုပ်ရှင်သမားများလည်း မရှိ။ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်သည်။ ကန်စပ်မှ ခုံဆီသို့ ဦးတည်လျှောက်သွားလိုက်၏။

"အာ..."

ကန်စပ်မှ ဝိုင်းထဲမှာ လူပြည့်နေသည်။ တစ်ယောက်တည်းရှိသော ဝိုင်တစ်ဝိုင်းကိုတော့ သူတွေ့သည်။

"ဟာ..."

ထိုဝိုင်းမှာ ထိုင်နေသူက မိန်းကလေးဖြစ်ပြီး၊ အားလုံးမျှော်လင့်ထားကြသည့်အတိုင်း မရွှေဆည်းဆာ ဖြစ်လေသည်။ ထိုဝိုင်းသို့ ဦးတည်လျှောက်သွားလိုက်၏။ ရင်ပင် ခုန်နေမိသေးတော့သည်။

ဆည်းဆာက အဝေးသို့ ငေးနေသည်။ စားပွဲပေါ်မှာ စာအုပ်တစ်အုပ်ကို ချထားသည်။ သူသွားရပ်တော့ ဖျတ်ခနဲ လှည့်ကြည့်၏။ ပြီး... သူ့ကိုတွေ့တော့ မျက်နှာတည်သွားသည်။

"ကန်တော့ပါသေးရဲ့"

ထိုသို့ပြောပြီး မျက်နှာပြန်လွှဲသွားသည်။ ရိုးမြင့် အောင့်သက်သက်ဖြစ်သွားသည်။

"အဟဲ...မဆည်းဆာ"

မျက်လုံးတောက်တောက်ကလေးများက သူ့ထံ စူးဝဲရောက်ရှိလာသည်။ အံ့ဩဟန် မပြပါ။

"ရှင်က ကျွန်မနဲ့ သိလို့လား"

"သိတယ်လေ"

"ဘယ်မှာ သိတာလဲ"

"မြို့ထဲမှာ ခင်ဗျ"

သူမက ရိုးမြင့်ကို ဘာမှ ဆက်မပြောတော့ဘဲ မျက်နှာလွှဲသွားသည်။ ရိုးမြင့်က သူမဘေးမှ ခုံမှာ ဝင်ထိုင်လိုက်သည်။ ခုံက ဆိုင်မှခုံ ဖြစ်သည်။ ကိုယ့်ဖင်နှင့် ကိုယ် ထိုင်လိုက်ခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် သူမထံ ခွင့်မတောင်းလိုက်။

"ဆရာ ဘာသုံးဆောင်မလဲ"

စားပွဲထိုးလေးက သူတို့နှစ်ယောက်ကို စိတ်ကောက်နေသော စုံတွဲဟု ထင်ကာ မရဲတရဲလာမေး၏။ ရိုးမြင့်က သူမ သောက်ထားသော ခရက်ရှာပုလင်းကို ကြည့်ပြီး စားပွဲထိုးလေးကို...

"ဩော်...မင်းက ဒွေးလား"

"ခင်ဗျာ..."

စားပွဲထိုးလေးက ကြောင်ကြည့်နေသည်။ သူမက ရိုးမြင့်ကို မျက်လုံးထောင့်ကပ်ပြီး ကြည့်သည်။ အပဲခနဲ ရယ်ပြလိုက်ရင်း ...

"တီဗွီထဲက ခရက်ရှာရှိလားဆိုတာ ခင်ဗျားကိုး ..."

"လာကြောင်မနေနဲ့"

"မဟုတ်ပါဘူး၊ တို့လည်း ခရက်ရှာသောက်ရင် ကောင်းမလားလို့"

"ကိုယ့်ဘာသာ သောက်ချင်တာ သောက်ပေါ့"

"အင်း ...အင်း ဒါဖြင့် ကိုယ့်ပိုက်ဆံနဲ့ ကိုယ်မှာသောက်မယ်နော်"

ထိုသို့လည်း ရှင်းအောင် ပြောထားရသေး၏။ အားလုံးမျှော်လင့်ထားသည့်အတိုင်း သူမက ဘာမှပြန်မပြောချေ။ မျက်နှာလည်း လွှဲထားမြဲဖြစ်၏။

စားပွဲထိုးလေးက ခရက်ရှာတစ်လုံး လာချပေး၏။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြသဖြင့် နှစ်ယောက်တည်းရှိသော ဝိုင်းကလေးမှာ တိတ်ဆိတ်နေသည်။

ရိုးမြင့်က ထိုအခြေအနေကို ပြောင်းလဲပစ်ချင်၏။ ငတက်ဖြား ကာတွန်းထဲကလို 'အဟမ်း ...နေကန်းတယ်နော်' ဟု ပြောလိုက်ရင် ကောင်းမလား။ စကားစက ရှာမရချေ။

"မဆည်းဆာ တစ်ယောက်တည်းလား"

"ရှင် မျက်စိ မမြင်ဘူးလား"

"မြင်ပါတယ်၊ ဩော်...အို...အဟဲ... ညနေတောင် စောင်းတော့မယ်"

"အဲဒါ ဘာဖြစ်လဲ"

"ဩော်...ဆည်းဆာက ဆည်းဆာကို လာကြည့်တာလားလို့ပါ၊ ဆည်းဆာချိန်ရဲ့ တိမ်တွေက လှတယ်"
သူ့စကားကြောင့် ဆည်းဆာ၏ မျက်နှာက ပြုံးရိပ်သန်းသွားသည်။ သူက စားပွဲပေါ်မှ ဆည်းဆာ၏စာအုပ်ကို ပိုင်စိုးပိုင်နင်း ဆွဲယူကောက်ဖတ်လိုက်သည်။

"ဟာ...ဒီစာအုပ် အရမ်းကောင်းတယ်"

လွှတ်ခနဲ ပြောလိုက်မိ၏။ ဟိုက်ဒရိုသရပီဟုခေါ်သည့် ရေကုထုံးအကြောင်း ရေးထားသည့် စာအုပ်ဖြစ်သည်။

"ဒီစာအုပ်ဗျာ...အရင်က ကျွန်တော့်မှာ ရှိတယ်၊ သူများ ငှားသွားပြီး ပြန်မပေးလို့"

စာအုပ်၏ ရှေ့ဘက်မှာ 'ဆည်းဆာ၊ မန္တလေးဆေးတက္ကသိုလ်' ဟု အင်္ဂလိပ်လို ရေးထိုးထားသည်။

"သြော်..."

ဆည်းဆာက ရိုးမြင့်ကို လှည့်ကြည့်ရပြန်သည်။

"လက်စသပ်တော့ ဆေးမန်းကကိုး ..."

"အဲဒါ...ဘာဖြစ်လဲ"

"ကျွန်တော်က မဆည်းဆာကို ဆေး(၁)မှာ သွားရှာနေတာ"

"နေပါဦး ...၊ ရှင်က ကျွန်မကို ဘာကိစ္စ ရှာရတာတုန်း"

"သြော်...အဟဲ ဒီလိုပါ"

ဆည်းဆာက ဟုတ်ရင်တော့ ဟုတ်ပေါ့ဟူသော အကြည့်ဖြင့် သူ့မျက်နှာကို စေ့စေ့ကြည့်နေသည်။

"ဟိုလေ...မဆည်းဆာက ဆည်းဆာချိုဆိုတဲ့ ကလောင်နာမည်နဲ့ ကဗျာတွေ ရေးတယ် မဟုတ်လား"

"ရှင်က ဘယ်လိုလုပ် သိလဲ"

"မဖတ်ဘူးလို့ပါ"

"ဘာ...ရှင့်"

ရိုးမြင့် စကားမှားသွားသည်။ ဖတ်ဖူး၍ သိသည်ဆိုလျှင် ဖြစ်နိုင်သေး၏။

"ဟိုလေ...ဒီလိုပါ"

စကားကို ကမန်းကတန်း ပြန်ပြင်ရသည်။

"ကျွန်တော်က ကျွန်တော် မဖတ်ဘူးတဲ့ ဆေးကျောင်းကဗျာဆရာတွေကို လိုက်လေ့လာနေတာ မဆည်းဆာရဲ့၊ ကဗျာတွေကိုလည်း စိတ်ဝင်စားလို့"

"လျှောက်ပြောမနေနဲ့"

ရိုးမြင့်စကားကို သူမက ထိုသို့ အသိအမှတ်ပြု၏။ ရိုးမြင့် အမ်းသွားသည်။ ဘာဆက်ပြောရမည်မှန်း မသိ။

"ဟာ..."

စာအုပ်ကို လှျောက်လှန်ရင်း စာအုပ်ကျောဘက်မှာ ရေးထားသည့် ကဗျာတစ်ပုဒ်ကို တွေ့လိုက်ရသည်။ ရှေ့မှာ လက်မှတ်ရေးထိုးထားသော လက်ရေးအတိုင်း ဖြစ်သည်။ လှပသော်လည်း အတန်ငယ်သေ့သော မိန်းကလေးလက်ရေးများ ...။ ကဗျာက အလာကြီးဖြစ်၏။ မော်ဒန်ကဗျာပဲဖြစ်သည်။

*တကယ်တော့ ကောင်းကင်အထိ မရောက်လိုပါဘူး*
*အပွင့်စိုစိုတွေနဲ့*
*လေထဲမှာ လင်းချိုင်ကိုက်တွဲကြည့်ရတာပါ*
*မီးရှူးမီးပန်းပဲကွယ်*
*ငါ့ရဲ့ ဂီတက ပူအိုက်ခြောက်သွေ့လွန်းလှတယ်။*

"မဆည်းဆာက ကဗျာတော့ အတော်ကောင်းသားဗျ"

အကြည့်က ဖျတ်ခနဲ ရောက်လာပြန်သည်။ စကားကို ပြန်ပြင်ရပြန်သည်။

"ဟို...ကဗျာလည်းကောင်းပါတယ်၊ လူကလည်း ကောင်းပါတယ်၊ ကျွန်တော် မဆည်းဆာကို မိတ်ဆက်ချင်လို့ပါ"

သူမက စိတ်မရှည်သလို သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်၏။

"ကျွန်မ စိတ်ရှုပ်လို့ ချောင်းကမ်းပါး လာထိုင်နေတာ"

ရိုးမြင့် စိတ်ထဲ မကောင်းဖြစ်သွားသည်။ သူက သပွတ်အူလို မျောလာခြင်း မဟုတ်ပါ။ သို့သော် ဘာကိုမှ ဖြေရှင်းမနေတော့။ အလိုက်တသိ ငြိမ်သက်ပေးလိုက်သည်။

ညနေခင်းက အလင်းဖန့်ဖန့်နှင့် တောက်ပနေသည်။ ဟိုးအဝေး မိုးမြင့်မှာ တိမ်ဖြူတွေ၊ ဝတ်မှုန်မပါဘဲ ပွင့်နေ၏။ အင်းလျားရေပြင်က တသွင်သွင် မစီးသော်လည်း တလွင်လွင် ညည်းနေသည်ဟု ထင်ရသည်။

သူမကို ခိုးကြည့်မိ၏။ နက်မှောင်ဖားလျားကျနေသည့် ဆံနွယ်များက ပျော့ပျောင်းတောက်ပနေသည်။ စင်ကြယ်ရှင်းသန့်သည့် မျက်နှာကလေးကလည်း ငေးလေ လှလေဖြစ်၏။ ခုံပေါ်မှာ ခပ်နွဲ့နွဲ့ ထိုင်နေပုံက ပန်းချီဆရာတွေ ပုလင်းထဲ ခုန်ချပြီး သေဖို့ ကောင်းတော့သည်။ (မသောက်တတ်သော ပန်းချီဆရာများမပါ။)

ရိုးမြင့်လည်း သူမကို စကားမစတော့ဘဲ အတွေးတွေ ဝေနေလိုက်မိသည်။

ရှုပ်ထွေးနေသော ပြဿနာများကြားမှာ ကိုယ်က ဘီလူးစွယ်ကာရံနှင့် ရေးစပ်ခံထားရသည့် ကဗျာဖြစ်နေသည်။

"ဩော်...မတင်မြ၊ မတင်မြ"

"ရှင် ဘာတွေ ပြောနေတာလဲ"

ကပျာကယာ ငြင်းရပြန်သည်။

"မဟုတ်ပါဘူး၊ ကျွန်တော့်ဘာသာ တွေးနေရင်း ပါးစပ်က အသံထွက်သွားတာပါ"

သူမက ခပ်တည်တည်တစ်ချက် ကြည့်သည်။ ပြီး ...ဘာတွေမှန်းမသိသော သူ့တွေးလက်စတွေကို ဆက်တွေးနေသည်။ သူမကတော့ ဘာသံမှ မထွက်။ 'ဩော်...ကိုတင်မြင့်၊ ကိုတင်မြင့်' ဆိုတာမျိုးလည်း မရေရွတ်ပါ။

ခဏကြာတော့ သူမ ထိုင်ရာက ထသည်။

"ကဲ...ရှင့်ဟာရှင်သာ ဆက်ထိုင်နေတော့၊ ကျွန်မသွားတော့မယ်"

"ဟင်…ကျွန်တော်လည်း သွားတော့မလို့"

"ရှင် ဘယ်ဘက်လမ်းက သွားမှာလဲ"

"ဒီဘက်လမ်းက"

"ကောင်းပြီ…ဒါဖြင့် ကျွန်မ ဟိုဘက်လမ်းက သွားမယ်"

"အအေးဖိုး ကျွန်တော် ရှင်းလိုက်မယ်နော်"

"မလိုပါဘူး၊ ရှင့်အအေးဖိုး ရှင်ပေးပေါ့"

ပြောပြောဆိုဆို သူမက ငွေရှင်းရန် ပိုက်ဆံထုတ်သည်။ ရိုးမြင့်ကလည်း အိတ်ကပ်ထဲမှ ပိုက်ဆံကို နှိုက်လိုက်ပြီး …

"မဆည်းဆာက ဒီစားပွဲထိုးလေးကို ငွေရှင်းမလို့လား"

"ဟုတ်တယ်"

"ဒါဖြင့်ရင် ကျွန်တော်က ဟိုစားပွဲထိုးကြီးနဲ့ ငွေရှင်းလိုက်မယ်နော်"

ဆည်းဆာက ရယ်ချင်သွားဟန်ရှိသည်။ သို့သော် မျက်နှာကို တည်မြဲဆက်တည်ထားပြီး …

"ရှင် သဘောပေါက်ရင် ပြီးတာပဲ"

"ပေါက်ပါတယ်ဗျာ၊ ဩော်…ဒါနဲ့ မဆည်းဆာ"

လှည့်ကြည့်သည်။ ဒီတစ်ခါတော့ သေသေချာချာ မျက်လုံးချင်းဆုံလိုက်ကြသည်။ သူမ၏ မျက်နက်ဝန်းများက လင်းလဲ့နေသည်။

"ဘာလဲ"

"ဟိုလေ…မဆည်းဆာ ဘယ်မှာနေတာလဲ"

"ရှင့်အပူပါလား"

ရိုးမြင့်က လေချိုသွေးပြီး …

"ဟဲဟဲ…ခင်ဗျားမပြောလည်း ကျွန်တော် သိပါတယ်ဗျာ"

"ဘာ…"

သူ့မျက်နှာ တစ်မျိုးဖြစ်သွားသည်။ ရိုးမြင့်၏ မျက်လုံးထဲအထိ စိုက်ကြည့်၏။ အကြည့်က တစ်ခုခုထူးခြားသလို ဖြစ်နေ၍ ရိုးမြင့်က ရယ်ရယ်မောမော စကားလျှောချလိုက်ရသည်။

"မသိဘဲ နေမလားဗျာ၊ ဆည်းဆာဆိုတာက ကောင်းကင်ထောင့်ချိုးတစ်ခုမှာ နေတာပဲ…၊ ညနေတိုင်း တွေ့နေရတာ"

ဆည်းဆာက ဘာမှမပြောတော့ဘဲ လှည့်ထွက်ရန် ပြင်သည်။ မထွက်ခင်မှာ...

"ကျေးဇူးပြုပြီး ကျွန်မနောက်က လိုက်မလာပါနဲ့"

ရိုးမြင့် ငိုင်သွားပြီးမှ...

"ဟုတ်...ဟုတ်ကဲ့ပါ။ နောက်ရက်တွေ ဒီကို လာထိုင်ဦးမှာလားဟင်"

စကားပြန်ပင် မရလိုက်ချေ။ သူမက ကျောခိုင်းထွက်ခွာသွားပြီးဖြစ်၏။ လိုက်သွားချင်သော်လည်း မလိုက်ရဲ။

ထိုညက ဘယ်ညာလူးလိမ့်ပြီး ရိုးမြင့် အိပ်မရ။ ဘာဖြစ်သည် မသိ။ ပဟေဠိလေးထံမှလည်း ဖုန်းမလာချေ။

"ဆည်းဆာရေ..."

သူမ ကြားမှာမဟုတ်ဘဲနှင့် အော်ခေါ်နေမိပြန်လေသည်။

***********

အခန်း (၉)

*စယ်လီဥယျာဉ်တွေရဲ့ အဆင်းလေးမှာ*
*မင်းနဲ့ငါ တွေ့ဆုံကြတယ်*
*မင်းက နှင်းဖြူလို ခြေထောက်လေးတွေနဲ့*
*စယ်လီဥယျာဉ်ကို ဖြတ်သန်းသွားရဲ့။*
*သူမက အချစ်ကို*
*သစ်ရွက်ကလေးတွေ ပင်စည်က တိုးထွက်လာသလိုမျိုး*
*ခံယူပါတဲ့။*
*ဒါပေမယ့်...*
*ငယ်ရွယ်ရူးမိုက်တဲ့ငါက*
*မင်းစကားကို သဘောမတူခဲ့ပါဘူး။*

*မြစ်ကမ်းပါးဘေးက ကွင်းပြင်ထဲမှာ*
*ချစ်သူနဲ့ငါ ရပ်နေကြတယ်။*
*သူ့ရဲ့နှင်းဖြူလက်ကလေးတွေက ငါ့ပုခုံးပေါ်မှာ*
*သူမက ဘဝကို*
*မြက်ပင်ကလေးတွေ ပေါက်ရောက်လာသလိုမျိုး*
*ခံယူပါတဲ့။*
*ဒါပေမယ့်*
*ငယ်ရွယ်ရူးမိုက်တဲ့ငါလေ ခုတော့*
*မျက်ရည်တွေနဲ့ ပြည့်ခဲ့ရပြီ။*

ချစ်စရာကောင်းသော ကဗျာလေးဖြစ်၏။ မြန်မာကဗျာမဟုတ်။ နိုင်ငံခြားဘာသာပြန်ကဗျာဖြစ်သည်။ 'အိုင်ဒီယာ' မဂ္ဂဇင်းတွင် ပါဝင်လာခြင်းဖြစ်သည်။ သဘောကျမိသဖြင့် ကဗျာလေးကို နှစ်ခေါက်ပြန်ဖတ်ကြည့်ပြီးမှ အောက်က ကလောင်နာမည်ကို ကြည့်မိသည်။

ကလောင်အမည်က အားလုံးမျှော်လင့်ထားသည့်အတိုင်း ဆည်းဆာချို ဖြစ်နေလေသည်။

"ဟေ..."

ရိုးမြင့် ထိုင်ရမလို ထရမလို ဖြစ်သွားသည်။ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ဖတ်ခြင်းဖြစ်၍ ထိုင်ရမလို ထရမလို အပြင် ပက်လက်လှဲရမလိုပါ ဖြစ်သွားသည်။

ဘာဖြစ်မှန်းမသိ၊ ပျော်လိုက်တာ...။ 'တစ်မျိုးပဲနော်' ဟု ကိုယ့်ကိုယ်ကို ပြန်ပြောမိသေး၏။ 'အို တစ်မျိုးမကလို့ နှစ်မျိုး၊ သုံးမျိုးပဲဖြစ်ဖြစ်' ဟုဆက်ပြောလိုက်သေးသည်။ သူမကိုလည်း အရမ်းတွေ့ချင်သွားမိသည်။

လွမ်းရတာလည်း နေ့နေ့ညညပါပဲ။ ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုလုပ်ရမလဲ။

အိုင်ဒီယာမဂ္ဂဇင်းက ဒီလထုတ် အသစ်စက်စက်မဂ္ဂဇင်းဖြစ်၏။ မဂ္ဂဇင်းတိုက်ကို ဖုန်းဆက်ပြီးမေးလျှင် သူမ၏ လိပ်စာကို သိနိုင်သည်။

"အို...ဟုတ်ပြီ"

ဖုန်းခွက်ကို တက်ကြွစွာ ကောက်ကိုင်လိုက်၏။ ကိုယ်က စိတ်စောနေရသည့်ကြားထဲ တစ်ဘက်ဖုန်းက တော်တော်နှင့်ခေါ်မရ။ အလကားနေရင်း ဘယ်သူတွေ စကားကြောရှည်နေကြသည်မသိ။ ဖုန်းက အင်ဂေ့ချ် ဖြစ်နေလေသည်။

ဒီကြားထဲမှာ မေမေက တမှောင့်။

"သား ဘယ်သူ့ဆီ ဖုန်းဆက်မလို့လဲ"

"အသိ တစ်ယောက်ဆီကိုပါ"

"အေး...အေး မတင်မြလည်း မင်းနဲ့သိတယ်နော် သား"

"ဟာ..."
မေမေက မတင်မြဆီ ဖုန်းဆက်စေလိုခြင်းဖြစ်သည်။ မဆက်ချင်ပါ။ သူတို့ကို လူကြီးချင်းသဘောတူထားမှန်းမသိခင်တုန်းက မေမေခေါ်ခိုင်းသဖြင့် ခေါ်ပေးဘူးသည်။ မတင်မြ၏ ဖုန်းထူးသံက တမျိုးကြီးဖြစ်သည်။ နွားမောင်းသံနှင့်တူသည်။ 'ဟဲ့ လို' ဟု ထူးတတ်၏။ "မတင်မြရှိလား" ဟု မေးလျှင်လည်း "အခုပြောနေတဲ့သူပါပဲရှင်" ဘာညာမျိုး ပြန်ပြောလေ့မရှိ။ အညာမှ အဘွားကြီး တစ်ယောက်၏လေသံအတိုင်း "ပြောနေတယ် ပြောနေတယ်" ဟု ပြန်အော်တတ်၏။

"ရန်ကုန်ကပါ" ဟု ပြောလိုက်လျှင်လည်း သူနှင့်ပြောရမည့်ကိစ္စကို မဆီမဆိုင် "ရန်ကုန်ကတဲ့ ကြီးမေရေ" ဟုထအော်တတ်သေး၏။ မေမေကမဲ့ပြပြီး အပေါ်ထပ်တက်သွားသည်။ သူ့မတင်မြဆီ မဆက်နိုင်ပါဘူး။ ကိုယ့်ဘာသာ ကိုယ့်မတင်မြရဲ့ လိပ်စာကိုစုံစမ်းမလို့။

ခဏကြာတော့ အိုင်ဒီယာကို ဖုန်းခေါ်လို့ရသွားသည်။

"ဟဲလို...အိုင်ဒီယာ မဂ္ဂဇင်းကပါလားခင်ဗျာ"

"ဟုတ်ပါတယ်"

"ကျွန်တော် အယ်ဒီတာနဲ့ စကားနည်းနည်းပြောချင်လို့ပါ"

"ခဏနော်"

"ဟုတ်ကဲ့"

တစ်ဘက်မှ အသံတိတ်သွားသည်။ ပြီးမှ... စောစောကလူကပဲ ဖုန်းကို ပြန်ကိုင်ကာ...

"မေ့သွားလို့ဗျ"

"ဗျာ..."

"အယ်ဒီတာက ကျွန်တော်ပဲဗျ"

"ဟင် ခင်ဗျားကလည်းဗျာ"

"အေး...အမှတ်တမဲ့ ဖြစ်သွားတာ၊ ကျွန်တော်က ကိုယ့်ကိုယ်ကို အနုပညာသမားလို့ပဲ ခံယူထားတာ၊ အယ်ဒီတာဆိုတဲ့ စာလုံးက ကျွန်တော့်အတွက် စိမ်းနေတယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့ ဒါဆိုရင်လည်း ကျွန်တော်သိချင်တာလေး တစ်ခု မေးမလို့ပါ"

"ဘာများပါလိမ့်"

"ဒီလထုတ် အိုင်ဒီယာ မဂ္ဂဇင်းမှာ ဆည်းဆာချိုရဲ့ ဘာသာပြန်ကဗျာလေးတစ်ပုဒ် ပါလာတယ်"

"ဟုတ်ကဲ့ အဲဒါ ဘာဖြစ်လို့ပါလဲ"

"ကျွန်တော် အဲဒီကဗျာလေးကို သဘောကျလို့ဗျ၊ ဘာသာပြန်ထားပုံလေးက ချစ်စရာကောင်းတယ်ထင်လို့"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ၊ ဒါပဲလား"

"အဲ...အဲဒါ ကျွန်တော် ဆရာမ ဆည်းဆာချိုရဲ့ လိပ်စာလေးများသိရမလားလို့"

"ဘာလုပ်မလို့လဲမသိဘူး"

"အဲ..."

ရိုးမြင့် ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ ထိုသို့ ပြန်မေးမည်ဟု ထင်မထားမိချေ။

"အဲ...ဟို သူနဲ့က အသိတွေဗျ မတွေ့တာကြာပြီ။ ဒီကဗျာလေး ဖတ်ရတော့ သူနဲ့ ပြန်တွေ့ချင်လို့၊ အဲဒါကြောင့် လိပ်စာလှမ်းတောင်းကြည့်တာပါ"

"သြော်... ပတ်သက်မှုရှိသလား"

"ဟုတ်...ဟုတ်ကဲ့ ရှိတယ်၊ သူက ကျွန်တော့်ရဲ့ မတင်မြဗျ"

"မတင်မြ"

"သြော်... မဟုတ်ဘူး၊ အဲဒါက ကျွန်တော့်ဘာသာခေါ်တဲ့ နာမည်ပါ။ သူ့နာမည်အရင်းက ဆည်းဆာတဲ့၊

မန္တလေးဆေးတက္ကသိုလ်က ဆေးကျောင်းပြီးကာစ ဆရာဝန်ပေါက်စပေါ့”

“သြော်…အဲဒါဆိုရင်တော့ ဟုတ်ပါတယ်”

“ခု လက်ရှိ လိပ်စာများ ကျွန်တော်သိရမလားခင်ဗျာ”

တစ်ဘက်မှ အယ်ဒီတာက ခေတ္တစဉ်းစားနေ၏။ ပြီးမှ…

“ဒီလိုလုပ်ဗျာ”

“ဟုတ်ကဲ့ ပြောပါ”

“ကျွန်တော်တို့တွေက အယ်ဒီတာ ဝတ္တရားအရ အဲဒီလို လိပ်စာထုတ်ပြောလို့မရဘူးဗျ”

“အာ…”

“အဲဒီတော့ကာ…”

“ဟုတ်ကဲ့”

“သူ စာမူခ လာမထုတ်ရသေးဘူး၊ စာမူခလာထုတ်ရင် ခင်ဗျား ဖုန်းဆက်ကြောင်းပြောပြပေးမယ်၊ ခင်ဗျားကို သူကပဲ ဆက်သွယ်ဖို့ ကျွန်တော်ပြောပြပေးမယ်၊ ခင်ဗျားရဲ့ နာမည်နဲ့ လိပ်စာ ကျွန်တော့်ကို ပြောထားခဲ့”

ရိုးမြင့် စိတ်ညစ်သွားသည်။ အတော်စေ့စပ်သည့် အယ်ဒီတာဖြစ်နေသည်။ သူ့နာမည်နှင့် လိပ်စာကို ပေးထားလိုက်၏။ သို့သော် သူမက ဆက်သွယ်မှာ မဟုတ်သည့်အပြင် ဒေါသတကြီးပင် ကျိန်ဆဲလိမ့်ဦးမည်။
သူ့ကို သူမှန်းတော့ သိလိမ့်မည် မဟုတ်။ တစ်ယောက်ယောက်က အနှောင့်အယှက်လိုက်ပေးသည်ဟုပဲ ထင်သွားလိမ့်မည်။
ကိုယ်ကလည်း မတင်မြပ သွားပြောလိုက်မိသည်ကိုး…။

ဖုန်းချအပြီး ခြံထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းဆင်းလျှောက်နေလိုက်သည်။ အကြံထုတ်နိုင်ရန်အတွက် လက်နှစ်ဘက်ကို နောက်မှာ ပစ်ထားလိုက်၏။

“သား… ဘာဖြစ်နေလဲ”

ခြံထောင့်မှာ Dream Bed ဖြင့် စာဖတ်နေသော ဖေဖေက လှမ်းမေးသည်။

“ဘာမှ မဖြစ်ပါဘူး ဖေဖေ၊ မြို့ထဲသွားမလား စဉ်းစားနေတာ”

ဖေဖေကဆက်မမေးတော့ဘဲ စာကိုဆက်ဖတ်နေသည်။

ဖေဖေက ယခုအခါတွင် ဆေးကုသခြင်းမပြုတော့ပေ။ ဆေးပညာဆိုင်ရာ စာအုပ်များကိုသာ တွင်တွင် ရေးထုတ်နေတော့သည်။ ထိုမျှနှင့်ပင် ဝင်ငွေက အတော်ကောင်းနေသူဖြစ်သည်။

ခဏအကြာမှာ အိမ်ထဲပြန်ဝင်ပြီး ရေမိုးချိုး၊ အဝတ်အစားလဲလိုက်သည်။ မြို့ထဲကိုထွက်မည်။ အိုင်ဒီယာ မဂ္ဂဇင်းတိုက်ဘက်ကိုသွားမည်။ ဆည်းဆာက ထိုမဂ္ဂဇင်းတိုက်သို့ စာမူခလာထုတ်ရဦးမည်ဖြစ်သည်။ တချိန်လုံး စောင့်ကြည့်နေလျှင် တွေ့နိုင်သည်လေ။

မဂ္ဂဇင်းတိုက်ကို တွေ့သည်။ မလှမ်းမကမ်းမှ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး တချိန်လုံး စောင့်ကြည့်နေလိုက်သည်။ ဆိုင်ရှင်မငြိုငြင်အောင် တစ်ခုပြီးတစ်ခု စားလိုက်သောက်လိုက် လုပ်နေရသည်။

ထိုသို့ဖြင့်ဆီးသွားချင်လာသည်။ အင်း...ဆည်းဆာကတော့ မလာဘူး။ ဆီးကတော့လာပြီ။ ဆီးကိုအောင့်ထားလျှင်မကောင်းမှန်း ဆရာဝန်တစ်ယောက်အနေဖြင့် သိနေတော့လည်း ခက်သည်။

နောက်ဆုံးတော့ လက်လျှော့ အရှုံးပေးပြီး လက်ဖက်ရည်ဆိုင်မှ ထရသည်။ လက်ဖက်ရည်ဆိုင်မှာ အပေါ့အပါးသွားရန်အိမ်သာမရှိချေ။ လမ်းထိပ်မှာ မယောင်မလည် သွားထိုင်နေလိုက်သည်။ ကောင်မလေးတွေ ဝင်လာတိုင်းလှမ်းလှမ်းကြည့်နေမိသဖြင့် နှာဘူးဟုပင် အထင်ခံရနိုင်သည်။

ထိုင်ရတာကြာလာတော့ ပတ်ဝန်းကျင်ကို အားနာသလိုဖြစ်လာသည်။ ကိုယ့်ကို တစ်မျိုးတစ်မည်များ မြင်ကြမလားဟုစိတ်မသိုးမသန့် ဖြစ်လာပြန်သည်။

ထိုသို့ဖြင့် ထိုင်ရာမှထပြီး ဟိုလျှောက် ဒီလျှောက်လုပ်ရပြန်သည်။ ထိုသို့လျှောက်ပတ်နေပြန်တော့လည်း အခံလူတို့၏မျက်စိစပါးမွေးဆူးစရာ ဖြစ်နေနိုင်ပြန်သည်။

ရုပ်ရှင်များ၊ ဝတ္ထုများထဲမှ ဇာတ်ကောင်တို့ သူတစ်ပါးအိမ်ကို စောင့်ကြည့်သည်ဆိုသော ကိစ္စမှာလွယ်လွယ်ကလေးဖြစ်ပါလျက် ကိုယ့်ကျမှ တော်တော်ကြီးခက်နေသည်။

ဒီပုံစံအတိုင်းဆိုလျှင်တော့ မဖြစ်သေးချေ။ တစ်ခုခုတော့ အကြံထုတ်ရမည်။ ကိုယ့်ခြံထဲမှာ လျှောက်နေခြင်းမဟုတ်၍လက်နှစ်ဖက်ကို နောက်ပစ်လိုက်၍လည်း မရချေ။ သူ့ချည်းသက်သက်စဉ်းစားရတော့သည်။

အင်း...ဟုတ်ပြီ။

ကိုယ့်ကျောပိုးအိတ်ကိုဖွင့်ပြီး ကဗျာ အတိုအစများ ရှာမိသည်။ ထိုကဗျာများကိုယူပြီး အိုင်ဒီယာမဂ္ဂဇင်းတိုက်ထဲသို့ဝင်သွားလိုက်သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"ဟို...ကျွန်တော် ကဗျာစာမူကလေးပေးချင်လို့"

ထိုအယ်ဒီတာက ရိုးမြင့်ထိုင်သော လက်ဖက်ရည်ဆိုင်မှာပင် ထိုင်သွားသူဖြစ်သည်။ စားပွဲချင်းကပ်ရက်ထိုင်ခဲ့ကြခြင်းဖြစ်သည်။ ရိုးမြင့်က ရယ်သွမ်းသွေးပြီး စကားစကို ရမယ်ရှာ ပြောလိုက်၏။

"ဩော်...အပေါင်း အစ်ကိုကြီးက ခုနက ကျွန်တော့်ဘေးမှာ လက်ဖက်ရည်လာသောက်သွားတာပဲ"

"ဟုတ်ပါတယ်"

ရိုးမြင့် ဘာဆက်ပြောရမည်မှန်း မသိချေ။ ဆည်းဆာချိုဆီရောက်အောင် ဘယ်လိုစကားဖြင့် ဆက်သွားရမည်မှန်း မသိ။

"ကျွန်တော် ဒေါက်တာရိုးမြင့်ပါ"

"ဗျာ...အင်း ဟုတ်ကဲ့"

"ကျွန်တော့် သူငယ်ချင်း ဒေါက်တာဆည်းဆာကလည်း ဒီမှာ ကဗျာရေးတယ်ဆိုလို့"

"ဩော်...ဟုတ်ပါတယ်၊ သူမနက်အစောကြီးကပဲ ရောက်လာတယ်၊ ကျွန်တော်တောင် စာမူခ ထုတ်ပေးလိုက်သေးတယ်"

"ဟာ...ဟုတ်လား၊ ဘယ်အချိန်တုန်းက လာသွားတာလဲဗျ"

"မနက် ဆယ့်တစ်နာရီလောက်ကဗျ"

"ဩော်..."

ရိုးမြင့် စိတ်ဓါတ်ကျသွားသည်။ 'ဒေါက်' ခနဲ ကျသွားသောပစ္စည်းကိုမှ ပြန်ကောက်တင်၍ရဦးမည်။ 'အာ'ခနဲ ကျသွားသော စိတ်ဓါတ်ကိုတော့ ပြန်ဆွဲတင်ဖို့ မလွယ်ချေ။

ဆည်းဆာ ဤမဂ္ဂဇင်းတိုက်သို့လာသွားသော အချိန်မှာ သူက ခြံထဲမှာ လက်နှစ်ဖက်နောက်ပစ်၍ အကြံထုတ်နေတုန်းဖြစ်သည်။ စိတ်ပျက်လက်ပျက်နှင့် လှည့်ထွက်ခဲ့ပြီး အိမ်ပြန်ရန် Taxi လှမ်းတားလိုက်၏။

Taxi ကားက သူ့ရှေ့ထိုးရပ်မှ ကားပေါ်မှာ လူတစ်ယောက်ပါနေမှန်း သတိထားလိုက်မိ၏။

"ဟင်..."

"အော..."
အားလုံး မျှော်လင့်ထားကြသည့်အတိုင်း ကားပေါ်မှ ပါလာသူက ဆည်းဆာ (ဝါ) ဆည်းဆာချို (ဝါ) တံဆိပ်ခေါင်းကလေး (ဝါ) ကျွန်တော့် မတင်မြ ဖြစ်နေသည်။

ဒရိုင်ဘာက...

"ဘယ်သွားမလဲ"

ရိုးမြင့်က ဒရိုင်ဘာ့စကားကို မဖြေအားသေး။ အထက်အောက် အဖြူရောင်ဝတ်စုံဖြင့် လှပကြည်လင်နေသော ဆည်းဆာကို ဝမ်းသာအံ့ဩစွာ လှမ်းမေးလိုက်သည်။

"ဆည်းဆာ တစ်ယောက်တည်းလား၊ ခုနက ကျွန်တော်တောင် အိုင်ဒီယာမဂ္ဂဇင်းတိုက်ကို ရောက်သေးတယ်၊ ဆည်းဆာ မနက်က လာသွားတာကိုတောင် သူတို့ ပြောတယ်၊ ဘာလို့ အဖော်ခေါ်မလာတာလဲ"

ဆည်းဆာက မဖြေချင့်ဖြေချင်လေသံနှင့်...

"အင်း...တစ်ယောက်တည်းပဲ သွားတတ်တယ်၊ အဖော်ပါတာကမှ ပိုရှုပ်သေးတယ်"

ထိုစကားသည် ရိုးမြင့်ကို ကြိုတင်စည်းတားလိုက်ခြင်းဖြစ်နိုင်သည်။ 'ဆီးတား' လိုက်သည်ဟုလည်း ဆိုနိုင်သည်။

တက်စီဒရိုင်ဘာက...

"ကဲ...ဆရာတို့ နောက်မှ စကားပြောကြပေတော့၊ ဘယ်သွားမှာလဲ ဆိုတာကို ပြောဦး"

ရိုးမြင့်က အခွင့်အရေးကို ကျွတ်အကျမခံဘဲ....

“တစ်ခရီးတည်းပဲလေဗျာ...သူနဲ့အတူတူပဲ”

“သြော်...ဒါဆိုအဆင်ပြေတာပေါ့၊ အလုံကိုပဲပေါ့”

“ဟုတ်တယ်...အလုံကို အလုံကို”

“သုံးရာပေးရမယ်”

“ရတယ်ဗျာ”

နောက်ခန်းတံခါးဆွဲဖွင့်ပြီး တက်မည်လုပ်တော့ ဆည်းဆာက...

“ရှေ့မှာထိုင်လေ”

ရိုးမြင့်က ဒရိုင်ဘာနှင့်တော့ တွဲမခုတ်ချင်ပါ။ ကားတံခါးဖွင့်ရင်းတန်းလန်း အိုးတိုးအမ်းတမ်း ဖြစ်သွားမိသည်။ ဒရိုင်ဘာက....

“ဆရာတို့ချင်း ရင်းနှီးရင် နောက်မှာပဲ ထိုင်လိုက်ကြပါလား၊ ရှေ့ခုံကို ခုပဲ ရေသန့်ဗူး မှောက်သွားလို့”

ဟေ...ဟော့၊ ကားထဲသို့ ရိုးမြင့် ပစ်ဝင်ထိုင်ချလိုက်သည်။ လူအထင်ကြီးတာတော့ ခံရဦးမည်။ ဆည်းဆာက တစ်ဘက်သို့ ရွှေ့ထိုင်လိုက်သည်။ လိုက်ရွှေ့လျှင် ဖြောင်ကျလွန်းသလို ဖြစ်နေနိုင်သောကြောင့် ရိုးမြင့် လိုက်မရွှေ့။

သို့သော် သူနှင့် နီးနိုင်သမျှ နီးအောင်၊ ကိုယ်ကို အစွမ်းကုန် ကားထားလိုက်လေသည်။ ဒရိုင်ဘာက သူတို့ ဖြစ်နေတာတွေကို သတိမပြုမိ၊ ယာ့ဒ်ဒလေ ရေမွှေးနံ့ပါသော ဆည်းဆာ၏ ကိုယ်သင်းနံ့လေးကို ပြည်သူပိုင်လေထဲမှတစ်ဆင့် ရိုးမြင့် အားရပါးရရှုရှိုက်နေမိသည်။

ဒရိုင်ဘာက ကားမောင်းနေရင်း သူတို့ကို စကားရောသောပါသော လုပ်သည်။

“ဒီနေ့ ဘယ်လိုဖြစ်တယ် မသိဘူးဗျ”

“ဘယ်လိုဖြစ်လို့လဲ”

“ခုလိုပဲ အမျိုးသမီးတစ်ယောက်တည်းက ကားတားစီးတယ်၊ လမ်းမှာ လူထပ်တင်မယ်နော်ဆိုတော့ တင်တဲ့၊ လမ်းမှာ တားစီးကြတာတွေကလည်း အမျိုးသားတစ်ယောက်တည်းချည်း ဖြစ်ဖြစ်နေတယ်”

“အမျိုးသမီးတွေကပဲ ဦးဦးနေတဲ့သဘောပေါ့”

“ဟုတ်တယ်”

“ဒီလိုပေါ့ဗျာ...ကမ္ဘာကြီးမှာလည်း မိန်းမက အရင်ဖြစ်တာကိုး၊ ပြီးမှ ယောကျ်ားက လိုက်ဖြစ်ရတာ”

ဒရိုင်ဘာက နားထွေးသွားဟန်တူသည်။

“ဘယ်လို...ဘယ်လို”

"ပြော်...ဒီလိုလေဗျာ...ကမ္ဘာကြီးပေါ်စတုန်းက မိန်းမတွေက အရင်ဖြစ်တယ်၊ ပြီးမှ...ယောကျ်ားတွေက လိုက်ဖြစ်လာတာကိုး၊ အဲဒါကြောင့်မိန်းမကစောပြီး ယောကျ်ားက နောက်ကျကျနေတတ်တယ်။ အဲဒါမျိုးနေမှာပေါ့"

ဒရိုင်ဘာက ဘာမှ ပြန်မပြော။ သို့သော်....

"မဟုတ်တာတွေရှင်"

ဆည်းဆာ၏ ငြင်းသံချိုချိုလေးက ထွက်လာသည်။
ရိုးမြင့် စိတ်ထဲမှ ကြိတ်ရယ်လိုက်မိသည်။ မှတ်ထားကွ၊ ဒီပန်းလေး ထိုးလာဖို့ ဒီအိုးကို တမင်ချပေးလိုက်တာ။

"ဘာဖြစ်လို့လဲ"

"ကမ္ဘာဦးမှာ ယောကျ်ားက အရင်စဖြစ်တာပါရှင့်"

"ဒါဖြင့် အဲဒီယောကျ်ားကို ဘယ်သူကမွေးတာလဲ"

"အာ...ဒုက္ခပါပဲ"

ဆည်းဆာ စိတ်ညစ်သွားဟန်တူသည်။

"ဒီမယ် ကျွန်မပြောမယ်၊ ဘုရားသခင်က မြေမှုန့်ကနေတစ်ဆင့် 'အာဒမ်' ကို အရင်ဖန်ဆင်းလိုက်တာ၊ ယောကျ်ားကအရင်စဖြစ်တာ၊ ပြီးမှ အာဒမ်ရဲ့ နံရိုးတစ်ချောင်းနဲ့ 'ဧဝ'ကို ဖန်ဆင်းလိုက်တာ၊ မိန်းမက နောက်မှပေါ်လာတာ"

"ခရစ်ယာန်ကျမ်းစာထဲက ဟာတွေလာပြောနေတယ်"

"အောင်မာ... ဒါဖြင့်ပြောစမ်းပါဦး၊ ရှင်က ဘယ်ကျမ်းထဲကထုတ်ပြီးပြောတာလဲ"

"မှတ်ထား၊ အဿီတိနိပါတ်၊ မဟာဟံသဇာတ်ပါဠိတော်မှာ မိန်းမက အရင်စဖြစ်တယ်လို့ ဆိုထားတယ်ဗျ"

သူမ၏မျက်နှာ ရှုံ့သွားသည်။ လှတဲ့သူကျတော့လည်း မျက်နှာရှုံ့သွားတာကလည်း လှနေတာပါပဲ။

ရိုးမြင့်က ထပ်ကွန့်လိုက်၏။

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မန်လည်ဆရာတော်က မင်းကွန်းဆရာတော်ကိုမေးဖူးတယ်၊ မင်းကွန်းဆရာတော်က စာချိုးနဲ့ ပြန်ဖြေတယ်ဗျ"

သူမက ရိုးမြင့်ကို ငဲ့ကြည့်သည်။

"အဲဒီစာချိုးကို ရွတ်ပြရဦးမလား"

မျက်နှာလွှဲသွားသည်။ ရိုးမြင့်က ဌာန်နဲ့ဟန်နဲ့ ရွတ်ပြလိုက်သည်။

*"ကတ္တဓိတဲ့ ပုရိသ*
*ပေါ်စကမ္ဘာက*

*မိန်းမမှာ အစထူး*
*ရှေးဦးဖြစ်လာ။*
*သွေမလွဲပါဘူး*
*ဝေခွဲငှဲ့ဆွေသဟာငယ်*
*မှတ်ပါစေချင်လွန်း*
*ဥဒါန်းငယ်ပြောင်*
*လူ့တမ်းမှာ တမူဆောင်လို့*
*ဇမ္ဗူဘောင် နောင်မည့်ိုးအောင်*
*ထိုးတော့ မော်ကွန်း"*

စာချိုးရွတ်သံအဆုံးမှာ ရိုးမြင့်က...

"ကဲ သိပြီလား"

ဆည်းဆာ၏ မျက်နှာကို ပြုံးစိစိနှင့်ကြည့်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်မက သမ္မာကျမ်းစာနဲ့ ပြောလို့ ရှင်က ပါဠိတော်နဲ့ ပြန်ပြောတာပေါ့လေ"

"ဒါပေါ့ဗျာ...ဟဲဟဲ"

"အဲဒါဆို ကျွန်မကလည်း ရှင်မေးသလို ပြန်မေးမှာပဲ"

"မေးလေ...ဘာလဲမေး"

"ရှင်ပြောသလို မိန်းမကအရင်စဖြစ်တယ်ဆိုပါတော့"

"အင်း....အဲဒါဘာဖြစ်လဲ"

"အဲဒီမိန်းမကိုရော ဘယ်သူက မွေးလိုက်တာလဲ၊ သူ့အမေက ဘယ်သူလဲ၊ မိန်းမတစ်ယောက်တည်းက ကလေးမွေးလို့မရဘူး၊ အဖေရှိရဦးမယ်၊ အဲဒီအဖေကရော ဘယ်မှာလဲ"

"အဲ..."

ရိုးမြင့် ခေါင်းကုတ်လိုက်မိသည်။ ဒရိုင်ဘာက တဟားဟားထရယ်နေသည်။

************************************

အခန်း (၁၀)

မိုးလင်းတော့ ခေါင်းတွေနောက်ကျိနေသည်။ ညက တစ်ညလုံး ဆည်းဆာမျက်နှာကိုမြင်ယောင်ပြီး ကောင်းကောင်းပင်အိပ်မရ။ တစ်နေ့လုံး ဘာမှ ဟုတ်တိပတ်တိလည်း လုပ်မရ။

ဆည်းဆာနှင့် သူ တစ်ကားတည်းစီး တစ်ခရီးတည်းသွားခဲ့ကြသည့် ကိစ္စကို ပြောပြလိုသော်လည်း နားထောင်မည့်သူမရှိ။ ဟိုကောင်သုံးကောင်လုံး အိမ်မှာ မရှိချေ။ မင်းသန့်တို့အိမ်ကို ဆက်ကြည့်တော့ နေထွန်းနှင့် တိုးမိုးဝင်းတို့ လာခေါ်ပြီး

လော့်ကားတိရစ္ဆာန်ဥယျာဉ်သို့ ထွက်သွားကြသည်တဲ့။

နေထွန်းက မိန်းမယူရန်အတွက် ဟာကွက်မရှိအောင် အကုန်လိုက်ကြည့်နေသည်ထင်၏။ လူမလုလုလေး မဖြစ်မီ၊ မူလအနေအထားမှာ ရှိနေသည့် မျောက်မ လုလုလေးများကို သွားလေ့လာပုံရသည်။

တစ်နေ့လုံး ဟိုယောင်ယောင် သည်ယောင်ယောင်နှင့် အချိန်ကုန်နေရသည်။ မေမေကလည်း သူ့ကိုတွေ့သည်နှင့် မတင်မြကို သတိရလေသည်။ ထို့ကြောင့်အခန်းထဲမှာပဲ အောင်းပြီး 'အချစ်ရူးကြီးရူးတော့သည်' ဆိုသော ဝတ္ထုကို စိမ်ဖတ်နေလိုက်သည်။

စာရေးဆရာက ရူးလူ၊ အဲ...စကားဆက်သွားသည်။ မင်းလူ ဖြစ်၏။ ဝတ္ထုဖတ်ရတာ တော်တော်နှင့်မပြီးသဖြင့် မိသားစု ညစာစားပြီးမှ တီဗွီရှေ့မှာ ဆက်ဖတ်ရလေသည်။

ဝတ္ထုဆုံးတော့ သူ့လိုပဲ ကိုယ်လည်း အချစ်ရူးကြီး ရူးနေလိုက်တော့သည်။ 'ဆည်းဆာရေ...ဆည်းဆာရဲ့'။ ဆည်းဆာ၏ အသံလေးများကို ပြန်လည် ကြားယောင်နေမိသည်။ ဆည်းဆာ၏ အကြည့်လေးများကို ပြန်လည် မြင်ယောင်နေမိသည်။ ဆည်းဆာ၏ သင်းရနံ့လေးကို ပြန်လည် မွှေးမြနေမိသည်။

ကိုယ်တော့ ရူးပြီ ဆည်းဆာရေ...။

ဆည်းဆာကိုလွမ်းမိကြောင်း ကိုယ့်ကိုယ်ကို ဝန်ခံအသိအမှတ်ပြုနေလိုက်မိ၏။ တီဗွီဇာတ်လမ်းထဲမှ တရုတ်ဘုရင်က 'ဒီလိုကိစ္စမျိုး ရှိသလား' ဟုမေးသည်။ 'ရှိတော့ နင့်အပူပါလား'ဟု ပြန်ပြောလိုက်သည်။

ဆည်းဆာကို မျှော်မှန်းမြင်ယောင်ပြီး ပေါင်ချိန်လို 'ဒါ...' ဟုရွတ်လျက် ဘာမှ ဆက်မပြောနိုင်ဘဲ ငူငူငိုင်ငိုင်ဖြစ်နေမိသည်။

"ကလင်...ကလင်...ကလင်"

ဖုန်းဝင်လာသည်။ ကောက်ကိုင်လိုက်တော့..

"ဟဲလို ကိုရိုးမြင့်နဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့ ကျွန်တော် ရိုးမြင့်ပါ"

ထိုသို့ပြောပြီး တစ်ဘက်မှ အသံကိုမှတ်မိလိုက်သည်။

"ကိုရိုးမြင့် ဖြူပါ"

"သြော်...ဟုတ်ကဲ့ ပြော..ဖြူဖြူထွန်း"

"ဘာရယ်မဟုတ်ပါဘူး... မေးစရာလေးရှိလို့"

"မေးလေ..."

"ကိုကိုတို့တော့ မရှိဘူး"

"အင်း...သိတယ်.. လော့်ကားဥယျာဉ်ကို သွားကြတယ်ဆို"

"ကိုရိုးမြင့် လိုက်မသွားဘူးလား"

"ဟင့်အင်း ကျွန်တော် သိတောင်မသိဘူး။ လှေ်ကားကတော့ ပြန်လာလောက်ပါပြီ။ ဒီကောင်တွေ တစ်ဆိုင်ဆိုင်ဝင်ထိုင်နေတာဖြစ်မှာပေါ့"

"အင်း...ဖြူလည်း အဲလိုထင်တာပဲ၊ ဒါထက်..."

"ပြောလေ..."

"ကိုရိုးမြင့်ကို မေးချင်တာရှိလို့"

"မေးပါဆို"

"ကိုရိုးမြင့်တို့ကျောင်းမှာ မိန်းကလေးသူငယ်ချင်းတွေ ရှိတယ် မဟုတ်လား"

"ရှိတာပေါ့၊ အဲဒါ ဘာဖြစ်လို့လဲ"

"နှင်းမာလာဆိုတာသိလား"

"အင်း..သိတယ်"

"မိုးမိုးမွန်ဆိုတာရော"

"သိတယ်လေ...တစ်ခန်းတည်း အတူတူတွေချည်းပဲ"

"ဒါဖြင့်...နီထွေးဆိုတာရော"

"သိတယ်...သိတယ်၊ အဲဒီသုံးယောက်လုံးနဲ့ သိတယ်၊ ရင်းလည်း ရင်းနှီးတယ်၊ ဘာဖြစ်လို့လဲ"

မေးပြီးမှ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဘာဖြစ်လို့လဲ...။ ဖြူဖြူထွန်း အခုလို ဖုန်းဆက်တာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား၊ ဘာကြောင့်လဲ...။ ဘယ်လိုလဲ...။ တစ်ဘက်မှ ဖြူဖြူထွန်းက ခပ်လွင်လွင်ရယ်ကာ...
"သူတို့အကြောင်း ကိုရိုးမြင့်ကို မေးကြည့်ချင်လို့"

"သူတို့အကြောင်း ဟုတ်လား"

"ဟုတ်တယ်"

"နေထွန်းကို မေးရင်ရတာပဲ"

"ကိုရိုးမြင့်ကိုပဲ မေးချင်တယ်၊ ကိုရိုးမြင့်ပြောတာကိုပဲ ကြားချင်တာ"

ရင်ထဲမှာလေးသွားမိသည်။ မှုမှန်မဟုတ်သည့် အနံ့အသက်စိမ်းတွေ ရှူလိုက်ရသလို ခံစားလိုက်ရသည်။ သို့သော် ဘာမှ မဖြစ်သလို စိတ်ကိုဖော့ထားလိုက်ရင်း...

"အင်... ဘာသိချင်လို့လဲ"

"သူတို့ သုံးယောက်ကို ကိုရိုးမြင့် ဘယ်လိုမြင်လဲ၊ သူတို့သုံးယောက်အပေါ် ကိုရိုးမြင့်ရဲ့အမြင်ကို သိချင်လို့"

"အာ..."

"သိပ်ခက်ခက်ခဲခဲ ဖြေဖို့မဟုတ်ပါဘူး၊ ပေါ့ပေါ့ပါးပါးသာဖြေပါ"

"သုံးယောက်လုံး စာတော်တယ်၊ သဘောကောင်းတယ်၊ ခေတ်ဆန်တယ်ဗျာ"

"စာမှာ ဘယ်သူပိုတော်လဲ"

"မတိမ်းမယိမ်းတွေပါပဲ"

"ဘယ်သူက နေပုံထိုင်ပုံ ကောင်းတယ်ထင်လဲ"

"သုံးယောက်လုံး ကောင်းပါတယ်၊ ဆတ်ကော့ လတ်ကော့ တစ်ယောက်မှ မပါဘူး၊ ကျွန်တော်တို့လို ရင်းနှီးတဲ့ ယောကျ်ားလေးသူငယ်ချင်းတွေနဲ့ နောက်နောက်ပြောင်ပြောင်နေတာမျိုးတော့ ရှိတာပေါ့"

"သူတို့သုံးယောက်ထဲမှာ ဘယ်သူက ယောကျ်ားလေးတွေကို အဆွဲဆောင်နိုင်ဆုံးလို့ ကိုရိုးမြင့်ထင်သလဲ"

"ဟာ...ဒါတော့ ကျွန်တော်မပြောတတ်ဘူးဗျာ သူ့ပုံစံနဲ့သူပေါ့"

"ကဲ...ဒါဖြင့် ဖြူ ပွင့်ပွင့်လင်းလင်းပဲမေးမယ်"

ဖြူဖြူထွန်းက ရယ်ပြီးပြောခြင်းဖြစ်သည်။

"မေးလေ..."

"သူတို့သုံးယောက်ထဲမှာ ဘယ်သူအလှဆုံးလဲ"

"အားလုံးကတော့ နီထွေးလှတယ်လို့ သတ်မှတ်ကြပါတယ် နီထွေးက ကျောင်းမှာ နာမည်ကြီးပဲ"

"ဟုတ်လား...အားလုံးအမြင်ကိုထားပါ၊ ကိုရိုးမြင့်အမြင်ကရော"

"ဘာဖြစ်လို့တုန်း"

"ဘာမှမဖြစ်ပါဘူး၊ သိချင်လို့ပါ"

"အင်း...နီထွေးပါပဲ၊ ဒါပေမဲ့ နှင်းမာလာက ချစ်စရာကောင်းတယ်ဗျ၊ အရမ်းသွက်တယ်၊ မိုးမိုးမွန်ကလည်း အေးချမ်းတယ်၊ သူ့ကိုတွေ့ရင် စိတ်ချမ်းသာတယ်"

"သူတို့တွေလည်း ခုထိ ရည်းစား မရှိကြသေးဘူးနော်"

"အင်း ရှိတယ်လို့ မကြားမိဘူး"

"သူတို့သုံးယောက်ထဲမှာ တစ်ယောက်ကရည်းစားထားတော့မယ်ဆိုရင် ဘယ်သူဖြစ်မယ်လို့ထင်လဲ"

"နီထွေးပဲ နေမှာပေါ့၊ နေပါဦး...ကျွန်တော်လည်း ခင်ဗျားကို ပြန်မေးဦးမယ်"

"ဘာမေးမှာလဲ"

"ဖြူဖြူထွန်းကရော မတင်မြကို ဘယ်လိုမြင်လဲ"

မေမေက နောက်ဘက်မှ မသိမသာ နားထောင်နေမှန်းသိ၍ မေးလိုက်ခြင်းဖြစ်သည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် မေးခွန်းလည်း ဖြစ်၏။ မေမေက အောင့်သက်သက်နဲ့ ရယ်ပြီး လှည့်ထွက်သွားသည်။ ဖြူဖြူထွန်း လည်း အူကြောင်ကြောင်ဖြစ်သွား၏။

"ရှင်... ဘယ်က မတင်မြလဲ"

"နယ်က ဆန်စက်ပိုင်ရှင် မတင်မြလေ၊ အင်း...အင်း မသိရင်လည်း ပြီးရော....၊ ဒါပဲနော်"

ရိုးမြင့်ကပဲ ဖုန်းချလိုက်သည်။

ရင်ထဲမှာ လှုပ်ရှားပြီး ကျန်ရစ်ခဲ့သည်။ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုတာကိုလည်း သိနေ၏။ အတွေးတွေ မလွင့်ပျံ့ခင်မှာ မေမေ့ကို အရင်လှမ်းရှင်းလင်းရသေးသည်။

"မေမေ တခြားမိန်းကလေးတွေတင် မဟုတ်ဘူးနော်၊ ဖုန်းထဲမှာ ကျွန်တော် မတင်မြကိုလည်း ထည့်ပြောလိုက်တယ်"

မေမေက ဘာမှ ပြန်မပြော၊ ဖေဖေ့ကိုလှမ်းမဲ့ပြသည်။ ဖေဖေကတော့ ထုံးစံအတိုင်း ပြုံးပြုံးကြီးလုပ်နေသည်။

"ငါ့သားက လူချောပဲ၊ စွံမှာပါ၊ မင်းက အထင်သေးလို့"

မေမေ့ကို ဖေဖေက ထိုသို့ ပြောလိုက်သေးသည်။

ရိုးမြင့် အခုမှပဲ အတွေးတွေ ဆိုင်းဝေရတော့သည်။

ဒီပြဿနာထဲမှာ ဖြူဖြူထွန်းကပါ ပါဝင်နေသလား...။ ကိုယ့်ကိုဖုန်းသရဲလာလုပ်နေတဲ့ ပဟေဠိလေးက ဒီသုံးယောက်ထဲကလား....။ ဒါမှမဟုတ် ဖြူဖြူထွန်းများ ဖြစ်နေရော့သလား။

တကယ်တော့ တစ်ယောက်မှ အသံမတူကြပါ။ သို့သော်....

"ကလင်...ကလင်....ကလင်...."

ဖုန်းခွက်ကို ကောက်ကိုင်လိုက်ရပြန်သည်။

"ဟဲလို"

"ဂိုးဂွင့်လား"

"အေး...ဟုတ်တယ်"

"မင်း ...ဖုန်းဆက်တယ်ဆို"

"သူတောင်းစားတွေ၊ အရေးအကြောင်းကျ ငါ့မှာ ဆက်စရာ လူတောင်မရှိဘူး၊ လျှောက်သွားနေကြတယ်"

"အပျော်သွားတာ မဟုတ်ပါဘူးကွာ၊ နေထွန်းက မိန်းမယူဖို့ အရေး စိတ်တွေ ရှုပ်ထွေးနေလို့ စိတ်ပြေလက်ပျောက်ဖြစ်အောင် သွားကြတာပါ။ မင်းမှာလည်း မင်းစိတ်ညစ်စရာနဲ့ မင်းဆိုတော့ တမင်မခေါ်တာပါ။ နေထွန်းကိုတွေ့ရင် မင်း ပိုစိတ်ညစ်သွားမှာစိုးလို့"

"ဟုတ်လား.... ဒီကောင်က အဲဒီလောက်တောင် ဖြစ်နေသလား"
"အေးပေါ့....၊ သူ့အိမ်က ကောတာပေါ့၊ သူက သူ့ကိစ္စကိုဖြေရှင်းဖို့ မလုပ်ဘဲ မင်းကိစ္စကိုပဲ စိတ်ဝင်စားနေတာကိုး"

"ဘာလဲ ငါ့ပဟေဠိလေး ကိစ္စလား"

"အေးလေ...အဲဒီကိစ္စကို ဒီကောင်က အရမ်းစိတ်ဝင်စားနေတယ်"

"ဩော်...ဟော့ကောင် မင်းသန့်၊ ပြောရဦးမယ်"

"ဘာထူးခြားလို့လဲ"

"ငါ ငါ့တံဆိပ်ခေါင်းလေးနဲ့ ပြန်တွေ့တယ်"

"ဟုတ်လား... သူ့နာမည်တွေဘာတွေသိရပြီလား၊ ပဟေဠိလေး ပြောတဲ့အတိုင်းရော ဟုတ်သလား"

"အေး...ဟုတ်တယ်ကွ"

"ဟာ...."

တစ်ဘက်မှ မင်းသန့်၏ တအံ့တသြ ရေရွတ်လိုက်သံက အတော်ကျယ်သည်။

"နာမည်ရော မှန်သလား၊ ကဗျာရေးတယ်ဆိုတာရော ဟုတ်သလား"

"ဟုတ်တယ်၊ ဆရာဝန်ပေါက်စဆိုတာလည်း ဟုတ်တယ်"

"ဆေး(၂) က မဟုတ်ဘူးလားကွ"

"အေး...ဆေးမန်းကကွ"

"ဟာ...ဒါဖြင့် မင်းပဟေဠိလေးက အတော်ကြောက်စရာကောင်းနေပြီကွ"

သူတို့နှစ်ယောက် ဦးတည်ချက်လွဲမှားနေကြသည်။ ရိုးမြင့်က ဆည်းဆာအကြောင်း အဓိက ပြောလိုခြင်းဖြစ်သည်။ မင်းသန့်က ပဟေဠိလေးကို ပိုပြီးစိတ်ဝင်စားနေသည်။

"ငါနဲ့ ဆည်းဆာနဲ့က အတော်တောင် အခြေအနေ တိုးတက်နေပြီကွ"

"ဟေ"

"အရမ်းကြီး တိုးတက်တာမျိုးတော့ မဟုတ်ဘူးပေါ့ကွာ"

ထိုသို့ အစချီပြီး အင်းလျားကန်စပ်မှာ တက်စီကားပေါ်မှာ ဆည်းဆာနှင့် ကြုံတွေ့သမျှတွေကို တက်တက်ကြွကြွ ပြောပြလိုက်သည်။

"ဟင်...အဲဒါဆိုရင် ဆည်းဆာရဲ့လိပ်စာကို မင်းသိလိုက်ပြီပေါ့၊ အလုံ ဘယ်နားမှာတုန်း"

"မဟုတ်ဘူးကွ၊ အလုံက သူ့အိမ်ကို ပြန်တာမဟုတ်ဘူး၊ အသိတစ်ယောက်ဆီ သွားတာ"

"ဟင်...မင်းကရော လိပ်စာလေးဘာလေး တောင်းမထားလိုက်ဘူးလား"

"ငါ့လောက်မေးတော ငါပဲ ရှိတယ်ဟ့"

"မဖြေဘူးလား"

"အေး...သူ့လောက်မဖြေတာလည်း သူပဲရှိတယ်"

"ဒါပေမယ့် ပူစရာမလိုပါဘူးကွ"

မင်းသန့်၏စကားကြောင့် ရိုးမြင့် အားတက်သွားသည်။

"ဟင် ဘာဖြစ်လို့လဲ"

"မင်းဆီကို ပဟေဠိလေး ဖုန်းဆက်တဲ့အခါ ဆည်းဆာရဲ့ လိပ်စာကိုမေးလိုက်ပေါ့"

"အာ...အင်း ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဟိုတလောက ငါ ကက်ဆက်ဖွင့်ပြလို့ မင်းတို့လည်း ကြားသားပဲ၊ ပဟေဠိလေးက ငါနဲ့ ဆည်းဆာကို သိပ်နီးစပ်စေချင်ပုံ မရဘူး၊ လိပ်စာမေးရင် မပြောဘူးထင်တယ်ကွ"

"အေး...ဒါလည်းဟုတ်တယ်၊ ဒီကြားထဲမှာ မင်းဆီကို သူဖုန်းထပ်ဆက်သေးလား"

"ဟင့်အင်း ... မဆက်ပြန်ဘူးကွ"

"ဆက်ရင် ကိုခင်ဇော်ဦးပြောသလို လုပ်နော်၊ ထူးတာနဲ့ တို့တတွေ တိုင်ပင်ကြတာပေါ့"

"အေးပါ"

"ဒါပဲ...ဒါပဲ ငါလည်း ရေဝင်ချိုးလိုက်ဦးမယ်"

ဖုန်းချသွားသည်။

ရိုးမြင့်လည်း ဖုန်းချပြီး ဂုူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။ ဧည့်ခန်းမှာ သူတစ်ယောက်တည်း။ ဖေဖေနှင့် မေမေက တီဗွီကို ပုံမှန်မကြည့်ကြ။ ဘုရားခန်းထဲမှာ တရားခွေ နားထောင်နေကြတာက များသည်။

"ကလင်...ကလင်...ကလင်..."

ဟ....လာပြန်ပဟ။ လူကြီးတွေ တရားမှတ်နေလျှင် ဖုန်းသံက အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် ချက်ချင်းကောက်ကိုင်လိုက်သည်။

"ဟဲလို"
"ဟေ့ကောင် ရိုးမြင့် ငါပါပဲ၊ မင်းသန့်"

"ဟင်... ဘယ်လိုဖြစ်ရပြန်တုန်း"

"အေး...သတိရလို့ မင်းဆီထပ်ဆက်လိုက်တာ"

"ဘာပါလိမ့်"

"ဒီတစ်ခါ မင်းပဟေဠိလေး ဖုန်းဆက်လို့ရှိရင်လေ..."

"အင်း..."

"မင်းနဲ့ စေ့စပ်ထားတဲ့ ဟိုနယ်က မတင်...မတင်လှ ဘယ်သူ"

"မတင်မြ...မတင်မြ ဘာဖြစ်လို့လဲ"

"သူ့အကြောင်းကိုပါ မေးကြည့်စမ်းပါ"

"ဘာဖြစ်လို့လဲ"

"ပဟေဠိလေးက မင်းနဲ့ ဆည်းဆာကို မနီးစပ်စေချင်ဘူးမဟုတ်လား"

"အေး..."

"မင်းနဲ့ မတင်မြကို နီးစပ်စေချင်တဲ့သူလား ဆိုတာသိချင်လို့"

"အာ...အေး ဟုတ်ပြီ"

ရိုးမြင့်၏ ခေါင်းထဲမှာ အလင်းတစ်ချက်ပွင့်သွားသလို ခံစားရသည်။

"ကျေးဇူးပဲ မင်းသန့်ရာ၊ မင်းအကြံ အရမ်းကောင်းတယ်"

"ကဲ...ဒါဖြင့် ဒါပဲ ဟေ့ကောင်၊ ငါ တကယ်ရေဝင်ချိုးတော့မယ်"

ဒီတစ်ခါတော့ မင်းသန့်က တကယ်ဖုန်းချသွား၏။ မေမေက ဧည့်ခန်းသို့ ထွက်လာသည်။

"ဟဲ့သား"

"ဗျာ"

"ဘယ်လို ဖြစ်နေတာလဲ"

"ဘယ်လို ဖြစ်နေလို့တုန်း"

"ဒီနေ့ မင်းဖုန်းပြောတာ မတင်မြ နာမည် ခဏ ခဏ ပါနေပါလား"

"လူကြီးတွေက ကျွန်တော်နဲ့သဘောတူထားတဲ့သူဆိုလို့ သူငယ်ချင်းတွေက စိတ်ဝင်စားပြီး ဝိုင်းမေးနေကြတာ မေမေရေ"

"ဟဲ့…အဲဒါဆိုလည်း စုံစုံစေ့စေ့ ပြောပြလိုက်လေ"

"မတင်မြကို မတင်မြလို့ စုံစုံစေ့စေ့ ပြောလိုက်ပါတယ် မေမေရာ…"

မေမေက ကျေနပ်ပုံ မပေါ်ချေ။ သို့သော် ဘာမှ ဆက်မပြောဘဲ တီဗွီ ပြန်ထိုင်ကြည့်နေ၏။

"ဖေဖေရော…"

"ထွက်လာလိမ့်မယ်"

"ဒီနေ့ တရားမထိုင်ကြဘူးလား"

"ထိုင်တယ် နှစ်ယောက်လုံး အာရုံ ကောင်းကောင်းမရဘူး၊ အဲဒါနဲ့ စောစော ဖြုတ်လိုက်တာ"

"သြော်..မေမေ"

"ဘာတုန်း"

"မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းမှာလေ သန်းတိုးအောင် ပြန်ပါတော့မယ် သိလား"

"အဲဒါ ဘာဖြစ်တုန်း"

"ကျွန်တော် မတင်မြကို မယူချင်ဘူး မေမေရာ…"

"ဟင်…ဘာဆိုင်လို့လဲ"

ဖေဖေက တဟားဟားရယ်ကာ ဧည့်ခန်းထဲသို့ ရောက်လာသည်။
"ကဲ ဖေဖေတို့ပဲ ဆက်ကြည့်ကြတော့ ကျွန်တော်သိပ်စိတ်မဝင်စားဘူး၊ အခန်းထဲမှာပဲ စာသွားဖတ်နေတော့မယ်"

ထိုသို့ပြောပြီး အခန်းထဲ ဝင်ခဲ့လိုက်သည်။ အခန်းတံခါးကို ပိတ်ပြီး ဆည်းဆာရေဟု တစ်ကိုယ်တည်း အော်ကြီးဟစ်ကျယ် လုပ်နေလိုက်သည်။ ခေါင်းထဲမှာ ပဟေဠိမလေးလည်းရှိပါသည်။ အသံသာကြားပြီး လူမမြင်ဘူးသဖြင့် အာရုံဖော်ကြည့်၍မရ။

ကဗျာရေးရန် စိတ်ကူးသေးသည်။ ကောင်းကောင်းရေး၍မရ။ ကဗျာဉာဏ်မမြူးလှသော အနေအထားဖြစ်နေသည်။

ခုတင်ပေါ်ပဲ ပစ်လှဲပစ်လိုက်သည်။ ထိုအချိန်မှာပဲ....

"ကလင်...ကလင်...ကလင်"

တစ်ကိုယ်လုံး တောင့်တင်းသွားသလို ခံစားရ၏။ ပဟေဠိလေးထံမှ ဖုန်းဖြစ်ကြောင်း အလိုလို ခံစားသိရှိလိုက်သည်။

စက်ရုပ်တစ်ရုပ်လို ဖုန်းခွက်ကို ကောက်ကိုင်လိုက်ရင်း....

"ဟဲလို"

ထုံးစံအတိုင်း တစ်ဘက်မှ...

"ရှူး..."

ရိုးမြင့်ကလည်း အားကျမခံ...

"ရှဲ... ..."

တစ်ဘက်မှ ကောင်မလေးက တခစ်ခစ်ရယ်၏။

"ရိုးမြင့်က တို့ကိုနောက်တာပေါ့ ဟုတ်လား"

"ခင်ဗျားဆက်တဲ့ဖုန်းမှန်း မကိုင်ခင်တည်းက ကျွန်တော်သိသားပဲ"

"ဟုတ်လား..ဒါဖြင့် ရိုးမြင့်က အကြားအမြင်ရနေပြီပေါ့"

"အကြားအမြင်ရတာ ကျွန်တော်မဟုတ်ဘူး ခင်ဗျား"

"ခစ်ခစ်...တို့က အကြားအမြင် မရပါဘူး ရိုးမြင့်ရယ်...တို့ပြောဖူးသားပဲ"

"ကျွန်တော့်အကြောင်းတွေ အကုန်လိုက်သိနေပြီးတော့များ နေပါဦး ခင်ဗျားက ဘယ်လိုသိတာတုန်း"

"ဒီလိုပဲ သိတာပေါ့ကွာ"

"နေပါဦး အဲဒီလောက်ထိသိနေရင်လည်း ကျွန်တော် ခင်ဗျားကို မေးစရာရှိတယ်"

"မေးလေ..ဘာများလဲ"

"ကျွန်တော်နဲ့ လူကြီးချင်းသဘောတူထားတယ်ဆိုတဲ့ မိန်းကလေးအကြောင်းကို နည်းနည်း ပြောပြစမ်းပါ"

တစ်ဘက်မှ ဇဝေဇဝါဖြစ်သံနှင့်...

"ဘယ်သူ့ကိုမေးနေတာလဲ"

"ဟား ဟား... ခင်ဗျားမသိတော့ဘူး မဟုတ်လား၊ ကျွန်တော့်ကိုနယ်က တောသူဌေးမတစ်ယောက်နဲ့ လူကြီးချင်း

သဘောတူနေတာဗျ”

“သြော်…မတင်မြကိုပြောတာလား”

“ဗျာ”

ရိုးမြင့် အကြီးအကျယ်တုန်လှုပ်သွားသည်။

“ခင်…ခင်ဗျားက သိ…သိနေတာကိုး၊ ဒါလည်းသိတာကိုး”

ပဟေဠိလေးက ခပ်တိုးတိုးရယ်ကာ…

“သိပါတယ် ဘာဖြစ်လို့လဲ”

“ဒါ…ဒါဖြင့် ခုနတုန်းက ဘာလို့ မသိသလို လုပ်နေတာလဲ”

“သြော်…ရိုးမြင့်နဲ့ လူကြီးချင်းသဘောတူထားတဲ့မိန်းကလေးက နှစ်ယောက်ဆိုတော့ ဘယ်သူ့အကြောင်းမေးတာလဲ မသဲကွဲလိုက်လို့ပါ”

“ဗျာ…နှစ်ယောက် ဟုတ်လား”

ထိုအချိန်မှာပဲ တူတူ…တူတူ…တူတူ ဟူသောအသံနှင့် ဖုန်းချသွားသည်။

************************************

## အခန်း (၁၁)

စိတ်ရှုပ်ထွေးစွာနှင့်ပင် ရိုးမြင့် အိပ်ရာဝင်ခဲ့ရသည်။ ပဟေဠိလေးက သူနှင့် လူကြီးချင်းသဘောတူထားသူ နှစ်ဦးရှိသည်ဟု ပြောသွားသည်။ ဘာမှ ထပ်မမေးရသေးခင် ဖုန်းက ကျသွား၏။ ရိုးမြင့်လည်း မရိုးမရွ ကျန်ခဲ့ရသည်။

ကာယကံရှင်ကိုယ်တိုင်ပင်လျှင် ဤသို့ဤပုံမှန်းမသိ။ သို့သော် ပဟေဠိလေးက ပြောလျှင် မှန်တတ်လွန်း၍ ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။ မတင်မြအပြင် နောက်တစ်ယောက်ဘယ်သူရှိသေးလို့လဲ။ ရှိနေရင်လည်း နှစ်ယောက်စလုံးနှင့် ပေးစားရန်တော့ မဟုတ်နိုင်။ တစ်ယောက်မကြိုက် တစ်ယောက်ဆိုသော သဘောမျိုးဖြစ်မည်။

ဘာကိစ္စ အိမ်က သူ့ကို ဖွင့်မပြောရသနည်း။ ဖုန်းကျသွားသော ပဟေဠိလေးထံမှ ဖုန်းပြန်လာဦးမည် အထင်နှင့် စိတ်တမောမော သူစောင့်စားနေရသည်။ သို့သော် မလာပါ။

ဖေဖေတို့ကို မေးရန် စိတ်ကူးလိုက်သော်လည်း နာရီက ဆယ့်တစ်နာရီကျော်နေပြီ။ အိပ်ကြလောက်ပြီ။ ထိုသို့ဖြင့် ဘယ်ညာ လူးလိမ့်ကာ အိပ်မပျော်ဘဲ မိုးအလင်းကို စောင့်ခဲ့ရလေသည်။ (မှတ်ချက်။ နည်းနည်းတော့ပျော်သည်။ ဆယ့်နှစ်နာရီမှ ခြောက်နာရီအထိ ဖြစ်ပုံရသည်။)

မိုးလင်းတော့ မျက်နှာသစ် သွားတိုက်ပြီး ခြံထဲသို့ဆင်း၏။ ဖေဖေ ချိုကုန်းကစားသည့်နေရာမှာ ကိုယ်က ဦးအောင် ဝင်ကစားနေလိုက်သည်။ လုပ်လည်းမလုပ်တတ်ဘဲ ဟိုကုန်းသည်ကွ လုပ်နေလိုက်၏။

ဖေဖေရောက်လာပြီး...

“သား ဒီနေ့ စောစောနိုးနေပါလား”

“အင်း... ဖေဖေတို့ကို မေးစရာရှိလို့”

“ဘာမေးမလို့လဲ”

“ဖေဖေတို့ သားကို လူကြီးချင်းသဘောတူထားတာ မတင်မြနဲ့ မဟုတ်လား”

“အေး...ဟုတ်တယ်လေ၊ သူ့အစ်မ ခင်လှကိုတော့ မစဉ်းစားပါနဲ့ကွာ၊ ဟိုကစီးပွားရေးသမား”

“ဟာ...မဟုတ်ပူနဲ့ မပူနဲ့ မခင်လှလည်း မစဉ်းစားဘူး၊ မတင်မြလည်း မစဉ်းစားဘူး”

“ဒါဆို ဘာဖြစ်တာတုန်း”

“မတင်မြ အပြင် နောက်တစ်ယောက်များရှိသေးလားလို့”

ဖေဖေက သူ့ကိုမျက်လုံးပင့်ကြည့်ကာ...

“အေး...ရှိတယ်လေ မခင်လှလေ”

“အာ လာပြန်ပြီ ဒီမခင်လှ”

သားအဖ နှစ်ယောက် ကပ်ရှုပ်နေကြသည်။

“နို့ မင်းက ဘာမေးချင်တာတုန်း”

“ကျွန်တော့်ကို သဘောတူထားတာ မတင်မြအပြင် တခြားမိန်းကလေး ရှိသေးလားလို့”

“မရှိပါဘူး ဘာဖြစ်လို့လဲ”

ရိုးမြင့်က ဖေဖေ့ကို မျက်နှာစေ့စေ့ကြည့်တော့ ဖေဖေက ထရယ်သည်။

“ငါ့ကိုများ မသင်္ကာသလိုလို ဘာလိုလိုနဲ့ ငါကညာပဲ့မလားဟ”

“ဒါဆိုရင်...”

“အင်း...”

“ဖေဖေမသိဘဲ မေမေကများ လုပ်ထားသလား”

ဖေဖေ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ခဏလောက်တွေငိုင်စဉ်းစားကာ...

“မလုပ်လောက်ပါဘူး၊ ငါ့ကို မပြောဘဲ သူမလုပ်ပါဘူး၊ လုပ်ရင်လည်း ငါသိမှာပေါ့”

"သေချာမေးကြည့်ပါဦး ဖေဖေရာ"

"အာ...မေးစရာ မလိုပါဘူး သားရယ်၊ တစ်နေ့တစ်နေ့ မင်းအမေက မတင်မြကိုပဲ တစ်မြတည်း မြနေတာ၊ ဘယ်ကလာ နောက်တစ်ယောက်ရှိရမှာလဲ"

"အင်း..."
ရိုးမြင့် ခေါင်းကုတ်နေရတော့သည်။ သေချာအောင်သာ မေးနေရသည်။ ဖေဖေ့စကားက ယုံရပါသည်။ ပဟေဠိလေးပြောတာ ဒီတစ်ခါများမှားသလား။ သို့သော် သူမ ပြောလျှင် မှားရိုးမရှိခဲ့ချေ။ တစ်စုံတစ်ရာ လျှို့ဝှက်ချက်တော့ ရှိနေပြီဟု ခံစားလိုက်ရ၏။

ဖေဖေက သူ့ကို မေးဆတ်ပြကာ...

"ဘာဖြစ်လို့ ဒါတွေ လာမေးနေရတာတုန်း၊ ဘယ်သူက ဘာပြောလိုက်လို့လဲ"

ရိုးမြင့်က ရယ်ကာမောကာ စကားလျော့ချလိုက်ရသည်။

"အဟီး...မဟုတ်ပါဘူး ဖေဖေရာ၊ မတင်မြအပြင် တခြားရွေးစရာများ ရှိသေးသလားလို့ပါ"

"အင်း...မတင်မြ အပြင်ဆိုရင်တော့..."

ရိုးမြင့် အားတက်သွားသည်။

"ဟာ...ဟုတ်ပြီ၊ ပြောပါဦး ဖေဖေ"

"မတင်မြ အပြင် မတင်မြပဲရှိတယ်ကွ"

"ဟာ...ဖေဖေကလဲ"

ဖေဖေက တဟားဟား ထရယ်သည်။ စိတ်ပျက်လက်ပျက်နှင့် ရိုးမြင့် အိမ်ထဲ ပြန်ဝင်လာခဲ့သည်။

မေမေက ဘုရားခန်းထဲမှာ ဘုရားရှိခိုးနေသည်။ မေမေ့ကို မေးရင်ကောင်းမလား စဉ်းစားသေးသည်။ သို့သော် မမေးရဲ။ ပျားအုံကို တုတ်နဲ့ထိုးသလိုဖြစ်နေမည်။ ပျားအုံထဲမှ မတင်မြတွေချည်းထွက်လာလိမ့်မည်။

ဘာသိဘာသာ ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင်နေလိုက်သည်။ မနက်စာစားကြသည့်အခါကျမှ...

"မေမေ...ဒီနေ့ ဈေးဝယ်ထွက်ဦးမလား"

"မထွက်ဘူး အိမ်မှာ အပြည့်အစုံရှိသေးတယ်"

"ဒါဖြင့် သားအပြင်သွားမလို့၊ ကားယူသွားလိုက်မယ်"

"အေး...အေး... ဘယ်သွားမှာတုန်း၊ မြို့ထဲဘက်လား"

"အင်း....မြို့ထဲဘက်ပဲ ရောက်မယ်ထင်တယ်"

"ဒါဆို မေမေ့အတွက် ဓမ္မတေးတစ်ခွေလောက်ဝယ်ခဲ့"

"ဟုတ်ကဲ့ ဝယ်ခဲ့မယ်လေ၊ ဘယ်သူဆိုတာလဲ"

"တင်တင်မြ"

"အာ..."

ဝိရိုးမြင့် စိတ်ညစ်သွားသည်။

"မေမေဟာလေ မတင်မြနဲ့ကို လွတ်လွတ်ကင်းကင်းမနေဘူး၊ မရဘူး ရီရီသန့်အခွေပဲ ဝယ်ခဲ့မယ်"

ဖေဖေကတော့ ထုံးစံအတိုင်း တဟားဟားရယ်နေပြန်သည်။

ကားယူပြီး မြို့ထဲဘက် မောင်းထွက်ခဲ့သည်။ ဘယ်ဆီသို့ ဦးတည်ချက်မရှိ၊ စိတ်အေးလက်အေး စဉ်းစားချင်၍ စိတ်အေးလက်အေးရှိမည့် နေရာကိုထွက်လာခြင်းသာ ဖြစ်သည်။ သွားရိုးသွားစဉ်အတိုင်း အင်းလျားကန်ဘက်ကိုပဲရောက်သွား၏။

ဆည်းဆာနှင့်အတူး ထိုင်ခဲ့သော ကန်စပ်မှ စားပွဲကလေးသို့ လျှောက်သွားလိုက်သည်။ ဆိုင်မှာ လူရှင်းနေသည်။ ဆည်းဆာများ လာမလားဆို၊ လာမယ်မထင်ပါဘူးလေ...။

"အစ်ကို ဘာသောက်မလဲ"

"ဘီယာ"

"မန္တလေးပဲ ရှိတယ်အစ်ကို"

"ရတယ် ဘာဖြစ်ဖြစ်"

ဘီယာသောက်ရင်း တွေးချင်ရာတွေ လျှောက်တွေးနေလိုက်သည်။ အတွေးထဲမှာ လွှမ်းမိုးနေသည်က ဆည်းဆာ၊ ပဟေဠိကလေး...ပြီး.... မတင်မြမဟုတ်သည့် နောက်တစ်ယောက်။

ဘယ်လိုလဲ....။ ဘာတွေလဲ...။

တစ်ယောက်တည်း မည်မျှကြာအောင် စဉ်းစားခန်းတွေ ဖွင့်နေမိသည်မသိ။

"ဒီခုံမှာ ထိုင်ခွင့်များ ရှိမလား"

မိန်းကလေးတစ်ယောက်၏ စကားသံကို နံဘေးမှ ကပ်ကြားလိုက်ရသည်။ တစ်ကိုယ်လုံး တောင့်ခနဲ ဖြစ်သွားမိသည်။ ဖြည်းဖြည်းချင်းလှည့်ကြည့်လိုက်ရသည်။ အားလုံးက မျှော်လင့်ထားသည့် ဆည်းဆာ မဟုတ်ချေ။

"ဩော်"

"ဘယ်လိုလဲ ဆရာကြီး၊ ထိုင်ခွင့်များ ပြုနိုင်မလား"

"ထိုင်လေ..."

"ဒီမှာ တစ်ယောက်တည်း ဘာထိုင်တွေးနေတာလဲ"

"ဟိုရောက်သည်ရောက်ပဲ"

မိုးမိုးမွန်နှင့် နှင်းမာလာဝင်းတို့ ဖြစ်လေသည်။

"နင်တို့ကရော ဘယ်က လှည့်လာကြတာလဲ"

"ငါတို့ကိစ္စရှိလို့ ချိန်းလိုက်ကြတာ"

"အောင်မယ် နင်တို့နှစ်ယောက်က..."

"နီထွေးလည်းပါတယ်။ နောက်မှာ လိုက်လာလိမ့်မယ်"

သူမတို့နှစ်ယောက်က ခုံမှာ အသီးသီးဝင်ထိုင်လိုက်ကြရင်း မုန့်တီမှာစားကြသည်။ ဘာမှ မကြာလိုက်၊ နီထွေးလည်း ရောက်လာသည်။

"ဩော်...ရိုးမြင့်၊ နင်လည်း ရောက်နေတာကိုး"

"အေး"

"ငါတို့သုံးယောက်က အေးအေးဆေးဆေး စကားပြောရအောင် ဒီမှာ ချိန်းထားကြတာ၊ နင်ကလည်း ရောက်နေတော့ အတော်ပဲပေါ့"
ဘာတော်တာလဲ! ဘာတော်တာလဲ!ရိုးမြင့်လန့်လာလေသည်။ ဒီသုံးယောက် ကိုယ်နဲ့ဘာဆိုင်လို့လဲ။ ဒီသုံးယောက် ကိုယ်နဲ့ ဘာကိစ္စ ရှိလို့လဲ။ သူတို့ရဲ့ ကိစ္စကရော...ဘာလဲ။ ကိုယ်ရှိနေတာ ဘာ့ကြောင့် အဆင်သင့်ရတာလဲ။

စိတ်ထဲက တိုးမိုးဝင်းတို့ အုပ်စုကို တမိ၏။

ကိုယ်စိတ်လှုပ်ရှားနေတာကို မပေါ်လွင်စေဘဲ...

"ကဲ...နီထွေး၊ ဘာသောက်မလဲ"

"နင့်ဆီက ဘီယာပဲ ယူသောက်ရင် ကောင်းမလားလို့"

"သောက်ပေါ့၊ ထပ်မှာလည်းရတယ်၊ မူးရင်သာ ငါ့ကိုမရစ်နဲ့"

နီထွေးက ခပ်ဟဟရယ်ကာ...

"မသောက်ပါဘူးဟာ...မမူးပေမယ့် နင့်ကိုတော့ရစ်ရမှာပဲ"

"ဘာလဲ...ဘာရစ်မှာလဲ"

“ဖြည်းဖြည်းပေါ့ဟာ”

“ဒီ…ဒီနေ့ပဲရစ်မှာလား”

“အေး…”

“ဒီ…ဒီမှာပဲ ရစ်မှာလား”

“အေး….”

“ဟာ…”

ရိုးမြင့် နှာခေါင်းကို ပွတ်နေမိသည်။ သောက်ထားမိသည့် ဘီယာလေးပင် ဘယ်ရောက်သါွးသည်မသိ။ တော်တော်နှင့် ဘာမှ မပြောဘဲ မချောသုံးယောက်က စားသောက်နေကြသေးသည်။

ပြီးမှ မိုးမိုးမွန်က စရစ်ခြင်းဖြစ်သည်။

“ရိုးမြင့်”

“ဟေ…”

“ဘီယာလေး တစ်လုံးလောက်နဲ့ နင်မမူးပါဘူးနော်”

“မမူးပါဘူး”

“တို့တွေ စကားပြောလို့ ရမှာပါနော်”

“ရ…ရပါတယ်ဟ”

သုံးယောက်လုံး ရိုးမြင့်၏ မျက်နှာကို ခပ်တည်တည် စိုက်ကြည့်နေကြသည်။ ရိုးမြင့် ကျောယားလာ၏။

“နင်တို့က ဘာကြည့်တာလဲဟ”

သူတို့က ဘာမှ မပြောကြ၊ ကြည့်မြဲကြည့်နေကြသည်။

“ဒုက္ခပါပဲ…ဘာလဲဟ”

နှင်းမာလာက…

“ရိုးမြင့်”

“ဟေ…”

“ငါတို့က နင့်ကို နာမည်နဲ့လိုက်အောင် ရိုးသားမြင့်မြတ်တယ်လို့ထင်ထားတာ”

"ခု...ခု ဘာဖြစ်လို့လဲ ငါက ဘာတွေ ကောက်ကျစ်နိမ့်ကျနေလို့လဲ"

"နင်လုပ်တာ နင်သိမှာပေါ့"

"ငါက ဘာလုပ်လို့လဲ"

ထိုအချိန်တွင် နီထွေးက ဝင်ပြောသည်။

"ရိုးမြင့်"

"ဟေ..."

"ငါတို့သုံးယောက်လုံးရဲ့ မျက်နှာကို သေသေချာချာကြည့်စမ်းပါ"

ရိုးမြင့် စိတ်ညစ်လာသည်။

သူမတို့ သုံးယောက်၏ မျက်နှာသုံးခုကို ဆိုင်းတီးသလို တတိန်တိန်ကြည့်ပစ်လိုက်သည်။

"ကဲ...ကြည့်ပြီးပြီ သုံးယောက်လုံး လှပါတယ်ဟ၊ ဘာဖြစ်လို့တုန်း"

"အေးလေ... ငါတို့မျက်နှာကို နင်ကြည့်ရဲသေးရင် ပြီးတာပဲ"

မိုးမိုးမွန်က ဝင်ပြောပြန်သည်။ စိတ်ပျက်ညည်းတွားသံနှင့်ပြောခြင်းဖြစ်သည်။

"နင်ဟာ...သူငယ်ချင်းအချင်းချင်းကို လုပ်ရက်တယ်"

သူမတို့သုံးယောက်က သူ့ကိုများ ကြိုက်နေသလားဟု ရိုးမြင့်တွေးထင်ခဲ့မိခြင်းကိုသော်လည်းကောင်း၊ ရိုးမြင့်အားဖုန်းဆက်၍ ကလိနေသော ပဟေဠိလေးသည် သူတို့သုံးယောက်ထဲမှ တစ်ယောက်ဟု ယူဆခြင်းကိုသော်လည်းကောင်း ဆိုလိုဟန်တူ၏။

ရိုးမြင့် အရမ်းပင် ရှက်ရွံ့အားနာသွားမိသည်။ ခေါင်းငုံ့ပြီး ပင့်သက်ကိုရှိုက်လိုက်မိ၏။ သူမတို့၏ မျက်လုံးများက ရိုးမြင့်ဆီမှာ...

"ကဲ ရိုးမြင့် နင်ဘာပြောဦးမလဲ"

ရိုးမြင့် ဘာမှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

"အဲဒီနေထွန်းဆိုတဲ့ကောင်က ငါတို့ကို တော်တော်အထင်သေးတာပေါ့ ...ဟုတ်လား"

"နေထွန်းက နင်တို့ကို ဘာပြောလို့လဲ"

ဇဝေဇဝါဖြင့် ပြန်မေးလိုက်မိသည်။

"ဘာမှ မပြောပါဘူး၊ ဒါပေမဲ့ တစ်နေ့နေ့ ပြောလာမယ်ဆိုတာတော့သိထားတယ်"

“ဘာကို ပြောမှာလဲ”

နှင်းမာလာက စိတ်မရှည်သလို ထအော်သည်။

“ရည်းစားစကားဟေ့ ရည်းစားစကား”

“ဟေ...”

ရိုးမြင့် မျက်လုံးပြူးသွားရသည်။

“နင် အခုမှ မသိချင်ယောင် ဆောင်မနေနဲ့၊ ဒီမယ် ... ရိုးမြင့် ငါပြောမယ်”

“ပြော...ပြော”

“နင်ရယ်၊ နေထွန်းရယ်၊ ဟိုနှစ်ကောင်ရယ် ငါ့အိမ်ကိုလာကြတယ်၊ နင်တို့လည်းလာပြီးရော ငါသတင်းကြားတယ်၊ နင်နဲ့ နေထွန်းကို အိမ်တွေက မိန်းမယူခိုင်းနေပြီ၊ အဲဒီအတွက်ကြောင့် နင်တို့က ယူမယ့်မိန်းမ လိုက်ရွေးချယ်ရင်း ငါ့အိမ်ကိုရောက်လာတယ်၊ သူငယ်ချင်းအချင်းချင်း နင်တို့ မရက်စက်လွန်းဘူးလားဟယ်”

မှားနေပြီ၊ မှားနေပြီ။

“ငါ့တစ်ယောက်တည်းဆီလားဆိုတော့လည်း မဟုတ်ဘူး၊ မိုးမွန်နဲ့ နီထွေးတို့ဆီပါ နင်တို့ သွားငန်းကြပြန်ရော...၊ ငါတို့ ဘယ်လောက်ရှက်ဖို့ ကောင်းကြသလဲ”

မှားပြန်ပြီ၊ မှားပြန်ပြီ။

“ဒါပေမယ့် နောက်ပိုင်းရက်တွေ နင်က မလာတော့ဘူး၊ ဆည်းဆာဆိုတဲ့ ကောင်မလေးတစ်ယောက်ကို အသည်းအသန် လိုက်ပိုးနေတယ်လို့ မျိုးမာလာဝင်းက ငါတို့ကို ပြောပြတယ်၊ နင်ကတော့ ထားလိုက်ပါတော့၊ ဒါပေမဲ့ နောက်ပိုင်းမှာ နေထွန်းက ငါတို့ဆီ ခဏခဏလာတယ်၊ တစ်ယောက်တည်းဆီလားဆိုတော့လည်း မဟုတ်ဘူး၊ သုံးယောက်လုံးဆီ၊ လာတိုင်းလည်း တို့ကို အရမ်းအကဲခတ်တယ်၊ ကောင်းလား”

ဘာတွေလဲ မသိတော့ဘူး၊ ပြောပါဦး။
“အဲဒါ နင်တို့ကောင် နေထွန်းကို သတိပေးဖို့အတွက် ငါတို့သုံးယောက် ဒီမှာဆုံပြီးဆွေးနွေးဖို့ထွက်လာကြတာ၊ နေပါဦး..နင့်မျက်နှာက မချိုမချဉ်နဲ့ ဘာဖြစ်တာလဲ”

ရိုးမြင့်ရယ်ချင်တာကို မနည်းထိန်းထားရသည်။ ဖြစ်လိုက်မှဖြင့် လွဲလွဲ အချော်ချော်တွေချည်းပဲ။ အမှန်တော့ နေထွန်းက သူ့ကိစ္စအတွက် သွားလေ့လာခြင်းဖြစ်မည်။ ဒါကိုသူမတို့သုံးယောက်က တစ်မျိုးမြင်သွားကြသည်။

အပျိုကြီးတွေဆိုတော့လည်း အားလုံးကို သံသယမျက်စိနှင့် ကြည့်ရပေတာကိုး..၊ ထစ်ခနဲဆို ကိုယ့်ဘက်ယက်တွေးလိုက်ကြတာကိုး။ ဟားဟား။

ရိုးမြင့်က သူမတို့ကို လက်ကာပြလိုက်ပြီး...

“နေ...နေပါဦးဟာ ငါ့ကိုလည်း ပြောခွင့်ပေးပါဦး”

“ပြော...ဘာပြောမှာလဲ”

“အမှန်တော့ ငါပြောမှာ မဟုတ်ဘူးဟ”

“ဘာလဲဟ..နင်က အူကြောင်ကြောင်နဲ့”

“နေထွန်းက နင်တို့ထင်သလိုလည်း ဟုတ်ချင်မှ ဟုတ်မှာပါ၊ ရိုးရိုးသားသား ဖြစ်ချင်လည်း ဖြစ်မှာပါ”

သူ့စကားက အပျိုကြီးတွေကို ရန်စလိုက်သလို ဖြစ်သွားသည်။

“ဘာ...”

သုံးယောက်သား သံပြိုင်ထပ်ပြောကြသည်။

“ဘာလို့ မဟုတ်ရမှာလဲ”

“အောင်မယ်ငေးဗျ”

သူတို့၏အော်သံကြောင့် ရိုးမြင့် ဇက်ပုသွားရသည်။ ရယ်ချင်လာတာလည်း အူထဲက ကလိကလိဖြစ်လာသည်။ သို့သော် မင်ကလေးနှင့်...

“အေး...အေး...နင်တို့က သေချာတယ်ဆိုရင် ပြီးတာပါပဲ၊ ငါကလည်း သေချာအောင် မေးကြည့်တာပေါ့၊ အခုမှ ငါပြောချင်တဲ့စကားကလာမှာ”

“ဘာလဲ”

“နင်တို့က နင်တို့သုံးယောက်လုံးကို ပြိုင်ပြီး နေထွန်းက လူပျိုလှည့်နေတာကို မကြိုက်တာမဟုတ်လား”

ဘာမှ ပြန်မပြောကြ။ ဆိတ်ဆိတ်နေတာကိုက ဝန်ခံခြင်းဟာပဲ ရိုးမြင့်မှတ်ယူလိုက်ပါသည်။ ပြောချင်တာကို ဆက်ပြောလိုက်သည်။

“အဲဒီတော့ကာ နင်တို့ဘာသာ ခုလို သုံးယောက်ဆုံတုန်းမှာ နေထွန်းကို ခေါ်အကဲခတ်လိုက်ရင် သိပ်ကောင်းမှာပဲ”

ဘာမှ ပြန်မပြောကြ။ ခုနကအတိုင်း ဆိတ်ဆိတ်နေပြီး ဝန်ခံထားကြသဖြင့်....

“အိုကေ...ဒါဖြင့် ငါနေထွန်းကို အခု လှမ်းခေါ်ပေးမယ်”

စားပွဲပေါ်မှာ ချထားသည့်မိုးမိုးမွန်၏ hand phone ကိုကောက်ယူကာ နေထွန်းဆီ လှမ်းဆက်လိုက်သည်။

သူမတို့သုံးယောက်က လှုပ်ရှားမှုမှန်သမျှကို မမှိတ်မသုန် လိုက်ကြည့်နေကြသည်။

“ဟဲလို”

တစ်ဘက်မှ ဖုန်းထူးသံကြားရသည်။ ကံကောင်းထောက်မသည်လား၊ ကံဆိုးထောက်မသည်လားမသိ။ နေထွန်းနဲ့ တည့်တည့်တိုးခြင်းပင်ဖြစ်လေသည်။

"ဟော့ကောင် နေထွန်း"

"သြော်…အေး ရိုးမြင့် ပြော၊ နေဦး….နေဦး မင်းမပြောခင် ငါပြောစရာရှိတယ်"

"ဘာလဲဟ"

"မင်းကိစ္စပေါ့၊ ငါ့ကို အမှုလာပတ်နေတယ်"

"ဟေ…ဘာပါလိမ့်"

"မင်းကိစ္စကို ဟိုမချောသုံးယောက်ဆီ ငါသွားသွားစုံစမ်းတာလေ"

"အေး..အဲဒါ ဘာဖြစ်လို့တုန်း"

"ဘာဖြစ်ရမှာလဲ၊ ငါ့အိမ်က ငါ့ကိုတစ်မျိုးမြင်နေတယ်"

ရိုးမြင့်ရယ်ချင်လာပြန်သည်။ ဟိုမိန်းကလေးသုံးယောက်ကိုသာ အားနာ၍ မရယ်ဘဲ နေလျှင်နေမည်။ နေထွန်းကိုတော့ အားနာစရာမရှိပါ။ ထို့ကြောင့် ငရုတ်သီးမစပ်ရပါဘဲ အပြတ်ဟားပစ်လိုက်သည်။

မချောသုံးယောက်က သူ့ကို မျက်လုံးပြူးနှင့် ဝိုင်းကြည့်ကြ၏။ တစ်ဘက်မှ နေထွန်းကလည်း မခံချိမခံသာဖြစ်ကာ…

"ဟော့ကောင် ရယ်မနေနဲ့"

"အေးပါ…ဟားဟား၊ မရယ်တော့ဘူး။ ဟားဟား၊ ပြောလေ ဟားဟားဟား"

"× × × × × × × × ×"

"ဟော့ကောင် ပြောပြော၊ မင်းပြောချင်တာကို ပြောပြီးရင် ငါပြောစရာက ရှိသေးတယ်"

"အေး…အဲဒါ ငါကအိမ်မှာ ပြဿနာအကြီးအကျယ် တက်နေပြီ။ ငါ့အိမ်ကလည်း ဟိုမချောသုံးယောက်အကြောင်းကို တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး စုံစမ်းနေပြီ"

"သြော်…ဟုတ်လား"

ခုမှပဲ ဖြူဖြူထွန်း သူ့ဆီ ဖုန်းဆက်ပြီး ဒီမချောသုံးယောက်အကြောင်း စုံစမ်းသည့်ကိစ္စ ကို အဖြေသိရတော့သည်။

"အဲဒါ မင်းကြောင့်ကွ"

"အေးပါကွာ…ငါတောင်းပန်ပါတယ်"

"တောင်းပန်ရုံနဲ့မရဘူး၊ မင်း ဘာပြန်လုပ်ပေးမလဲ ပြော"

"အေး လုပ်ပေးမယ်၊ မင်း အခုငါ့ဆီလာခဲ့"

"မင်းက ဘယ်မှာလဲ၊ အိမ်မှာလား…"

"မဟုတ်ဘူး၊ ငါအင်လျားကန်စောင်းမှာ ဘီယာထိုင်သောက်နေတာ"

နေထွန်း ပျော်သွားပုံရသည်။

"ဟာ...ဟုတ်ပြီ၊ အိုကေ ငါအခုချက်ချင်းလာခဲ့မယ်"

"အေး...ငါစောင့်နေမယ်၊ မင်းချက်ချင်းထွက်လာခဲ့"

ဆိုင်အမည်နှင့် စားပွဲနေရာကိုပြောပြပြီး ရိုးမြင့် ဖုန်းကို ပိတ်လိုက်သည်။ တစ်ဆက်တည်းမှာပဲ မချောသုံးယောက်ကို....

"ကဲ နေထွန်းလာလိမ့်မယ်၊ နင်တို့ဘာသာ နင်တို့ ကြည့်ပညာပေးပေတော့၊ ငါက ဒီမှာ အလကားလာထိုင်နေတာ မဟုတ်ဘူး၊ ဆည်းဆာနဲ့တွေ့မလားလို့ လာထိုင်နေတာ၊ နင်တို့နဲ့ အတူတွေ့သွားရင် သူကလေး ငါ့ကို အထင်လွဲသွားနိုင်တယ်။ နင်တို့ကလည်း တစ်ချိန်လုံး ငါ့မျက်နှာပဲ ငေးကြည့်နေကြတာကိုး...၊ နောက်ဘဝကျမှပဲ နင်တို့ရဲ့ ကျေးဇူးကို ပြန်ဆပ်ပါတော့မယ်၊ ကဲ...အခုတော့ သွားလိုက်ဦးမယ်"

စကားအဆုံးမှာ တချိုးတည်း လစ်ထွက်ခဲ့တော့သည်။

***************************************

## အခန်း (၁၂)

နေထွန်း အင်းလျားကန်စောင်းမှာ မချောသုံးယောက်နှင့် ဘယ်လိုဖြစ်ကျန်ခဲ့သည်မသိ။ ညဘက်ကျမှ ဖုန်းဆက်၍ဆဲမည် ထင်သော်လည်း နေထွန်းဆီမှ ဖုန်းမလာ။ ပဟေဠိလေးဆီမှလည်း ဖုန်းမလာ၊ လာမယ့်လာတော့ နယ်က။

အားလုံးမျှော်လင့်ထားသည့်အတိုင်း မတင်မြဆီက။

"သားရေ မတင်မြနဲ့ ဖုန်းလာပြောဦးလေ"

"သား အိမ်သာတက်မလို့ မေမေ"

"မင်းကလည်း မတင်မြဆီက ဖုန်းလာတိုင်း အိမ်သာတက်ချင်နေတာပဲ"

"အင်း...ဟုတ်တယ် တကယ့်ကို ဝမ်းထဲက ရစ်ရစ်လာလို့"

အိမ်သာထဲ ပြေးဝင်ပြီး အကြာကြီးထိုင်နေလိုက်သည်။ မေမေနှင့် မတင်မြ ဖုန်းပြောပြီးလောက်မှ ရေအိမ်ထဲမှ ကမန်းကတန်းပြေးထွက်ပြီး...

"လာပြီ မေမေ သားလာပြီ"

မေမေက ဧည့်ခန်းမှာ ရှုတည်တည်ထိုင်နေရင်း...

"ဘာလာလုပ်တာလဲ"

"မတင်မြလေးဆီ လာတာလေ၊ ဖုန်းဆက်မလို့"

“တော်ပါ၊ ဟိုကဖြင့် ဖုန်းချသွားတာ ကြာပြီ”

“ဟာ..မတင်မြလေးက သားကိုတောင် မစောင့်ဘူး မေမေရာ”

“နင်က မတင်မြ ဖုန်းဆက်တိုင်း အိမ်သာတက်တက်နေတာ၊ ဟိုက ဘယ်လိုထင်မတုန်း”

“သူ့ကို ဂရုစိုက်တယ်လို့ပဲ ထင်မှာပေါ့ မေမေရာ”

“ဘာဆိုင်လို့တုန်း”

“ဩော်...သားက သူ့ကို သတိတရနဲ့ သူပေးလိုက်တဲ့ ချဉ်ဖတ်တွေကို အရမ်းစားတယ်လို့ ထင်မှာပေါ့”

“သွား...သွား အပိုတွေ လာပြောမနေနဲ့”

“သွားပါပြီ သွားပါပြီ”

တီဗွီကိုတောင် မကြည့်ဖြစ်တော့ချေ။ ကိုယ့်အခန်းထဲ ကိုယ်တန်းဝင်လာခဲ့တော့သည်။ ဖုန်းတွေက ဘယ်ကမှ မလာ။ ပဟေဠိလေးဆီကပါမလာ။ ထိုသို့ဖြင့် အိပ်ပျော်သွားခဲ့သည်။

အိပ်မက်ဆိုးတွေမက်ပြီး ညသန်းခေါင်ကျော်ချိန်ကျမှ ပဟေဠိလေးထံမှ ဖုန်းလာသည်။ သူနှင့်စေ့စပ်ထားသူ နောက်တစ်ယောက်အကြောင်းကိုပင် မမေးအား၊ သူ့အိပ်မက်ဆိုးများအကြောင်းကို ခြောက်ခြားလောက်အောင် ပြောပြပြီး ပဟေဠိလေးက ဖုန်းချသွားသည်။

မိုးလင်းတော့ ခေါင်းထဲမှာ သိပ်မကြည်၊ အိပ်ရေးမဝခဲ့သဖြင့် မူးဝေနောက်ကျိနေသည်။ ဆည်းဆာအကြောင်းစဉ်းစားလျှင် သင့်တော်မည်ဟု ယူဆကာ ခြံထောင့်က ခုံတန်းမှာ ထိုင်ပြီး စဉ်းစားနေလိုက်သည်။

မနက်ရှစ်နာရီခွဲလောက်မှာ တိုးမိုးဝင်း အိမ်ကိုပေါက်ချလာသည်။ သူတစ်ယောက်တည်းမဟုတ်၊ ပြုံးပြုံး ပြုံးပြုံးနှင့် ကိုခင်ဇော်ဦးပါ ပါလာသည်။

ခြံထဲမှာပဲ ဟေးလားဝါးလားတွေ ပြောကြဆိုကြရင်း ခေါင်းကြည်ကာ စိတ်လက်ပေါ့ပါးသွား၏။

“ဟားဟား...အဲဒါဆိုရင်တော့ နေထွန်း ပြဿနာပဲကွ”

“အေး...သူဘယ်လို ဆက်စခန်းသွားလဲတော့ မသိဘူး”

“သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ တကယ်များ ကြိုက်သွားမလားမသိဘူး”

“ကြိုက်သွားလည်းကောင်းတာပဲကွာ၊ သဘောမတူစရာမှ မရှိတာ၊ ဒါပေမဲ့ မထင်မိဘူးကွ”

“ဘာဖြစ်လို့လဲ”

“ဒီလိုပဲ ကို့ရှို့ကားယားနဲ့ ပြီးသွားမယ် အောက်မေ့တာပဲ ဟားဟား”
ရယ်ဖြစ်ကြသည်။ ရယ်သံအဆုံးမှာ တိုးမိုးဝင်းက....

“နေပါဦး၊ မင်းရော ဒီရက်ပိုင်းအတွင်းမှာ ဘာထူးခြားသေးသလဲ”

"အာ...ထူးတယ်ကွာ"

ညကဆက်သည့် ပဟေဠိလေး၏ ဖုန်းအကြောင်း ပြောပြလိုက်၏။

"ဟာ...အဲဒီလောက်တောင်ပဲလား"

တိုးမိုးဝင်းက ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ကိုခင်ဇော်ဦးကတော့ မျက်နှာတည်နေသည်။ မည်သို့မှ မှတ်ချက်မပေး။ စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွားသည်။

ခဏကြာမှ ကိုခင်ဇော်ဦးက...

"ရိုးမြင့်"

"ဗျာ"

"ဆည်းဆာနဲ့ရော တွေ့ဖြစ်သေးလား"

"အဲ...တွေ့တယ် ကိုဦး"

"အဲဒီ့အကြောင်းလည်း ပြောပြဦးလေကွာ"

"အာ...သိပ်ပြောတာပေါ့ ကိုဦးရာ"

ထိုမှ အစချီကာ... အိုင်ဒီယာ မဂ္ဂဇင်းမှ ကဗျာအကြောင်း၊ သူနှင့် ဆည်းဆာတို့ တက်စီ တစ်စီးတည်း အတူပြန်လာခဲ့သည့်အကြောင်း မမောနိုင် မပန်းနိုင် ပြောရပြန်သည်။

စကားတဝက်မှာ တိုးမိုးဝင်းက ဝင်ထောက်သည်။

"ရိုးမြင့်ရာ...မင်းကလဲ"

"ဘာလဲဟ"

"ယောက်ျားနဲ့မိန်းမ ဘယ်သူစဖြစ်သလဲဆိုတာကို ငြင်းနေတယ်"

"ဘာဖြစ်လို့လဲ"

"အိုင်ဒီယာမှာ သူရေးထားတဲ့ ဘာသာပြန်ကဗျာက အချစ်ကဗျာ မဟုတ်လား"

"အေး...ဟုတ်တယ်လေ"

"အဲဒီကဗျာကို အကြောင်းပြုပြီး အချစ်အကြောင်းလေး ဘာလေး ဆွေးနွေးပြောကြပေါ့ကွာ"

"ဟဲ...ဟဲ မဆွေးနွေးဘဲ နေမလားကွ"

"ဟာ...ဒါဖြင့်... မင်းအဲဒီထိ ခရီးရောက်ခဲ့တယ်ပေါ့"

"ရောက်တယ်လေ ဆက်ပြောပြမှာပေါ့၊ မင်းက ဆုံးအောင်မှ နားမထောင်သေးဘဲ"

"အေး....အေး... ဟုတ်ပြီ ဆက်ပြော ဆက်ပြော"

ရိုးမြင့်က ဟိုးအဝေးကြီးကို မျှော်ကြည့်လိုက်၏။ ဘယ်လိုမှ မေ့မရသည့် စကားတုံ့တင်ပြောဆိုခဲ့ပုံများကို ပြန်လည် အမှတ်ရလာမိသည်။

ိတိုးမိုးဝင်းပြောသလိုပင် ဆည်းဆာ၏ ဘာသာပြန်အချစ်ကဗျာလေးကို ခုတုံးလုပ်ကာ သူမအား သူ စကားဆိုခဲ့သည်ပဲ။ ကံအခွင့်အရေးကလည်း သူ့အတွက်ပေးသည် ထင်၏။ မီးပွိုင့်မိခြင်း၊ ကားလမ်းကြောများ ပိတ်ခြင်းတို့ဖြင့် သူနှင့်ဆည်းဆာတို့ တက်စီပေါ်မှာ အကြာကြီး စကားပြောခဲ့ရသည်။

ဒရိုင်ဘာကလည်း သူတို့ထက် သုံးလေးနှစ်သာကြီးနိုင်သည့် ပေါ်တောတော သဘောကောင်းကောင်းလူ ဖြစ်နေသည်။

"အိုင်ဒီယာမှာ ဆည်းဆာ ဘာသာပြန်ထားတဲ့ ကဗျာလေးက ကောင်းတယ်နော်"

"မူရင်းက ကောင်းတာကိုး"

"အဲလို အချစ်ကဗျာတွေကို ဆည်းဆာ ဘာသာပြန်ထားတာ ဘယ်လောက်များပြီလဲ"

"လေးငါးပုဒ်လောက်ပါပဲ"

"အိုင်ဒီယာထဲက ကဗျာမှာ အယူအဆလေးတွေက ချစ်ဖို့ ကောင်းတယ်နော်။ အချစ်ဆိုတာကို သစ်ရွက်ကလေးတွေ ပင်စည်က တိုးထွက်လာသလိုမျိုး ခံယူပါတဲ့၊ ပေါ့ပေါ့ပါးပါးပဲ"

"အင်း....အဲဒါမျိုးအယူအဆကို ရှင်တို့တွေကတော့ ကြိုက်မှာပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ကဗျာဆရာရဲ့ ခံစားချက်ကိုလည်း စာနာပါတယ်၊ အဲလိုသဘောမထားနိုင်လို့ သူ့ခမျာ ကြေကွဲရရှာတာမဟုတ်လား"

ဆည်းဆာက မဖြေချင့်ဖြေချင်နှင့်...

"အင်း..."

"ဆည်းဆာကို ကျွန်တော်တစ်ခုမေးချင်တယ်"

"ဘာလဲ ဘာမေးမလို့လဲ"

"ဒီကဗျာထဲက အချစ်အပေါ်ခံယူပုံနှစ်မျိုးမှာ ဘယ်လိုခံယူမှုက မှန်တယ်လို့ ထင်လဲ"

ဆည်းဆာက မဲ့ပြုံးလေးနှင့်...

"ကျွန်မ အဲလောက်ထိ ဦးနှောက်မသွားဘူး၊ ရှင်ပဲ ပြောပြပါဦး"

"ဒီလိုဗျာ...ကျွန်တော့်အနေနဲ့ကတော့ ပုပ်ရဟန်းမင်းကြီးကို သတိရတယ်"

"ဘာလဲ ဘာဆိုင်လို့လဲ"

"ဒီလိုဗျ၊ ပုပ်ရဟန်းမင်းကြီးက မိန့်ခွန်းတစ်ပုဒ် ဟောဖူးတယ်"

"အင်း..."

"အဲဒီမိန့်ခွန်းထဲမှာ သူကပြောတယ်၊ တိုင်းပြည်ကို အသေခံကာကွယ်ကြတာတွေက ကောင်းပါတယ်တဲ့၊ ဒါပေမဲ့ တိုင်းပြည်ကို ရှင်သန်အောင် တည်ဆောက်ထားနိုင်တဲ့ ပညာကလည်း အရေးပါတယ်တဲ့"

"အဲဒါ ဘာဖြစ်လဲ"

"သြော်...အချစ်အတွက် နှလုံးသားကို စတေးပြီး ခံစားကြတာတွေက ကောင်းပါတယ်၊ ဒါပေမယ့် အချစ်ထဲမှာ အဲဒီနှလုံးသားကို ရှင်သန်အောင် ထားနိုင်တာကလည်း ကောင်းတာပါပဲ"

ဆည်းဆာက ဘာမှ ပြန်မပြောချေ။ ရိုးမြင့်ကသာ အကြောင်းအရာတစ်ခုအပြီးမှာ နောက်အကြောင်းအရာတစ်ခုကို မလစ်လပ်ရအောင် ဆက်တင်လိုက်သည်။
"ဒါပေမယ့်ဗျာ... ကဗျာတွေ စာတွေက အချစ်ရဲ့ လုပတဲ့အကွက်အကွင်းတွေကိုသာ ရွေးပြီးတင်ပြကြတာများတယ်။ အမှန်တော့ အချစ်ရဲ့လက်တွေ့ကဏ္ဍမှာ ကို့ရို့ကားယားကိစ္စတွေလည်း အများကြီး ရှိတယ်ဗျ"

ဘာမှ မပြောသော်လည်း မျက်လုံးထောင့်ကပ်ပြီး ကြည့်သည်။ ရိုးမြင့် အားတက်သရော ဆက်ပြောလိုက်သည်။

"တလောကပဲ နိုင်ငံခြားစာအုပ်တစ်အုပ်မှာ ချစ်ရေးချစ်ရာနဲ့ ပတ်သက်တဲ့ အမေးအဖြေတွေကို ဖတ်လိုက်ရတယ်၊ အဲဒီထဲမှာ ထူးထူးခြားခြား ကို့ရို့ကားယားတွေ ပါလာတယ်၊ ဥပမာဗျာ..."

သူမက ငြိမ်၍နားထောင်သည်။

"ကောင်လေးတစ်ယောက်က မေးတယ်၊ သူ့ထက်အသက်ကြီးတဲ့ အမျိုးသမီးတစ်ယောက်ကို သူက ရည်းစားစာ ပေးလိုက်တယ်၊ အဲဒီတော့ ဟိုက မင်းက ငယ်လွန်းပါသေးတယ်လို့ စာပြန်တယ်တဲ့။ အဲဒါဘာဆက်လုပ်ရမှန်းမသိလို့ မေးတာ"

"အဲဒီတော့ ဟိုက ဘာပြန်ဖြေလိုက်လဲ"

ဆည်းဆာကမေးခြင်းမဟုတ်ပါ။ ဒရိုင်ဘာကဝင်မေးခြင်းဖြစ်သည်။ ရိုးမြင့်က ဒရိုင်ဘာကို အရေးမလုပ်ဘဲ ဆည်းဆာကိုသာ အတင်းအဓမ္မပြောပြလိုက်သည်။

"ဟိုက ဖြေပေးတယ်ဗျ၊ အဲဒီအမျိုးသမီးကို ပြောလိုက်ပါတဲ့၊ မင်းက တစ်နေ့တခြား ကြီးကြီးလာနေတယ်လို့ ပြောလိုက်ပါတဲ့"

"ဟားဟား....ဟားဟား"

အားလုံးမျှော်လင့်ထားသည့်အတိုင်း ဒရိုင်ဘာက ဝင်ရယ်ခြင်းဖြစ်သည်။ ဆည်းဆာက တွေဝေနေပြီး ခဏကြာမှ....

"အဲဒီအဖြေကြီးက သိပ်အဓိပ္ပါယ်မရှိပါဘူးရှင်"

"ဘာဖြစ်လို့လဲ"

"ဟိုအမျိုးသမီးကြီးက ရပ်နေတာမှ မဟုတ်တာ၊ သူကလည်း တစ်နေ့တစ်ခြားကြီးကြီးနေတဲ့ဟာ၊ ဘယ်လိုလုပ်မီမလဲ၊ အရွယ်က ကွာမြဲကွာနေမှာပေါ့"

ရိုးမြင့် ရယ်လိုက်မိသည်။

တော်ပါသေး၏။ ဒီစကားက ဒရိုင်ဘာလိုက်မရယ်၍။

"ဟုတ်တယ်...ကျွန်တော်လည်း ဆည်းဆာ လိုပဲတွေးမိတယ်၊ နောက်တစ်ခုလည်း ရှိသေးတယ်ဗျ၊ ကောင်လေးက မခံချိမခံသာ လှမ်းမေးထားတာ၊ သူကြိုက်နေတဲ့ကောင်မလေးက သူ့ကို မကြိုက်ဘူးတဲ့"

"အဲဒါ ဆန်းလားရှင့်"

"အဲဒါကတော့ မဆန်းဘူးဗျ၊ အဲဒီကောင်မလေးရဲ့ အကြောင်းပြချက်က နည်းနည်းဆန်းတယ်"

"ဘယ်လို အကြောင်းပြလို့လဲ"

"ကောင်လေးရဲ့ ရင်ဘတ်မှာ အမွေးတွေရှိလို့တဲ့"

"ဟယ်တော့..."

"အေးဗျာ...အဲဒါပဲ စဉ်းစားကြည့်တော့၊ သူတို့ လူမျိုးရဲ့ သဘာဝအရ ရင်ဘတ်မှာ အမွေးပေါက်ကြတာပဲ"

"မချစ်နိုင်လို့ကို ကြံဖန် အကြောင်းပြတာပါရှင်"

"အင်း...ဟုတ်မှာပေါ့၊ ကောင်လေးက သူ ဘယ်လို ဆက်လုပ်ရမလဲလို့ လှမ်းမေးတာ"

"အဲဒီတော့ ဟိုက ဘယ်လိုဖြေလိုက်လဲ"

"လွယ်လွယ်လေးဗျ၊ ပေါ့တီးပေါ့ဆ ဖြေသလို ဖြေထားတယ်"

"ဟုတ်လား... ဘယ်လို ဖြေထားလို့လဲ"

"မင်းရဲ့ ရှပ်အင်္ကျီကို ကြယ်သီးတပ်ထားလိုက်ပါတဲ့"

"ရေချိုးတိုင်း ရိတ်ရိတ်ထားရင်လည်း ရလောက်ပါတယ်ရှင်၊ အထူးသဖြင့် သူကြိုက်နေတဲ့ကောင်မလေးဆီကို သွားတဲ့နေ့တွေမှာပေါ့"

"ကျွန်တော်လည်း အဲလို စဉ်းစားမိတယ်"
"အင်း တစ်ခုတော့ ရှိတယ်ရှင့်"

"ဘာလဲ"

"ရည်းစားဘဝမှာ ဟန်ဆောင်ပန်ဆောင် ရိတ်ပြီး လက်ထပ်ပြီးတဲ့အချိန်မှာ မရိတ်တော့ဘူးဆိုရင်တော့ ပြဿနာပဲ"

"အဲဒါက အရေးမကြီးပါဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ဘာသာကိုယ်တောင် မရိတ်တော့ဘူး၊ မိန်းမကိုပဲ ရိတ်ခိုင်းမှာပေါ့"

"အောင်မာ…"

"ဟုတ်တယ်လေ…ဒီအမွေးကို သူမုန်းတာပဲ၊ သူရိတ်ပေါ့"

"ရိတ်ပေးလိမ့်မယ် စောင့်နေ၊ လက်ဝါးပဲ ရမယ်"

"ပေးလေ…အဲဒီလက်ဝါး…. အဲဒီလက်ဝါးထဲကို 'ဂျုတ်' ထည့်ပေးလိုက်မယ်"

"အောင်မာ…"

"လူပဲဗျ…အမွေးတော့ ပေါက်မှာပေါ့"

"အောင်မာ"

သူ ဒေါကလေးကန်နေပုံက အလွန်ကြည့်၍ကောင်းသည်။ ချစ်စရာ အပျိုပေါက်ကလေးလိုဖြစ်နေ၏။ ကိုယ့်ကိုယ်ကို လူပျိုသိုးကြီးနှင့် မတူအောင် ဆင်ခြင်နေထိုင်ရင်း ရိုးမြင့် ပျော်လာမိသည်။

ထိုကဲ့သို့သော အပျော်မျိုးကို ဘဝမှာ တစ်ခါမှ မခံစားခဲ့ဘူးသေးကြောင်း သေချာပါတယ်။ ရင်ထဲမှာ နွေးလိုက်တုန်ရင်ရပါတယ် ဆည်းဆာရယ်…။

"နောက်တစ်ခု…"

"နောက်တစ်ခု မရှိနဲ့တော့ ဆရာရေ၊ ဒီအစ်မဆင်းမယ့်နေရာ ရောက်ပြီ၊ ပြောချင်ရင် ကျွန်တော့်ကိုပဲ ဆက်ပြောတော့"

အလုံ သစ်စက်ဝန်းနားမှာ ဆည်းဆာဆင်းသွားသည်။ မဆင်းခင် ရိုးမြင့်က ဆည်းဆာကို မေးလိုက်သေးသည်။

"ဆည်းဆာ ဒီမှာနေတာတော့ မဟုတ်ပါဘူးနော်"

"အသိဆီလာတာ"

ထိုသို့ပြတ်ပြတ်ပြောပြီး သူမလှည့်ထွက်သွားသည်။ တစ်ချက်မှပင် ငဲ့စောင်း၍ပြန်မကြည့်ချေ။

ထိုသို့ သူပြန်ပြောတော့ တိုးမိုးဝင်းက သဘောကျနေသည်။

"အဲဒါနဲ့ မင်းက ဘယ်ကိုဆက်သွားသလဲ"

"ကားကို ပြန်ကွေ့ခိုင်းရတာပေါ့ကွာ၊ ငါ့အိမ်ကို ပြန်မောင်းခိုင်းရတာပေါ့"

"ဒရိုင်ဘာက ဘာပြောသလဲ"

"ပြောတာပေါ့ဟ"

"အေးလေ....ဘာတဲ့လဲ"

"အဟီး...အစ်ကိုတို့နှစ်ယောက်က လိုက်တယ်တဲ့"

တိုးမိုးဝင်းနှင့် ကိုခင်ဇော်ဦးတို့ ဝါးခနဲ ထရယ်ကြသည်။

နာရီဝက်ခန့် ဆက်ထိုင်ပြီးမှ သူတို့ ပြန်သွားကြသည်။ ရိုးမြင့်က တိုးမိုးဝင်းတို့ကို ကားနားအထိ လိုက်ပို့ပေးရင်း...

"ဟေ့ကောင် ကားထဲက ဘာအခွေလဲ"

"ဗွီဒီယိုအခွေတွေ"

ရိုးမြင့်က ဆွဲယူကြည့်လိုက်သည်။ နိုင်ငံခြားခွေများထဲမှာ မြန်မာခွေတွေပါ ရောနှောပါဝင်နေသည်။

"မင်းက မြန်မာကားတွေ ကြည့်နေပြီပေါ့ ဟုတ်လား"

"အေးကွာ..အိမ်က မြန်မာခွေရရင်လည်း ငှားခဲ့ပါဆိုလို့၊ မင်းကြည့်ချင်ရင် ကြိုက်တဲ့အခွေ ယူထားလိုက်လေ"

"အေး...ကောင်းသားပဲ"

ဘာရယ်မဟုတ်ဘဲ မြန်မာခွေတစ်ခွေနှင့် အင်္ဂလိပ်ခွေ တစ်ခွေကို ယူထားလိုက်သည်။ အင်္ဂလိပ်ခွေကိုတော့ တိုးမိုးဝင်းတို့ ပြန်သွားသည်နှင့် ချက်ချင်းကြည့်ဖြစ်လိုက်၏။

နေ့ခင်းမှာ နေထွန်းဆီ ဖုန်းဆက်ဖြစ်သည်။ နေထွန်းမရှိ၊ ဖြူဖြူထွန်းလည်း မရှိ၊ သို့နှင့် မချောသုံးယောက်ဆီ ဖုန်းဆက်ကြည့်မလား စဉ်းစားသေးသည်။ အခြေအနေကို သိချင်နေမိသည်။

သို့သော် မဆက်ရဲ၍ ဖုန်းခွက်ကို ပြန်ချလိုက်၏။ အိမ်မှ ကြောင်မကြီး သားပေါက်သည်ကို ကြည့်ရန် အပေါ်ထပ်သို့ တက်ကာမှ အောက်မှ ဖုန်းလာသည်။

"ကလင်...ကလင်...ကလင်"

ပြန်ဆင်းမည် လုပ်ပြီးမှ မဆင်းဘဲ နေလိုက်သည်။ ဖုန်းကို ဖေဖေက ကိုင်လိုက်ပြီဖြစ်၏။ ပြင်ဦးလွင်မှ ကိုကို က လှမ်းဆက်ခြင်းဖြစ်သည်။

ကြောင်သားပေါက်ကလေးများကို သွား၍အသည်းတယားယားနှင့် ကြည့်ရှုနေတုန်း အောက်ထပ်မှ ဖေဖေ့ခေါ်သံကို ကြားရသည်။

"သားရေ ကိုရိုး ဒီမှာ မင်းအစ်ကိုကြီးက မင်းနဲ့ ပြောမလို့တဲ့"

ကမန်းကတန်း ပြေးဆင်းသွားပြီး ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"ပြော ကိုကို"

"မင်း အိမ်ထောင်ရေးကိစ္စပါ"

"လာပြန်ပြီ"

"မင်းကမတင်မြကို မကြိုက်ဘူးလား"

"မေးနေစရာတောင် မလိုပါဘူးဗျာ"

"ဒါဖြင့် တကယ်မယူဘူးပေါ့"

"သိပ်ဟုတ်"

"ငါနဲ့ မင်းအစ်မ မရီတာတို့က မင်းကို ကောင်မလေးတစ်ယောက်နဲ့ သဘောတူထားတာ"

"ဗျာ"

ဖုန်းခွက် လွတ်ကျမတတ် တုန်လှုပ်သွားမိသည်။

"အဲ...အဲဒီကောင်မလေးကိုရော ကျွန်တော့်အကြောင်းတွေ ပြောပြထားလား"

"အေး ပြောပြထားတာပေါ့"

"ကောင်မလေးက ဘယ်ကတုန်း"

"ရီတာ့ညီမလေကွာ"

"ဟာ..."

ရိုးမြင့် စိတ်ညစ်သွားသည်။ မရီတာညီမဆိုတာကို သူမပြောနှင့် ဖေဖေနှင့် မေမေပင်မြင်ဖူးပုံမပေါ်။ သို့သော် မရီတာ၏ ခန္ဓာကိုယ်ကို ပြေးမြင်မိပြီး...

"ဖျာ...ဖျာလိပ်လား၊ သစ်ငုတ်တိုလား ကိုကို"

"အေးအေး...နောက်မှ အသေးစိတ် စာရေးလိုက်မယ် ဖုန်းနဲ့ပြောရတာက ပြည့်စုံမှာမဟုတ်ဘူး၊ ဒါပဲ ဟော့ကောင်"

ကိုကိုက တစ်ဘက်မှ ဖုန်းချသွားသည်။ ရိုးမြင့် ဘာပြောရမှန်းမသိလောက်အောင်ပင် ခံစားနေရသည်။ ထိုသို့သော ခံစားချက်မျိုးကို တိုးမိုးဝင်းကတော့ 'တဗျစ်ဗျစ်ခံစားချက်' ဟုအမည်ပေးထားသည်။

နောက်နေ့မနက် တိုးမိုးဝင်းဆီမှ ယူထားသော မြန်မာဗွီဒီယိုခွေကို မျောက်မှိုင်မှိုင်ပြီး ငုတ်တုတ်ထိုင်ကြည့်မိစဉ်မှာ....

"ဟာ...."

****************************************

http://www.myanmarcupid.net

အခန်း (၁၃)

"ဟဲလို…အမိန့်ရှိပါ"

"မျိုးမာလာဝင်းလား…၊ ငါပါ ရိုးမြင့်"

"သြော်…အေး၊ ပြော…ဘာလဲ"

"ဟိုတလောက ငါနင့်ကိုမေးတဲ့ ဆည်းဆာဆိုတဲ့ ကောင်မလေးကလေ"

"အေး…ဘာဖြစ်လဲ"

"ဆေး(၁) က မဟုတ်ဘူးဟ၊ မန္တလေးဆေးတက္ကသိုလ်က"

"အဲဒါကြောင့် ဆေး(၁)မှာ မရှိပါဘူးလို့ နင့်ကိုငါ ပြောသားပဲ"

"အေး…နင် ဆေးမန်းမှာရော သူငယ်ချင်းမရှိဘူးလား"

"အာ…အဲဒီမှာတော့ မရှိဘူး"

ရိုးမြင့် စိတ်ပျက်သွားသည်။ ချက်ချင်းဆိုသလိုပင် ခေါင်းထဲမှာ အတွေးတစ်ခုဝင်လာပြီး…

"ဒါဆိုလည်း ငါ့ကို တစ်ခုကူညီစမ်းပါဟာ"

"ဘာကူညီရမှာလဲ"

"မဂ္ဂဇင်းတိုက်တစ်တိုက်ကို ဖုန်းဆက်ပေးစမ်းပါဟာ…၊ ကဗျာဆရာမ ဆည်းဆာချို ရဲ့ လိပ်စာကိုမေးပေးစမ်းပါ၊ ငါဖုန်းနံပါတ်ပေးမယ် ဆက်မေးပေးစမ်းပါဟာ၊ ယောက်ျားလေးက ဆက်မေးလို့ မကောင်းဘူးဟ၊ မိန်းကလေးချင်း ဆရာဝန်မချင်းဆို သူတို့ကပေးမှာပဲ"

မျိုးမာလာဝင်းက ခဏကြာမျှ အသံတိတ်စဉ်းစားနေပြီး…

"အေးလေ ငါမေးကြည့်ပေးမယ်၊ နင့်ဘက်က ဖုန်းချလိုက်"

"အေး…အေး…"

အိုင်ဒီယာမဂ္ဂဇင်း၏ ဖုန်းနံပါတ်ကို ပေးပြီး ရိုးမြင့် ဖုန်းချလိုက်သည်။ ရင်တခုန်ခုန်နှင့် ဖုန်းဘေးမှာပင် ထိုင်စောင့်နေလိုက်၏။ ငရုတ်သီးတစ်ခါထောင်းမျှ ကြာပြီးမှ…

"ကလင်…ကလင်…ကလင်…"

ဖုန်းခွက်ကို စိတ်လှုပ်ရှားစွာ ကောက်ကိုင်လိုက်သည်။

"ရိုးမြင့်လား..."

"အေး...ပြော မာလာဝင်း ဘာထူးလဲ"

"လိပ်စာတော့ မရဘူး"

"ဟင်..."

"ဖုန်းနံပါတ်ပဲ ရတယ်"

ထိုသို့ပြောပြီး မျိုးမာလာဝင်းက ဖုန်းနံပါတ်ကို ရွတ်ပြ၏။

"အိုကေ...အိုကေ ဖုန်းနံပါတ်ရလည်း ဖြစ်တယ်"

ဖုန်းခလုတ်ကိုနှိပ်လိုက်ပြီး ဆည်းဆာဆီ ဖုန်းခေါ်ရန်ပြင်လိုက်သည်။ ပြီးမှ သတိရပြီး ဖုန်းနံပါတ်ကို ပြောင်းနှိပ်လိုက်သည်။

"ဟဲလို...အမိန့်ရှိပါ"

"မာလာဝင်းလား ငါပါ၊ နင့်ကိုကျေးဇူးတင်ကြောင်း ပြောဖို့ မေ့သွားလို့၊ ဟိုဘက်ကို ဖုန်းပြောဖို့လောပြီး နင့်ဘက်ကို ဖုန်းခလုတ် နှိပ်ချလိုက်မိတာ"

"တော်တော်..သွား"

မာလာဝင်းက ခွပ်ခနဲ ဖုန်းချလိုက်၏။ စိတ်ကောက်သွားပြီထင်သည်။ နောက်မှပဲ ကြည့်ချော့လိုက်မည်။ လောလောဆယ်တော့ ဆည်းဆာဆီ ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

"ဟဲလို"

"ဒေါက်တာဆည်းဆာနဲ့ စကားပြောချင်လို့ပါ"

တစ်ဘက်မှ အသံတိတ်သွားသည်။ ရိုးမြင့်က ထပ်ခေါ်ယူရသည်။

"ဟဲလို"

"ဟုတ်ကဲ့ ပြောပါ"

"ဆည်းဆာလား"

"ဘယ်သူလဲ"

"ဘယ်သူပါ...အဲလေ ကျွန်တော်ပါ"

"ဘယ်က ကျွန်တော်လဲ"
ဘယ်လိုပြန်ဖြေရမည်မှန်းမသိ။ ဆည်းဆာက သူ့နာမည်ကိုလည်း သိမည် မဟုတ်ချေ။ ကိုယ်ကလည်း ကိုယ့်နာမည်လေး ပြောပြမထားသည်အထိ ညံ့ဖျင်းခဲ့သည်။ အထစ်ထစ်အငေါ့ငေါ့ဖြင့်...

"ဟိုလေ တံဆိပ်ခေါင်းလုဝယ်၊ တက်စီလုတား၊ စားပွဲမှာ လုထိုင် စကားတွေလုပြောတဲ့ ကောင်လေ"

"သြော်...."

"မှတ်...မှတ်မိတယ် မဟုတ်လား"

"ရှင်က ကျွန်မဖုန်းနံပါတ်ကို ဘယ်လိုလုပ်သိတာတုန်း"

"အို...အဲဒါတွေ ထားလိုက်ပါ၊ ကျွန်တော်ပြောစရာရှိလို့"

"ဘာပြောမှာလဲ"

ပြောခါနီးမှ မပြောရဲချေ။ ထို့ကြောင့် စကားလှီးလွှဲပြီး....

"ဟိုလေ ... ဆည်းဆာ ထမင်းစားပြီးပြီလား"

"အင်း...ရှင်ပြောမှပဲ သတိရတယ်၊ မစားရသေးဘူး၊ သွားစားလိုက်ဦးမယ်"

ခွပ်ခနဲ ဖုန်းချသွားလေသည်။ ၁၅ မိနစ်၊ မိနစ် ၂၀ ကြာသည်အထိ ရိုးမြင့် ဖုန်းထပ်ခေါ်ကြည့်သည်။ မရတော့ချေ။ ဆည်းဆာက ဖုန်းခွက်ကို ဘေးချသွားဟန်တူသည်။ ရိုးမြင့်စိတ်တွေ မငြိမ်မသက် ဖြစ်လွန်းမက ဖြစ်လာသည်။ ခြံထဲမှာ ခေါက်တုံ့ ခေါက်ပြန် လမ်းဆင်းလျှောက်မိ၏။ ခဏအကြာမှာ အိမ်ထဲပြန်ဝင်၍ ဖုန်းခွက်ကို ကောက်ကိုင်ကာ...

"ဟဲလို... ကိုခင်ဇော်ဦး ရှိပါသလားခင်ဗျာ"

"ကျွန်တော်ပါပဲ ခင်ဗျာ... အမိန့်ရှိပါ"

"ကိုဦး ကျွန်တော် ရိုးမြင့်ပါ"

"သြော် အေး ရိုးမြင့် ပြော"

"ကျွန်တော် ကိုဦးနဲ့ အခုချက်ချင်းတွေ့လို့ရမလား"

"ဘာလဲ...အရေးပေါ်ပြီလား"

"ပေါ်ပြီ....ကိုဦးရေ"

"အဲဒါဆို တိုးမိုးဝင်းတို့အိမ်မှာ ဆုံလိုက်မယ်လေ၊ ကိုယ်လည်း ထွက်လာခဲ့မယ်"

"ဟုတ်...ဟုတ်ကဲ့"

အဝတ်အစားပင် မလဲတော့ဘဲ တိုးမိုးဝင်းတို့အိမ်သို့ ကားမောင်းထွက်ခဲ့သည်။ တိုးမိုးဝင်းတို့အိမ်မှာ ကိုခင်ဇော်ဦးက ကြိုရောက်နေသည်။ သူတို့ကအိမ်ချင်း နီးကြသည်ကိုး။

"ဟော...လူတွေ စုံလို့ပါလား"

မင်းသန့်နှင့် နေထွန်းတို့လည်း ရှိနေကြသည်။ နေထွန်းက...

"ဟော့ကောင် ရိုးမြင့် လူယုတ်မာ"

"ငါ ဘာမှ မယုတ်မာဘူး၊ လူကြီးက ကောင်းမယ်ထင်လို့ စီမံတာကို မင်း အထွန့်မတက်နဲ့၊ မင်းကိစ္စကို ပြီးမှပြော၊ ခု ငါ့ကိစ္စက အဖြေရပြီ"

"ဟင်...ဟုတ်လား"

အားလုံးစိတ်ဝင်တစားဖြစ်သွားကြသည်။

"တကယ်လား"

"တကယ်ပေါ့"

"တရားခံကို မိပြီလား"

"မိပြီ"

"ဘယ်လိုလုပ်တယ်ဆိုတဲ့ နည်းလမ်းကိုရော သိပြီလား"

"သိပြီ"

"ဟာ...တယ်ဟုတ်ပါလား လာကွာ၊ ငါ့အခန်းထဲသွားမယ် အေးအေးဆေးဆေး သွားပြောကြတာပေါ့"

တိုးမိုးဝင်းက အပေါ်ထပ်မှ သူ့အခန်းသို့ခေါ်သွားသည်။ သူ့နောက်မှ တပြုံကြီး ပါသွားကြသည်။ အခန်းထဲမှာ နေသားတကျ ထိုင်ပြီး ကြတော့ ကိုခင်ဇော်ဦးက...

"ကဲ ရိုးမြင့် အေးအေးဆေးဆေး အစီအစဉ်တကျပြောကွာ"

"ဟုတ်... ဟုတ်ကဲ့"

တံတွေးကို ဂလုခနဲ မျိုချလိုက်မိသည်။ အားလုံးက သူ့မျက်နှာကို စူးစူးရဲရဲ ဝိုင်းကြည့်နေကြသည်။

"ဒီလိုဗျာ"ဟု အစချီကာ...
"ကျွန်တော်ကလည်း ဒီကိစ္စကို အစကတော့ ဘယ်လိုမှ စဉ်းစားလို့မရဘူး။ လူတွေကို မသင်္ကာလိုက်ဖြစ်နေခဲ့တာပဲ များခဲ့တယ်၊ ဒါပေမယ့် နောက်တော့ တရားခံ ဘယ်သူဖြစ်ဖြစ် ကိုယ့်အကြောင်းတွေကို ဘာဖြစ်လို့ ဒီလောက် လိုက်သိနေတာလဲဆိုတာ အရမ်းစိတ်ဝင်စားစရာ ဖြစ်လာတယ်"

"အင်း...ဟုတ်ပြီ"

"သူ ဘယ်လို သိနိုင်မလဲဆိုတဲ့ နည်းလမ်းကို ကိုယ့်အနေနဲ့ လိုက်ရှာကြည့်မိတယ်၊ ဒီရက်တွေထဲမှာ အခန်းအောင်းပြီး စာအုပ်တွေ ဖတ်ဖတ်နေတာဟာလည်း ဒီအတွက်ပဲ၊ စာအုပ်တစ်အုပ်ထဲမှာ ထူးခြားတဲ့ အချက်တစ်ချက်ကိုတွေ့ခဲ့တယ်၊ မှတ်မှတ်သားသားလည်း ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ကိုယ့်ကိစ္စနဲ့ ပတ်သက်နေလိမ့်မယ်လို့ အဲဒီတုန်းက မထင်မိသေးဘူး"

"ဘာအချက်လဲကွ"

"Coincidences and connections ဆိုတဲ့ အချက်ပဲ"

"အဲဒါက ဘာကိုပြောတာလဲ"

"သြော်...လောကကြီးထဲမှာ ဆင်တူဖြစ်ပျက်မှုတွေ ရှိတတ်တယ်ဆိုတာကို ပြောထားတာ၊ တချို့လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ထပ်ရက်ကျတဲ့ အဖြစ်တွေ ဖြစ်တတ်တယ်တဲ့၊ ဥပမာဆိုပါစို့.... အီတလီနိုင်ငံရဲ့ ပထမ အမ်ဘီတို ဘုရင်ကြီးဟာ နောက်ထပ် အီတလီနိုင်ငံသား အမ်ဘီတိုဆိုတဲ့ ပုဂ္ဂိုလ်နဲ့ပဲ ဖြစ်ရပ်တွေ အစစအရာရာတူညီနေတယ်၊ အဲဒါမျိုးပေါ့"

"သြော်..အေး ဟုတ်ပြီ ဆက်ပြောပါဦး"

"အဲဒီလို ဆင်တူဖြစ်ရပ်တွေကို အမွှာပူးတွေမှာလည်း တွေ့ရတယ်၊ ဒါကိုတော့ အားလုံး သိပါတယ်။ ဒါပေမယ့် အမွှာပူးထဲမှာတောင် Blovular Twin နဲ့ Univular Twin ဆိုပြီးတော့ ကွဲသေးတယ်"

"အင်း ဟုတ်ပြီ အဲဒါဘာဖြစ်လဲ"

"အဲဒါတွေက ဘာမှမဖြစ်ဘူး၊ ဖြစ်တာကသပ်သပ်တစ်မျိုး"

"ဟေ...ဟုတ်လား ပြောပါဦး ဘာပါလိမ့်"

"လူနှစ်ယောက်ဟာ တစ်နေ့တည်း တစ်ရက်တည်း တစ်ချိန်တည်း မွေးခဲ့လို့ရှိရင်လည်း အဖြစ်အပျက်တွေဟာ ထပ်ရက်နီးပါး တူနေတတ်တယ်"

စကားအဆုံးမှာ ခါးကြားနောက်မှာ ထိုးလာသော ဗီဒီယိုခွေကို ထုတ်ပြလိုက်ပြီး...

"ဒါ တိုးမိုးဝင်းဆီက ဟိုတစ်နေ့ကပဲ ငှားလိုက်တဲ့ အခွေ မြန်မာခွေ"

"အေး...ဟုတ်တယ် ငါမကြည့်ရသေးဘူး၊ ဘယ်လိုဖြစ်လို့လဲ"

တိုးမိုးဝင်းက အမောတကော ပြန်မေး၏။

"ဒီကားထဲမှာ မွေးလ၊ မွေးရက်၊ မွေးချိန် ထပ်ရက်တူတဲ့ လူနှစ်ယောက်က ဝါသနာတူ အကြိုက်တွေတူ၊ အဖြစ်အပျက်တွေတူပြီး စိတ်မနှံ့တဲ့ကောင်မလေးတစ်ယောက်ကို ပြိုင်ကြိုက်မိတဲ့အကြောင်း ရိုက်ထားတာ"

"သြော်...ဟုတ်လား...၊ အဲဒီလိုလား"

"အေး...အဲဒီကားကြည့်နေတဲ့အချိန်မှာပဲ ငါ ဒီကိစ္စအတွက် သဲလွန်စကို စရလိုက်တာပဲ"

ကိုဦးက...

"ရှိးမြင့်"

"ဗျ"

"လိုရင်းကို ကိုယ်ဖြတ်မေးမယ်ကွာ"

"ဟုတ်ကဲ့ ...မေး"

"မင်းဖြစ်တာတွေကို မင်းအိမ် ဖုန်းဆက်ပြီး ပြောပြောပြနေတဲ့ ကောင်မလေးက မင်းနဲ့ မွေးရက်၊ မွေးလ၊ မွေးချိန်တူခဲ့တဲ့ ကောင်မလေးတစ်ယောက်လို့ ဆိုလိုချင်တာလား"

"ဟုတ်တယ် ကိုဦး၊ အဲဒီအတိုင်းပဲ"

"ဒါဆို အဲဒီကောင်မလေးရဲ့ ဘဝနဲ့ မင်းဘဝဟာလည်း အဖြစ်အပျက်တွေ တူနေမှာပေါ့"

"အင်း..တူတာပေါ့"

"ဟင်..ဒါဖြင့် အဲဒီကောင်မလေးရော မင်းတွေ့လို့လား"

"တွေ့တယ်၊ တွေ့ပြီ"

"ဟော..."

အားလုံးမျက်လုံးပြူးသွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက် လှည့်ကြည့်ကြသည်။ ပြီးမှ ကိုဦးက....

"ဒါဖြင့် ဘယ်သူလဲ"

"ဆည်းဆာ ဆည်းဆာ"

"အာ...မင်း ဟုတ်ရဲ့လားကွာ၊ မင်းကြိုက်တာနဲ့ပဲ အတင်းဆွဲတွေးနေတာလား"

"မဟုတ်ဘူး ကိုဦးရဲ့ ကျွန်တော် ပြောပြမယ်"
"အေး...ပြော ကိုယ့်ဟာကိုယ်ပဲ ရှင်းရှင်းလင်းလင်း ဖြစ်အောင် ပြော"

"ကိုဦးတို့ကိုလည်း ကျွန်တော် ပြောပြီးပါပြီ။ ဆည်းဆာနဲ့ ကျွန်တော် တံဆိပ်ခေါင်းတစ်ခုကို အတူဆုံဝယ်မိကြတာတို့၊ တက်စီတစ်စီးကို အပြိုင်လက်တားမိတာတို့၊ စားပွဲတစ်လုံးကို အကြိုက်တူနေတာတို့"

"အေး...ဒါတွေကတော့ ဟုတ်ပါတယ်၊ ဒါ့အပြင် တခြား ဘာရှိသေးလဲ"

"သူလည်း ဆရာဝန်ပေါက်စ၊ ကျွန်တော်လည်း ဆရာဝန်ပေါက်စဗျ၊ တစ်နှစ်တည်းတွေ"

"အင်း"

"သူ့ကလောင်နာမည်က 'ဆည်းဆာချို' ဗျာ၊ ကျွန်တော့်ကလောင်နာမည်က 'နေရီချို' ဗျာ"

"အေး...ဟုတ်လာပြီ တဖြည်းဖြည်းတော့ နီးလာပြီ"

"သူ့နာမည်အရင်းက ဆည်းဆာဗျာ"

နေထွန်းက ဝင်ထောက်သည်။

"သူက ဆည်းဆာ မင်းက ရိုးမြင့် ဘာဆိုင်လို့လဲ"

"မင်းတို့က ငါ့ကို ရိုးမြင့်ဆိုတဲ့ နာမည်နဲ့ပဲသိတာကိုး ၊ ဖေဖေတို့ ငါ့ကို အင်္ဂလိပ်လို ပေးထားတဲ့နာမည်ရှိတယ်၊ 'ဆီဇာ' တဲ့"

သူတို့တွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြပြန်သည်။ မင်းသန့်က ခေါင်းတစ်ဆတ်ဆတ်ညိတ်လေသည်။

ကိုဦးကပဲ ဆက်မေးသည်။

"တခြား ဘာအချက်တွေ ရှိသေးလဲ"

"သူနဲ့ ကျွန်တော် ရုပ်ချင်းပါ ဆင်တယ်ဗျ၊ သူကတော့ မိန်းကလေးမို့လို့ လှအောင်နေပြီး လှတာပေါ့"

"အင်း...ငါတော့ မမြင်ဖူးသေးတော့ မပြောတတ်သေးဘူး"

"တံဆိပ်ခေါင်း လုဝယ်တဲ့ အချက်ကလေးက အတော်ရှင်းသွားတယ် ကိုဦးရ"

"ပြောပါဦး"

"ကျွန်တော်က ကျွန်တော့် မွေးနေ့မှာ ထုတ်တဲ့တံဆိပ်ခေါင်းမို့ အမှတ်တရဝယ်တာ၊ သူကလည်း သူ့မွေးနေ့မှာ ထုတ်တဲ့ တံဆိပ်ခေါင်းမို့ သူ့အတွက် အမှတ်တရဝယ်တာ"

"အင်း...ဟုတ်သလိုတော့ ရှိလာပါပြီ၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ ကိုဦး"

"မင်းနဲ့ သူနဲ့ အဲလိုမျိုး မွေးရက်၊ မွေးလ၊ မွေးချိန်တူတယ်ဆိုတာကို ဆည်းဆာက ဘယ်လိုလုပ်သိသလဲ"

"နေဦး ကိုဦး၊ အဲဒီမေးခွန်းကို ကျွန်တော် ပြီးမှ ဖြေမယ်၊ အခု ဒါလေး နားထောင်ကြည့်စမ်းပါ"

ကက်ဆက်ခွေတစ်ခွေကို ထုတ်ပေးလိုက်သည်။ တိုးမိုးဝင်းက ကက်ဆက်ထဲသို့ သွက်သွက်လက်လက် ထိုးတည့်ကာ ဖွင့်လိုက်သည်။

သူနှင့် ပဟေဠိလေးတို့ ပြောကြသော စကားများ။ အဲဒါတွေအဆုံးမှာ မနက်ကမှ သူနှင့် ဆည်းဆာတို့ ပြောခဲ့ကြသည့် ဖုန်းစကားများ...။

"ဟာ...အတူတူပဲကွ"

"အေး .... တစ်သံတည်းပဲ၊ ဟုတ်ပ"

တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေပေးပြီး အခန်းထဲမှာ အသံတွေ ဝရောဝရောပင်ဖြစ်သွားသည်။ ထိုအသံတွေ စဲသွားမှ ရိုးမြင့်က...

"ဆည်းဆာနဲ့ ကျွန်တော်နဲ့ ပြောခဲ့တဲ့ ဖုန်းစကားတွေထဲမှာ အစွန်းထွက် ပြဿနာလေး နှစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ရှေ့မှာ ပြောခဲ့တဲ့ Coincidneces and connections ဘောင်ကို ကျော်နေတဲ့ အချက်တွေပဲ"

"အေး...ပြောလေ"

"ပထမအချက်က ကျွန်တော့်အကြောင်းသက်သက်ကိုတင်သိတာမဟုတ်ဘဲ ကျွန်တော်နဲ့ တံဆိပ်ခေါင်းလုဝယ်တဲ့ ကောင်မလေးအကြောင်းကိုပါ သိနေတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီကောင်မလေးက သူကိုယ်တိုင်ဖြစ်နေလို့ပဲ"

"ဟုတ်ပြီ...နောက်တစ်ချက်ကရော..."

"ကျွန်တော်နဲ့ လူကြီးချင်းသဘောတူထားတဲ့ မတင်မြအကြောင်းကို သိတယ်၊ မတင်မြ အပြင် နောက်တစ်ယောက်ရှိသေးကြောင်းကိုပြောတယ်၊ ပြောနိုင်မှာပေါ့၊ အဲဒီနောက်တစ်ယောက်ဆိုတာကလည်း သူကိုယ်တိုင်ပဲ"
"ဟင်...ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ ကျွန်တော့်အစ်ကိုက သူ့အစ်မနဲ့ရပြီး သူ့အစ်မက ကျွန်တော့်အစ်ကိုနဲ့ရနေတာ၊ နှစ်ယောက်လုံးကလည်း ကထိကတွေချည်းပဲ၊ ကျွန်တော့်အစ်ကိုက ဝတယ်၊ သူ့အစ်မက ဝတယ်၊ ဒါပေမဲ့ သူနဲ့ ကျွန်တော်နဲ့က မဝဘူး"

"အင်း ဟုတ်ပြီ၊ အဲဒါတွေထားပါတော့၊ သူက မင်းနဲ့ လူကြီးချင်းသဘောတူထားတဲ့ နောက်တစ်ယောက်ဆိုတာကို မင်းက ဘယ်လိုလုပ်သိသလဲ"

"ပြင်ဦးလွင်မြို့ကနေ ကိုကို ဖုန်းဆက်လို့ သိလိုက်တာ"

"ဆည်းဆာလို့ နာမည်ထုတ်ပြီး တည့်တည့်ပြောလို့လား"

"အဲလိုတော့ မပြောဘူး"

နေထွန်းက...

"ဒါဖြင့်လည်း သေချာသွားအောင် ဖြောင့်ဖွင့်မေးလိုက်လေကွာ"

"မေးချင်တာပေါ့"

"မေးချင်ရင် အခု ဖုန်းခေါ်လိုက်လေကွာ"

တိုးမိုးဝင်းက သူ့ခေါင်းဦးဘေးမှ Cordless ကို ယူပြီး လှမ်းပေးလိုက်သည်။

"အဟီး ... မဆက်ရဲဘူးကွ"

"ဟင်...ဘာဖြစ်လို့လဲ"

“ငါ…ငါ ရင်တွေခုန်နေလို့”

“သေတော့မှာပဲ”

အားလုံးက ဝိုင်းရယ်ကြသည်။ အကုန်လုံး ပျော်ရွှင်တက်ကြွသလို ဖြစ်လာကြသည်။ ဟိုမချောသုံးယောက်နှင့် ဘယ်လိုဖြေရှင်းနေရမှန်း မသိသော နေထွန်းပင်လျှင် စပ်ဖြိဖြိဖြစ်နေသည်။ မင်းသန့်က…

“မင်းအစ်ကိုရဲ့ ဖုန်းနံပါတ်ကိုပြော…၊ ငါခေါ်ပေးမယ်”

“မ….မလုပ်ပါနဲ့ကွာ”

ဘယ်လိုမှ ငြင်းမရချေ၊ အားလုံးက နင်းကန်တောင်းဆိုနေကြသဖြင့် ကိုကို့ ဖုန်းနံပါတ်ကို ပေးလိုက်ရ၏။

“ဟဲလို…ဆရာ ဦးမျိုးမြင့် ရှိပါသလားခင်ဗျာ”

“ဟုတ်ကဲ့ ခုပြောနေပါတယ်”

“ဟုတ်ကဲ ခဏနော်၊ ဒီမှာ ရိုးမြင့် ပြောမလို့တဲ့”

ဖုန်းကို ထိုးပေးလာသဖြင့်…

“ကိုကိုလား…ညီပါ”

“အေး…ပြော ဘာအကြောင်းထူးလို့လဲ”

“ကျွန်တော်နဲ့ ပေးစားဖို့ သဘောတူထားတဲ့ မရီတာရဲ့ ညီမလေးဆိုတာလေ”

“အေး..ဘာဖြစ်လို့လဲ”

“ဆေးမန်းက ဆင်းထားတဲ့ ဆရာဝန်ပေါက်စ မဟုတ်လား”

“အေး..ဟုတ်တယ်၊ မင်းက ဘယ်လိုလုပ်သိလဲ”

“သူ့နာမည် က ဘယ်သူလဲ ကိုကို”

အားလုံး နားရွက်တွေ ထောင်နေကြသည်။ ရိုးမြင့်လည်း ရင်တွေ တဒိန်းဒိန်း ခုန်နေသည်။ ကိုကိုက…

“သူ့နာမည်က ဆည်းဆာတဲ့”

“ဟာ…ဆည်းဆာ ဟုတ်လား”

“ဟေး…….”

နံဘေးမှ အုပ်စုက ဝမ်းသာအားရ ဝိုင်းအော်လိုက်ကြသည်။ တစ်ဘက်မှ ကိုကိုပင် ကြားသွားပုံရသည်။

"ဟော့ကောင် မင်းဘက်မှာ ဘာတွေဖြစ်နေတာလဲ"

"သူငယ်ချင်းတွေပါ ဝိုင်းနောက်နေကြတာ"

"မင်းက ဆည်းဆာကို သိပ်စိတ်မဝင်စားဘူး မဟုတ်လား"

"အာ...ဝင်စားတယ် ဝင်စားတယ်၊ ယူမယ် သူ့ကိုဆိုရင် ယူမယ်"

ရယ်သံများ ညံသွားလေသည်။

******************************

အခန်း (၁၄)

နောက်ဆုံး ဗိုလ်လုပွဲရောက်ပြီ ထင်သည်။ ပွဲကြီးပွဲကောင်းက စပြီ။ ဖေဖေနှင့် မေမေက တစ်ဘက်၊ ကိုကိုနှင့် မရီတာက တစ်ဘက်၊ ဖုန်းတွေကို စပီကာဖွင့်ကာ ရန်ကုန်နှင့် ပြင်ဦးလွင်မြို့ အပြန်အလှန် ပြောဆိုနေကြသည်။

ကိုယ့်ကိစ္စကို ဆွေးနွေးနေခြင်းဖြစ်၍ ခေတ်သစ်ယဉ်ကျေးမှုအတိုင်း ကိုယ်နှင့် ဘာမှမဆိုင်သလို ယောင်ပေယောင်ပေ လုပ်နေလိုက်သည်။

ထိုလေးယောက်ထဲမှာ အဓိက Key Player များကတော့ မေမေနှင့် ကိုကိုသာ ဖြစ်ကြသည်။

"သားကြီး...မင်းကို မေမေ ဒီတစ်ချက်တော့ မကြိုက်ဘူးကွယ်"

"ဘယ်အချက်လဲ မေမေ"

"မေမေ့ကို မမေးမစမ်းနဲ့၊ ရိုးမြင့်ကို မင်္ဂလာကိစ္စစကားကြောင်းထားတာကို၊ ရီတာ့ညီမလေးနဲ့ဆိုတော့ သဘောမတူစရာ အကြောင်းမရှိပါဘူး၊ ဒါပေမဲ့ မေမေက ဒီဘက်မှာ စကားကျွံထားပြီးနေပြီ"

"ကြမ်းကျွံတာကမှ လူသိပါသေးတယ် မေမေရယ်၊ စကားကျွံတာက ဘယ်သူမှ မသိပါဘူး"

"ဟဲ့...အဲ့လို ပြောလို့ ရမလား၊ နင် မြန်မာစာကထိက လုပ်နေပြီး အဲလို စကားပုံကို ပြောင်းပြန် ပြောရသလား"

မေမေက ကိုကို့ကို အဝါကတ် ပြသည်။

"မဟုတ်ဘူးလေ...မေမေရဲ့"

"ဘာမဟုတ်တာလဲ"

"မေမေက ရိုးမြင့်ကို မတင်မြနဲ့ ပေးစားချင်တာ မဟုတ်လား"

"အေး...ဟုတ်တယ်"

"ကာယကံရှင် ရိုးမြင့်ရဲ့ သဘောဆန္ဒမပါဘဲ မေမေက ဇွတ်ထွက်လုပ်တာကိုး"

ကိုကိုကလည်း မေမေ့ကို လူကြွံဘော ပြန်ဖမ်း၏။

"မေမေ မေမေ"

မရီတာ၏ အသံဖြစ်သည်။

"ဟေ"

"မေမေ့သားက နေ့ခင်းကပဲ သူ့အစ်ကိုဆီ ဖုန်းဆက်ပြီး ဆည်းဆာကို ယူမယ်လို့ ပြောပြီးပြီ၊ မင်္ဂလာကိစ္စကိုသာ စီစဉ်ကြပါတော့တဲ့"

"ဟေ..."

"ဟယ်...ဟုတ်လား"

ဖေဖေနှင့် မေမေ အကြီးအကျယ် အံ့သြသွားကြသည်။ ရိုးမြင့်ကိုလည်း လှည့်ကြည့်ကြ၏။ ရိုးမြင့်က သူနှင့် မဆိုင်သလို သမ္မာသမဂ္ဂဒီပနီကျမ်းကို သည်းကြီးမည်းကြီး ဖတ်နေလိုက်သည်။

"ဟဲ့...ရီတာ နင်တကယ်ပြောတာလား"

"တကယ်ပါ အမေရဲ့"

"ဟုတ်တယ်မေမေ၊ မေမေ့သား ကျွန်တော့်ကို နေ့လည်က ဖုန်းဆက်တယ်"

"သြော်...ဟုတ်လား"

ဖေဖေနှင့် မေမေက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိပြန်သည်။ ပြုံးလာကြသည်။ ဘာပဲပြောပြော လိုရင်းအချက်က ရိုးမြင့်တစ်ယောက် အိမ်ထောင်ရက်သား ကျဖို့ပေကိုး...။

"ရီတာ အဲဒါဆိုရင် ဘယ်လိုလုပ်ကြမတုံး"

"ပေးစားလိုက်ကြတာပေါ့ မေမေရယ်"

"အေး...ဟုတ်ပြီ"

မရီတာ၏စကားက တစ်ချက်တည်းနှင့် ကျင်းဝင်သွား၏။ ဘေးထွက်နေသည့် ခြင်းလုံးပမာဖြစ်နေသော ဖေဖေက အခုမှ ဝိုင်းထဲဝင်ပြောသည်။

"အေး...အဲဒါဆိုလည်း တောင်းဖို့ရမ်းဖို့တွေ အရင်လုပ်ကြတာပေါ့၊ ကလေးမလေးက ရန်ကုန်ကိုရောက်နေတယ်ဆိုပေမယ့် မိဘတွေကတော့ မန္တလေးမှာပဲ မဟုတ်လား"

"အင်း...ဖေဖေ အဲဒါတွေကို သား အသေးစိတ်ရေးပြီး မနက်ဖြန် လေယာဉ်လူကြုံနဲ့ ထည့်ပေးလိုက်မယ်။ အခု ရိုးမြင့် ရှိလား"

"အင်း...ရှိသားပဲ"

"ဒီကောင် ဘာလုပ်နေလဲ"

"စာဖတ်ချင်ယောင် ဆောင်နေတယ်"

"ခဏခေါ်ပေးပါ ဖေဖေရာ"

"ရှိုးမြင့် ဖုန်းဘေးရောက်သွားတော့ ကိုကိုက တစ်ခွန်းတည်းပြောသည်။

"ဟေ့ကောင်"

"ဗျာ..."

"မင်းကလည်း မင်းဘာသာ မင်းကောင်မလေးကို ပြောလိုက်"

"အဲ"

မရီတာအသံက ပေါ်လာသည်။

"ဘာအဲလဲ ဟုတ်တယ်၊ နင့်ဘာသာ နင်လဲ ပြောလိုက်ဦး ငါ့ညီမက ဟင်းရွက်၊ ကန်စွန်း မဟုတ်ဘူး သိလား"

"အိုး...ကျွန်တော် ကျွန်တော်က ပြောလို့ သူက ငြင်းလိုက်ရင်ကော"

မရီတာက တခစ်ခစ်ရယ်ကာ...

"နင်ဟာလေ လည်မလိုနဲ့ အတယ် သိလား၊ အဲဒါကြောင့် နင် မိန်းမယူဖို့ကိစ္စ ငါတို့ ဝင်လုပ်နေရတာ၊ တကတည်းတော် ပြင်ဦးလွင်ကနေ ရန်ကုန်ကို လှမ်းအော်နေရတယ်"

"မဟုတ်ဘူးလေ...၊ သူက ကျွန်တော့်ကို လက်မခံနိုင်ပါဘူးလို့ ပြောခဲ့ရင်"

"နင်ဟာလေ ပြောလေ ကဲလေပါလား၊ တော်ပြီ နင့်အစ်ကို ပြောတဲ့အတိုင်း ကိုယ့်ဘာသာ ဆည်းဆာကို ပြောလိုက်ဦး"

"အင်း...ပြီးရောလေ"

ဖုန်းချလိုက်တော့ ဖေဖေက ရယ်သည်။

"ဟုတ်တယ်လေကွာ၊ မင်းကလည်း ကောင်မလေးကို ပြောလိုက်ဦးပေါ့၊ ကြည့်ရတာ ကောင်မလေးက မင်းကို လက္ခဏာကောင်း ခေါင်းညိတ်ပြီးသား ဖြစ်ပုံရတယ်၊ ဘာပဲပြောပြော သူ့ရဲ့ မိန်းကလေးသိက္ခာအတွက် မင်းက သူ့သဘောတူညီချက်ကို တောင်းရဦးမှာပဲ"

"အင်း...အဲဒါဆိုလည်း ခုပဲ ဖုန်းဆက်ပြီး ပြောလိုက်ပါ့မယ်"

"ဘယ်ကို ဆက်မှာလဲ"

"ဟင်...အဲဒီကောင်မလေးဆီပေါ့"

"သြော်...ဆည်းဆာဆီကိုလား"

ရိုးမြင့် နည်းနည်းရှက်သွားသည်။

“ဖေဖေတို့က ဒီမှာ ဘာထိုင်လုပ်နေကြတာလဲ၊ တရားခွေလေး ဘာလေး သွားနားထောင်ကြလေ”

“ရှောင်ပေးမလို့ပါပဲတော်...ရှောင်ပေးမလို့ပါပဲ”

မေမေက ပြုံးပြုံးကြီးနှင့် ဦးဆောင်ဝင်သွားသည်။ သူတို့ နှစ်ယောက်လုံး ဘုရားခန်းထဲ ရောက်သွားမှ ရိုးမြင့် ဖုန်းဘေးမှာ ကျကျနန ထိုင်ကာ ဆည်းဆာ၏ ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

“ဟဲလို အမိန့်ရှိပါ”

ဆည်းဆာ၏ ဖုန်းထူးသံကြောင့် ရင်ထဲမှာ နားဝင်ပီယံဖြစ်သွားသည်။

“မဆည်းဆာလားခင်ဗျာ”

“ဟုတ်ပါတယ် ဘယ်သူလဲ”

“ကျွန်တော် မောင်ရိုးမြင့်ပါ၊ မဆည်းဆာနဲ့ မကြာမီ လက်ထပ်ရမယ့် သတို့သားလောင်းပါ”

“ဘာတွေ လာပြောနေတာလဲ”

ဆည်းဆာ၏ အသံက ခပ်တင်းတင်းပဲ ဖြစ်သည်။

“ဟို...ကျွန်တော်တို့ကို လူကြီးချင်း သဘောတူထားကြတယ်လေ”

“အောင်မာ လူကြီးချင်း သဘောတူရုံနဲ့ ရတာမှ မဟုတ်ဘဲ”

“ဘာလိုသေးလို့လဲ”

“လူငယ်ချင်း သဘောတူဖို့လည်း လိုသေးတယ်ရှင့်”

“ဟုတ်ကဲ့...အဲဒါကြောင့် မဆည်းဆာရဲ့ သဘောတူညီမှုကို လှမ်းတောင်းတာပါ”

“ရှင့်သဘောကရော...”

“ပြောနေစရာ လိုသေးလားဗျာ”

“အောင်မာ”

ဆည်းဆာ၏ လေသံက တင်းသော်လည်း ကြည်လင်လန်းဆန်းနေသည်။

“ပြောဖို့ လိုတယ်ရှင့်၊ ပြောပါ တည့်တည့်ပြောပါ”

“အဟီး...ဒါဖြင့်လည်း ပြောမယ်နော်”

“ပြောပါ”

"ကျွန်တော် မဆည်းဆာကို လက်ထပ်ချင်ပါတယ်"

တစ်ဘက်မှ အသံတိတ်သွားသည်။

"ဟဲလို"

"အင်း...ရှိတယ်"

"ကျွန်တော့်သဘောကို ပြောပြီးပြီလေ၊ မဆည်းဆာရဲ့ သဘောကို ပြောပါ"

"ဟောတော့...ကျွန်မဖုန်း ပျက်သွားပြီရှင့်"

"မပျက်ပါဘူး၊ ကြားနေရတာပဲ"

"မဟုတ်ဘူး၊ ပျက်သွားပြီ ရှင်မသိလို့"

"ဟ...အကောင်းကြီးပါ ပြောပါ"

"ခက်တာပဲ အရေးဟဲ့ အကြောင်းဟဲ့ဆို ဒီဖုန်းက ပျက်ပျက်နေတာပဲ၊ သွား မပြောတော့ဘူး"

ခွပ်ခနဲ ဖုန်းကျသွားသည်။

"ဟာ"

ရိုးမြင့် ခေါင်းကုတ်နေမိတော့သည်။ မလွယ်ပါ့လား၊ အမှန်တော့ သူတို့နှစ်ဦး၏ အနေအထားက ခက်စရာ ဘာမှ မရှိတော့သော အနေအထား ဖြစ်သည်။

ခက်သာ မခက်သည်။ လွယ်လည်း မလွယ်ချေ။

"ဒုက္ခပဲ ဘယ်လိုလုပ်ရပါ့မလဲ"

ဒီနောက်ဆုံး အဆင့်လေးကိုမှ ကိုယ်က ရအောင် မပြောနိုင်လျှင် တစ်ဆွေလုံး တစ်မျိုးလုံးက ကိုယ့်ကို ဝိုင်းထောင်းကြဦးမည်။ မင်္ဂလာ အခမ်းအနားမှာ ခုမှ ဧရုတ်ဆုံထဲက ထွက်လာသောရုပ်နှင့် အားလုံးကို ရယ်ပြရဦးမည်။

ငိုင်တွေစဉ်းစားနေရင်းက အကြံတစ်ချက် ရလိုက်၏။ ဆည်းဆာကို ဖုန်းပြန်ခေါ်လိုက်သည်။

"ဟဲလို...အမိန့်ရှိပါ"

"ဟုတ်ကဲ့ ဆည်းဆာ ကျွန်တော်ပါ"

လေသံကအစ ပြောင်းလိုက်သည်။ ခုနကလို ညောင်နာနာလေသံ မဟုတ်ဘဲ၊ သူ့အလိုအလျောက် ရွှတ်နောက်နောက်လေသံ ဖြစ်သွား၏။

ဆည်းဆာက သူ့အသံကို မမှတ်မိစရာ အကြောင်းမရှိတော့ပါ။
သို့သော်...သူမက မသိချင်ယောင် ဆောင်နေသေးသည်။

"ဘယ်သူလဲ ဘယ်က ကျွန်တော်လဲ"

"ကျွန်တော်ပါ...မနက်က ဆည်းဆာကို မနက်စာစားဖို့ လှမ်းသတိပေးတဲ့ ကျွန်တော်ပါ"

"သြော်..."

"မှတ်မိပြီ မဟုတ်လား"

"မှတ်မိပါပြီရှင်၊ ရှင်ဟာ ကျွန်မကို အတော်ကူညီတာပဲ"

"ဘာဖြစ်လို့လဲ"

"အခုလည်း ညစာစားဖို့ လှမ်းသတိပေးတာ မဟုတ်လား၊ ကျေးဇူးပဲနော် ကျွန်မ သွားစားလိုက်ဦးမယ်"

'ဂွပ်' ခနဲ ဖုန်းချသွားပြန်သည်။ ရိုးမြင့် ခံလိုက်ရပြန်သည်။ သို့သော် အနေအထားက ဖြိုးဒိုင်းကြီး တိုးတက်လာ၏။ ဆည်းဆာ၏ အသံက ပို၍ပင် ချိုမြလာသယောင်ရှိသည်။ ရယ်ချင်နေပုံလည်း ရသည်။

"ဒုက္ခပဲ...ဘယ်လို လုပ်ရပါ့မလဲ"

ဒုတိယမွှ ညည်းတွားမိပြန်သည်။ တစ်ခုခုတော့ လုပ်မှ ဖြစ်မည်။ အကြံထုတ်ရဦးမည်။ ပိတ်ထားသောT.V ကို ဖွင့်လိုက်တော့ ခိုင်သင်းကြည်က အလွန်ပိုင်နိုင်ဟန်ရှိသော မျက်နှာထားနှင့် "မြန်မာယူနီဗာဆယ်ဘဏ် ရှိတယ်လေ" ဟု လှမ်းပြော၏။

သိပ်တော့ မဆိုင်လှချေ။

ကိုယ့်ဘာသာကိုယ်ပဲ ဦးနှောက်ကို အင်ဂျင်တပ်ပြီး စဉ်းစားလိုက်သည်။

"ဟုတ်ပြီ"

အကောင်းဆုံး အကြံတစ်ခုခုကို ရလိုက်သည်။ သို့ဖြင့် ဆည်းဆာ၏ ဖုန်းနံပါတ်ကို အရှက်မရှိ နှိပ်လိုက်ပြန်သည်။ ဖုန်းက တန်းဝင်သွားသည်။ တစ်ဘက်မှ...

"ဟဲလို အမိန့်ရှိပါ"

ဆည်းဆာ၏ အသံပဲဖြစ်သည်။ ရိုးမြင့်က ချက်ချင်းမှာ ဘာမှ ပြန်မထူးဘဲ နေလိုက်သည်။ ဆည်းဆာက ဇဝေဇဝါဖြစ်သွားပြီး...

"ဟဲလို"

ထိုအခါကျမှ ရိုးမြင့်က...

"ရှူး..."

တစ်ဘက်မှ ငြိမ်သက်သွားသည်။ ရိုးမြင့်က...

"ဆည်းဆာစိတ်တွေ လှုပ်ရှားနေမှာပဲနော်"

တစ်ဘက်မှ အသည်းယားသွားဟန် တူသည်။

“ဘာလို့ လှုပ်ရှားရမှာလဲ”

“ဟဲဟဲ...မညာပါနဲ့ ဆည်းဆာရယ်၊ ဆည်းဆာဖြစ်သမျှတွေကို အကုန်သိပါတယ်”

“အောင်မာ သူများနည်းကို ခိုးချပြီးတော့ ဟွန်း...သိရင်ပြော ဒီနေ့ တို့ ဘာတွေဖြစ်ခဲ့သလဲ”

အသံက ရင်းနှီးနွေးထွေးမှုအပြည့် ပါဝင်နေသည်။ ရင်ခုန်လှိုက်မောမှုတို့ဖြင့်လည်း ပြွန်းတီးနေသည်။

ရိုးမြင့်က...

“သိတာပေါ့ ဆည်းဆာရယ်၊ ဒီနေ့ ဆည်းဆာဟာ ပြင်ဦးလွင်က အမဖြစ်သူ မရီတာဆီကို ဖုန်းဆက်တယ်၊ ဟုတ်တယ် ဟုတ်”

“အမ်...”

“မအမ်နဲ့လေ ဟုတ်ရင် ဝန်ခံပေါ့”

ကိုယ်က ကိုကို့ဆီကို ဖုန်းဆက်မရုံနှင့် ယှဉ်နှိုင်းထောက်ဆပြီး သူ့ကို ထိုသို့ ပြောလိုက်ခြင်းဖြစ်သည်။

“အင်...ဟုတ်ပါတယ်၊ သိရင် ထပ်ပြောပါဦး၊ ဘာအကြောင်းတွေ ပြောကြသလဲ”

“သြော်...ရိုးမြင့်ဆိုတဲ့ လူချွန်လူကောင်းလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ ကိစ္စတွေ ပြောခဲ့ကြတာပေါ့”

ငြိမ်သွားသည်။ မှန်သွားကြောင်း ရိုးမြင့် ခံစားနားလည်လိုက်၏။

“ထပ်ပြောပြရဦးမလား”

“ဘာကို ပြောဦးမှာလဲ”

“သြော်...မရီတာက ပြောလိုက်မှာပေါ့၊ ရိုးမြင့်ကိုယ်တိုင်ကလည်း နင့်ကို လက်ထပ်ခွင့်တောင်းလိမ့်မယ်၊ အဲဒါ နင် သူ့ကို...”

“တော်ပါ...ဆက်မပြောပါနဲ့တော့”

“နေဦးလေ...ဆက်ပြောရဦးမှာပေါ့၊ စကားကမှ မဆုံးသေးဘဲ နင်သူ့ကိုတဲ့ ပြန်ပြီး”

“ရိုးမြင့်နော် တော်တော့လို့ ပြောနေတယ်၊ ဟွန်း ဘာမှတ်နေလဲ တို့ ဖုန်းချပစ်လိုက်မှာ”

ရိုးမြင့် တဟားဟား အော်ရယ်လိုက်မိ၏။ ဆည်းဆာကလည်း မခံချိ မခံသာလေသံနှင့်...

“ဟွန်း...လာလုပ်မနေနဲ့”

“ဟောဗျာ ဘာလုပ်လို့လဲ”

“မရီတာဆီကို ဖုန်းဆက်ချင်လို့ ဆက်တာ မဟုတ်ဘူး”

“သိပါတယ်၊ သူငယ်ချင်းတွေက ဝိုင်းပြီး ဖုန်းခေါ်ပေးတာ မဟုတ်လား”

ငြိမ်သွားပြန်သည်။ သူ့နည်းနှင့် သူပြန်ခံနေရ၍ အောက်သီးအောက်သက်ကလေးလည်း ဖြစ်နေပုံရသည်။ ရိုးမြင့်က အသံကို ထိန်းလိုက်ပြီး...

“ဘာပဲပြောပြော တို့မသိတာတော့ ရှိတယ် ဆည်းဆာရဲ့”

“ဘာလဲ ရိုးမြင့်နဲ့ တို့နဲ့ မွေးနေ့၊ မွေးရက်၊ မွေးချိန်တွေ တူမှန်း တို့က ဘယ်လိုလုပ်သိတာလဲ ဆိုတာလား”

“ဟင့်အင်း...မဟုတ်ပါဘူး၊ အဲ့ဒါက အလွယ်လေး၊ ရိုးရိုးတွေးကြည့်ရင်တောင် ရတယ်”

“သိတယ်ပေါ့”

“အင်း...သိတယ်”

“ဒါဖြင့် ပြောပါဦး”

“ကိုကို့ဆီက တစ်ဆင့်သိမှာပေါ့ကွာ၊ အရှင်းကြီးပါ”

“ဒါဖြင့် ဘာကို မသိတာလဲ မရီတာရဲ့ ညီမဆိုပြီး တို့ကို မမြင်ဖူးကြတဲ့ ကိစ္စလား”

“အာ...အဲ့ဒါလည်း မဟုတ်ဘူး၊ မရီတာက ပြောထားပြီးသား၊ သူ့ညီမလေးဟာ ကဗျာယောင်ယောင် စာယောင်ယောင်နဲ့ ကြောင်တောင်တောင်လေးတဲ့၊ လူတွေကိုလည်း အရမ်းရှောင်တယ်တဲ့၊ ထင်ရာလျှောက်သွားနေတာတဲ့၊ အဲဒါကြောင့် သူ့ကို မမြင်ဖူးကြဘူးတဲ့ မဆန်းပါဘူး”

“အဲဒါဆိုရင်လည်း တို့မမေးတော့ဘူး၊ ရိုးမြင့်ကပဲ ပြောလေ ရိုးမြင့် ဘာကို မသိတာလဲ”

“အဟွန်း မေးရမှာ အားနာနေလို့”

“သြော်...သိပြီ”

“သိပြီ ဟုတ်လား၊ ဘာကိုလဲ...”

“သိပါပြီ...ဆို”

“ဘာကို သိတာလဲ”

ဆည်းဆာက ရယ်သည်။ ရိုးမြင့်ကလည်း လိုက်ရယ်မိသည်။ ကြည်နူးဆွတ်ပျံ့သော ရသာချိုချိုတစ်ခုကိုလည်း ခံစားနေရသည်။

ဆည်းဆာက...

“ ရိုးမြင့်မေးချင်တာက...”

“အင်း...”

“ရိုးမြင့်ကို တို့က ဘယ်အချိန်မှာ စပြီး ချစ်သွားတာလဲ ဆိုတာကို မဟုတ်လား”

“အိုး”

ပွင့်လင်းဖြူစင်လိုက်ပါတဲ့ မိန်းကလေးရယ်။

“ဟုတ်လား ရိုးမြင့်”

“အင်း...ဟုတ် ဟုတ်တယ်၊ ဆည်းဆာက တို့နဲ့ သဘောတူကြောင်းလမ်းတဲ့ လူကြီးတွေရဲ့ စကားကို ခေါင်းညိတ်ခဲ့တာကိုး၊ ဒါပေမဲ့ ဆည်းဆာကို ကြိုက်နေ လိုက်ပိုးနေတဲ့ လူတွေ အများကြီးရှိတယ်ဆိုတာကိုလည်း ကိုကိုပြောပြလို့ တို့ သိလိုက်ပါတယ်။ အဲ့ဒီလူတွေကိုဖယ်ပြီး ဆည်းဆာက ကိုယ့်ကိုကျမှ ဘာလို့ ခေါင်းညိတ်ရတာလဲဆိုတာ”

“ဟား...ဟား”

ဆည်းဆာက ရယ်သည်။

“ရိုးမြင့် ကိုယ့်ကိုကိုယ် အရမ်းအထင်ကြီး မသွားမိဘူးလား”

“ဟင့်အင်း”

“တကယ်လား”

”တကယ်ပါ၊ ကိုယ့်ကိုကိုယ် အထင်မကြီးတဲ့အပြင် မယုံမရဲ ဖြစ်သွားတယ်၊ မွေးနေ့၊ မွေးရက်၊ မွေးချိန်တူတယ်ဆိုတဲ့ ‘မ’ သုံးလုံး တူညီမှု သက်သက်ကြောင့် ကိုယ့်ကို ရွေးလိုက်တာများလားလို့”

“အဟင်း...အဲဒါကြောင့် ရွေးတာဆိုရင် ဘာဖြစ်လို့လဲ”

“မကောင်းဘူးပေါ့ကွာ”

“ဘာလို့ မကောင်းတာလဲ”

“ဩော်...မြို့ထဲမှာ တို့နဲ့ ဆည်းဆာနဲ့ စဆုံတော့ တံဆိပ်ခေါင်း လုဝယ်ရင်း ဆုံတာ မဟုတ်လား”

“အင်း...အဲ့ဒါ ဘာဖြစ်လဲ”

“ဩော်...ဆည်းဆာက မွေးနေ့၊ မွေးရက်တူတဲ့ တံဆိပ်ခေါင်းကို ဝယ်ချင်သလိုမျိုး ကိုယ့်ကိုလည်း မွေးနေ့၊ မွေးရက်တူလို့ အိပ်ထဲ ကောက်ထည့်လိုက်တာမျိုးလားလို့”

“ဟင်း”

ဆည်းဆာ၏ သက်ပြင်းချသံကို ကြားရ၏။

“ကဲ...တို့ပြောမယ်၊ ရိုးမြင့် နားထောင်နော်”

“အင်း...ပြော နားထောင်နေတယ်”

“ရိုးမြင့်ကသာ တို့ကို မသိတာ၊ တို့က မမရီတာတို့ လင်မယားဆီကနေပြီး ရိုးမြင့်အကြောင်းတွေ ခဏခဏ ကြားနေရတာ”

“အင်း”

“ရိုးမြင့်နဲ့ တို့က အကြိုက်တူတယ်၊ ဝါသနာတူတယ်၊ တွေးပုံခေါ်ပုံတူတယ်၊ ရိုးမြင့်နဲ့တို့ဟာ လူနှစ်ယောက်ဆိုပေမယ့် ကံကြမ္မာတစ်ခုတည်းနဲ့ ကြီးပြင်းနေရတာ”

“အင်း...ဟုတ်တယ်”

“ရိုးမြင့်ရေးတဲ့ ‘လမင်းရင်ကွဲ’ဆိုတဲ့ ကဗျာစာအုပ်လေးကို ကိုမိုးမြင့်ဆီက တစ်ဆင့်ဖတ်ရတော့လည်း တို့ကြိုက်တာပဲ၊ တို့တွေ ခံစားချက်ခြင်း တူကြတယ်၊ ရိုးမြင့်ရဲ့ ကြေကွဲမှုက တို့ရဲ့ ကြေကွဲမှုပဲ”

သူမ၏ စကားကို နားထောင်ရင်း ရိုးမြင့် ဆို့နင့်လှိုက်ကျင်လာမိသည်။ ဆည်းဆာရယ်...

”အဲဒီတော့ ရိုးမြင့် စဉ်းစားကြည့်”

“ပြော...ဆည်းဆာ”

“တို့အနေနဲ့ ရိုးမြင့်ကို ကျော်ပြီး တစ်ခြား ဘယ်သူ့ကိုများ ချစ်လို့ ရတော့မှာလဲ”

ရိုးမြင့်မင်သက်နေမိသည်။ သူမက တခစ်ခစ်ရယ်ပြီး ဆက်ပြောသည်။

“ရိုးမြင့်”

“ဟင်”

“တို့တွေးတာတွေ မလွန်ဘူးဆိုတာ ရန်ကုန်ရောက်ပြီး ရိုးမြင့်နဲ့ လူချင်းဆုံတော့ သိလိုက်တယ်၊ တို့နှစ်ယောက်ဟာ စိတ်တူကိုယ်တူရှိတယ်၊ နောက်ပြီး တွေ့တွေ့ချင်း ရိုးမြင့်ဟာ တို့ကို ချစ်သွားသည်၊ စွဲလမ်းသွားသည်၊ ဟုတ်တယ်နော်”
“ဟင်...အဲ့ဒါကို ဆည်းဆာ ဘယ်လိုလုပ်သိလဲ”

“ရိုးမြင့်ရဲ့ ခံစားချက်က တို့ခံစားချက်ပါပဲ၊ မသိပဲ ဘယ်နေပါ့မလဲ၊ ရိုးမြင့် တို့ကို လွမ်းနေ သတိရနေတဲ့အချိန်တွေမှာ တို့ကလည်း ဘယ်လိုမှ နေလို့မရဘူး၊ ရိုးမြင့်ကို ပြန်သတိရနေတယ်”

“ဆည်းဆာ”

ရိုးမြင့်က နာနာကျင်ကျင် လှမ်းခေါ်လိုက်သည်။

“ဟင်”

“တို့ဆည်းဆာကို အရမ်းချစ်တာပဲ”

“... ... ...”

“မယုံဘူးလား”

“ခစ်... ခစ် မယုံစရာအကြောင်း မရှိပါဘူး၊ ရိုးမြင့်ရယ်”

"ဒါဖြင့် ဘာဖြစ်လို့ စကားမပြန်ဘဲ ငြိမ်သွားတာလဲ"

"မဟုတ်ပါဘူး၊ တို့ကို သိပ်ချစ်ကြောင်း ရိုးမြင့်က ဘာတွေများ ထပ်ဖွဲ့နွဲ့ဦးမလဲလို့ ဆက်နားထောင်နေတာ"

"အို"

ဘယ်လိုပြောရမည်မှန်းပင် မသိတော့။ ဆည်းဆာကို ရိုးမြင့် အရမ်းပင် ချစ်သွားသည်။

"ဆည်းဆာ"

"ဟင်"

"ဒါဖြင့် ဆည်းဆာကို ကိုယ်ဘယ်လောက်အထိ ချစ်ကြောင်း တဖွဲ့တနွဲ့ ပြောပြချင်တယ်၊ နားထောင်မလား"

"အင်း"

"ကိုယ်လေ ဆည်းဆာကို"

ထိုသို့ အစချီကာ...

တစ်ထောင့်တစ်ညတိုင်လျှင်ပင် ပြီးဆုံးနိုင်ဖွယ်ရာ မမြင်သော အကြိမ်ကြိမ် ထပ်ပြောလျှင်လည်း ရိုးနိုင်ဖွယ်ရာမရှိသော စကားတို့ကို သီကျူးရင့်ဆိုနေမိတော့သည်။

***********************

နိဂုံး

"ဟယ်...အဲဒါဆို နေထွန်းက အဲ့ဒီပြဿနာကြီးကို ဘယ်လိုဆက်ရှင်းသလဲ"

ဆည်းဆာက မျက်နှာကလေးကို မော့၍ တအံ့တသြမေးသည်။ နဖူးထက်မှာ ဆံနွယ်ခက်ကလေးတွေ ဝဲခွေကျနေပုံက လှပလွန်း၏။

"ချော်လဲရောထိုင်တာလား မသိပါဘူး ဆည်းဆာရယ်၊ သူက အဲ့ဒီသုံးယောက်ထဲက တစ်ယောက်ယောက်ကို တကယ်လက်ထပ်ခွင့် တောင်းမလို့တဲ့"

"သူ့ကို ပြန်ကြိုက်နိုင်ချေ ရှိလား"

"ဒါတော့ မသိဘူး"

ရယ်မိကြသည်။ ဆည်းဆာက အရယ်မျက်နှာကလေးနှင့်ပဲ ဆက်မေးသည်။

"ဒါဖြင့် နေထွန်းက အဲ့ဒီသုံးယောက်ထဲက တစ်ယောက်ယောက်ကို ရွေးချယ်နေပြီပေါ့"

"အင်း"

"ဘယ်လိုရွေးသလဲ"

"ကိုယ်ပြောပြထားတဲ့ မိန်းမအပြားလေးပါးထဲမှာ ဘယ်သူက ဘယ်အပြားလဲဆိုတာမျိုးနဲ့ လေ့လာပြီး ရွေးနေတယ်"

"ဟင်...ဒါဖြင့် ညီနံ့တွေ၊ ရှေတ်ပန်းနံ့တွေ၊ ကျင်ငယ်နံ့တွေ အကုန်ပါကုန်တာပေါ့"

"ဒါပေါ့"

ဆည်းဆာက တခစ်ခစ်ရယ်ပြန်သည်။ ဆည်းဆာ၏ မျက်နှာလှလှကလေးကို ချစ်မြတ်နိုးစွာ ရိုးမြင့် ငေးကြည့်နေမိ၏။

သူတို့ ဦးတည်လာသောနေရာသို့ ရောက်ပါပြီ။

"ဦးလေးကြီး"

ဈေးသည် ဦးလေးကြီးက သူတို့ကို မော့ကြည့်၏။

"ကျွန်တော်တို့ ဒီတံဆိပ်ခေါင်းလေးကို ဝယ်ချင်လို့"

ဦးလေးကြီးက သူတို့ကို မှတ်မိသွားသည်။

"ဟင်...မင်းတို့ ဟိုတလောက..."

"ဟုတ်ပါတယ်"

"အခု ဒီတံဆိပ်ခေါင်းကို အတူတူပေါင်းဝယ်ကြမလို့လား"

"ဟုတ်ကဲ့"

"သြော်...မင်းတို့ချင်း ညှိလိုက်ကြပြီပေါ့"

"ဟုတ်ကဲ့ ကျွန်တော်တို့ ညှိနေကြပြီ"

ထို့နောက်...

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြိုင်တူရယ်လိုက်မိကြ၏။ သူတို့၏ ရယ်သံက လောကကမ်းပါး၏ အခြားတစ်ဘက်သို့တိုင် ပျံ့လွင့်နေမည်ဖြစ်လေသည်။

*သင်၏အချစ်ကို*
*ငါယုံကြည်ပါ၏။*
*ဤစကားသည်*
*ငါ၏နောက်ဆုံးစကား*
*ဖြစ်စေသတည်း။ ။*

*(ရာဘင်ဒြာနတ်တဂိုး)*
**တာရာမင်းဝေ** ၃၁.၅.၂၀၀၀

# ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**
၃၉၄/၂၀၀၁(၅)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၉၀၃/၂၀၀၁(၁၁)

**ထုတ်ဝေခြင်း**
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ်
အုပ်ရေ (၅၀၀)
တန်ဖိုး (၇၀၀)ကျပ်

**ထုတ်ဝေသူ**
ဒေါ်ရွှေအိမ်
တိုင်းလင်းစာပေ
၈/၉၅ အောင်သိဒ္ဓိလမ်း၊ အင်းစိန်

**အတွင်းပုံနှိပ်သူ**
ဦးငွေအောင်
ပြည့်ဖြိုးပိုင် ပုံနှိပ်တိုက်
၁၅၊ လမ်း ၁၀၀၊ ရန်ကုန်။

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်
အမှတ် (၁၄)၊ ၁၁၄လမ်း၊ ရန်ကုန်။


http://www.myanmarcupid.net